www.burmeseclassic.com

# မမသဒ္ဒါမောင်

## တိတ်တခိုးကျခဲ့ရတဲ့မျက်ရည်

(အချစ်လုံးချင်းဝတ္ထုသစ်)



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၃၊ မတ်။
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ဈေး - ၁၆၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

မမသဒ္ဒါမောင် ၈၉၅.၈၃
တိတ်တခိုးကျခဲ့ရတဲ့မျက်ရည် / မမသဒ္ဒါမောင်။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၂ ။
၂၀၂ - စာ ၊ ၁၂.၃ x ၁၈ စင်တီ ။
(၁) တိတ်တခိုးကျခဲ့ရတဲ့မျက်ရည်

## မမသဒ္ဒါမောင်

# တိတ်တခိုးကျခဲ့ရတဲ့ မျက်ရည်

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

## အသည်းကွဲမိုး

ချစ်ရေ....

ညသီးမမှန် မိုးစက်တွေရဲ့
အချိန်အခါမဟုတ် ရွာသွန်းမှုမှာ
မိုးချိန်းထဲနဲ့အတူ ပွဲထင်ထပ်နေတဲ့
ညှို့ရုံးသားဝန်းကျင်ထမ်းရုံး
ဝေဒနာတွေ ပြည့်နှက်နေစေပါ....

မိုးရေစတွေနဲ့ထပ်တူ
မီးဆင်ခြိမ်းမှာ မျှော်ပါခဲ့ရတဲ့
မိမျက်ရည်တွေ
(နှင်းရွေမှာ) မိုးစက်တွေအဖြစ် ကြွေပြုခဲ့ရင်လည်း
နာကျင်စေနဲ့ရုံးသားမှာ
မျက်ရည်မိုးတွေ ရွာသွန်းနေချေပြီ....

ရွှေပဒေသာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ဆက်စကောင်းကင်အောက်မှာ
ချီအိပ်မက်တွေ ပြီးဆုံးခဲ့ပြီ
အဆုံးမှာ အရှုံးကိုတွေးမွေ့
ရင်ငွေ့ကထွက်ခဲ့ရတဲ့
အသည်းကွဲမှုတားတစ်ယောက်အတွက်
ရင်ခွင်ထဲစိုဆုံး မိုးသည်းနေပါပြီ....



BURMESE CLASSIC .com

## အခန်း (၁)

လည်ပင်းမှာ ချိတ်ထားသည့်နားကျပ်ကိုဖြုတ်ကာ လက်မှာ ကိုင်ထားလိုက်ပြီး duty Coat ကိုချွတ်၍ ရုံးခန်းတွင်းရှိ တိုင်မှချိတ်ပေါ်တွင် လှမ်းချိတ်လိုက်ပါ၏။ ထိုင်ခုံမှာ ထိုင်ချလိုက်စဉ် သက်မကို ခပ်ပြင်းပြင်းရှိုက်လိုက်မိသည်။ တစ်ညလုံးဝင်လာရသည့် Night duty ကြောင့် တစ်မှေးမှ မအိပ်ခဲ့ရတာလေ။

'Morning...လရောင်'

ရုံးခန်းတံခါးဖွင့်ကာ ဝင်လာသည့် သူငယ်ချင်း 'နေဆန်း' က duty ဝင်လာတာမို့ လန်းဆန်းနေတာပါပဲလား။ သူ့မှာတော့ ရွှေးစိုပြီး ငြီးစီစီဖြစ်နေပြီလေ။ ဘာမှပြန်မနှုတ်ဆက်တဲ့ လက်တစ်ဖက်သာ ပြန်ထောင်ပြလိုက်တာမို့ နေဆန်းက သူ့ပခုံးကို ဖတ်ခနဲ ပုတ်လျက် ပြုံးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲကွ၊ လူက ကန်စွန်းရွက် ရေနွေးဖျောထားသလို ဖြစ်နေပြီ"

"အေးကွာ. . . ညက Emergency case နဲ့ Operation နှစ်ခု ဝင်လိုက်ရသေးတယ်"

"ဘာ Case. . . လဲ"

"တစ်ယောက်က Appendicitis (အူအတက်ပေါက်) ဖြစ်တာနဲ့ အမြန်ခွဲလိုက်ရတာ၊ နောက်တစ်ယောက်က Kidney (ကျောက်ကပ်)"

"အသည်းအသန်တွေချည်းပါပဲလား"

"အေး. . ."

"Night ဘယ်သူဆင်းကြသေးလဲ"

"ငါရယ်၊ မေသူရယ်၊ သန်းထွဋ်ရယ်ပဲ ရှိတာ။ မေသူက သားဖွားဆောင်မှာ Midwife (သားဖွားဆရာမ)တွေနဲ့ လုံးခြာလည် လိုက်နေတာ"

"Hourse surgeon တွေရော"

"လာပါတယ်၊ သုံးလေးယောက်ပဲ။ သွေးမြင်ရန် လန့်တတ်တဲ့မိန်းကလေးတွေ များနေလို့"

"ကောင်းရော၊ ဒင်းတို့တွေ ဘယ်လို Test အောင်ခဲ့



BURMESE CLASSIC .com



လဲ မသိတော့ဘူး"

ခပ်အုပ်အုပ် ရယ်လိုက်မိကြ၏။ သူတို့တုန်းကလည်း အသစ်တွေမို့ လက်မရဲခဲ့ကြတာလေ။ အခုတော့ အတွေ့အကြုံများလွန်းခဲ့တာမို့ အရွယ်ရဲ့ရင့်ကျက်မှုနဲ့ အတော်အသင့် တည်ငြိမ်နေခဲ့ရတာပင်။

"ဘာစားချင်လဲ"

"နေပါစေ၊ အိမ်ရောက်မှပဲ စားတော့မယ်"

"ဘယ်သူက ချက်ကျွေးမှာမို့လို့လဲ"

"ဒီလိုပဲပေါ့ကွာ"

"မင်းမင်းတစ်ယောက် ဘာလုပ်နေလဲ"

"ပြောတာတော့ သင်တန်းတဲ့၊ မိုးလင်းမိုးချုပ် အိမ်ကပ်တယ် မရှိပါဘူးကွာ"

"မင်းက စွတ်အလိုလိုက်လွန်းလို့ကွ လရောင်ရဲ့။ သူ့အရွယ်လောက်မှာ မင်းတုန်းက စာပဲ အသည်းအသန်ကျက်ခဲ့ရတာ။ ဒီကောင်လေးအတွက် ရင်မောရပြီ"

"မိဘတွေကိုယ်စား ငါပဲစောင့်ရှောက်နေရတာကိုးကွာ"

"ဒီပုံနဲ့ မင်းတော့ လုံးပါးပါးလိမ့်မယ် သိလား။ ဒါကြောင့် မိန်းမယူတော့လို့ ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ဓေါင်းကိုခါရမ်းပြလျက် မသက်မသာပြုံးလိုက်မိတော့ ၏။ အပြောက လွယ်ပါ့ နေဆန်းရယ်။ မိန်းမယူဖို့ နေနေသာသာ နောက်ထပ်ချစ်သူထားဖို့ကိုတောင်မှ သူ မစဉ်းစားဖြစ်တော့တာ လေ။ ကိုယ်ကလည်း နှစ်နှစ်ကာကာချစ်ပါလျက်၊ မိဘတွေက လည်း သဘောတူထားပါလျက်၊ စေ့စပ်ထားပြီးဖြစ်ပါလျက် သူ့ အပေါ်သစ္စာဖောက်သွားသည့်မိန်းမတွေရဲ့သဘောကို သူ ရွံရှာ စက်ဆုပ်သွားခဲ့ရတဲ့ စိတ္တဇကို မည်သို့ဖျောက်ဖျက်ရပါမည်နည်း။

"ဘာလဲ. . . သတိရသွားလို့လား"

"မဟုတ်ပါဘူးကွာ"

"မင်း စွဲလန်းချင်လည်း စွဲလန်းစရာဖြစ်အောင် သူက တော်တော်လုပ်ခဲ့တာကိုးကွ။ အခုဆို ဘယ်နှနှစ်လောက် ရှိမလဲ"

" (၂၇) လောက် ရှိမှာပေါ့"

ကျစ်! ဒီလောက်ထိန်းထားပါလျက် နှုတ်က လွှတ်ခနဲ ထွက်သွားရတာမို့ သူ တော်တော်လေး စိတ်ပျက်သွားရလေ၏။ ကြာခဲ့ပြီဆိုပေမယ့် မနေ့တစ်နေ့တုန်းကလိုပဲ ရှိနေတုန်းပါ 'ဟေမာန်'။ အခုချိန်ထိ မင်းပေးခဲ့တဲ့ဒဏ်ရာက ကိုယ့်နှလုံးသားမှာ လတ်လတ်ဆတ်ဆတ်ရှိနေစဲပါလေ။

"ဟင်းဟင်း. . . လရောင်. . . လရောင်၊ ပြောတော့





မေ့လိုက်ပြီလို့ပြောခဲ့ပြီး အခုထိ မင်းမမေ့နိုင်ဘူးမဟုတ်လား"

"အနာကို လာမဆွနဲ့ကွာ"

"Sorry!...ငါက အထီးကျန်နေတဲ့မင်းဘဝကို စိုပြည် စေချင်လို့ပါကွ"

"မလိုပါဘူး။ မင်းသာ မျိုးမျိုးနဲ့ အဆင်ပြေအောင် လုပ်"

"မျိုးနဲ့ငါက Peace ပါကွ၊ ဘာ Problem မှ မရှိဘူး"

"အေးပေါ့၊ ယူပြီးမှ အသံတွေထွက်လာရင် ငါ့ကို လာ ညည်းမပြနဲ့"

"လေသံကိုက အခုကတည်းက လူပျိုကြီးလေသံပေါက် နေပြီ"

ရုံးခန်းတံခါးပွင့်သွားပြန်တာမို့ သူတို့စကားရပ်လိုက်ရ လေ၏။ ဒီဆေးရုံ (အသေးစားလေး) ထဲမှာတော့ သူ့အကြောင်း ကို လူတိုင်း မသိစေချင်လို့ပါလေ။

"ဒေါက်တာဘုန်းလရောင်၊ ဆေးရုံအုပ်ကြီးက ပြန်တော့ မလား မေးခိုင်းလိုက်လို့ပါရှင်"

"ဩော်. . . မပြန်သေးပါဘူး နော်အက်စတာ။ ကျွန် တော် Round လှည့်ပြီးလောက်မှ ပြန်ဖြစ်ပါ့မယ်။ ညတုန်းက Operation လုပ်ထားတဲ့ Patient တွေကို သိပ်စိတ်မချသေး



www.burmeseclassic.com

www.burmeseclassic.com



တာ စစ်သွားဦးမှာမို့ပါ''

''ဒါဆိုရင်တော့ အဲဒီကိစ္စတွေပြီးရင် သူ့ကိုဝင်တွေ့ဖို့ ဆေးရုံအုပ်ကြီး မှာထားလို့ပါ''

''ဟုတ်ကဲ့၊ ကျေးဇူးပါပဲ''

''ရပါတယ်ရှင်''

Nurse ခေါ်အက်စတာက ပြောပြီးသည်နှင့် ရုံးခန်းတံခါးကို ပြန်စေ့ပိတ်သွားလေ၏။ မျက်နှာသစ်ရန် သန့်စင်ခန်းဝင်ရမှာမို့ မတ်တပ်ရပ်လိုက်ပါသည်။

''ဘာကိစ္စရှိလို့လဲ''

''ဘယ်သိမှာလဲ''

''တို့ဆေးရုံကိုချဲ့ဖို့ အစီအစဉ်ရှိတယ်မဟုတ်လား''

''အဲဒါပြောဖို့ဆိုရင် ငါ့ကို တစ်ယောက်တည်းခေါ်မလားကွ''

''ဒါလည်းဟုတ်တာပဲ''

တံခါးဖွင့်လိုက်ပြီး သန့်စင်ခန်းထဲဝင်ကာ မျက်နှာသစ်၊ သွားတိုက်ကာ တစ်ကိုယ်ရေသန့်ရှင်းလိုက်ပြီး အပိုဆောင်ထားသည့် ရှပ်အင်္ကျီအပြာရောင်နှင့် နက်ပြာရောင် Style pants ကို လဲလှယ်ဝတ်လိုက်ပါ၏။ လူနာတွေကို Round လှည့်ရမှာ





ဆရာဝန်က သန့်ရှင်းနေရမှာကိုး။

ညမအိပ်ဖြစ်တာမို့ မျက်တွင်းချောင်နေသလို မျက်လုံးတွေ ကျိန်းစပ်နေပါ၏။ ဆေးရုံက စတည်ထောင်ခါစမို့ သိပ်ပြီးနာမည်မကြီးသေးသလို ဆရာဝန်ကလည်း အများအပြားမရှိသေးပါ။ လူနာတွေကတော့ ပုံမှန်ဆိုသလို ရောက်လာတတ်သဖြင့် သင့်တင့်မျှတသည့်ဈေးနှုန်းကိုသာ ပေးဆောင်ရတာမို့ စိတ်တိုင်းကျကြပါ၏။

"Morning... doctor"

"Morning..."

နံနက်ခင်းအလုပ်ဝင်လာသူတွေကို အပြုံးဖြင့် ပြန်နှုတ်ဆက်လိုက်ရပါ၏။ ဒီဆေးရုံကို သူတို့သူငယ်ချင်းနှစ်ယောက်ဝင်လာတာ သိပ်မကြာသေးပါ။ အရင်တုန်းက တာဝန်ကျရာဆေးရုံတွေမှာ လုပ်ကြရင်း သူနဲ့ပေါမာန်တို့ ဆုံဖြစ်ခဲ့ကြတာပင်။

တက်ခဲ့သည့်ကျောင်းမတူပေမယ့် တာဝန်အတူတူတွဲပြီး လုပ်ဆောင်ရချိန်မှာ လှပလွန်းသည့်အပြုံးနုနုလေးဖြင့် သူ့ကိုစွဲဆောင် ညှို့ယူနိုင်စွမ်းရှိသည့် (စကားပြောသော)မျက်ဝန်းတို့၏ အကြည့်တို့ကြောင့် သူ ကြာကြာတောင့်မခံနိုင်ဘဲ ဖွင့်ပြောဖြစ်ခဲ့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ရည်ချင်းလည်းတူ၊ ရည်မှန်းချက်ချင်းလည်း တူပါလျက် Type မတူဘူးတဲ့လား။ သူက အချိန်အားသည်နှင့် အခန်းအောင်းပြီး အေးအေးဆေးဆေး စာဖတ်ရတာကို နှစ်သက်သူ။ ဟေမာန်က အချိန်ရသည်နှင့် အပြင်ထွက်လည်တတ်လေ့ရှိပြီး ငွေဖြုန်းရတာကို နှစ်ခြိုက်သူလေ။

အစကတော့ သူမသဘောကျ Shopping လိုက်ထွက်တတ်၊ ပါတီလိုက်တက်တတ်သော်ငြား ဒီလို Social ကျတာမျိုးကို သူ မနှစ်မြို့လှပေ။ တစ်ယောက်အကြောင်း တစ်ယောက် သိပ်မလေ့လာဖြစ်ဘဲ ချစ်သူသက်တမ်းတစ်နှစ်အတောအတွင်းလေးမှာပင် ခေ့စပ်ဖြစ်ခဲ့တာ စောများ စောလွန်းခဲ့ပါသလား။

အသွင်မတူရင် အိမ်ထောင်မဖြစ်ဘူးဆိုတဲ့ ရှေးထုံးကို သူ ပစ်ပယ်လို့မရခဲ့တာအမှန်ပါလေ။ 'လမ်းခွဲကြရအောင်'တဲ့။ ပေါ့ပေါ့ပါးပါး သူမ ပြောထွက်နိုင်ခဲ့ပေမယ့် သူ့ရင်ဝကို ဆောင့်ကန်ခံလိုက်ရသလိုမျိုး နင့်နင့်နဲနဲကြီး ခံစားခဲ့ရတာပါလေ။

'ကိုမှ ဟေမာန့်ကိုမချစ်တာ'တဲ့လား။ ချစ်တာနဲ့ အလိုလိုက်တာက တစ်ကဏ္ဍဆီမှန်း သူမ မသိဘူးတဲ့လား။ သည်းခံတယ်ဆိုတာ အတိုင်းအတာတစ်ခုအဖြစ် Limit ကန့်သတ်ထားတာပါ။ ဘယ်သူမှ ကိုယ့်သိက္ခာကို ထိပါးလာစေမယ့်စကားလုံး





မျိုး လက်ကမ်းကြိုဆိုနိုင်မှာမဟုတ်ပါဘူး။

ကိုယ့်ထက် သုံးနှစ်ခန့်ငယ်သည့် Junior ကောင်မလေးကို ပညာတွေ ဝေမျှပေးခဲ့ရင်း အနေနီးခဲ့တာတဲ့လား။ သူက အတွေ့နဲ့ပါသွားတတ်တဲ့ ခပ်ညံ့ညံ့ယောကျ်ားမျိုးမှမဟုတ်တာဘဲ။ တကယ်တော့ ဟေမာန်ဆိုတာ 'လှကားလှ၏ သို့သော် ဆူးတွေနှင့်'ဟူသည့်နှင်းဆီလို မာယာများလွန်းသည့် မိန်းကလေးမျိုးသာ ဖြစ်ချေသည်။

လူနာတွေကို ဆေးရုံထဲ လှည့်ပတ်ပြန်စစ်ဆေးရင်း မနက်တာဝန်ကျဆရာဝန်တွေလက်ထဲသို့ လူနာစာရင်း အပ်ရပါသည်။ duty လဲမည့် Nurse တွေကိုပါ သူစိတ်မချစွာ မှာပြီးမှ အောက်ထပ်သို့ လှေကားမှ ဆင်းလာခဲ့သည်။ ဆေးရုံအုပ်ကြီး၏ရုံးခန်းက ထောင့်ဆုံးမှာကို။

"ဒေါက်! ဒေါက်! "

"Come in! "

ရုံးခန်းတံခါးကို ဆွဲဖွင့်ဝင်လိုက်ပါ၏။ ဆေးရုံအုပ်ကြီး ဒေါက်တာမိုင်းဖော်က File တွေဖြင့် အလုပ်ရှုပ်နေတာပင်။

"ဆရာကြီး ကျွန်တော့်ကို ခေါ်ထားတယ်ဆိုလို့",

"သြော်. . . ဟုတ်တယ် မောင်ဘုန်းရေ့၊ ခဏထိုင်ဦး။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ အန်ကယ် လုပ်လက်စမပြတ်သေးလို့"

ရုံးခန်းအလယ်မှာ ချထားသည့်ဆိုဖာခုံထက် ထိုင်လျက် သူစောင့်ရလေ၏။ ခဏအကြာမှ ဆေးရုံအုပ်ကြီးက သူရှိရာဆီ လျှောက်လာပါသည်။ ဘာတွေများ အလုပ်ရှုပ်နေတာပါလိမ့်နော်။

"တိုင်ပင်စရာရှိလို့"

"ဟုတ်ကဲ့"

"နောက်ခြောက်လလောက်ဆို ဟိုဘက်ကွက်လပ်မှာ ဆောက်နေတဲ့ အဆောက်အအုံကြီး ပြီးမယ်လေ"

"ဟုတ်"

"ဒါဆို ဆေးရုံကြီးစာရင်းဝင်ပြီဆိုတော့ အန်ကယ်တို့ 'မေတ္တာရိပ်'ဆေးရုံ နာမည်ရလာမှာပဲ။ ဆရာဝန်တွေ အသစ်ထပ် ခန့်ဖို့လည်း လုပ်ထားတယ်။ မောင်ဘုန်း ကြည့်ဦးမလား။ ဒီမှာလေ"

"မကြည့်တော့ပါဘူး ဆရာကြီး။ ဆရာကြီးကိုယ်တိုင် ကြည့်ခန့်မှာပဲ ဥစ္စာ၊ ကျွန်တော်ကြည့်ဖို့မလိုပါဘူး"

"အန်ကယ်က တိုင်ပင်တဲ့သဘောမျိုးပါ မောင်ဘုန်းရဲ့။ မောင်ရင်နဲ့ခေါက်တာနေဆန်းက အန်ကယ့်ဆေးရုံမှာ ကျွမ်းကျင် သလို နာမည်အရမ်းရနေတဲ့သူတွေမို့ မေးချင်လို့"





"ဟုတ်ကဲ့. . . မေးပါ ဆရာကြီး"

ဆေးရုံအုပ်ကြီးက တစ်စုံတစ်ခုကို စဉ်းစားဟန်ပြုလိုက် ပြီးမှ ခေါင်းကို ဆတ်ခနဲညိတ်လိုက်လေ၏။ ဘာကိုများ အတည် ပြုလိုက်တာပါလိမ့်။ သူ မသိပါလေ။

"ဆေးရုံသစ်မဖွင့်ခင် ဝန်ထမ်းတွေကို စာချုပ်ထပ်ချုပ် ချင်လို့"

"ဗျာ!"

"အထင်မမှားပါနဲ့ မောင်ဘုန်းရဲ့၊ အားလုံးကို မဟုတ် ပါဘူး။ ကျွမ်းကျင်တဲ့မောင်ဘုန်းတို့လို ဆရာဝန်တွေ ပြောင်းချင် ပြောင်းသွားနိုင်တာမို့လို့ အခုလိုပြောရတာပါ"

"မဟုတ်တာဘဲ ဆရာကြီးရဲ့၊ အခုလည်း ကျွန်တော် တို့ Bond ထိုးထားတာပဲဟာ"

"အဲဒါက တစ်နှစ်ပဲလေ၊ အန်ကယ်က ငါးနှစ် Bond ထပ်လုပ်ချင်တာပါ"

သူ ဦးနှောက်စားသွားရပါ၏။ ဆရာဝန်တွေကို ခြေချုပ် မိအောင်များ ဆေးရုံအုပ်ကြီး လုပ်ချင်နေပြီလား။ သူတို့အရည် အချင်းက ကိုယ်ပိုင်ဆေးခန်းလည်း ဖွင့်နိုင်ပါလျက် ဒီမှာလို လုပ် ရင်း လခက ရသလို အတွေ့အကြုံမပျက် လက်တွေ့ရှိတာကို



www.burmeseclassic.com

www.burmeseclassic.com



လိုချင်သဖြင့် သူနှင့်နေဆန်း ဝင်လုပ်ခဲ့တာပင်။

ငါးနှစ်တဲ့။ များ,များ များနေမလားမသိပါလေ။ နောက်ထပ်ငါးနှစ်လောက် ပင်ပင်ပန်းပန်းလုပ်နေရင် အိမ်မှာနေချင်သလိုနေ၊ လုပ်ချင်သလိုလုပ်နေမည့် ညီငယ် 'နေမင်းရှိန်'ကို သူအုပ်ချုပ်ဖို့ ကင်းကွာနေမလားလို့ပါလေ။

"ငါးနှစ်ဆိုတာ မများဘူးလား အန်ကယ်၊ ကျွန်တော်ရော နေဆန်းပါ ပြောင်းဖို့အစီအစဉ်မျိုး မရှိပါဘူး"

"သေချာလား"

"ဟုတ်ကဲ့"

"ဒါဆိုလည်း၊ သုံးနှစ်လောက် ထပ်ချုပ်ကြတာပေါ့လေ"

ဆုံးဖြတ်ချက်ချဟန်ဖြင့် စကားဝိုင်းက အပြီးသတ်လေ၏။ ဒီနေ့ကတော့ သူ့အတွက် OFF ရက်မို့ အိမ်ပြန်ရတော့မှာပါပဲ။ ဆေးရုံအုပ်ကြီးကို နှုတ်ဆက်လျက် ရုံးခန်းထဲမှ သူထွက်လာခဲ့တော့ မနက် ကိုးနာရီကျော်နေလေပြီ။

ကားစက်ကိုနှိုး၍ သူမောင်းထွက်လာတော့ နေရောင်ခြည်က စူးရှ တောက်ပနေချေပြီ။ နံနက်နေနွေးနွေးအောက်မှာ စိတ်အေးလက်အေး လမ်းမလျှောက်ဖြစ်တာ အတော်လေးတောင် ကြာခဲ့ပြီကို။

❦❦ ❦❦



အခန်း (၂)

မျက်နှာကို ရှုပ်ထားကော ခြေကိုလည်း တစ်ချက်မျှဆောင့်လိုက်မိ၏။ ဒီလို မကြာခဏလုပ်လေ့ရှိတာ မှန်ပေမယ့် အခုလည်း လုပ်မိတာပါလေ။ ဘယ်လိုပဲ ဆန္ဒပြပြ 'မို့'ဆန္ဒကို ဘယ်သူကမှ ဖြည့်ပေးနိုင်မည်မထင်ပါချေ။

"အဲ့ဒါက ဘာအချိုး ချိုးပြနေတာလဲ"

"အေးလေ၊ နည်းနည်းပါးပါး ဝိုင်းလုပ်ပေးမယ် ကူပေးမယ်မရှိ။ ထစ်ခနဲရှိ စိတ်က ကောက်ပြချင်ပြီ"

"ဟွန့်! မကြီးတို့က ပြောအားရှိတာပေါ့။ အိမ်အသစ်မှာနေရရင် အစ်ကိုကြီးတို့နဲ့တွေ့ရဖို့ ပိုနီးသွားတာကိုးလို့"

"ဟဲ့! ရှူး. . . တိုးတိုးပြောလေ၊ တော်ကြာ မေမေ့လည်း



www.burmeseclassic.com

www.burmeseclassic.com



ခေါက်စာ မိနေမှဖြင့်”

“မလေးလည်း အတူတူပဲဟာ”

“ဒါက ကျောင်းတက်ရမှာမို့ သွားရမှာလေ။ မဟုတ်တာ လိုက်ဂျစ်မနေစမ်းနဲ့။ ကောက်တေးမ! တစ်ရက်မှ ပါးစပ်ပိတ်ရ တယ်မရှိဘူး။ နင့်ကိုချည်း ပြောနေရတာပဲ”

“ပြောပေါ့. . . ပြောပြော၊ မိက အငယ်ဆုံးဆိုတော့ မမ ကြီးတို့ မလေးတို့ အဖိနှိပ်ကို ခံနေရမှာပဲ။ သေမှပဲ ဒီဝဋ်က ကျွတ်မှာ”

“ဟဲ့! ဖွ! လွဲပါစေ ဖယ်ပါစေ၊ ညည်းနော်”

တိုက်ဝလှေကားသုံးထစ်မှာ ဂါဝန်အပြာလေးကိုသိမ်း လျက် ထိုင်ချလိုက်ပါ၏။ ဒီအိမ်မှာ မိ့ကိုမွေးပြီး မိ ကြီးပြင်းခဲ့ရ တာမဟုတ်လား။ ဖေဖေက အစိုးရဝန်ထမ်းမို့ မကြာခဏ အိမ် ပြောင်းနေခဲ့ရတာပင်။ အခုက ဘိုးဘိုးဆုံးသည်နှင့် အမွေရတဲ့ ငွေလေးကို ကြီးမေနှင့်ဖေဖေ ခွဲယူလျက် ရန်ကုန်မှာပဲ အခြေချ ဖြစ်တော့မှာလေ။

ရန်ကုန်မြေဆိုတာ ကျယ်တာမှမဟုတ်တာ။ ဒီမှာလို ခြံ ကျယ်ကျယ်ကြီးမျိုးနဲ့ နေရတော့မှာမဟုတ်။ ခြံသေးသေးလေးနဲ့ တိုက်ပိစိလောက်လေးသာ ရမှာလေ။ ကြီးမေကတော့ တိုက်အိမ်





မကြိုက်တတ်သူမို့ ပျဉ်ထောင်အိမ်ပဲ ဝယ်နေဖြစ်မှာ အသေအချာ။

ဘဘနဲ့ကြီးမေမှာ သားသမီးမရှိတာမို့ မိတို့ညီအစ်မသုံး ယောက်ကိုပင် သားသမီးအရင်းနှယ် ချစ်ကြပါ၏။ ပြောတော့ဖြင့် မိ့ကို အငယ်ဆုံးမို့ အချစ်ဆုံးလို့ပြောကြပေမယ့် မိကတော့ မထင် ပါချေ။ အငယ်ဆုံးဆိုမှတော့ မိတို့တွေရဲ့ချစ်ခြင်းကို နောက်ဆုံး ပိတ် လက်ကျန်လေးပဲ ရမှာမဟုတ်လား၊ ဒါနဲ့များ ညာပြောချင် ကြသေးတာလေ။

“ဟဲ့! နင့်အရုပ်ပုံးတွေက များလိုက်တာ အငယ်မရယ်။ အိမ်နားက ကလေးတွေကို ဝေပေးခဲ့ပါလား”

“ဘာလို့ပေးရမှာလဲ၊ အဲဒါ မိ့ဟာတွေလေ။ မိ နှစ်တိုင်း ဆုရထားတာ၊ မပေးနိုင်ပါဘူး”

“ဘာလုပ်မှာလဲ၊ အချိန်တန် ဆွေးသွားမယ့်အတူတူ ပေးသင့်သလောက် ပေးခဲ့မှပေါ့။ ဆယ်တန်းပဲ အောင်ပြီးနေပြီ၊ ခုထိ ကလေးစိတ်ကို မကုန်သေးဘူး”

“မိ့ဘာသာ ကလေးလိုနေတာ ဘာဖြစ်လဲ။ မလေးတို့ လို အလှပြင်ပစ္စည်းဖိုး လက်ဖြန့်တောင်းနေတာမှမဟုတ်တာ”

“စွာလိုက်တာ. . . ကြက်တူရွေးမ”

“မေမေရေ!”



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . ဒီကလေးတွေကတော့လေ၊ မိန်းကလေးတွေဖြစ်ပြီး အသံမြည်လိုက်ကြတာ။ အလုပ်ရှုပ်ရတဲ့ကြားထဲ တိတ်တိတ်လုပ်ကြစမ်း"

အိမ်ထဲမှ မေမေ့အော်သံကြောင့် မကြီးတို့ ငြိမ်သက်သွားကြလေ၏။ တစ်ညလုံး သိမ်းထားသည့်ပစ္စည်းသေတ္တာ၊ စက္ကူပုံးတွေက မနည်း ကုန်တင်ကားကြီးက နှစ်စီးတောင်မှ ထိုသေတ္တာတွေ ဗီရိုတွေကို မေမေခေါ်ထားသည့် အလုပ်သမားတွေနဲ့ အတူတူ ဝိုင်းတင်ပေးနေကြတာပင်။

မိတစ်ယောက်သာ ဘိုးဘိုး မဆုံးခင်အထိ နေခဲ့သည့် ဤအိမ်ကလေးကို သံယောဇဉ်ပိုလျက် အိမ်မပြောင်းချင်တာလေ။ အစ်မတွေကဖြင့် အိမ်သစ်နှင့်နေရပြီဆိုပြီး ကျိတ်ပျော်နေလောက်ရောပေါ့။ မုန်းချင်စရာကြီး။

မိ့ဖေဖေက အစိုးရဝန်ထမ်းအရာရှိ (ယခု ပင်စင်ယူပြီးဖြစ်သည့်) ဦးဇေယျာပါ။ မေမေက အငြိမ်းစားအထက်တန်းပြဆရာမ ဒေါ်ကလျာနိုင်ပါပင်။ မကြီးနာမည်က အင်ကြင်းနိုင်၊ မလေးနာမည်က သက်လျာနိုင်ဖြစ်ပြီး မိကတော့ မေမေ့နာမည်မယူဘဲ ဖေဖေ့နာမည်ပါတာကို ဂုဏ်ယူသည့်အမည် မိမိဇေယျာ ဆိုသည့်သမီးထွေးလေးပါလော။





မကြီးက အလုပ်ဝင်နေသည့်လူမို့ အခုတော့ အိမ်လည်းပြောင်း၊ အလုပ်ပါ ထွက်လိုက်ရချေပြီ။ မလေးကတော့ G.T.C မပြီးသေးတာမို့ ကျောင်းပြောင်းပြီး တက်ရတော့မှာပါ။ မိကတော့ အထက်တန်းအောင်ထားပြီးတာ သိပ်မကြာလှသေး။ လာမယ့်နှစ်တွေမှာ First Year ကျောင်းသူဖြစ်တော့မှာ မှန်ပေမယ့် ခုထိ အဆော့မပျက်သေးသည့် မြီးကောင်ပေါက်မလေးပါပဲ။

"ဟဲ့! အငယ်မရယ်၊ ဒီမှာ ပစ္စည်းတွေ သယ်မ,နေကြတာ၊ အဲဒီမှာ ဘာထိုင်လုပ်နေတာလဲ။ မကူညီရင်နေ, မနှောင့်ယှက်နဲ့လို့ မေမေပြောထားတယ်မဟုတ်လား။ လွတ်လွတ်ကင်းကင်းနေစမ်း"

"ကောင်းတယ်၊ အပြောခံရပြီမဟုတ်လား"

မလေး မကြားတကြားပြောတာကို မျက်စောင်းလှမ်းခဲလိုက်ပြီး တို့ကွပ်ရှေ့က ဒန်းဆီကို သွားပြီးထိုင်လိုက်ပါ၏။ လက်ထဲက အဖြူရောင်ဝက်ဝံရုပ်ကြီးကိုတော့ တင်းတင်းဖက်ထားတုန်းပါလော။

ဟွန်း . . . မိက မေမေ့ကို အမြဲတမ်းဝိုင်းကူပေးနေတာလေ။ အရွယ်ရောက်ကတည်းက မေမေ့အနီးမှာ အမြဲနေပြီး ကြက်သွန်နွာပေးသလို ဟင်းရွက်တွေ ဝိုင်းခြွေပေးမယ့် မေမေကူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာဆိုပြီး စာကျက်ဖို့ပဲ ပြောခဲ့တာပါ။

သမီးသုံးယောက်မှာ အကြီးနှစ်ယောက်က မေမေ့ထံမှ အချောအလှတို့ကိုရရှိပြီး မြင်သူငေးရလောက်အောင် လှပကြသလောက် အငယ်ဆုံးဖြစ်တဲ့မိကာ ဖေဖေနဲ့တူကာ လံဘားပိန်ရှည်သေးသေးလေး ဖြစ်ခဲ့ရတာပင်။

အငယ်ဆုံးဆိုပြီး အချောဆုံးမမွေးခဲ့တာကို ရွှေ့တ်လေ့ရှိတော့ ဖေဖေက မိကို ပေါင်ပေါ်တင်ထိုင်စေကာ ဖေဖေနဲ့တူတဲ့ သမီးမို့ ဂုဏ်ယူမဆုံးချစ်မဆုံးဟု ပြောခဲ့သည့် ယိဘဝကို ယနေ့တိုင် မမေ့နိုင်ခဲ့။

"မကြီး အလုပ်ကရော"

"ဟိုရောက်မှ ထပ်ရှာရုံပေါ့၊ ဘယ်တတ်နိုင်ပါ့မလဲ"

"ဖေဖေ အလုပ်နားမှာဆိုတော့ အသက်တို့အိမ် ဝင်ငွေရှိတော့မှာ မဟုတ်ဘူး မကြီးရဲ့"

"မပူပါနဲ့အသက်ရယ်၊ အရင်အနီးရှိရင် မေမေအရောင်းအဝယ်တစ်ခုခုတော့ လုပ်တတ်ပါတယ်"

"အင်း. . . အသက်ကလည်း ကျောင်းပြီးဖို့ သုံးနှစ်တောင် ကျန်သေးတာဆိုတော့ ငွေက ကုန်ဦးမှာ။ ပြီးရင် အငယ်မက ကျောင်းစတက်ပြီ"





"အေးပါဟယ်"

"မေမေတို့ကို သနားလို့ပါ မကြီးရဲ့"

ကားပေါ်က ပစ္စည်းတွေကို နေရာစီချနေရင်း တီးတိုးတိုင်ပင်နေသံကို ကြားနေရတာမို့ မျက်ရည်ပင် ဝဲသွားရပါ၏။ မိတော့ စီးပွားရေးများ ကသောင်းကနင်းဖြစ်နေပြီလား။ မကြီးဝင်ငွေက သူ့စရိတ်နဲ့သူပင် အနိုင်နိုင်။ မလေးတက်တဲ့ကျောင်းကလည်း စရိတ်ကြီးပါပေ့။

ဒါဖြင့် မိကရော မကြီးတို့နဲ့ကလိုပဲ ရိုးရိုးမေဂျာလေးတက်ပြီး ခပ်ပျော့ပျော့ဘွဲ့ကိုသာ ယူလိုက်ရမှာလား။ ဒါဆိုရင်တော့ မျက်ရည်တွေ ဘူးသီးလုံးလောက် ကျစရာပင်။ မိမိပေယျဆိုတာ မိတို့ကျောင်းမှာ အထူးချွန်ဆုံး နံပါတ်(၁)အဆင့်နဲ့ အမှတ်အများဆုံးရ ဂုဏ်ထူး(၆)ဘာသာရှင် ဖြစ်ခဲ့ရတာလေ။

ဆရာဝန်ဖြစ်ချင်လို့ဆိုပြီး ဖျပ်ဖျပ်လူး အော်ငိုပြရမလား။ မထားနိုင်ခဲ့ရင် ဖေဖေရောမေမေပါ စိတ်ဆင်းရဲကြရတော့မှာပေါ့။ ရင်မောလိုက်တာနော်။ မိ့အသက် (၁၆)နှစ်ကျော်ကျော်လေးနဲ့ ဒီလိုစိတ်ဆင်းရဲစရာကိစ္စတွေကို မတွေးပါရစေနဲ့လား။ မိ့ကိုလည်း ကြည့်ပေးပါဦး လောကကြီးရယ်။

"မိ. . . သမီးငယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြန်ပြီ။ ဘာခိုင်းဦးမလို့လဲ။ လက်တို့လက်တောင်း နိုင်းတဲ့အခါမျိုးမှာ မို့ကိုသတိရတတ်ပြီး လူရှေ့ကျ ဘာမှသုံးမရ အသောမက်တဲ့ကလေးလို့ချည်း အပြောခံရလို့ ရိုးနေလေပြီ။

"ရှန်. . ."

"လာဦး"

အရုပ်ကို ဒန်းပေါ်တင်လိုက်ပြီး မတ်တပ်ရပ်လိုက်ပြီးမှ တော်ကြာ ကားထွက်ရင် မေ့ကျန်ခဲ့မှာကိုစိုးပြီး ပြန်ပိုက်လိုက်ရ ပါ၏။ အိမ်ဝရောက်တော့ မေမေက မို့ကိုလှည့်မကြည့်ဘဲ ပုံးတွေ ကို Tape ပတ်နေလေသည်။

"မိရောက်ပြီ မေမေ"

"ညည်းအဖေ ခေါ်တာ"

"ဖေဖေက ဘယ်မှာလဲ"

"အပေါ်ထပ်မှာ"

လှေကားထစ်တွေကို တက်ခဲ့ရ၏။ လက်ရန်းက Polish တင်ထားတာမို့ ပြောင်လက်နေတာပင်။ နမ္မောလိုက်တာ နော်။ ဘိုးဘိုးမရှိတော့တာနဲ့ပဲ ဒီအိမ်ကိုရောင်းထုတ်ကြရတယ် လို့။ အပေါ်ထပ်ရှိ မို့အခန်းထဲမှာ လှုပ်ရှားသံကြားလိုက်ရတာမို့ အခန်းဝမှာ ရပ်လိုက်မိ၏။





"ဖေဖေ"

"ဟော! ဝင်ခဲ့လေ သမီး"

အခန်းထဲဝင်တော့ ဖေဖေက မို့ကုတင် (ဘာမှမရှိတော့ သည့်ကုတင်လွတ်) တန်းမှာ ထိုင်နေလေ၏။ အခန်းက ခုတော့ လည်း ဒီကုတင်တစ်လုံးသာရှိပြီး ဟာလာဟင်းလင်းကြီး ဖြစ်နေ တာလေ။

"ဘာပြောမလို့လဲဟင်"

"ခဏထိုင်ဦး"

ဖေဖေ့ဘေးမှာ အသာထိုင်လိုက်ပါ၏။ ဖေဖေက မိုး (Vcitoria ဆံပင်ပုံစံ နောက်က တိုပြီး ရှေ့ကို ခပ်စောင်းစောင်း ဘေးနှစ်ဖက် ရှည်ထွက်နေသည့်ပုံ) ဆံပင်ကို အသာပွတ်လိုက်လေ သည်။ ဘာပြောချင်လို့ပါလဲ၊ ဒီလိုချော့မြူဟန်ပြရင် မို့ကို ဖေဖေ တစ်ခုခုတောင်းဆိုတော့မှာကိုး။

"ဒီညနေပြောင်းကြမှာ သမီးသိတယ်နော်"

"ဟုတ်"

"သမီး အတော်စိတ်ညစ်နေမှန်း ဖေဖေသိပါတယ်။ ဖေ ဖေလည်း မဖြစ်လွန်းလို့ ဘိုးဘိုးပိုင်တဲ့ဒီခြံနဲ့အိမ်ကို ရောင်းရတာပဲ"

"မိနားလည်ပါတယ် ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"အခုပြောင်းမယ့်ခြံက ဒီလောက်မကျယ်ဘူးမီး အိမ်က လည်း တိုက်ပုလေးပဲ၊ အခန်းလည်း မများတော့ သမီးနဲ့အသက် က တစ်ခန်းတည်း အတူနေရမှာ"

မျက်နှာက အုံ့မှိုင်းချင်ချင်း သိနေပါတယ်လေ။ နဂို ကတည်းကမှ မလေးနဲ့မိက သိပ်အစေးမကပ်လှပါ။ မကြီးက ခပ်အေးအေးမို့ သိပ်စကားမများ။ သို့သော် မိုက်ကို ရှာကြံအပြစ် ထင်တာကတော့ နှစ်ဦးစလုံး အတူတူပါပဲ။

"အင်ကြင်းအိမ်တောင်ကျရင်တော့ သမီးကြီးအခန်းကို သမီး ရမှာပေါ့"

"ဖေဖေကလည်း"

"သဘောကိုပြောတာပါ သမီးရဲ့၊ သမီးတို့ကျောင်းကိစ္စ ကလည်း ရှိသေးတာဆိုတော့ ငွေကိုအကုန်သုံးလို့ မဖြစ်ဘူးလေ။ နိုင်ကတော့ စတိုးဆိုင်လေးလောက် ဖွင့်မယ်ပြောတာပဲ။ ဖေဖေ လည်း တစ်ခုခုလုပ်ရဦးမှာပေါ့"

"မိ. . .မိ အဝေးသင်ပဲ တက်မှာပါဖေဖေ"

မျက်ရည်က ဖျပ်ခနဲဝဲလေ၏။ ငိုချင်လိုက်တာနော်။ ငို လို့ဘယ်ဖြစ်ပါ့မလဲ။ တော်ကြာ ဖေဖေက မိုးအတွက်နဲ့ စိတ်ဆင်း ရဲရမှာလေ။





"မဟုတ်တာ သမီးကလည်း။ သမီးကိုတော့ ဆရာဝန် ဖြစ်အောင် ဖေဖေထားနိုင်ပါတယ်။ ဖေ့သမီး ဒီလောက်စာတော် တာကို ရိုးရိုးဘွဲ့နဲ့ပဲ တင်းတိမ်လို့ ဘယ်ရပါ့မလဲ"

"မိုးအတွက်နဲ့ ဖေဖေတို့ ဝန်ထုပ်ဝန်ပိုးဖြစ်မှာကို စိုးလို့ ပါဖေဖေ"

"မဆိုင်လိုက်တာ၊ သမီးအတွက်ဆိုပြီး သမီးဘိုးဘိုးက ဘဏ်မှာ ငွေအပ်ပေးခဲ့ပါတယ်သမီးရဲ့။ ကျောင်းတက်ဖို့ အဆင် ပြေမှာပါ"

"ဟုတ်လို့လား ဖေဖေ၊ မိုးကို မညာနဲ့နော်"

"ခြော်. . . မညာပါဘူး။ ဒါပေမဲ့ အဲဒီငွေတွေက သမီး (၁၈)နှစ်ပြည့်မှ သမီးကိုယ်တိုင် ထုတ်လို့ရမှာ"

သောချော! ကျောင်းတက်ခွင့်ရပြီဆိုသည့်အပျော်က လည် ချောင်းဝမှာတစ်ခ်ါ တစ်သွားလေပြီ။ အမယ်လေးနော်. . . နောက် နှစ်နှစ်မှသာ ငွေရရင် မိတော့ သေးကျောင်းတက်ရတော့မှာပဲ။

"အဲဒီကိစ္စကို အင်ကြင်းရော အသက်ပါ မသိစေနဲ့"

"ဟင်! ဘာလို့လဲ"

"မကောင်းဘူးလေ သမီးရဲ့၊ သူတို့ဖိုးတော့ ဘိုးဘိုးက ဘာမှမထားခဲ့တာသိရင် ဘယ်ကောင်းမှာလဲ၊ သမီးကြီးမေမေ့အောင်



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို သိတာမဟုတ်ဘူး။ ဖေဖေနဲ့နိုင်ပဲ သိတာ"

"ဒါနဲ့ပဲ မိသားစုကြား ဘာမှလျှို့ဝှက်မထားရဘူးဆို။ ဖေဖေပဲ ပြောထားပြီးတော့"

"ဒါကတော့ ချွင်းချက်ပေါ့သမီးရဲ့။ မှတ်ထား. . . လျှို့ဝှက်သင့်တဲ့ကိစ္စကိုတော့ မဖြစ်မနေ လျှို့ဝှက်ထားရတယ်။ တချို့ကိစ္စတွေက ဖွင့်ပြောတိုင်း ကောင်းတာမဟုတ်ဘူး။ သိလား"

"ဟုတ်"

"ထားပါတော့၊ သမီးကျောင်းကိစ္စက နောက်မှအေးအေးဆေးဆေး ထပ်ဆွေးနွေးလို့ရတယ်။ အခုအခန်းထဲက ပုံတွေကို ဘယ်လိုလုပ်မလဲ။ ဖြုတ်လိုက်ရင် ပြဿနာမှာဆိုတော့ သမီးပဲ ဆုံးဖြတ်"

ဖေဖေက မိုကို အခန်းထဲမှာတင် ထားခဲ့လေ၏။ အခန်းပတ်လည် ကပ်ထားသည့်ရုပ်ပုံတွေကို လှည့်ပတ်ကြည့်ရင်း မျက်ရည်က ကျလေပြီ။ ခုက္ခပဲ၊ ကော်နဲ့ကပ်ထားတာဆိုမှတော့ ဖြုတ်ရင် ပြဲတော့မပေါ့။ ထားခဲ့ရတော့မှာပဲ၊ နှမြောလိုက်တာနော်။

အဆိုတော်တွေ၊ ရုပ်ရှင်မင်းသား မင်းသမီးတွေ၊ Model ပုံတွေကို လက်နှင့်အသာ လှုပ်ကိုင်နေမိသည်။

နင်တို့ကို ငါထားခဲ့ရတော့မယ် ရဲလေး၊ ဝိုင်းဝိုင်းခမ်းလှိုင်၊





(F4 မင်းသား ကိုးဟို)၊ ကင်ပွန်ကျွန်း၊ Spy မင်းသား၊ လီဗြောင်ဟွန်း (IRIS) မင်းသားနဲ့ (ကောင်မလေးရုပ်ရှင်မင်းသား) ရှိဝမ်တို့ရေ. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ကားကို ခြံဝမှာ ရပ်လိုက်ပြီး ဟွန်းတီးလိုက်ပါ၏။ ခြံဝမှာ အပင်ရေလောင်းနေရာမှ မောင်မြင့်က အပြေးအလွှားရောက်လာပြီး ခြံတံခါးဖွင့်ပေးလေသည်။ အိမ်မှာ လက်တိုလက်တောင်းနိုင်းစရာရော ချက်ပြုတ်လျှော်ဖွပ်ရတာကိုပါ ဒီကောင်လေးပဲ လုပ်ပေးရတာလေ။

"ညီ နိုးပြီလား"

"မနိုးသေးဘူး အစ်ကိုကြီး"

"နေမြင့်နေတာတောင် ခုထိ မထသေးဘူးလား။ ဒီကောင်နဲ့တော့ ခက်တော့တာပဲ"

ကားကို ဆင်ဝင်အောက်မှာ ရပ်လိုက်ပြီးမှ ဆင်းက



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲဝင်ခဲ့ရ၏။ ညည်ခန်းရောက်သည်နှင့် ဖုန်တင်နေသည့်ဗီရို မှန်တွေ၊ ဆက်တီတွေကိုမြင်ရင်း သက်ပြင်းရှိုက်လိုက်မိသည်။ နေဆန်းသော မြင်ရင် ရေရွတ်နေကျလေသံမျိုးနဲ့ 'ဒီအိမ်မှာ အိမ်ရှင်မတစ်ဦး မရှိမဖြစ် လိုကိုလိုအပ်နေပြီ' ဟုပြောမှာ အသေအချာပါလေ။

လေကားတွေကိုတက်တော့ လက်ရန်းမှာရော လေကား ထစ်တွေမှာပါ ဖုန်တွေရှိနေတာပေါ့။ မနက်မိုးလင်းတာနဲ့ ဈေးပြေး မဝယ်တတ်ဝယ်တတ်နဲ့ ဝယ်၊ မချက်တတ်ချက်တတ်နဲ့ အိမ်ပြန် ချက်၊ ပေါင်းအိုးနဲ့ချက်တဲ့ထမင်းက မာရင်မာ၊ ပျော့ရင်ပျော့ ဘယ်တော့မှ အထာမကျ။

ဒါပြင် ဟင်းကဲ့ရော၊ အသားဟင်းချက်ရင် ဆီအိုးထဲမှာ ဒိုက်ဗင်ထိုးရှာရအောင် ဆီက အမြှုပ်။ ကန်စွန်းရွက်ကြော်ရင် မကျက်၊ ပဲသီးကြော်ရင် တူး။ အချဉ်ရည်ဟင်းချက်ရင် ချဉ်းမထည့် လို့ ဗိုက်နာရပြန်ရော။ ကြက်ဥကြော်ရင် ငံတဲ့နေရာက ငံ၊ ပေါ့ တဲ့နေရာက ပေါ့၊ အချိုးမကျ။ ထိုသို့သော မရိုးတဲ့ဟင်းလျာတို့ ကို နှစ်ရှည် ဘူတို့ညီအစ်ကိုနှစ်ယောက် စားနေရတာပေါ့။

ထမင်းဟင်းချက်ပြီးလို့ အပင်ရေလောင်း မြှရင်းဖို့ မောင် မြင့် ခြံထဲရောက်နေတာလေ။ အိမ်သန့်ရှင်းဖို့ကို ပြောမှလုပ်တတ်





သည့် ယောက်ျားလေးမို့ အလုပ်က ဘယ်တော့ပြေပါ့မလဲ။ သူ ကလည်း ဆေးရုံတစ်ဖက်နဲ့မို့ အိမ်မှာ သိပ်မနေရသလို ညီဖြစ်သူ ကလည်း တစ်နေ့တစ်နေ့ အိပ်ကစ်တယ်ရယ်လို့ မရှိပါချေ။

"ညီ"

"ဒေါက်! ဒေါက်! "

"ညီရေ. . . မင်းမင်း။ မထသေးဘူးလား။ ကိုးနာရီခွဲ နေပြီကွ"

ဘာသံမှမကြားရပါလေ။ Doorlock ကို လှည့်ဖွင့်လိုက် ပါ၏။ ညီက Lock မချတတ်တဲ့သူမို့ တံခါးဖွင့်ရင် လွယ်ကူတာ ပဲမဟုတ်ပါလား။ အခန်းထဲကိုရောက်တော့ ကုတင်ထက်မှာ ဖက် လုံးကို ခွအိပ်နေသည့်ညီအိပ်ရာက ပွနေသလို စောင်က ကုတင် အောက်မှာ ပုံနေပြီလေ။

ကြွက်သိုက်လို ရှုပ်ပွနေသည့်အခန်းထဲကိုကြည့်ရင်း သူ သက်ပြင်းချလိုက်မိပြန်လေ၏။ လူမှိုနိုင်လိုလား။ သူ့အခန်းတော့ အမြဲ တမ်းသန့်ရှင်းပြီး အခန်းထဲမှာ မွှေးကြိုင်နေတာပါလေ။ အသက် သုံးဆယ်အရွယ်နဲ့ ညီက သူ့ထက် အသက်ခုနစ်နှစ် ငယ်တာမို့ အသက် (၂၃)နှစ်ရှိပေမယ့် ကွာခြားလိုက်တာနော်။

ညီအရွယ်တုန်းက ဆရာဝန်ပေါက်စလေးဖြစ်ပြီမို့ လေး



www.burmeseclassic.com

www.burmeseclassic.com



ဆန်စာကျက်ကြွနေပြီး ဘာမဆို ရှုးစမ်းတတ်ကာ သူပဲ ဦးဆောင် လုပ်ချင်စိတ်ဖြင့် အလုပ်လောဘကြီးသူနှယ် နာမည်ထွက်ခဲ့တာ ပါလေ။ ထိုအရွယ်ကျော်ကျော်မှာပင် ဟောမာန်နဲ့ဆုံခဲ့ရတာဖြစ်ပြီး ရေစပ်ဖြစ်ခဲ့ ပျော်မြူးခဲ့တာပါ။

ချစ်သူသက်တမ်း တစ်နှစ်ဆိုတာ လက်ထပ်ဖို့အတွက် လုံလောက်ပါရဲ့လား။ ရေစပ်ပြီး တစ်နှစ်အကြာမှာ မင်္ဂလာဆောင် ဖို့ အားလုံးစီစဉ်ခါနီးမှာမှ သူ သစ္စာဖောက်ခံရပြီး အသည်းကွဲခဲ့ ရတာပါပဲ။ နှစ်နှစ်တဲ့။ ဟောမာန်နဲ့သူ မေတ္တာသက်ဝင်ခဲ့တဲ့ ကာလ အပိုင်းအခြားပါလေ။

'ကြာတော့လည်း လွှမ်းဖို့မေ့သွားမှာပါ' ဆိုတဲ့စကားလို 'လွယ်လွယ်နဲ့မေ့နိုင်ရင် အကောင်းဆုံးပေါ့။ သို့သော် ယခု ငါးနှစ် ကျော်ကြာချိန်အထိ သူမမေ့နိုင်ခဲ့တာ ဘာကြောင့်များပါလဲ။ သတိ ရနေတာမျိုးမဟုတ်သော်ငြား မေ့မရနိုင်တာကတော့ အဲသေအချာ ပါလေ။

"ညီ. . ."

ပြတင်းတံခါးကို ချက်ချွေဖွင့်လိုက်သလို လိုက်ကာကိုပါ ဆွဲဖယ်လိုက်တာမို့ ညီ့အိပ်ရာထက်မှာ နေရောင်က ထိုးကျလေ၏။ အခုမှဝင် တုပ်တုပ်မျှမလှုပ်သည့် ခန္ဓာကိုယ်က တွန့်ခနဲဖြစ်





သွားပြီး ဖက်လုံးကိုခွထားလျက် လိမ့်လိုက်လေသည်။

"လိမ့်ကျတော့မှာပဲ၊ ထတော့လေ ညီရယ်"

"ကိုကိုကလည်းကွာ၊ ဒီနေ့သင်တန်းမရှိလို့ မိမ်ခုနှပ်နေ တာကို၊ နှောင့်ယှက်တယ်ကွာ"

"နေမြင့်နေပြီ ညီရ၊ အကြာကြီးအိပ်ရင် သွေးလေးပြီး တစ်နေ့လုံး စိတ်မလန်းဘဲ ဖြစ်နေမှာစိုးလို့ နှိုးနေတာ။ ထတော့"

"ထရင် ဘာစားရမှာလဲ"

"ရော် . . . မျက်စိဖြင့် မပွင့်သေးဘူး။ စားဖို့က တွေးနေ ပြီ"

"အဲဒီဇကွက်ကို ဘယ်တော့မှ ကျွတ်ပို့မလဲ တွေးနေတာ လေ။ ကိုကို မိန်းမမယူသေးဘူးလား"

"လာပြန်ပြီ ဒီဘူတာ၊ မဆိုင်တာကြီး"

"ဆိုင်တာပေါ့၊ အချက်အပြုတ်ကောင်းတဲ့ မိန်းမတစ် ယောက်လောက် အမြန်ဆုံးယူပါတော့ဗျ။ ဘာလဲ. . . ညီ သတင်း စာမှာ ကြော်ငြာထည့်ပေးရမလား။ အလိုရှိသည်ဆိုပြီးတော့လေ"

သူ့ရယ်သံက ခြောက်ကပ်ကပ်။ ကုတင်အောက် ပုံကျ နေသည့်စောင်ကို ကောက်ယူ၍ ခါလျက် ခေါက်တော့ ညီက ခေါင်းအုံးပိုက်ထားလျက် ထထိုင်လေ၏။ ဆံပင်ညို့တွေ ရှုပ်ပွလျ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ငယ်သူမို့ ကြည့်ကောင်းနေပါသည်။ ညီ့ဆံပင်လေးတွေက နှုးညံ့ပျော့ပြောင်းနေသည့် (ကလေးငယ်တွေလို) ဆံပင်မျိုးပါ။ သူ့၏ဆံပင်နက်နက်တို့ကတော့ မာကျောကြွမ်းတမ်းပါ၏။

"အိမ်ဖော်ခေါ်ဆိုတော့လည်း မဟုတ်ပြန်ဘူး"

"ယောက်ျားလေးသုံးယောက်ရှိတဲ့အိမ်ကို ဘယ်မိန်းကလေးက အိမ်ဖော်လာလုပ်ရဲပါ့မလဲ ညီရဲ့၊ စဉ်းစားတတ်ပါဦး"

"အသက်ကြီးကြီးခေါ်ပေါ့ဗျ"

"မဖြစ်ပါဘူးကွာ"

"ကျစ်! အဲဒီအစွန်းရောက်ဝါဒက ကိုကို့ကို တစ်သက်လုံး ဒုက္ခပေးနေတော့မှာပဲ"

"ဘာဝါဒလဲ"

"မိန်းမမုန်းတဲ့ဝါဒလေ"

"မဆိုင်တာတွေ ပြောပြန်ပြီ၊ အလုပ်ထဲမှာလည်း မိန်းမတွေ အများကြီးရှိနေတဲ့ဟာ၊ အလကားနေ အလကား အသားလွတ်ကြီး မိန်းမမမုန်းပါဘူး"

"ပြောတာပဲ၊ ညီကတော့ ကိုကို့ကို အဲဒီလိုပဲမြင်တယ်"

"ထတော့လေ၊ ဆင်းတော့။ Breakfast လွတ်မှတော့ နေ့လယ်စာကို စောစောစားကြတာပေါ့။ ရေချိုးချေ"





"ကိုကိုရော ချိုးပြီးပြီလား"

"ဘယ်ချိုးရဦးမှာလဲ၊ အခုမှ duty ထွက်လာတဲ့ဟာ"

"အတူတူချိုးကြမလား"

"ဟာ! အရှုံးထမနေနဲ့၊ ချိုးမှာသာ မြန်မြန်ချိုး"

"မြန်ပါတယ်ဗျ။ ညီက ကိုကို့လို အတွေးတွေ ပလုံစီပြီး ရေချိုးတဲ့သူမဟုတ်ဘူး။ ရေတစ်စက်ကျတိုင်း ပေမာန်လို့ ရေရွတ်နေတတ်တာမှမဟုတ်တာ"

"မင်းတော့ နာတော့မယ်"

သူ ဖက်လုံးကို ကောက်ကိုင်လိုက်တော့ ညီက ကုတင်ထက်မှပြေးဆင်းကာ ရေချိုးခန်းဆီသို့ ပြေးလေပြီ။ ညီ့အခန်းထဲမှာ လက်လှမ်းမီသလောက် ရှင်းလင်းကာ လျှော်တောင်းထဲသို့ အဝတ်တွေ ထည့်လိုက်ပါ၏။ အဝတ်လျှော်တဲ့အခါတော့ Washing machine နှင့်လျှော်တာမို့ သိပ်မပင်ပန်းလှပါ။ ရေစစ်အောင်ခါပြီး ချိတ်နဲ့လှန်းရုံသာ။ ပုဆိုးကလွဲပြီး အင်္ကျီတွေ ဘောင်းဘီတွေကို ချိတ်ဖြင့်ချိတ်လှန်းဖို့ကို မောင်မြင့်အား သေချာမှာထားရတာပါပဲ။

သူ့အခန်းထဲရောက်တော့ အိပ်ရာထက် ခဏမျှလှဲနေလိုက်မိ၏။ ပင်ပန်းလိုက်တာဟု တစ်ကြိမ်မျှ ညည်းမိ။ သူ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



စပ်ပွဲပျက်ပြီး နောက်နှစ်နှစ်မှာ ဖေဖေနဲ့မေမေတို့ ခရီးထွက်ရင်းကား Accident ဖြစ်ကာ ဆုံးပါးခဲ့ရတာပေါ့။ ညီအစ်ကိုနှစ်ယောက်သား မွေ့ဖက်လျက် မိဘမဲ့ချေပြီဟုတွေးကာ မျက်ရည်ကျခဲ့ရတာပါလေ။

သားနှစ်ယောက်အတွက် ငွေကြေးအလုံအလောက်ထားခဲ့တာ မှန်ပေမယ့် သူက စနစ်တကျသုံးစွဲတတ်သူမို့ လျော့ပါးမသွားပါချေ။ ညီကသာ လူငယ်မို့ ရှေ့ရေးသိပ်မတွေးဘဲ နည်းနည်းအသုံးကြမ်းသူပါ။ သူကတော့ တတ်ထားတဲ့ပညာနဲ့ အလုပ်လုပ်နေတာပါလေ။

အလုပ်သာ တကယ်လို့နားဖြစ်ရင် ဒီချုပ်ကွက်လမ်းထိပ်မှာပဲ ဆေးဆိုင်နှင့်ဆေးခန်းဖွင့်ဖို့ ရည်ရွယ်ထားပါ၏။ အခုတော့ ဆေးရုံအုပ်ကြီးက သူနှင့်နေဆန်း အလုပ်မထွက်ရအောင် ချုပ်ကိုင်ချင်နေတာကို။ ရှေ့ဆက်စောင့်ကြည့်တာပေါ့လေ။

"ကိုကို. . . ညီ ပြီးပြီ"

တံခါးနှစ်ချက်ခေါက်လျက် အသံပြုလိုက်တာမို့ သူ လှုးလဲထလိုက်ရပါ၏။ တော်ကြာ နဖူးပေါ်လက်တင်ပြီး သူလှဲနေတာကို မြင်သွားရင် 'သတိရနေတာမဟုတ်လား' ဆိုပြီး ခနဲ့နေဦးမှာပြေ။ အဝတ်အစားချွတ်ကာ ရေလဲလုံချည်နှင့် တဘက်ကို





ပခုံးထက်တင်၍ အခန်းထဲမှထွက်လိုက်ပါ၏။

ရေချိုးခန်းထဲမှာ ရေပန်းကိုဖွင့်လျက် ခေါင်းစ ခြေဆုံး ရေစိုစေလိုက်၏။ ရေတစ်စက်ကျတိုင်း ပေမာန်လို့ ရေရွတ်နေတာတဲ့လား။ မဟုတ်ပါဘူး ညီရယ်၊ ကိုယ်က ဘာကိုပဲလုပ်လုပ် ရှေ့နောက်သေချာစဉ်းစားပြီးမှ လုပ်ဆောင်ကျင့်ရှိခဲ့တဲ့လူပါ။ ဒီမိန်းကလေးကို သေချာရည်ရွယ်ပြီး ရွေးချယ်ခဲ့တာဖြစ်ပါလျက် အမှားကြီး မှားခဲ့ရတာလေ။

အသက်သိပ်မကွာပါလျက်နဲ့ ဘာကြောင့် အတွေးအခေါ်တွေက မတူခဲ့တာပါလိမ့်။ ဘာမဆို 'ကိုသဘော' လို့လိုက်လျောမှုရှိခဲ့တဲ့ချစ်သူလေးက လက်ထပ်ဖို့ကိစ္စမှာ မထင်မှတ်ဘဲ ခါးခါးသည်းသည်း ငြင်းပယ်ခဲ့တာပါလေ။

ကြာတော့ကြာခဲ့ပါပြီ ပေမာန်။

"မောင်မြင့်ရေ ကိုကိုက ထမင်းစားတော့မယ်တဲ့"

ကိုယ့်ဘာသာ ဆာနေတာကိုများ အစ်ကိုကို အပြစ်ချရတယ်လို့။ ရေချိုးခန်းအထွက်မှာ အပြင်ကိုလှမ်းခေါ်သည့်ညီ အသံကြောင့် သူပြုံးမိလေ၏။ လျှာအရသာမရှိသည့် ထမင်းဟင်းတွေကို မျက်စိစုံမှိတ် မျိုချရဦးမှာကို။ အာဟာရဖြစ်ဖို့ကိုပဲ အာရုံစိုက်ရတာမို့ မောင်မြင့်ကိုလည်း အပြစ်မဖို့ချင်ပါလေ။ ဈေးမရှိ



www.burmeseclassic.com

www.burmeseclassic.com



စဥ်က မသင်ဖြစ်လိုက်သည့်အိမ်မှုကိစ္စအလုပ်အတွက် နောင်တရမိသလိုလိုပါပဲ။

"ဘာဟင်းချက်လဲ မောင်မြင့်"

"ဟိုလေ၊ ကြက်သားနဲ့အာလူးရယ်၊ ချဥ်ပေါင်ရွက်ဟင်းချိုရယ်ပါ အစ်ကိုကြီး"

"အရွက်ရော"

"ဂေါ်ဖီကြော်ပါ"

"အာလူးက နူးရဲ့လား"

"နူးတယ်ထင်တာပဲ"

"အာလူးက ဝက်သားနဲ့တစ်တွဲ၊ ဘူးသီးနဲ့ကြက်သားက တစ်တွဲ မဟုတ်ဘူးလား"

"ခင်ဗျာ"

မျက်စိပြူးပြီး ခေါင်းကုပ်နေရှာသည့်ချာတိတ်ကို ဘာမှဆက်မပြောဖြစ်တော့ပါလေ။ အဆင့်အတန်း မခွဲခြားတတ်တဲ့ညီအစ်ကိုရဲ့ မောင်မြင့်ကို အနိုင်အစေဟုသဘောမထားဘဲ ညီအငယ်ဆုံးနှယ် ဆက်ဆံကာ ထမင်းတစ်ဝိုင်းတည်းအတူစားခဲ့တာပါ။ အသားဟင်းချက်တိုင်း အအီပြေအောင် အချဥ်ဟင်းချိုချက်ပါလို့ပြောတာမို့ အမြဲတမ်း အရည်တစ်ခွက်ချက်ပေးတာပါပဲ။





"တော်ပြီ နံရံမှာ ကပ်ထားတဲ့ဇယားကိုကြည့်ပြီး မတည့်တဲ့အစာတွေကို ရှောင်ချက်တတ်ဖို့ပဲ မြင့်"

"ဟုတ်ကဲ့၊ ဖွန်းခက်ရင်းနဲ့စားမှာလား အစ်ကိုကြီး"

"လက်ဆေးရေပဲ ပေးပါ"

"ဟုတ်ကဲ့"

ထမင်းပွဲပြင်ထားတာကို သူပြန်ပြင်ရပါ၏။ ဟင်းချိုပန်းကန်လုံးကြီးကို အလယ်ခေါင်မှာထားပြီး ဂေါ်ဖီကြော်နဲ့ဆီပြန် (ဆီမြှစ်)ဟင်းကို ဘေးရံထားလိုက်ပါသည်။ မေမေသာ ပြင်ပေးရင် ငါးပိချက်နဲ့တို့စရာရယ်၊ အသုတ်တစ်ခုခုပါဦးမှာ အသေအချာပါပဲ။ အင်းပေါ့လေ၊ ယောကျ်ားလေးတွေချည်း အိမ်မှာ ဒီလိုပဲရှိမှာပေါ့။

"ဘာလိုသေးလဲ အစ်ကိုကြီး"

"သောက်ရေနဲ့ဖန်ခွက်"

"ရပါပြီ"

ထမင်းစစားသည်နှင့် ဆားပေါ့နေတာမို့ ပန်းကန်ပြားလေးထဲသို့ Table salt ထထည့်ရပြန်၏။ အာလူးစကိုက်ရင်း နာခေါင်းရှုံ့လိုက်သည့်ညီကြောင့် အာလူးမနူးမှန်း သူသိလိုက်ပါသည်။ ဒီကောင် ရေတစ်ခါပဲ ထည့်တာထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး"

"အင်း"

"ဟိုဘက်ခြံကို လူသစ်တွေရောက်လာတော့မယ် ထင်တာပဲ"

"ဘာလို့လဲ"

"ဟိုတစ်ပတ်ကပဲ ခြံထဲရော အိမ်ထဲမှာပါ လာရှင်းတာတွေ့လို့ပါ"

"တကယ်လို့ မိသားစုပြောင်းလာရင် ဘာကူညီပေးရမလဲလို့ပြောပြီး အရင်မိတ်ဆက်လိုက်ဦး မောင်မြင့်. . .ကြားလား။ ငါတို့ညီအစ်ကိုက သိပ်အိမ်ကပ်ကြတာမဟုတ်ဘူး။ မင်းပဲရှိတာ"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

"ညီလည်း ကြုံရင် ကူညီလိုက်ဦး"

"မောင်မြင့်ရှိတာကို"

"ကစ်ဖွဲ့မနေနဲ့ ဘာလုပ်ငန်းလုပ်ချင်လဲ တွေးထားဦး။ Fashion ဆိုင်ဖွင့်မလား၊ သူငယ်ချင်းတွေနဲ့တိုင်ပင်။ တစ်နေ့တစ်နေ့ ဝေလေလေနဲ့ အချိန်ဖြုန်းမနေနဲ့၊ လူကြီးဖြစ်နေပြီ"

ညီ့မျက်နှာ မှုန်ကုပ်ကုပ်ဖြစ်သွားလေ၏။ ဒီလောက်တော့ ပြောရမှာပေါ့။ ဒီညီနဲ့ တစ်နေ့တစ်နေ့ မျက်နှာချင်းမဆိုင်ရတာ





ကို။ ခပ်ဆိုးဆိုးညီလေးမဟုတ်ပေမယ့် ဘဝကိုခပ်ပေါ့ပေါ့မတွေးဘဲ တည်တည်ငြိမ်ငြိမ်လေး ဖြစ်စေချင်တာမို့ သူ့စေတနာမေတ္တာကို ညီ သိစေချင်တာအမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

လမ်းအဆုံးအထိ ကားကြီးနှစ်စီး တအိအိဝင်လာခဲ့၏။ မေမေက အစ်မနှစ်ယောက်နှင့် တစ်စီး၊ ဖေဖေနှင့်မီက တစ်စီး ဖြင့် အိမ်သစ်ဆီ ရောက်ချေပြီ။ ပေ (၄၀× ၆၀) ခန့်သာရှိသည့် ခြံဝိုင်းလေးကိုမြင်တော့ မီ အတော်စိတ်ပျက်သွားရလေ၏။ တိုက်ပုဖြူဖြူလေးကလည်းကိုလျှာထုတ်ပြနေသလိုနှယ်ဖြစ်နေတာမို့ ငိုပင်ငိုချလိုက်ချင်တာပါလေ။

"ပေါ့ပေါ့လေးတွေပဲ ရွေးသယ်နော် သမီး"

ကားပေါ်က ဆင်းဆင်းချင်း ဖေဖေက မီ့ကိုပြောလေ၏။ လုပ်ရတော့မှာပေါ့။ အလုပ်သမားငှားတာက ကားရဲ့ဒရိုင်ဘာနဲ့ နောက်မှာလိုက်တဲ့ အလုပ်သမားနှစ်ယောက်ဆိုတော့ အားရုံး



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ယောက်ပါ။ သူတို့က အလေးအပင်တွေ မကြာမှာမို့ အဝတ်အစားသေတ္တာနဲ့စက္ကူပုံးတွေကို မိတို့က သယ်ရမှာကိုး။

စိတ်ပိန်တယ်နော်၊ စိတ်ပိန်တယ်။ 'ပျော်ရာမှာ မနေရ တော်ရာမှာ နေရ' ဆိုတဲ့စကားပုံက မိုအတွက် ရှိခဲ့တာပဲ ထင်ပါရဲ့။ အိမ်မှာ အလုပ်သမားမထားတတ်သည့်ဖေဖေက ခြံအလုပ်တွေ လုပ်ရင် မိကပဲ ကူညီလုပ်ရတာပါ။ မေမေ မီးဖိုချောင်ဝင်ရင်လည်း မိပဲ ကူညီတာပဲမဟုတ်လား။ ဒီတော့ မိက တစ်မိသားစုလုံးအမှု မထားကြတဲ့ ဂျိုကာလေးမှန်း ကိုယ့်ကိုယ်ကို သိထားလေ၏။

"ဟယ်. . . ပေါ့ပေါ့လေး၊ သယ်ဆိုတာနဲ့ ဖေဖေ့သမီးက သူ့အရုပ်ပုံးကိုပဲ သယ်နေတာပဲဖေဖေရေ့"

"မလေးနော်"

"ဘာသယ်သယ်ပေါ့ သမီးလတ်ရယ်၊ အိမ်ထဲကို ပစ္စည်းတွေအမြန်ရောက်ဖို့က ပိုအရေးကြီးတယ်။ နိုင်ရေ"

"ရှင်. . . အစ်ကို"

"ရေခဲသေတ္တာတို့ ကြောင်အိမ်တို့ ထားရမယ့်နေရာကို အရင်သွားပြချေ။ အဝတ်ဗီရိုတွေက နောက်မှ ကိုယ်တို့သားအဖတွေ ထားလိုက်ရတယ်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"





ခြံထဲရုပ်ပုံထားသည့်ပစ္စည်းတွေနားမှာပင် မိ ရပ်စောင့်နေမိ၏။ တော်ကြာ ရှိရမဲ့ရှုပစ္စည်းတွေပျောက်သွားမှ ဒုက္ခ။ အားလုံးက အိမ်ထဲကို ခေါက်တုံ့ခေါက်ပြန်သယ်နေကြတာကိုး။ တကယ့်ကို သေးသေးမှသေးသေးကျဉ်းကျဉ်းလေး ခြံပါပဲလားနော်။ တစ်ဖက်ခြံထဲသို့ လည်ဆန့်မျှော်ကြည့်လိုက်ရင်း နှုတ်ခမ်းစူသွားမိလေ၏။

မနာလိုစရာကြီးပါလားနော်။ ခြံကလည်း အကျယ်ကြီး။ အိမ်ကလည်း အကြီးကြီး။ ဆင်ဝင်ထုတ်ထားတဲ့ဝရံတာကို ပိုပြီး သဘောကျမိသလို တိုက်ရှေ့မှာ မြက်ခင်းစိမ်းစိမ်းနှင့်ပန်းအိုးတွေကြောင့် ပိုပြီးကျက်သရေရှိလိုက်တာ မပြောပါနှင့်။ မိတို့မှာက မေမေသယ်လို့ ပါလာတဲ့နှင်းဆီအိုးနှင့်သစ်ခွအိုးအနည်းအကျဉ်းမျှသာ ရှိမှာလေ။

မနာလိုတူးနော်၊ အဟုတ်ကိုပဲ ဘယ်ဘဝကုသိုလ်အကျိုးပေးကောင်းလို့များ အဲဒီအိမ်ကလူတွေ အခုလိုကောင်းကောင်းနေရတာပါလိမ့်။ မိတို့ကတော့ ကောင်းမှုကုသိုလ်နည်းခဲ့လို့ ဒီလိုမြေနေရာကျဉ်းလေးနဲ့နေရတာပဲ ဖြစ်မှာပေါ့။ စိတ်ပုပ်တယ်ပဲဆိုဆို အဲဒီခြံကို မိ မနာလိုတာအမှန်ပါပဲ။

"ကျေးဇူးတင်လိုက်တာ မောင်ဖိုးကျော်ရေ့၊ ကူညီနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘောက်ဆူးပေါ် တစ်ခါတည်းယူသွားလိုက်ပါ။ ဒီမှာ"

"မဟုတ်တာ အန်ကယ်ရယ်"

"ယူလိုက်ပါကွယ်၊ ခနီးက နည်းတာမှမဟုတ်တာ"

"ကျွန်တော်တို့ကလည်း ကျေးဇူးတင်ပါတယ်အန်ကယ်၊ သွားပါဦးမယ်ခင်ဗျ"

"ကောင်းပါပြီကွယ်"

အိမ်ထဲကို ပစ္စည်းတွေ အကုန်ရောက်ပြီမို့ အလုပ်သမားတွေနဲ့ ကားနှစ်စီးက လမ်းထဲမှ ထွက်သွားလေ၏။ တိုက်ပုလေးရှေ့မှာ မညီမညာချထားသည့်နှင်းဆီအိုးတွေကို အကြီးအသေး ညီညီညာညာလေး စီလိုက်မိသည်။ သစ်ခွစင်မဆောက်ရသေးတာမို့ အိမ်ရှေ့မှာပင် စီချထားလိုက်ပါ၏။ မြေထဲသို့ရေပိုက်မသွယ်ထားတာမို့ ရေပန်းကရားနဲ့ပဲ ရေလောင်းရတော့မှာလေ။

တိုက်ထဲဝင်တော့ ညှော်ခန်းထဲမှာ ပစ္စည်းပစ္စယတွေက တောင်လိုပုံနေပါ၏။ ဆက်တီစားပွဲထက် ဖေဖေတင်ထားသည့် ဘုရားမှန်ကျောင်းဆောင်ကိုမြင်တော့ ဘုရားစင်ကို အရင်ဆုံးသန့်ရှင်းရန် ဆုံးဖြတ်လိုက်ပါသည်။ ယခင်က နေသွားသည့်အိမ်ရှင်တွေ ပြုလုပ်ထားသည့် အုတ်ကျောင်းဆောင်စင်ကို ကြက်မွေးရှာကာ ဖုန်သုတ်၏။





ပြီးတော့ သန့်ရှင်းရေးလုပ်သည့်ပိတ်စများ ညှပ်ထည့်လာသည့်စက္ကူပုံးကို (မိကိုယ်တိုင်မှတ်ထား၍)ရှာကာ ပိတ်စဖြူကို ရေဆွတ်လျက် သန့်ရှင်းရေးလုပ်ပါသည်။

မိ သန့်ရှင်းရေး လုပ်ပြီးသွားတာမို့ ဖေဖေက အဝတ်ခြောက်ဖြင့် လာသုတ်ပေးပြီး ဘုရားကျောင်းဆောင်ကို တရိုတသေတင်ပေးပါ၏။ ဘုရားပန်းအိုးတွေကို မေမေနှင့်အတူ စက္ကူပတ်ပြီး သေချာသိမ်းတာမို့ စက္ကူပုံးကိုမှတ်ထားသဖြင့် ရှာကာ အိမ်နောက်ဘက် ရေဘုံဘိုင်မှာပင် ဆေးကြောလိုက်ပါသည်။ မနက်ဖြန်မှပဲ ဘုရားပန်းရှာဝယ်ဖြစ်တော့မှာလေ။

"မိရော"

"မသိဘူး"

"အခန်းက သုံးခန်းပဲရှိတာ ဘယ်လိုအိပ်ရမလဲ ဖေဖေ"

"ကျယ်တဲ့အခန်းမှာ သမီးတို့အငယ်နှစ်ယောက်နေပေါ့ သမီးလတ်ရယ်။ သမီးကြီးက တစ်ခန်းယူလိမ့်မယ်"

"အာ. . . သူနဲ့အတူတူအိပ်ရင် အသက် စာကျက်လို့ရမှာမဟုတ်ဘူး။ ဖေဖေ့သမီးက အာမြည်ကြီးနဲ့ စာအော်ကျက်တာလေ"

"ခြော်. . . သူစာကျက်တဲ့အခါ အိမ်ရှေ့ခန်းမှာဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကျက်မှာပေါ့သမီးလတ်ရယ်။ လောလောဆယ်လည်း ကျောင်းတက်ရသေးတာမှမဟုတ်တာကို''

''မကြီးနဲ့အတူနေချင်လား အသက်''

''မနေချင်ပါဘူး။ မကြီးက အလုပ်သွားဖို့စောစောထထနဲ့၊ အသက် အိပ်ရေးပျက်မှာပေါ့''

''ဒါဆိုလည်း လိုက်ကပ်သပ်မနေနဲ့ အလတ်မရယ်။ ဟိုပိစိမ ဘယ်ရောက်နေလဲ''

''မီ ဘုရားစင်ကိစ္စ လုပ်နေတယ် မေမေရေ့''

အသံလှမ်းပြုလိုက်တာမို့ မေမေ ဘာမှထပ်မပြောတော့ပါချေ။ အိမ်က ရှည်မျောမျောလေး ဆောက်ထားတာဖြစ်ပြီး ညေ့ခန်း(ဘုရားခန်း)၊ အိပ်ခန်းနှစ်ခန်းနှင့် ခြေရင်းဘက်အခန်းကျယ်ဘေးမှာက မီးဖိုချောင်နှင့် ရေချိုးခန်းအိမ်သာ တွဲလျက်ပါ။ ရေချိုးခန်းနှင့်အိမ်သာကို သီးသန့်လုပ်ထားတာမို့ တော်ပါသေးရဲ့။ နို့မို့ မီက ရေအိမ်တက်လျှင် ကာတွန်းစာအုပ်တို့ ဂျာနယ်တို့ဖြင့် ဖိမ်ခံတတ်သည့်အကျင့်ရှိသည်လေ။

''ဒါဆို ခြေရင်းခန်းထဲ အသက်ပစ္စည်းတွေ ထည့်တော့မယ်။ ဖေဖေ့သမီးကို သူ့ပစ္စည်း သူ့ဘာသာသယ်ခိုင်း''

''သမီးလတ်ကလည်းလေ၊ မီက ဖေဖေ့ဘက်က ပါလာ





တဲ့သမီး ကျနေတာပဲ၊ အမြဲခွဲခြားခွဲခြားနဲ့။ အဲဒီလိုမပြောပါနဲ့''

''ဖေဖေ့သမီးက အသက်တို့နဲ့မှမတူတာ။ အသက်တို့က မေမေနဲ့ကိုယ်လုံးပြည့်ပြည့်လေး။ ညီအစ်မနှစ်ယောက်က အကျီုပုံစံအတူ ဝတ်လို့ရတာ။ ဖေဖေ့သမီးက ဖေဖေ့အကျီမှန်သမျှသူချည်းယူနေပြီးတော့''

''ညည်းညီမ ပေါက်ကျော်မ မဖြစ်တာဘဲ ကံကောင်းတာပေါ့ အသက်ရယ်။ ကလေးနဲ့ဖက်ပြီး မပြိုင်ချင်စမ်းနဲ့။ အလုပ်သာ ပြီးအောင်လုပ်စမ်းပါ။ ဒီသုံးလေးရက်အတွင်းပြီးမှ အင်ကြင်းအလုပ်ရှာလို့ရမှာ။ အသက် ကျောင်းပြောင်းရတဲ့ကိစ္စက ဘာမှကိစ္စရှုပ်တာမဟုတ်ဘူး''

အင်း. . မေမေပြောရင်တော့ အစ်မနှစ်ယောက်အတွက်ပဲမဟုတ်လား။ အငယ်ဆုံးဖြစ်တဲ့မီ့ကိုတော့ ချောင်ထဲထိုးထားတာလေ။ ပြောလိုက်ရင် အမေ့ကိုလိုက်ရှုပ်တဲ့သမီးလို့ဆိုပြီး ခိုင်းစရာရှိရင်တော့ 'မီရေ. . . သမီး' ဆိုပြီး လေချိုသွေးခေါ်ပြီး ခိုင်းလေ့ရှိတာပါပဲ။

သိတယ်လေ သိတယ်။ မီက အခုမှ ဆယ်တန်းအောင်ခါစ (၁၇)နှစ်ကောင် မပြည့်သေးတဲ့ချာတိတ်မ ပေါက်စလေးဆိုပြီး လူရာမသွင်းချင်တာမဟုတ်လား။ မီ ကိုးတန်းနှစ်ထိ အိမ်လ



www.burmeseclassic.com

www.burmeseclassic.com



သမျှ ညေ့သည်တိုင်းကို သမီးကြီးက ဘယ်မှာအလုပ်ဝင်နေတာ၊ ဘာရာထူး အလတ်မကာ အငယ်တန်းအင်ဂျင်နီယာဖြစ်ဖို့ ကျောင်းတက်နေတာလေဆိုပြီး မိုးနာမည်ကို ယောင်လို့ပင် မဟ။

အခုဆိုပြောပါတော့လား၊ ဖေဖေဆို 'ကျွန်တော့်သမီး အငယ်ဆုံး အတော်ဆုံးလေ။ ဆယ်တန်းကို ဂုဏ်ထူးခြောက်လုံးနဲ့အောင်တာ' ဆိုပြီး သူ့သူငယ်ချင်းတွေရှေ့မှာ မိုးခေါင်းကိုပုတ်ပြလျက် ပြောတာမို့ ရှက်တာရော ပျော်တာရော မပြောပါနဲ့တော့။ အဲဒီလိုမျိုး မိုးဖေဖေက မိုးအတွက် အဖေပီသတာလေ။

ဘုရားစင်ကိုစွပြီးသွားတော့ ညေ့ခန်းထဲမှပစ္စည်းတွေကို ကြည့်ကောင်းအောင် ဘေးနေရာတွေမှာ စီချလိုက်ရင်း ထမင်းပေါင်းအိုးထည့်လာသည့်စက္ကူပုံးကို ရှာရပြန်၏။ ဆန်ပုံးလေးက ဒီတိုင်း ကိုင်းက မဲပြီး ယူလာတာမို့ ရှာရလွယ်ပါသည်။

"မိရေ. . . သမီး"

"ရှင်. . . မေမေ"

"ဘာလုပ်နေလဲ"

"ထမင်းတည်မလို့"

"အေးအေး. . . ပြီးရင် မေမေ့ပန်းပင်လေးတွေကို ရေလောင်းပေးဦးနော်။ ပန်းတွေက ပွင့်ခါနီးနေပြီ"





"ဟုတ်"

တွေ့လား။ နိုင်းလိုက်တာမှ အကွက်ကိုစေ့လို့။ ပြောတော့ သုံးမရဘူးဆို။ အစ်မတွေကို လိုက်နှောင့်ယှက်တတ်လေ့ရှိတဲ့ အရွှပ်ထုပ်လေးဆို။ နေ့တိုင်းတော့ မီးချက်ကျွေးတဲ့ထမင်းကို စားနေကြပြီးတော့များ။

ဆန်ပုံးတစ်ဖက်၊ ပေါင်းအိုးတစ်ဖက်ပိုက်၍ နောက်ဘက်ဝင်လာတော့ အိပ်ခန်းထဲမှာ ဖေဖေ့ဟောက်သံက တခေါင်ခေါင်။ မနက်က လမ်းမှာခရီးတစ်ထောက်နားပြီး ထမင်းဆိုင်မှာ စားခဲ့ကြတာမို့ ကိစ္စမရှိ။ ဒီညနေမှာ မချက်ရင် စားဖို့ဘာမှရှိမှာမဟုတ်ဘူးလေ။

"ဖေ့သမီးလေးလား"

"ဟုတ်"

"ဒီညနေ ဘာဟင်းနဲ့စားရမှာလဲကွ"

"ဘာမှမဝယ်ရသေးတာ ဖေဖေရဲ့ ပဲဟင်းချိုရယ်၊ ကြက်ဥကြော်ရယ်၊ လက်ဖက်သုပ်ရယ်ပဲ ရမယ်"

"ရှိတာနဲ့ပဲ စားရမှာပေါ့ကွာ၊ မြိန်ရာဟင်းကောင်းပေါ့"

အင်း. . . မေမေ မစီစဉ်ပါဘဲ မီးချက်တတ်နေပြီလေ။ ဘာလေးကို ဘယ်လိုလုပ်၊ ဟိုဟာကို ဘယ်လိုခုတ်၊ ဘယ်ရို



www.burmeseclassic.com

www.burmeseclassic.com



နယ်ဆိုပြီး ပါးစပ်က တတွတ်တွတ်ပြောသမျှ မိပဲတတ်တာမဟုတ်လား။ မကြီးတုန်းက ဆယ်တန်းအောင်ပြီး ဝင်ချက်ခဲ့ပေမယ့် အလုပ်ရသွားတာနဲ့ ရေနွေးတစ်အိုးဝင် ဝင်မတည်တော့။ မလေးကတော့ ကျောင်းစာအကြောင်းပြပြီး မီးဖိုခန်းကို ယောင်လို့တောင် မဝင်ပါချေ။

ဒီတော့ ဒီအိမ်မှာ လွတ်နေပါတယ်ဆိုတဲ့မိပဲ ပါလေရာ ငါးပိချက်ဖြစ်ရတာမဟုတ်လား။ မိ ခုနစ်တန်းနှစ်လောက်ကတည်းက ဟိုစစဒီစစလုပ်ပေးခဲ့ရတာပါ။ မှတ်မှတ်ရရ မိ ဆယ်တန်းနှစ်ရောက်မှသာ စာကျက်ဆိုတဲ့အမိန့်မျိုးနဲ့ သက်သက်သာသာရှိခဲ့တာပေါ့။ ဒါတောင် စာကျက်နေတုန်း 'မိရေ မဆလာကုန်နေလို့' ဆိုပြီးခိုင်းရင် ဖင်ပေါ့တဲ့မိက Bio စာအုပ် လက်ကြားညှပ်ရင်း လမ်းထိပ်မှာ ပြေးဝယ်တတ်ခဲ့တာပါ။

ထိုသို့သော နာမည်မရ လူသိမသိသည့် မီမီဖေယျ ဖြစ်ခဲ့ပါ၏။

ထမင်းအိုးဆေး၊ ဆန်ဆေး၊ ပလပ်ထိုးထည့်၊ ပဲကြာဆံကိုရေစိမ်၊ မီးသွေးဖိုကိုမီးမွှေးပြီး ရေနွေးတည်ထား။ မေမေထည့်ထားသည့်အထုပ်တွေထဲမှာ ငါးရံ့ခြောက်အကောင်ကြီးတွေ့တာမို့ တစ်ကောင်ယူလျက် မီးဖုတ်ရန် အဆင်သင့်ထားလိုက်ပါ၏။





ပဲနီလေးကို ရေဆေး၊ ရေနည်းနည်းထည့်ကာ ရေနွေးအိုးဆူတော့ ပဲအိုးတည်၊ ရေနွေးကို ဓာတ်ဘူးထဲဖြည့်ပြီး ပဲဟင်းဆီသတ်ရန် ကြက်သွန်နီကို စဉ်းတီတုံးရေဆေးကာ တင်လျက်၊ ပါးပါးလှီးထားလိုက်ပါ၏။ ပဲအိုးဆူတာကို ပဲနူးမနူးနည်းနည်းခပ်ကာ စားကြည့်လိုက်ပြီး နူးမှ ကြာဆံရေစိမ်ထားတာကို ဖြတ်ကာ ပဲအိုးကို ရေနည်းနည်းထပ်ထည့်လျက် ရောထည့်လိုက်ပါသည်။

ပြီးမှ ဟင်းခပ်မှုန့်နှင့်ဆားသင့်ရုံ ခပ်ကာ ကြာဆံနူးပြီး ပဲအိုးပွက်တော့ အိုးကိုချကာ ကြက်သွန်နီဆီသတ်ပါ၏။ မီးကို နည်းနည်းလျှော့လျက် (မေမေလုပ်တာကိုမြင်ဖူးထားသည့်အတိုင်း) ငါးရံ့ခြောက်ကို ရေခဏစိမ်ကာ မီးခဲငွေ့ငွေ့ပေါ်တင်၍ မီးဖုတ်ပြီး စဉ်းတီတုံးပေါ်တင်ကာ ခပ်စောင်းစောင်းထောင်၍ မေမေလုပ်သည့်အတိုင်း ငရုတ်ကျည်ပွေ့ဖြင့် ခပ်ဖွဖွထုလိုက်ပါ၏။

ပြီးမှ ကြွေပန်းကန်လုံးထဲသို့ မွမွလေးဖဲ့ထည့်ကာ အပေါ်မှ ပဲဆီမွှေးမွှေးဆမ်းလိုက်ပါသည်။ ကြက်ဥသုံးလုံးကို နာနာခေါက်လျက် ဆားနှင့်ဟင်းချိုမှုန့်ထည့်ကာ နနွင်းမှုန့်နည်းနည်းထည့်၊ ကြက်သွန်နီကို ခြမ်း ပါးပါးလှီး ကန့်လန့်ပြန်၍ နည်းနည်းထူထူလှီးကာ ရောလိုက်ပြီး ရောထည့်မွှေ၍ ကြော်လိုက်ပါ၏။ ဆီနဲ့ကြော်ရင် ကြက်သွန်ကို ရေမဆေးရဘူးဟု၍ မေမေပြောဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေတ်သီးအကြက်မှုန့်အနည်းငယ်ကို ကြက်သွန်ဖြူ နှာ ထောင်း၍ရောကာ၊ ဆားနှင့်ဆီနည်းနည်းဆမ်းလျက် ဆားထောင်း ပြုလုပ်လိုက်ပါ၏။ နောက်ဖေးခန်းမှာ စားပွဲမလုပ်ရသေးတာမို့ အိမ်ရှေ့ဧည့်ခန်းစားပွဲထက်မှာပင် ဟင်းပွဲတွေပြင်ကာ ထမင်းနှင့် ဟင်းချိုမထည့်သေးဘဲ အုပ်ဆောင်းဖြင့် ဖုံးထားလိုက်ပါသည်။

လက်ဖက်ကို ထမင်းစားခါနီးမှ သုတ်မှာမို့ ကရားအိုးထဲ လက်ဖက်ခြောက်နှပ်ကာ အိမ်ရှေ့မှပန်းအိုးတွေကို (ရေပန်းကရား မဝယ်ရသေးတာမို့) ရေပုံးဖြင့်ရေသယ်ကာ၊ ရေခွက်ဖြင့် လိုက် ရေလောင်းပါသည်။

ခဏနေ ရေချိုးခန်းလုကြတော့မှာမို့ ရေချိုးခန်းထဲကို မီက အရင်ဝင်၍ ရေချိုးပြီး၊ ကျောက်ပျဉ်မှာ သနပ်ခါးသွေး၍ မျက်နှာကို ဖြစ်သလို တဖတ်ဖတ်လူးခြင်းဖြင့် မီအလှပြင်ခြင်းက ပြီးချေပြီ။

အစ်မနှစ်ယောက်ကသာ အလှပြင်ပြီး Colour စုံတွေ နှုတ်ခမ်းနီတွေ သုံးလို့ရှိကြပေမယ့် မီနဲ့မေမေကတော့ မြန်မာ့ရိုး ရာသနပ်ခါးတစ်မျိုးသာ သုံးပါ၏။ မီပိုင်တာဆို၍ နှုတ်ခမ်းဆိုးဆေး တစ်တောင့်ပင်မရှိ။ ရေမွှေးဆိုတာ ဝေးစွ။ ဒါဖြင့် ဒီပန်းအိုးထဲက ပန်းတွေပွင့်ရင်ကော၊ အစ်မနှစ်ယောက်သာ ဖိုးခနဲဖတ်ခနဲ ခူးပန်





လေ့ရှိပြီး မီကတော့ နှမျောလိုက်တာလေ။

ရေမိုးချိုးပြီး ထမင်းစားကြတော့ ထုံးစံအတိုင်း မီက အနည်းဆုံးစားပြီး အရင်ဆုံးပြီးတာက ထုံးစံအတိုင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

မနက်မိုးလင်းတော့ ကိုယ်လက်သန့်စင်ပြီး မေမေနှင့်အတူ ဈေးခြင်းတောင်းဖြင့် ထွက်ခဲ့ပါ၏။ အခုမှ တောသူမ သားအမိ မြို့ကိုရောက်သလိုများ ဖြစ်နေမလား။

"မေမေ"

"ဘာလဲ"

"ဈေးဘယ်နားမှာမှန်း သိလို့လား"

"စိုးရိမ်ရန်ကော သမီးရယ်၊ ပါးစပ်ပါ ရွာရောက်ပါတယ်အေ့"

"ဒါက ရွာမှမဟုတ်တာ မေမေရဲ့ မြို့လေ"

"လျှာရှည်ရန်ကော"



www.burmeseclassic.com

www.burmeseclassic.com



မိတို့ မြို့ထဲမှထွက်စဉ် တစ်ဖက်မြို့ထဲမှ ကောင်လေးက လည်း ဈေးခြင်းတောင်းဖြင့် ထွက်လာလေ၏။ သူလည်း ဈေး သွားမှာထင်ပါရဲ့။ မေမေ့ကို မိကြည့်တော့ မေမေက ပြုံးလိုက် ပြီး ထိုကောင်လေးကို မေးဆတ်ပြလိုက်လေသည်။ 'တွေ့တယ် မဟုတ်လား' ဆိုသည့်သဘောမျိုးပါပဲ။

"သားရေ. . . ကောင်လေး"

"ခင်ဗျာ! ဩော်. . . အန်တီ၊ ကျွန်တော့်ကိုခေါ်တာ လား"

"ဟုတ်တယ်၊ ဈေးသွားမလို့လား"

"ဟုတ်ပါတယ်အန်တီ၊ ဟိုဘက်မြို့ကို ပြောင်းလာတဲ့ လူတွေလား"

"အေးကွယ်၊ အန်တို့နာမည် မှတ်ထားနော်၊ ခေါ်ကလျာ နိုင်တဲ့။ အရင်က အထက်တန်းပြဆရာမလုပ်ခဲ့တာ။ အခုတော့ ဆေးပင်စင်ယူလိုက်ပြီ"

"ဒါဖြင့် ဆရာမလို့ပဲ ခေါ်ရမှာပေါ့"

"ရပါတယ် သားရယ်"

"ကျွန်တော့်နာမည်က မောင်မြင့်ပါ ဆရာမ။ အိမ်မှာ အစ်ကိုကြီးတို့ညီအစ်ကိုနဲ့အတူတူနေပါတယ်"





"လူကြီးတွေရော"

"အစ်ကိုကြီးတို့ရဲ့မိဘတွေက ဆုံးသွားပါပြီ"

"အို! ဖြစ်ရလေ"

မေမေက ရင်ဘတ်ဖိလျက် ကရုဏာစိတ်သက်မိသလို ပီလည်း အံတော်စိတ်မကောင်းဖြစ်သွားရပါ၏။ ဒီကောင်လေးပုံ ကတော့ အလုပ်သမားပုံမို့ အိမ်ကြီးရှင်ညီအစ်ကိုနှစ်ယောက်ရှိမှန်း ပီ သိလိုက်ပါသည်။

"ဈေးက ဝေးလား သား၊ ကားစီးရမှာလား"

"မဝေးပါဘူးအန်တီ၊ နှစ်လမ်းကျော်မှာရှိပါတယ်။ အပြန် ကျမှ ပစ္စည်းတွေများလို့ Taxi နဲ့ပြန်မှာပါ။ သူဌေးတွေကတော့ Mart တွေ Plaza တွေမှာပဲ ဝယ်ကြတာပေါ့"

"အေးအေး. . . ဈေးသိပ်မဝေးလို့ တော်ပါသေးရဲ့"

သူဌေးတွေတဲ့။ အဆင့်အတန်းခွဲပြလိုက်လေသလား။ မိတို့က ငွေသိပ်မရှိတဲ့ပုံ ပေါက်နေတာပေါ့နော်။ အဲဒီမြို့ကြီးရှင် တွေက ချမ်းသာပေမယ့် ချွေချွေတာတာသုံးစွဲကြတယ်ထင်ပါရဲ့။ စကားတပြောပြောဖြင့် ဈေးရှိရာသို့လျှောက်ရင်း မေမေက မိသား စုအကြောင်း လုံးစေ့ပတ်စေ့မိတ်ဆက်ပြောတာ အကုန်ပါပဲ။ အဲဒီ ကောင်လေးကတော့ သတင်းစုံရသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဝယ်ရင် ကောင်းမလဲ"

"အိမ်မှာ ဘာမှမရှိသေးတာမို့ ကုန်ခြောက်ပါအစုံဝယ်ရမှာ သားရဲ့။ သားကရော"

"ကျွန်တော်က နှစ်ရက်သုံးရက်စာလောက်ပဲ ဝယ်တာပါ အန်တီ. . . အဲ! ဆရာမ"

မီ ခစ်ခနဲရယ်လိုက်စဉ် မေမေ့မျက်စောင်းက ဒိုင်းခနဲ ရောက်လာလေ၏။ ရယ်စရာတွေ့လို့ ရယ်မိတာတောင် ကန့်သတ်ချက်နဲ့ပါလားနော်။

"အဆင်ပြေသလိုခေါ်ပါကွယ်၊ ရပါတယ်။ ဒါနဲ့ ချက်တော့ ဘယ်သူချက်သတုန်း"

"ဟီးဟီး. . . ကျွန်တော်ပဲ ချက်တာခင်ဗျ"

"တယ်ဟုတ်ပါလား။ ချက်တတ်တယ်ပေါ့လေ"

"ဒီလိုပဲ တတ်သလောက်မှတ်သလောက် ချက်တာပါပဲ အန်တီဆရာမရယ်။ ချက်တိုင်း အဆင်မပြေရင် အစ်ကိုကြီးက သည်းခံပေးမယ့် အစ်ကိုလေးက ပွက်လောညံအောင် ဆူရောခင်ဗျ"

နောက်ဆုံးတော့ 'အန်တီဆရာမ' ဟု ရှောရှောရှူရှူခေါ်ဖြစ်လေ၏။ ဈေးထဲလှည့်ပတ်ရင်း သူချက်သမျှ အချိုးမပြေသည့်





ဟင်းလျာတွေအကြောင်း ပြောတာမို့ မီက အသံထွက်ပြီး ရယ်လိုက်ရတာ မပြောပါနှင့်။ မေမေက မီ့လက်မောင်းကို တဖတ်ဖတ် ရိုက်ရင်း သတိပေးနေရသည်။

အဲဒီကိုမောင်မြင့်က တကယ်ရယ်ရတာပဲနော်။ သူ့ထက် စာရင် မီက (မေမေ့လို Prefessional မဟုတ်ပေမယ့်) တော်တဲ့ အဆင့်မှာတော့ ရှိနေတာမဟုတ်လား။ မီက မေမေလုပ်သမျှကို ကြည့်ရင်း ဟိုစပ်စပ်ဒီစပ်စပ် ဘာနဲ့ဘာအတွဲဟင်းဆိုတာလောက် ကဖြင့် easy ပါပဲ။

"တစ်နေ့တစ်နေ့ ဘာချက်ရမလဲဆိုတာကိုက အတော် ဦးနှောက်ခြောက်တာ အန်တီဆရာမရဲ့"

"ဟုတ်တာပေါ့၊ အိမ်ရှင်မတွေကမှ ဒါကိုကျွမ်းကျွမ်းကျင်ကျင်ရှိတာ။ ကဲ. . . အသားတန်းက အရင်စကြရအောင်။ သားတို့အိမ်က ဦးအစ်ကိုတော့ အသားရှောင်တာရှိသလား"

"မရှိဘူးခင်ဗျ။ အကုန်စားပါတယ်"

"ဟုတ်လား။ အန်တီတို့အိမ်က ခြေလေးချောင်းသားရှောင်တယ်ကွယ့်။ သုံးရက်စာဆိုတော့ အန်တီ ဟင်းတွဲလေး ပြောပေးမှာပေါ့။ ငါးရော စားရဲ့လား။ ငါးကြင်းတို့ငါးသလောက်တို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"စားပါတယ်ခင်ဗျ၊ အစ်ကိုကြီးက ငါးရဲ့အူတို့ စကွိတ်တို့ဆို သိပ်ကြိုက်တာ။ ကျွန်တော်ချက်ရင် ညှီနံ့မပျောက်လို့ဆိုပြီး မချက်နိုင်းလို့"

"ဘာလဲဟဲ့ စကွိဆိုတာ"

မေမေက ကိုမောင်မြင့်ပြောတာကို မျက်မှောင်ကြုတ်လျက် စဉ်းစားဟန်ပြုလေ၏။ မီက သူ့ဘာပြောမှန်းသိတာမို့ ကျိတ်ပြုံးလိုက်မိပါသည်။

"မီသိတယ်မေမေ၊ Squid လို့ခေါ်တဲ့ ပြည်ကြီးငါးကို ပြောတာ"

"ဪ"

"ဟုတ်တယ်. . . ဟုတ်တယ်၊ အစ်ကိုကြီးက ဆရာဝန်ဆိုတော့ ကျွန်တော်ဝယ်လာတဲ့ပစ္စည်းတွေကို အင်္ဂလိပ်လို သင်ပေးတာလေ။ ကျွန်တော်က မှတ်ဉာဏ်မကောင်းပေမယ့် အဲဒီစကွိကိုတော့ ကောင်းကောင်းသိတယ် အန်တီဆရာမရဲ့"

ကိုမောင်မြင့် Speaking မပီတာကို သိသွားပြီး မေမေပင် ရယ်လေပြီ။ မီပြောတယ်မဟုတ်လား၊ ကိုမောင်မြင့်က ရယ်ရပါတယ်ဆိုမှ။

"ငါးက စဝယ်ရအောင်၊ အန်တီတို့က လူများတော့





အကောင်လိုက်မှလောက်တယ်။ သားတို့က သုံးယောက်တည်းဆိုတော့ တစ်ပိုင်းလောက်ပဲယူပေါ့"

"ကျွန်တော်က တုံးပြီးသားပဲ ဝယ်တာ"

"အဲဒီလို မဝယ်ရဘူး။ ဈေးသည်က အချိန်မရတော့ ခပ်မြန်မြန်လုပ်ပေးတဲ့အခါ အကြေးခွံတွေဘာတွေ မစင်ဘူးသားရဲ့၊ အပိုင်းလိုက်ပဲယူ။ လာ. . . အန်တီဝယ်ပေးမယ်"

မေမေက လတ်ဆတ်သည့်ငါးသည်ဆိုင်ရှေ့မှာ ခြေလှမ်းရပ်ကာ ငါးရွေးလေသည်။ မီကတော့ ဈေးခြင်းတောင်းကိုင် ရပ်စောင့်ရုံသာ။ နောက်ဆို ဘာပဲလိုလို (လမ်းညွှန်ချက်စာအုပ်လို) မီ့ကိုပြေးနိုင်းတော့မှာကို သိနေပြီလေ။

"ငါးက ပျော့နေရင် မလတ်ဘူး။ ရေခဲရိုက်ထားလို့ မာရင်လည်း မကောင်းဘူး။ ဒီလိုလှန်ကြည့်, တွေ့လား၊ ပါးဟပ်မည်းနေရင် မလတ်ဘူး။ ဒီလိုရဲနေမှ လတ်တာ။ ဘယ်ဈေးလဲကွယ်၊ ဒီအကောင်ချိန်ပေးပါ။ ပြီးရင် ဒါကို တစ်ပိုင်းပိုင်းပေးပြီးချိန်ပေး"

"အကောင်လိုက် ယူပါလား ဆရာမရဲ့"

"ကျွန်မက အကောင်လိုက်ယူမှာလေ၊ ဒီကလေးရဲ့အိမ်မှာ သုံးယောက်တည်းရှိတာ။ အကောင်လိုက် ယူရင် ပုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့။ ဒီဘက်အမြီးပိုင်း ချိန်"

ဆရာမတဲ့။ မေမေ့ပုံစံက ဆံပင်အုပ်လုံးသိမ်းထားပြီး သပ်သပ်ရပ်ရပ်ပဲမို့ ဆရာမမှန်း အလိုလိုသိစေသလိုပါပဲလား။

"တုံးပေးရမလား ဆရာမ"

"နေနေ. . . မတုံးနဲ့၊ အိမ်ရောက်မှပဲ ကိုယ့်ဘာသာ တုံးမယ်"

"ရပါပြီ ဆရာမ"

"ကျွန်တော် မတုံးတတ်ဘူး အန်တီဆရာမ"

"ဩော်. . . အိမ်ချင်းကပ်နေတာသားရယ်။ အန်တီသင်ပေးမှာပေါ့။ လာ, ပုစွန်ဝယ်ရအောင်၊ ပုစွန်ဆို စိမ်းနေမှ လတ်တာ၊ ဖြူရင် မလတ်ဘူး"

"ဟိုလေ. . . ပုစွန်မလုပ်တတ်လို့ အိမ်မှာမစားဖြစ်ဘူး အန်တီဆရာမရဲ့"

"လုပ်နည်းသင်ပေးမှာပေါ့ ကိုမောင်မြင့်ရဲ့"

"အင်း. . . အခုမှပဲ ကျွန်တော် ဟင်းချက်သင်တန်း တက်ရပြီ"

မေမေပဲ ဦးဆောင်ကာ အသားငါး ကုန်ခြောက်ဝယ်၍ Taxi အတူငှားကာ ပြန်ခဲ့ကြပါသည်။ ကိုမောင်မြင့်ကို ပစ္စည်းတွေ





အိမ်ပြန်သိမ်းခိုင်းလိုက်ပြီး ငါးနှင့်ပုစွန်ယူကာ ခြံကူးလာစေသည်။ တကယ်တမ်းသင်ပေးရတာက မီပါလေ။ မေမေက အိမ်စားဖို့ မြင်းဆင်ချက်ပြုတ်နေရတာကိုး။

"အကြေးခွံကို မားစောင်းပြီး ဒီလိုလေး အသာတွန်းရတယ်၊ တွေ့လား"

"အင်း"

"ဒီဘက်ခြမ်းလုပ်ကြည့်၊ ဟုတ်ပြီ. . . အရမ်းမတွန်းနဲ့လေ၊ အသားတွေ ပွန်းကုန်မယ်၊ ရပြီ။ ပြီးရင် ရေဆေး၊ တုံးတာကိုကြည့်"

"အငယ်လေးက တော်လိုက်တာ"

"အဲဒါ မေမေသင်ပေးထားလို့ပါ ကိုမောင်မြင့်ရဲ့၊ ဘယ်လိုချက်မှာလဲ"

"ဆီပြန်"

"မအီဘူးလား"

"အဲဒီလိုပဲ ချက်တတ်တာကိုး"

"ချဉ်ပေါင်ရွက်လေးနဲ့ ရောချက်ပါလား။ နံနံပင်လေး အုပ်လိုက်ရင် ရှယ်ပဲ။ ပုစွန်ကိုပဲ ဆီပြန်ချက်၊ ကြက်သွန်ဖြူများများနဲ့ထောင်းပြီး ဆီသပ်ချက်မှမွှေးတာ။ ပုစွန်က ဒီလိုခေါင်းဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ဒီအမြီးကို အသာလေးညှပ်ပြီး ဆွဲထုတ်လိုက်။ ရပြီ၊ လုပ်ကြည့်၊ အဲဒီလိုဆွဲမဖြုတ်နဲ့လေ၊ အသားပါ ပါသွားမှာပေါ့။ အသာလေး လုပ်၊ ဟုတ်ပြီ"

"သမီး. . . မီ"

"ရှန်!. . . မေမေ"

"ဒီနေ့ ဟင်းတွဲရယ်၊ နောက်နေ့ဘာချက်ရမလဲဆိုတာ ကို Note Pad လေးနဲ့ မောင်မြင့်ကိုရေးပေးလိုက်ကွယ်"

"ဟုတ်ကဲ့ပါမေမေ၊ ငါးကိုအကုန်လုံးမချက်လိုက်နဲ့နော်၊ တစ်ဝက်ကို ကြော်နှပ်လေး လုပ်လိုက်"

"ကြော်နှပ်က ဘယ်လိုလုပ်ရမှာလဲ"

"ဩော်. . . ငါးကြော်တတ်တယ်မဟုတ်လား"

"ကြော်တော့ ကြော်တတ်တာပေါ့၊ ဒါပေမဲ့ ဆီပေါက်လို့ ကြောက်တယ်"

"ဟွန်း! ယောက်ျားလေးဖြစ်ပြီး ဆီပူကြောက်ရတယ်လို့၊ ငါးကိုကျွတ်နေအောင် မကြော်ဘဲ ခပ်ပျော့ပျော့လေး အနေတော် လောက်ချ၊ ပြီးရင် ရေတိသီးခွဲခြမ်းကို ကြက်သွန်ဖြူနဲ့ ဆီသပ် ပြီး ပြန်ကြော်ရင်ကြော်၊ အဲဒါက အထားလည်းခံတယ်။ ဒီလိုမှ မဟုတ်ရင် ကြက်သွန်နီအကွင်းလေးတွေလှီးပြီး ပဲငံပြာရည်လေး





နဲ့ အချိုကြော်လည်း ရတယ်"

"ခွဲခြမ်းဆိုတာ ဘာလဲ"

"မည်က်တည်က် ကျိတ်ထားတဲ့ ရေတိသီးမှုန့်လေ၊ မီ တို့ဆို အတောင့်ပဲကြိုက်တာ"

"အဲဒါမှမရှိတာ"

"မရှိရင် အန်တီ့ဆီကယူသွား သားရေ့၊ ထည့်ပေးလိုက် ပါ မီ"

"ဟုတ်ကဲ့မေမေ"

"ညနေကျရင် မနက်ဖြန် ဘယ်လိုချက်ရမလဲဆိုတာ အန်တီနည်းလမ်းပေးမယ်။ လာခဲ့ဦးနော်"

"ဟုတ်ကဲ့ပါ အန်တီဆရာမ၊ ကျေးဇူးတင်လိုက်တာဗျာ၊ ပြောင်းပြန်ဖြစ်နေတာများသိရင် အစ်ကိုကြီးဆူတော့မှာပဲ"

"ဘာကိုလဲ သားရဲ့"

"အစ်ကိုကြီးက ဒီဘက်ခြံက လူသစ်တွေကို အကူအညီ လိုရင် ပေးလိုက်လို့မှာထားတာ အန်တီဆရာမရဲ့"

"ဩော်. . . ရပါတယ် သားရယ်၊ လိုရင် အန်တီတို့က လည်း ပြောမှာပါ"

"အရွက်ကို တစ်ခါတည်းမကြော်ထားနဲ့၊ ညနေကျရင်



www.burmeseclassic.com

www.burmeseclassic.com



စားမကောင်းတော့ဘူး။ မနက်တစ်ခွက် ညနေတစ်ခွက်ကြော်"

"အဲဒီကန်စွန်းရွက်ကြော်ရင် မကျက်လို့ အဆူခံရပေါင်း များပြီ"

"မိပဲ ကြော်ပေးမယ်လေ၊ သင်ပေးထားမယ်။ ထမင်းစားခါနီးကျ မီးကို အသံလှမ်းပြုလိုက်ပေါ့။ ပူပူနွေးနွေးလေးမှ စားလို့ကောင်းတာ။ ခြံစည်းရိုးအပေါ်က လှမ်းယူလိုက်လေ၊ နော်"

"အင်း"

ကဲ! သူတစ်ပါးအရေးကိစ္စပြီးရင် မိအရေးလည်း လုပ်ရတော့မှာလေ။ မေမေ့ကိုကူသင့်တာကူပေးပြီး အိမ်သန့်ရှင်းရေးလုပ်ရ၏။ ခြံထဲမှာပွနေသည့်သရက်ရွက်ခြောက်၊ ဗိတောက်ရွက်ခြောက်တွေကို လှဲကျင်းကာ ခြံထောင့်နားမှာ စုပုံထားရပါသည်။ မနက်စောစော မီးထရှို့ရမှာပဲ။

အိမ်ပတ်လည် ရှင်းလင်းနေတာကို တစ်ဖက်အိမ် မီးဖိုချောင်မှလှမ်း၍ ဘာကိုဘယ်လိုလုပ်ရမလဲ တစ်ခုချင်းမေးနေသည့်ကိုမောင်မြင့်ကို ပြောရတာလည်း အလုပ်တစ်လုပ်။ ဖြစ်နိုင်ရင် သူတို့အိမ်မှာပင် သွားသင်ပေးလိုက်ချင်ပေမယ့် ယောကျ်ားလေးသုံးယောက်သာရှိသည့်အိမ်မို့ မိ မသွားဝံ့သလို မေမေကလည်း လွှတ်မည်မထင်ပါချေ။





ဖေဖေက မေမေဆိုင်ဖွင့်ဖို့ ဆိုင်ခန်းနေရာ ထွက်ရှာနေပါ၏။ မကြီးက အလုပ်ရှာမှာမို့ တစ်နေကုန်အပြင်ထွက်နေသလို မလေးက ကျောင်းအပ်ပြီမို့ အိမ်မှာမရှိကြ။ မေမေနဲ့မိသာ အိမ်မှာ နှစ်ယောက်တည်း ရှိတာလေ။

မိအလုပ်ပြီးပြီမို့ ရေချိုး သနပ်ခါးလူး အဝတ်လဲကာ နာရီကိုကြည့်တော့ နေ့လယ်(၁၁)နာရီကျော်နေချေပြီ။ ဒီအချိန် ဟိုဘက်အိမ် ထမင်းစားခါနီးပြီမို့ ကန်စွန်းရွက်ကို ဓားပါးလေးနှင့် သင်ကာ ရေစင်စင်ဆေး။ ဖောနဲ့စစ်၊ ဆားနဲ့ခပ်ဖွဖွနယ်၊ ကြက်သွန်ဖြူထု၍ လျှပ်စစ်ဒယ်အိုးဖြင့် ပလပ်တပ်ကာ ဆီသပ်ကြော်လိုက်ပါသည်။

ဆားသုံးထားတာမို့ ငံပြာရည်မသုံးတော့တဲ့ ဆီအိအိလေးနှင့်ကြော်တာ မွှေးလိုက်တာ မပြောပါနဲ့တော့။ ခဏအကြာမှာ နောက်ဖေးပြတင်းပေါက်က လှမ်းခေါ်သည့်ကိုမောင်မြင့်အသံ တိုးတိုးလေးကြောင့် ကန်စွန်းရွက်ပန်းကန်ကိုကိုင်ကာ အိမ်မှထွက်လိုက်ပါ၏။ ခြံစည်းရိုးသံဇကာပေါ်မှ လှမ်းယူသည့်ကိုမောင်မြင့်၏လက်ထဲသို့ ပန်းကန်ကိုတင်ပေးလိုက်ပါသည်။ ညနေဘက်မှာလည်း ဒီလိုပဲကြော်ပေးမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

စက်ဘီးကို လမ်းထဲကွေ့ဝင်လိုက်စဉ် အမှိုက်ထုပ်တွေနှင့် ထွက်လာသည့်လူတစ်ယောက်ကို ဘွားခနဲမြင်လိုက်ရသဖြင့် လမ်းဘေးကို ထိုးရပ်လိုက်ပေမယ့် အရှိန်ကြောင့် ဗိုင်းခနဲလဲလေပြီ။ ဒီလိုမှောင်ရီပျိုးပြအချိန်မှာမှ အမှိုက်ကန်ကို လာရတယ်လို့။

"အား. . . ကျွတ်! ကျွတ်!"

"သေပြီလား"

လွှတ်ခနဲထွက်လာသည့်အသံက မိန်းကလေးသံမို့ သူ့ဒေါသက အနည်းငယ်လျော့သွားပါ၏။ ကိုကိုပြောထားတာမို့ မိန်းကလေးဆိုတာ ယောက်ျားလေးတွေရဲ့အောက်ဘက်မှာ နိမ့်တာမို့ အလျှော့ပေးရမှာတဲ့ကို။ သို့သော် ခြေထောက်နာသွားတာကို



www.burmeseclassic.com

www.burmeseclassic.com



တော့ သူဒေါသထွက်မိတာ အမှန်ပါပင်။

"မောင်ကြီးမည်းကြီးထဲ အမှိုက်ထွက်ပစ်ရလားကွ။ ဒီမှာ ငါနာသွားပြီ"

"အံမာ! ကိုယ့်ဘာသာကိုယ် bell မတီး မီးမထွန်းဘဲနဲ့လည်း အတင်းစွတ်ကွေ့သေးတယ်၊ သူကပဲ ပြောရတယ်ရှိသေး။ မိသာ ကားဆိုရင် ရှင်တော့ မသာပေါ်ပြီပဲ"

"ဘာကွ!"

လမှုန်မှုန်အောက်မှာ ဖွေးခနဲပေါ်လာသည့်မျက်နှာဝင်းဝင်းလေးကြောင့် ဆယ်ကျော်သက်မိန်းကလေးမှန်း သူသိလိုက်ပါသည်။ ဒီမလောက်လေးမလောက်စားအရွယ်လေးက သူ့ကို ဆရာလုပ်ရတယ်လို့။

"မင်းနော်၊ နှစ်ယောက်စလုံး မှားတာကို တစ်လှည့်စီတောင်းပန်ရမှာပေါ့။ ဘာလို့ ငါ့ကိုပဲ အပြစ်တင်နေရတာလဲ"

"အို! မို့အပြစ်မှမဟုတ်တာ၊ ဘာလို့တောင်းပန်ရမှာလဲ။ မတောင်းပန်နိုင်ပေါင်၊ သူကလည်း ဝင်တိုးသေး၊ ကြီးကလည်း ကျယ်သေး။ မပြောလိုက်ချင်ဘူး"

"မင်းနော် . . . မင်း၊ လူကဖြင့် ပိစိလေးရှိသေးတယ်၊ စွာလိုက်တာ"





"အံမာ! ဘယ်မှာစွာလို့လဲ၊ ဒီလောက်အလေးအပင်နဲ့လာတဲ့သူကို မတောင်းပန်တဲ့အပြင် အပြစ်တင်နေသေးတာ။ မိန်းမလို မိန်းမရနဲ့၊ မုန်းစရာကြီး"

"ဘာကွ"

"ရှင်နဲ့စကားများဖို့ အချိန်မရှိဘူး။ အမှိုက်ကားလာမသိမ်းခင် ဒါတွေအမြန်သွားပစ်ရမှာရှင့်။ သွားပြီ"

"တောက်!"

"တဲ့!"

"ဟာ! မင်း. . ."

သူ တက်ခေါက်လိုက်တာကို စသွားတာမို့ အတော်ကို ဒေါသဖြစ်ရလေ၏။ ဒီပိစိပေါက်စနကောင်မလေးနဲ့ ပြဿနာဖြစ်ရတယ်လို့။ တစ်ခါမှလည်း မမြင်ဖူးတာမို့ တစ်ဖက်ခြံကိုပြောင်းလာတဲ့လူသစ်တွေ ဖြစ်မယ်ထင်ပါရဲ့။ အထုပ်တွေ မနိုင့်တနိုင်သယ်ကာ ထွက်သွားသည့်ကောင်မလေးကို ရှုသွားရတာမို့ မခံချိမခံသာဖြစ်သွားသော်ငြား ရန်ဆက်မထောင်နိုင်တော့ဘဲ မတ်တပ်ရပ်နိုင်အောင် ကြိုးစားလိုက်ရပါ၏။

ဒူးနေရာမှ စပ်ဖျဉ်းဖျဉ်းနာနေတာမို့ ဒူးပွန်းသွားပြီမှန်း သူသိလိုက်ပါသည်။ ခဏနေ ကိုကိုပြန်လာလို့ ဒါကိုမြင်ရင် သူ



www.burmeseclassic.com

www.burmeseclassic.com



အဆွေခံရမှာ သေချာပြီမို့ စိတ်ပျက်သွားရပါ၏။ ကိုကိုက သူ့မှာ ဒဏ်ရာဒဏ်ချက်တွေရှိရင် ရန်ဖြစ်ပြီလားဆိုပြီး စိုးရိမ်ကြီးတတ် သူလေ။

"လူကိုတိုက်မလို့လည်း လုပ်သေးတယ်၊ အော်လား ငေါက်လားနဲ့။ လူ့ခွစာကြီး. . . ဟွန်း"

ပါးစပ်မှချစ်တောက်ချစ်တောက်ဖြင့် ရေရွတ်ရင်း လမ်း ထိပ်အမှိုက်ကန်ဆီကိုလျှောက်ခဲ့ပါ၏။ ပစ္စည်းတွေ နေရာချတာ အမှိုက်ရှင်းလင်းတာတွေက နောက်ဆုံးတော့ မီနဲ့မေမေပင်လုပ် ရတာမဟုတ်လား။ အားလုံးက အလုပ်ရှုပ်၊ ဆိုင်ခန်းရှုပ်၊ ကျောင်း အစ်ကိုယ်စီမို့ အိမ်မှာ 109/110 ဖြစ်နေတဲ့ (အိမ်အလုပ်တွေ အပြည့်လုပ်ရတဲ့)မီနဲ့မေမေမှာပါ တာဝန်လုံးလုံးကျတော့တာကို

ဒီလိုလမ်းထိပ်ကြီး အမှိုက်သွားပစ်ရတာလည်း မီပါပဲ အောက်ခြေသိမ်းအလုပ်ကိုများ ဘယ်အစ်မက လုပ်ချင်လို့လဲ မထင်ပေါင်။ ထမင်းပွဲမှာသာ အခန့်သင့် လက်ဆေးစားချင်ကြ ပြီး စားပွဲပြင်တဲ့အလုပ်ကို မေမေကသာ လူကြီးဖြစ်ပြီး လုပ်ပေ ရတာလေ။ အိမ်ရှင်မတာဝန်ဆိုပေမယ့် မီက ကြည့်မနေတတ် တာမို့ ထကူရတာပါပဲ။

မေမေကအစ 'မေမေ့မျက်မှန်ရော မီ'၊ 'ဒီနေ့ သတ





စာလေး ရှာပေးပါဦး မေ့သမီး'ဆိုပြီး မီ့ကိုသာအားကိုးပြီး ခိုင်း တာမဟုတ်လား။ 'မေ့သမီးလေးက ခြေဖွားမို့ လက်အရမ်းထိတာ ဇက်ကြောလေး ဆွဲပေးပါဦးကွာ'ဆိုပြီး မီခြေထောက်နဲ့အရင် (မေ မေ့ဗိုက်ထဲက) ထွက်လာတာကို ညာညာပြီး ခိုင်းတတ်တာလေ။

ဒါကို မီကလည်း သိသိကြီးနဲ့ကို မညည်းမညူလုပ်ပေး မိတာပါပဲ။ ငယ်စဉ်ကတည်းက မီ့လက်ကိုကိုင်ပြီး 'မေ့သမီးက ဆေးစွမ်းတဲ့လက်ကလေးမို့ ဆရာဝန်မကြီးလုပ်'လို့ မကြာခဏ ပြောဖူးခဲ့သလို မီကလည်း စာအလွန်ကြိုးစားခဲ့ပြီး (ညီအစ်မသုံး ယောက်ထဲမှာ အတော်ဆုံးဖြစ်ကာ) ဆေးမှတ်ဝင်ခဲ့တာပါ။ မေမေ့ နှုတ်ထွက်စကားအတိုင်း မီ့အတွက် ခွန်အားဖြစ်စေခဲ့သလို နိမိတ် ကောင်းလည်း ဖြစ်ခဲ့တာပါလေ။

"သမီးငယ်လေးလား"

"ရှင်. . . မေမေ"

"အေး. . . ဘယ်လိုဖြစ်ပြီး ညကြီးမိုးချုပ်အပြင်ထွက် လာရတာလဲ သမီးရယ်"

"အမှိုက်လာပစ်တာပါ မေမေရဲ့၊ အိမ်ရှင်းတော့ စက္ကူ ပုံးတွေရော ဖော့တွေ အဝတ်စုတ်တွေပါ ထွက်လာလို့ လာပစ် တာ"



www.burmeseclassic.com

www.burmeseclassic.com



"မှောင်နေမှသမီးရယ်၊ ညနေမမှောင်ခင် ပစ်တာမဟုတ်ဘူး"

"ဘာမှမဖြစ်ပါဘူး ဖေဖေရဲ့"

"အဲဒီလိုပေါ့ပေါ့မပြောရဘူးလေ၊ ဖေဖေတို့က အခုမှ နေရာသစ်ကိုရောက်တာ၊ သိပ်အထာကျသေးတာမဟုတ်ဘူး။ မျက်နှာစိမ်းတွေအကြောင်း မသိသေးဘဲနဲ့ အရဲမကိုးစမ်းနဲ့။ သမီးက ကလေးမဟုတ်တော့ဘူးလေ၊ အရွယ်ရောက်နေပြီ၊ သတိထားမှပေါ့"

မီ ပြုံးစိစိလေး ဖြစ်သွားရပါ၏။ ဖေဖေက မိုက်ကိုစိုးရိမ်သတဲ့။ အိမ်ကအကြီးတွေက ဘာမှစိတ်မပူကြပေမယ့် ဖေဖေက မိုက်ကို စိတ်ပူတယ်တဲ့လေ။ ကျေနပ်စရာကြီးနော်။ အမိုက်တုပ်တွေက ဆန့်အိတ်ခွံထဲ ထည့်သယ်ခဲ့တာမို့ လက်မပေပါ။ မိက ဖေဖေ့ လက်မောင်းကိုတွယ်ကိုင်လိုက်ကာ ယယ်စဥ့်ကလို ခြေဖျားထောက် ခုန်ဆွခုန်ဆွလုပ်မိလေ၏။

"ခြော်. . . ခုပဲ ကလေးမဟုတ်တော့ဘူးလို့ သတိပေး နေတာကို"

"ပျော်လို့ပါ ဖေဖေရ. ဟင်းဟင်း. . . ဒါနဲ့ ဖေဖေ ဘာ လို့နောက်ကျရတာလဲ"





"ဒီလိုပဲ လုပ်စရာလေးတွေ ရှိလို့ပေါ့သမီးရဲ့"

"နေရာရှာတာရော အဆင်ပြေပြီလား"

"အေး. . . လမ်းထိပ်က မိတ္တူဆိုင်ကိုပိတ်ထားတာ ကြာပြီလေ၊ အဲဒီဆိုင်ခန်းကို ဖေဖေငှားဖို့ပြောထားတယ်"

"ဟင်! သေးသေးလေးပေါ့ ဖေဖေရ"

"ခြော်. . . နောက် ရောင်းကောင်းရင် ချဲ့လိုက်ရုံပေါ့ သမီးရယ်။ ဘေးဘက်မှာလည်း ဆိုင်ခန်းထပ်ဆောက်လို့ရတာ ပဲဟာ"

"မေမေ ဘာရောင်းမှာလဲ"

"အင်း. . . အထက်တန်းကျောင်းကလည်း ခပ်လှမ်းလှမ်းမှာရှိတာဆိုတော့ ကျောင်းသုံးတဲ့ Stationary တွေနဲ့ စတိုးဆိုင်အသေးစားလေးပဲပေါ့"

"မိရော ကူရောင်းပေးရမလားဟင်"

"ဘာလို့ရောင်းရမှာလဲ၊ ဖေဖေဝိုင်းကူပေးမှာပါသမီးရဲ့။ ဖေ့သမီး ဆေးကျောင်းသူကို စျေးသည်မလုပ်ခိုင်းပါဘူး။ ဘယ့်နှယ်"

ကြည့်စမ်း!. . . 'ဖေ့သမီး ဆေးကျောင်းသူ'တဲ့။ ဘယ်လောက်နားဝင်ချိုလိုက်ပါသလဲ။ မိုဖေဖေက မိုကို အဲဒီလိုဖူးဖူး



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချစ်တဲ့အဖေမျိုးပါလေ။

“မီ တကယ်ပဲ ဆေးကျောင်းတက်ရပါ့မလား”

“တက်ရမှာပေါ့ သမီးရဲ့”

“ပိုက်ဆံအရမ်းကုန်မှာ ဖေဖေရဲ့”

“ကုန်ပါစေပေါ့သမီးရယ်၊ ဘာဖြစ်လဲ”

“တော်ကြာ မလေးက တားရင် ဘယ့်နှယ်လုပ်မလဲ ဖေဖေရဲ့။ သူ့ကျောင်းလည်း ငွေအရမ်းကုန်တာကို”

“သူက နောက်တစ်နှစ် နှစ်နှစ်ဆိုရင် ပြီးပါပြီသမီးရယ်၊ သူ့အတွက် မပူစမ်းပါနဲ့။ ဒေါက်တာမီမီဖေယျူရဲ့အဖေ ဦးဖေယျူ ဆိုပြီး ဖေဖေ ဂုဏ်ယူချင်လို့ပါ”

“ဟီဟိ”

သဘောကျစွာဖြင့် ဖေဖေနှင့်တွန်းထိုးသော့ရင်း လမ်းထဲ ဝင်လာခဲ့ကြစဉ် ကားမီးရောင်နှင့်အတူ ဟွန်းသံကိုပါ ကြားလိုက် ရတာမို့ ရုတ်တရက် လန့်သွားရပါ၏။ မီတို့သားအဖက လမ်း အလယ်မှာရောက်နေတာမို့ လမ်းဘေးကို ကပ်လိုက်ရလေသည်။

ကားမီးရောင်ထိုးလိုက်တာမို့ လူနှစ်ယောက်က သူ့ကား ကိုလှည့်ကြည့်သဖြင့် မျက်နှာတွေကို သူမြင်လိုက်ရပါ၏။ ခပ်ဆင် ဆင်မျက်နှာတို့ကြောင့် သားအဖမှန်း သူရိပ်မိလိုက်လေသည်။





လူကြီးက အသက်ငါးဆယ်ကျော်ခန့်ရှိပေမယ့် ကောင်မလေးကတော့ ဆယ်ကျော်သက်ခပ်ငယ်ငယ်လေးပါလေ။

ခြံရှေ့မှာ ကားခဏရပ်လိုက်ပြီး ဟွန်းတီးစဉ် မောင်မြင့်က အပြေးအလွှား ခြံတံခါးဖွင့်ပေးလေ၏။ သူ့ကားဝင်ပြီးသည်နှင့် ခြံတံခါးကိုသော့ခတ်ရတော့မှာလေ။ ကားကို ဂိုဒေါင်ထဲ တစ်ခါတည်းဝင်လိုက်စဉ် အခုထိ ဖြိုင်ဘီးအပြာလေးကို မသိမ်းဘဲ တိုက်ဘေးမှာ ရပ်ထားတာမို့ ညီပြန်ရောက်နေပြီမှန်း သူသိလိုက်ပါ၏။

“ဘယ်အချိန် ပြန်ရောက်သလဲ”

“စောစောကပဲ”

“စက်ဘီးပါ တစ်ခါတည်းသိမ်းပြီးမှ ဂိုဒေါင်တံခါးသော့ခတ်လိုက် မောင်မြင့်”

“ဟုတ်ကဲ့ပါ အစ်ကိုကြီး”

အိမ်ထဲဝင်ပြီး ဖိနပ်ချွတ်ရင်း ညီ့ကိုရော မောင်မြင့်ကိုပါ တစ်ခါတည်းပြောလိုက်ပါသည်။ လည်ပင်းမှ Tie ကိုဖြုတ်ရင်း နှာခေါင်းဝမှာ Spirit နံ့ ရလိုက်တာမို့ သူ မျက်မှောင်ကြုတ်လိုက်မိလေ၏။

“ဘာဖြစ်လာပြန်ပြီလဲ ညီ”



www.burmeseclassic.com

www.burmeseclassic.com



"ခုနတုန်းက လမ်းကွေ့မှာ စက်ဘီးလဲသွားလို့"

"လူတိုက်မိတာလား"

"တိုက်မိမလိုဖြစ်သွားတာပါ ကိုကို၊ မတိုက်ပါဘူး"

"ဘာဖြစ်သွားသေးလဲ"

"ဟင့်အင်း, ဒူးနည်းနည်းပွန်းသွားရုံလောက်လေးပါ"

"ဘာမှမဖြစ်လို့တော်သေးတာပေါ့၊ ကဲကဲ. .., ထမင်းစားရအောင်။ ကိုကို ရေချိုးပြီး ဆင်းလာခဲ့မယ်။ မောင်မြင့်ကို ထမင်းပွဲပြင်ထားခိုင်းလိုက်ဦး"

"ဟုတ်ကဲ့"

အပေါ်ထပ်မှာ ရေချိုးရင်း စဉ်းစားနေမိ၏။ ခုတလော မောင်မြင့် ဟင်းလက်ရာ အတော်လေး ဟုတ်လာတာလေ။ ဟင်းတွဲတွေကလည်း ညီ၊ အရသာမဆိုးဘဲ အစပ်အဟပ်တည့်လာပုံ။ နှုတ်က ထုတ်မပြောသော်ငြား ညီအစ်ကိုနှစ်ယောက် ထမင်းနှစ်ပန်းကန်ကုန်တာမို့ မောင်မြင့်မျက်နှာက သကြားပုံပေါ်ကျတဲ့ ပုရွက်ဆိတ်လို ပြုံးချိုနေတာပါလေ။

ဒီကောင် ဘယ်စာအုပ်ထဲကများ ဟင်းချက်နည်းတွေ လေ့ကျင့်နေပါသလဲ။

"ကိုကိုရေ! ထမင်းစားဖို့ Ready ပဲတဲ့"





တံခါးခေါက်ကာ အသံပေးသွားတာမို့ ရေမြန်မြန်ချိုးကာ ရေချိုးခန်းထဲမှ ထွက်လိုက်ပါ၏။ ညအိပ်ရတော့မှာမို့ Under shirt (အောက်ခံစွပ်ကျယ်လက်တို)ကိုပင် သူဝတ်လိုက်ပါသည်။ ဒါလေးက လူကို အေးစေသည်ကိုး။

အောက်ထပ်ကိုဆင်းလာတော့ ရလိုက်သည့်အနံ့က ရှမ်းနံ့နံ့နှင့် ရှောက်ရွက်နံ့ပါလေ။ မောင်မြင့်တစ်ကောင် ခုတလော ဟင်းတွေကို ညီနှံ့ပျောက်အောင် ချက်တာ အတော်ကျွမ်းကျင်နေပါလား။

"ဘာဟင်းတုန်းကွ"

"အမဲသားအစပ်ရယ်၊ အမဲသားပြုတ်ကြော်ရယ်၊ မှျစ်သုတ်နဲ့ ဟင်းချိုက ချဉ်ပေါင်"

"တယ်ဟုတ်ပါလား။ မင်းရဲ့ ရေလုံပြုတ်ဆီမြုပ်ဟင်း Plan တွေ ဘယ်မှာပျောက်သွားပြီလဲ"

"ဟီးဟီး. . ."

ဘာမှမပြောဘဲ အသုတ်ပန်းကန်ကို ချလိုက်တာမို့ သူ ကြည့်လိုက်ပါ၏။ အံမယ်. . . မှျစ်ကို ကြက်သွန်နီနဲ့ ရှောက်ရွက် ပါးပါးလှီးထည့်ပြီး သံပုရာသီးညှစ်ထားလို့ မွှေးနေတာပါလားနော်။ အမဲသားပြုတ်ကြော်က ထားပါတော့။ ရှမ်းနံ့နံ့အုပ်ထားသည့်အစပ်



www.burmeseclassic.com

www.burmeseclassic.com



သားအစပ်က အတုံးသေးသေးလေးတွေကို ငရုတ်သီးဖတ်လေးတွေနှင့်ရောကြော်ကာ မဆလာပင် အုပ်ထားသေးတာလေ။ ချဉ်ပေါင်ရွက်ကို အရွက်မပြတ်အောင်မွှေပြီး ကြက်သွန်နီပါးပါးလေး အုပ်ထားတာမို့ ဒီကောင် ဒီလိုမချက်တတ်မှန်း သူသိပါ၏။

ဟိုနေ့ကလည်း ငါးကိုမျိုးစုံ၊ မနေ့ကလည်း ဝက်သားလုံးကြော်နဲ့ အာလူးနဲ့ဝက်သားဆီပြန်ချက်ပေးသကို။ ထမင်းစားခါနီး ကြော်ထားတဲ့ကန်စွန်းရွက်တို့ ဂေါ်ဖီထုပ်တို့က ပူပူနွေးနွေးနဲ့ အရသာကလည်း ရှိပါလေ့။

"ဒါ မင်းလက်ရာမဟုတ်ဘူး"

"အသုတ်က ဟိုဘက်ခြံက အငယ်လေး လုပ်ပေးတာပါ အစ်ကိုကြီးရဲ့။ ကျန်တာတွေကတော့ အန်တီဆရာမပြောတဲ့အတိုင်း ကျွန်တော်ချက်တာပါ"

ဒါကြောင့်ကိုး။ 'အငယ်လေး'တဲ့။ စောစောကပဲ မြင်လိုက်ရသည့်မျက်နှာကို သူ့အာရုံထဲမှာ မြင်လိုက်လေ၏။ ဘေးအိမ်နဲ့ဒီကောင် အတော်ရင်းနှီးနေပြီကိုး။



## အခန်း (၇)

"အစ်ကိုကြီး. . . ဈေးဖိုး"

"အေး. . . ပေးမယ်, ခဏလေး။ ဈေးမှာ တစ်ခါတည်း ချပေးခဲ့မယ်လေ။ ငါနဲ့တစ်ခါတည်း လိုက်ခဲ့"

"ရပါတယ်အစ်ကိုကြီးရဲ့၊ အငယ်လေးတို့သားအမိနဲ့ အတူသွားတာမို့ အဖော်ရှိပါတယ်"

"အေးလေ၊ သူတို့ကိုပါ ခေါ်မှာပေါ့ကွ။ လမ်းကြုံတာပဲဟာ။ စောင့်ဦး"

Breakfast ကို ထမင်းပူပူနွေးနွေးနှင့် ပဲပြုတ်ဆီဆမ်းရောနယ်ထားတာကိုစားပြီး သူ အပေါ်ထပ်မှာ အဝတ်အစားလဲကာ ပြန်ဆင်းလာခဲ့ပါ၏။ ညီတစ်ယောက်ကဖြင့် စားပြီးတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းဆိုပြီး ပျောက်ချေပြီ။

သူအောက်ပြန်ဆင်းလာတော့ မောင်မြင့်ကိုမတွေ့ရ။ ဘယ်ရောက်သွားပြန်ပါလိမ့်။ အိမ်တံခါးပိတ်ရှိုးမှာလေ။ မောင်မြင့် သူတို့အိမ်ကိုရောက်တော့ ဆယ်နှစ်သားသာရှိသေး၏။ လက်တိုလက်တောင်းခိုင်းဖို့ ခေါ်ခဲ့တာပါ။ အခုတော့ ဒီကောင်လေး အသက်နှစ်ဆယ်တောင် ရှိနေပြီလေ။ ဆယ်နှစ်တာ သံယောဇဉ်က တကယ့်ညီအစ်ကိုရင်းလို ပြောမနာဆိုမနာဖြစ်ခဲ့တာ အမှန်ပါပဲ။

"မောင်မြင့်"

"ခင်ဗျာ"

"ဘယ်မတုန်း"

"အိမ်ရှေ့မှာ အစ်ကိုကြီး။ အငယ်လေးတို့ကို လှမ်းခေါ်နေတာပါ"

"နေနေ. . . ငါပဲ အိမ်တံခါးပိတ်လိုက်တော့မယ်"

အိမ်တံခါးကို သူသော့ခတ်တော့ မောင်မြင့်က ခြံစည်းရိုးနားမှာ ရပ်နေရာမှ သူ့ဆီအမြန်လျှောက်လာပါ၏။ တံခါးသော့ကို အိမ်မှာဝှက်ထားနေကျနေရာ နှင်းဆီပန်းအိုးအောက်မှာ သူထားလိုက်ပါသည်။





"ခြံဝမှာပဲစောင့်တဲ့၊ အန်တီဆရာမက"

"မင်းဟာက ဘာလဲကွ၊ အန်တီဖြင့် အန်တီ၊ ဆရာမဖြင့် ဆရာမလို့ခေါ်ပေါ့။ ဘယ့်နှယ် အန်တီဆရာမလဲ"

"အရင်က ကျောင်းဆရာမလုပ်ခဲ့တာဆိုတော့ အန်တီလို့မခေါ်ချင်လို့ပါ အစ်ကိုကြီးရဲ့။ ဦးလေးလည်း သဘောကောင်းပါတယ်"

"အေး. . . မင်းက အိမ်မှာ အမြဲနေတဲ့သူဆိုတော့ အကုန်လုံးနဲ့ သိတာပေါ့"

"အစ်မနှစ်ယောက်ကတော့ မာနကြီးလို့ သိပ်မခင်ဘူး"

ဒါဆို ညီအစ်မသုံးယောက်ပေါ့လေ။ သူကတော့ မိန်းကလေးတွေနဲ့ ခပ်ကင်းကင်းနေတတ်လို့ ကိစ္စမရှိ။ ညီကတော့ လူချောမို့ ကောင်မလေးတွေနဲ့ ဇယားက ခပ်ရှုပ်ရှုပ်ရှိလေ။ အိမ်နီးချင်းကောင်မချွေးတွေကို လက်တည့်မစမ်းလောက်ဘူးထင်ပါရဲ့။

ကားကို ခြံဝမှာရပ်ကာ မောင်မြင့်က ခြံတံခါးသော့ခတ်လိုက်လေ၏။ တစ်ဖက်ခြံထဲမှ ခပ်ပြည့်ပြည့်အန်တီကြီးနှင့် ညတုန်းက ခပ်ပိန်ပိန်ကောင်မလေးက ထွက်လာတာမို့ မောင်မြင့်က ကားနောက်ခန်းတံခါးကို အဆင်သင့်ဖွင့်ပေးလိုက်လေသည်။ အမယ်! ဝန်ဆောင်မှုက တယ်ဟုတ်ပါလားမောင်မြင့်ရေ။



www.burmeseclassic.com

www.burmeseclassic.com



"အားနာလိုက်တာကွယ်"

"တစ်ခါတလေပဲဟာ အန်တီဆရာမရဲ့။ အငယ်လေး လည်း တက်ပါ"

မောင်မြင့်က တံခါးပြန်ပိတ်ပြီးမှ ရှေ့ခန်းမှာ ဝင်ထိုင်လိုက် လေ၏။ တရင်းတနှီးရှိနေသည့်သုံးယောက်ကြားမှာ သူ မည်သို့ ရောရမှန်းမသိဘဲ ခပ်တည်တည်ဖြစ်နေတာလေ။

"ဒါ ကျွန်တော့်အစ်ကိုကြီးလေ၊ ဒေါက်တာ ဘုန်းလ ရောင်တဲ့"

"ဩော်. . . ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"နာမည်ပဲခေါ်ပါ အန်တီ၊ ရပါတယ်"

"အစ်ကိုလေးနာမည်က နေမင်းရှိန်ပါ၊ အန်တီဆရာမ ရဲ့နာမည်က ဒေါ်ကလျာခိုင်တဲ့ အစ်ကိုကြီးရဲ့"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်အန်တီ၊ လိုအပ် တာရှိရင် ပြောပါနော်။ အားမနာပါနဲ့"

"ဟင်. . . အစ်ကိုကြီးပေးချင်တာ အပ်တွေပဲ ရှိမှာပေါ့"

"ဟဲ့! ဒီကလေးကတော့လေ၊ အိမ်မှာ အငယ်ဆုံးမို့ ပါး စပ်ပိတ်ရတယ်မရှိဘူး သားရယ်။ စပ်ကလည်း စပ်စုပ္ပါ။ အကြီး နှစ်ယောက်နဲ့လည်း တကျက်ကျက်လေ။ သူရှိနေရင် အိမ်က





အတော်စည်တဲ့ ရွှေအိမ်စည်ပေါ့"

"မို့နာမည် မိမိဖေယျပါ မေမေရဲ့။ ရာဇဝင်ထဲက မင်း သမီးနာမည်တော့ မပေးချင်ပါနဲ့"

နာမည်ထည့်မပြောတဲ့အမေကို မျက်စောင်းခဲကာ နှုတ် ခမ်းစူလိုက်သည့်ချာတိတ်မလေးကြောင့် သူ ကျိတ်ပြုံးလိုက်မိ လေ၏။ မောင်မြင့်ခေါ်သလိုပဲ အစ်ကိုကြီးဟု လိုက်ခေါ်တာမို့ နားထဲမှာ မစိမ်းသလို အန်တီ့ထံမှ 'သား'ဟူသည့်အသုံးအနှုန်း ကြောင့် ရင်ထဲမှာ နွေးသွားသည့်နှယ်ပါ။ သူတို့ကို 'သား'လို့မခေါ် ကြသလို မိဘတွေမရှိကြတော့တာမို့ ကြာခဲ့ပါပြီလေ။

"အန်ကယ်ကရော ဘာလုပ်ပါသလဲ အန်တီ၊ ညက တွေ့လိုက်လို့ပါ"

"သမီးတို့အဖေက ပင်စင်ယူလိုက်ပြီ သားရဲ့။ အခု အပြင် စီးပွားရေးလုပ်ဖို့ ပြင်နေတာလေ"

"ဩော်. . . အန်တီရော စာသင်သေးလား။ စပ်စုတယ် လို့မထင်ပါနဲ့နော်။ ရင်းနှီးသမှုနဲ့ မေးတာပါ"

"ရပါတယ် သားရဲ့၊ အန်တီက ဆေးပင်စင်နဲ့ နားလိုက် တာပါ။ သမီးကြီးက ကုမ္ပဏီပဲ အလုပ်ပြန်ရှာဝင်မှာ။ အလတ်မ ကတော့ G.T.C တက်နေတုန်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အငယ်မလေးက သူမအမေကို လှည့်ကြည့်လိုက်ပေမယ့် ဒီကလေးမလေးအကြောင်းကိုတော့ မပြောပါလား။ ဘာဖြစ်လို့ပါလိမ့်။

"ဒါဆို အန်တီက သမီးသုံးယောက်ရှိတာပေါ့"

"ဟင်းဟင်း. . . ဟုတ်ပါတယ်၊ သားတို့က ညီအစ်ကိုနှစ်ယောက်ပဲ ရှိတာဆို။ မောင်မြင့်နဲ့ဆို သုံးယောက်ပေါ့"

"ဟုတ်ကဲ့ပါ အန်တီ၊ ညီ့နာမည်က နေမင်းရှိန်ပါ"

"အလုပ်ဝင်နေပြီလား"

"မဝင်သေးပါဘူး။ သင်တန်းတွေ တက်နေတုန်းပါပဲ"

"သြော်"

"မောင်မြင့်ကို ဟင်းချက်တာသင်ပေးလို့ ကျေးဇူးအများကြီးတင်ပါတယ် အန်တီ"

"ရပါတယ်ကွယ်၊ အချင်းချင်းတွေပဲဟာ။ ဒီလိုပဲ ကူညီရမှာပေါ့"

ကောင်မလေးက စကားဝိုင်းထဲမပါဘဲ မျက်နှာကို စူပုပ်ထားလျက် တစ်ဖက်သို့လှည့်သွားလေ၏။ သူက ကားကို ဖြည်းဖြည်းချင်းပင် မောင်းထွက်ခဲ့ပါသည်။ ဒီနေ့ ဆေးရုံသစ်ဖွင့်ပြီမို့ ဝန်ထမ်းအသစ်တွေနှင့် ဆုံရမှာလေ။





"အငယ်လေးက ဆယ်တန်းအောင်ပြီလား"

"အောင်ပြီးတာ ကြာလှပြီ၊ All D ပါတာရှင့်"

"ဟဲ့! ဒီကလေးကတော့လေ"

ဘယ်တုန်းကတည်းက ပြောချင်လို့ အောင့်ထားမှန်းမသိသည့် (ရန်လိုသံကြောင့်) သူမကို သူပြုံးမိပြန်၏။ ဒီချာတိတ်မလေးနဲ့ညီသာ တွေ့ရင်တော့ ပြဿနာဖြစ်ကြတော့မှာလေ။

"ဘာကျောင်းတက်မှာလဲ"

အသံတိတ်သွားသလို အန်တီကလည်း ဘာမှမပြောပါချေ။ တကယ်အောင်တာမှ ဟုတ်ရဲ့လား။ တော်ကြာ သူမေးတာက သူမအတွက် အားငယ်သလိုဖြစ်နေမှာလေ။

"All D ဆိုတော့ ဆေးမှတ်ဝင်မှာပေါ့နော် အစ်ကိုကြီး"

"အင်း"

မောင်မြင့် စကားဆက်တာမို့ သူခေါင်းညိတ်ပြလိုက်ရာ ကောင်မလေးမျက်နှာ တစ်မျိုးလေးဖြစ်သွားလေသည်။ ဘာဖြစ်လို့ပါလဲ။ ဆယ်တန်းကို ဘာသာစုံဂုဏ်ထူးနဲ့အောင်ထားတာဆိုပြီး ဂုဏ်ယူရပေမယ့် သူမ ဘာကြောင့် မပျော်တာပါလိမ့်နော်။

"ဆေးကျောင်းထားမှာလား အန်တီ၊ သူဝါသနာပါရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မပြောတတ်ဘူးကွယ်၊ သူ့အဖေကို မေးရမှာပဲ"

"ဪ"

စကားဝိုင်းက တိတ်သွားပြန်ချေပြီ။ ဒီကလေးမကိုကြည့်ရတာ တစ်ခုခုကို အားငယ်နေသလိုမျိုးပါပဲလား။ စပ်စုသည့်အလုပ်ကို သူ မလုပ်တတ်ပေမယ့် ဒီကိစ္စကိုတော့ သူသိချင်တာအမှန်ပါ။ ဘာကြောင့်လဲဆိုတော့ သူ့လိုပင် သူမကို ဆရာဝန်တစ်ယောက်ဖြစ်စေချင်သည့်ဆန္ဒကြောင့်ပါလေ။

"အပြန်ကျ Taxi နဲ့ပြန်ကြနော်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"သွားလိုက်ပါဦးမယ် အန်တီ"

"ကောင်းပါပြီကွယ်၊ ဈေးကို လမ်းကြုံခေါ်ပြီး လိုက်ပို့တဲ့အတွက် ကျေးဇူးပါသားရယ်"

"ရပါတယ် အန်တီ"

ဈေးထိပ်လမ်းခွဆုံမှာ ကားရပ်ပေးတာမို့ ကားပေါ်မှဆင်းကာ ဈေးထဲဝင်သွားကြလေ၏။ ကောင်မလေးက သူမအမေလက်မောင်းကိုချိတ်ပြီး သွားနေရင်း နောက်ကိုလှည့်ကြည့်တာမို့ သူပြုံးလိုက်မိပါသည်။ ဆယ်ကျော်သက်ချာတိတ်တွေရဲ့စိတ်ကို သူ





ရိပ်မိတာကိုး။

ခေါင်းကိုခါရမ်းလိုက်ပြီး ကားကိုဆက်မောင်းထွက်လိုက်ပါ၏။ အငယ်ဆုံးက ပိန်ရှည်ရှည် ညှက်ညှက်လေးမို့ အကြီးနှစ်ယောက်က ဘယ်ပုံစံမှန်း သူ မခန့်မှန်းနိုင်ပါချေ။ Phone မြည်သံထွက်လာတာမို့ သူ Ear Phone ကြိုးကိုတပ်လိုက်ပါ၏။

"ပြော. . . နေဆန်း"

"မင်းလာနေပြီလား လရောင်"

"အေး"

"ကားကို ငါတို့အရပ်ဆေးရုံအဆောက်အအုံဟောင်းဝင်းမှာ ဝင်ရပ်ပြီးမှ အဆောက်အအုံသစ်ကို ဘေးပေါက်က ကူးခဲ့တော့ လရောင်ရေ့"

"ဘာဖြစ်လို့လဲ"

"ကားတွေပြည့်နေလို့ပေါ့ကွ"

"ဘယ်လို"

"နောက်ဝင်တဲ့ဆရာဝန်တွေက ဒိတ်ဒိတ်ကျဲတွေချည်းကွ။ အားလုံး နောက်ဆုံးပေါ်ကားအဆန်းတွေချည်း စီးလာကြတာ။ ငါ့ကားစုတ်လေးနဲ့ ငါ မျက်နှာငယ်လိုက်တာကွာ"

သူပြုံးလိုက်မိပါ၏။ ဆရာဝန်တွေမှာ ဂုဏ်ပြိုင်တာချင်း



www.burmeseclassic.com

www.burmeseclassic.com



ခရီးကြပေမယ့် ပညာကတော့ အနည်းနဲ့အများ ပြိုင်တတ်ကြတာ လေ။ ဒီကောင်တော့ ဘာမဟုတ်တာလေးနဲ့ အားငယ်နေရတယ် လို့။ နေဆန်းက သူတို့ညီအစ်ကိုလို ချမ်းသာတဲ့မိသားစုမဟုတ် ပါ။ လူတန်းစားအလယ်အလတ်မှ ချွေတာစုဆောင်းပြီး ဆရာဝန် ဖြစ်တဲ့သားအကြီးဆုံးမို့ နေဆန်းကို မိဘတွေက ကားဝယ်ပေး ထားတာပါ။

မောင်နှမသုံးယောက်ရှိပေမယ့် အားလုံးက လိမ္မာပြီး စာတော်ကြတဲ့မောင်နှမတွေပါပဲ။ အလတ်ကောင် ညီလေးက အင်ဂျင်နီယာဖြစ်ချင်ပေမယ့် အစ်ကိုကြီးကို ဆေးကျောင်းတက် နိုင်းတာမို့ G.T.C ပဲတက်နေတာလေ။ အငယ်ဆုံးမလေးကလည်း နေဆန်းလို ပါရဂူဆရာဝန်ဖြစ်ချင်ပေမယ့် သွားဘက်ဆိုင်ရာ ဆေး ကျောင်းကိုပဲ တက်နေတာလေ။

သူ့ညီနဲ့များ ကွာပါ့။ ဟိုက မရှိတဲ့ကြားက ပညာကိုလို ချင်စိတ်ရှိပြီး ညီကဖြင့် ဘွဲ့ကိုပျော့ပျော့လေးရ ရတဲ့ဘွဲ့ကလည်း အသုံးကမဝင်။ ဒီတော့ ကုမ္ပဏီလောကထဲလည်း ဝင်မဆံ့။ ထို သို့ယောင်ချာချာဖြစ်နေသည့်ညီက သင်တန်းဆိုပြီး အပြင်ကိုထွက် ကာ ငွေသုံးဖြုန်းနေတုန်းပါပဲ။ ညီ့အကြောင်းတွေးရင်တော့ ရင် မောရတာနဲ့ပဲ အဆုံးသတ်ရတာ ဓမ္မတာလေ။





"အဲဒါဆိုရင်လည်း မင်းကားကို အငယ်ကောင်ကို ပေး လိုက်ပေါ့ကွာ"

"ရမလားကွ၊ မင်းကားပဲပေးလိုက်"

"ဟင်းဟင်း. . . နောက်တာပါကွာ၊ (၁၅)မိနစ်လောက် ဆိုရင် ရောက်ပြီ"

"OK!... ဒါပဲနော်"

"အေး"

Eare Phone ကိုဖြုတ်လိုက်ပြီး ကားကို သူ့ဂရုတစိုက် မောင်းလာခဲ့ပါ၏။ နေဆန်းပြောသည့်အတိုင်း အဆောက်အအုံ ဟောင်းဝင်းထဲရှိ မြေကွက်လပ်မှာပင် ကားကို နေရာဝင်ယူရပ် လိုက်ပါသည်။ ကားသော့ခတ်ပြီးမှ ဝင်းဘေးပေါက်မှတစ်ဆင့် တစ်ဖက်ဆေးရုံသစ်သို့ ကူးလာခဲ့ပါသည်။

ဓာတ်လှေကားဖြင့် အပေါ်ထပ်ဆီသို့ တက်လာခဲ့ပါ၏။ Meeting room က အပေါ်ဆုံးလွှာမှာရှိတာမို့ ဆရာဝန်တွေရော Nurse တွေပါ အားလုံးဆုံရမှာလေ။ သူ့ရှေ့မှာဝင်သွားကြသည့် Nurse မလေးများနောက်မှ သူလိုက်ခဲ့ပါ၏။

"ကဲကဲ. . . လူစုံပြီဆိုရင်တော့ အားလုံးမိတ်ဆက်ကြ ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံအုပ်ကြီးအသံကြောင့် လူအုပ်ကြားထဲမှာပဲ သူ ရပ်လိုက်ရပါ၏။ နေဆန်းကို ရှာမတွေ့သေး။ ဘယ်လိုဖြစ်ပြီး အသစ်တွေက ပုံနေတာပါလိမ့်။ ရောက်လာသမျှကလည်း မိန်း ကလေးဆရာဝန်တွေသာ များနေတာလေ။

''ဆောင်းဟေမာန်ပါရှင်''

မိတ်ဆက်သံကြားလိုက်ရစဉ် သူ့ခေါင်း ဆတ်ခနဲထောင် မိလိုက်သလို နှလုံးသားက အေးခဲသွားရလေတော့၏။



အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

## တစ်ဖက်သတ်

ကောင်မလေးရေ....
စွဲလန်းမှုဝေဒနာ
နှလုံးသားရဲ့စေရာမှာ
တမ်းတမှု မရေမရာနဲ့
အသေအချာ ရင်ခုန်ခဲ့ရတာဖြင့်
တစ်ဖက်သတ်လေးပါ....

တခါ်အတွေမှာ
ချစ်မိတယ်ဆိုပေမယ့်
အဲဒီတစ်ခဏလေးအတွင်းကို
မမြင်ရရင် မနေနိုင်ခဲ့တာ
မြတ်နိုးမိတဲ့ရင်အုံရဲ့အသိက
လွမ်းခြင်းတွေ သတ်ပုံမှားရင်းနဲ့
တစ်ဖက်သတ်လေးပါ....

ရှောင်ခွာပြေးပုန်း မင်းရဲ့အပြုံးကို
ကမ္ဘာဆုံးအထိ ဝေးစေဦးတော့
နှလုံးသားရဲ့ အနီးဆုံးမှာ
သက်ဆုံးတိုင် မျှော်လင့်ခြင်းတွေနဲ့
တစ်ဖက်သတ်လေးပါ....

## အခန်း (၈)

နောင်တတရားက ရင်မှာ ဖြစ်တည်လေ၏။ သူ ဘာကြောင့်များ နောက်စာချုပ်ထဲမှာ လက်မှတ်ထိုးခဲ့မိတာပါလိမ့်။ နောက်ထပ် ဆက်နေဖြစ်မယ့်သုံးနှစ်တာကာလအတောအတွင်းမှာ ဒီမျက်နှာတစ်ခုကို နေ့စဉ်မမြင်တွေ့ရလေအောင် မည်သို့ရှောင်ရှားနိုင်ပါမည်နည်း။

ဟိုတုန်းကလို လှလှလေးပြုံးတတ်စဲပါ။ အရင်ကထက် အနည်းငယ် မသိမသာပြည့်သွားတဲ့အလှတရားတို့နှင့် ပြည့်နေစဲပါပဲ။ နဖူးထက်မှာ ဆံစအနည်းငယ်ရှိနေပြီး ခပ်မြင့်မြင့်စည်းနှောင်ထားသည့် ဆံနွယ်ခွေတို့က ပခုံးထက်မှာ ဟိုအရင် ငါးနှစ်တာကာလတုန်းကလိုပဲ ကဗျာဆန်နေတုန်းပါလေ။

ရွှေဝဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"Senior အားလုံးရဲ့ ဖေးမကူညီမှုကို မျှော်လင့်ပါတယ်၊ လက်တွဲခေါ်စေလိုပါတယ်ရှင်"

အာသံကရော ဟိုအရင်လို ချိုမြိန်နေတုန်းပါလေ။ တစ်ဦးချင်း လိုက်နှုတ်ဆက်နေပြီမို့ သူရှောင်ရှားနိုင်ဖို့ အခွင့်အရေးမရနိုင်တော့ပါပေ။ အခုရှောင်တော့ရော နောက်ထပ်ရက်ပေါင်းများစွာကို ရှောင်လို့ရမှာတဲ့လား။ မဖြစ်နိုင်ဘူး ဘုန်းလရောင်ရေ။

"ရှိစလင်းပါ ဒေါက်တာ"

"Nice to meet you. "

သူ့နံဘေးမှ သူနာပြုမလေးကို လက်တွဲနှုတ်ဆက်လိုက်ပြီး သူ့ရှေ့မှာ လာရပ်လိုက်သည့်သူမကို သူ မကြည့်ပါ။ နေဆန်းကို ရှာနေသည့်အကြည့်က တခြားမှာမို့ သူမကို သူမျက်နှာလွှဲနေတာပါလေ။ မခိုတရိ အပြုံးက သူမမျက်နှာပေါ်မှာ ရှိနေမည်ထင်ပါရဲ့။

"မျိုးမျိုးခိုင်ပါ ဒေါက်တာ"

"ဆောင်းပေဟမာန်ပါရှင်"

ဘယ်အချိန်က သူ့ဘေးမှာ ရှိနေသည့် နေဆန်းရဲ့ချစ်သူက သူမကိုလက်ကမ်းလိုက်တာမို့ ဒီအနီးနားမှာပဲ ဟိုကောင်ရှိမည်မှန်း သူရိပ်မိနေပြီလေ။ သူမကျော်သွားပြီမို့ တခြားဆရာဝန်





တွေကို သူပြုံးပြပြီး လက်ဆွဲနှုတ်ဆက်နေရလေသည်။ စားပွဲထိပ်ခုံမှာ ထိုင်နေသည့်ဆေးရုံအုပ်ကြီးက သူ့ထံအကြည့်ရောက်လာတာမို့ စိတ်ထဲ ထိတ်သွားရပါ၏။ သူမကို သူ မသိယောင်ဆောင်ပြီး နှုတ်မဆက်လိုက်မိတာကိုများ မြင်သွားသလားမသိ။ စိတ်ရှုပ်ရပါလားနော်။

"Duty Rosta ကို မနက်ဖြန်မှ စကပ်ပေးမှာပါ။ ဒီနေ့တော့ ဆေးရုံကို လေ့လာရင်း နားနားနေနေပေါ့"

Meeting သိမ်းပြီမို့ သူ ရပ်နေရာမှ ခြေလှမ်းစလိုက်တော့ သူ့နားသို့ နေဆန်းရောက်လာလေ၏။ မျက်နှာမပျက်အောင် ကြိုးစားနေရတာက သူ့အဖို့ ခက်ခဲလွန်းလှပါတယ်လေ။

"Sorry...လရောင်၊ ငါလည်း အခုလေးတင်မှ တွေ့လိုက်တာ။ မင်းကိုကြိုအသိမပေးမိဘူး"

"ရှုပါတယ်ကွာ"

"ဘာကိုပြောတာလဲ မောင်"

"မျိုးကို နောက်မှရှင်းပြပါ့မယ်"

"ဘာကြီးလဲ၊ မောင်တို့ဘော်ဒါနှစ်ယောက်က ဝှက်ဖဲတွေနဲ့လား"

"ရှုး. . . မောင့်ဝှက်ဖဲမဟုတ်ဘူး။ လရောင် Case ရှ"



www.burmeseclassic.com

"ဘာရယ်"

မျိုးမျိုးခိုင်ကို ခပ်တိုတိုတုပ်တုပ် ရှင်းပြနေတာမို့ သူ သက်ပြင်းချလိုက်မိပါ၏။ သူများစုံတွဲတွေများ လူရှေ့သူရှေ့မှာ 'မောင်'လို့ ခပ်ပိုင်ပိုင်ခေါ်နေတာပါလားနော်။ အားကျစရာကြီး။ သူ့မှာကဖြင့် လက်ဆုပ်လက်ကိုင်ပြစရာ တစ်ဦးတစ်ယောက်ရယ်မှ ရှိမနေတာလေ။

"ဒေါက်တာဘုန်းလရောင်"

ခြေလှမ်းတုံ့ခနဲရပ်သွားရပါ၏။ နောက်သို့လှည့်ကြည့်မိစဉ် သူ့ကိုလှမ်းခေါ်လိုက်သည့် နာ့စ်နော်အက်စတာနောက်မှ သူမကိုမြင်နေရလေသည်။ မကြည့်ချင်မမြင်ချင်လျက်သားဆိုတာ ဒါမျိုးကိုခေါ်တာပဲထင်ပါရဲ့။

"ပြောပါ အက်စတာ"

"ဆေးရုံအုပ်ကြီးက Lunch Time ကျရင် သူနဲ့အတူ ထွက်စားမယ်လို့ ပြောခိုင်းလိုက်လို့ပါ ဒေါက်တာ။ သူ့ကိုဝင်ခေါ်ပါတဲ့"

"ဪ. . . ဟုတ်ကဲ့၊ ကျေးဇူးပါပဲ အက်စတာ"

"ရပါတယ်ရှင်"

နေဆန်းတို့က Lift အဝရောက်နေပြီမို့ သူနောက်မှလိုက်





လာရခဲ့ရပါ၏။ ဒီ Lift နှစ်ခုထဲမှာ တစ်ကြိမ်မဟုတ်တစ်ကြိမ် မျက်နှာကိုမြင်ရမှာမို့ စိတ်မောရပါလား။

"ကို. . ."

နောက်နားဆီမှ ထွက်လာသံက ပီပီသသကြီးပါပဲ။ သူ နားကြားမှားစရာအကြောင်းမရှိပါ။ တစ်ဖက် Lift တက်လာတာကို တခြားလူတွေ ဝင်သွားကြပေမယ့် သူတို့အုပ်စုက မဝင်ကြသေးပါလေ။ နေဆန်းတို့စုံတွဲအပြင် နာ့စ်နှစ်ဦးနဲ့ မေသူရော သန်းထွန်းပါ ရပ်မြဲရပ်နေစဲပါ။

"ကို. . . ခေါ်တာမကြားဘူးလား"

Duty coat ဝတ်ထားသည့် သူ့လက်မောင်းကို ခပ်ဖွဖွလာကိုင်လိုက်တာမို့ အားမနာစတမ်း သူ ရှန်းလိုက်ပါ၏။ နေဆန်းက သတိမထားမိပေမယ့် ကျန်လူတွေရဲ့မျက်ဝန်းတို့မှာ အံ့ဩရိပ်ထင်နေတာလေ။

"ကျွတ်!"

"ကွယ်. . . ကိုကလည်း လက်လေး ထိမိတာနဲ့ ဖြစ်နေလိုက်တာ"

"နေဆန်း"

"ဟော"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံအုပ်ကြီးက Lunch အတူစားဖို့ ခေါ်ထားတာ မင်းပါ လိုက်ခဲ့ကွာ"

"ငါက"

"အေး"

"ဘာလို့လိုက်ရမှာလဲကွ၊ ငါ့ကိုဖိတ်တာမှမဟုတ်တာကို၊ အူကြောင်ကြောင်နဲ့လိုက်ရမှာလား"

"မောင်က မျိုးနဲ့အတူတူစားမယ်ပြောပြီးနေလို့ပါ ကို လရောင်"

"ကျွတ်!. . . တစ်သက်လုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ထမင်းမစားရမှာစိုးနေလို့လား"

"အယ်. . . ကိုကလည်း"

နှစ်ယောက်သား တီးတိုးရယ်ချေပြီ။ သူက သူမနှင့် စကားမပြောချင်တာမို့ တမင်စကားရှာမှန်းသိသိကြီးနဲ့ ဒီကောင် ဘာလို့ရှောင်ရတာလဲ။ သန်းထွန်းက မျက်ခုံးပင့်၍ မသိမသာမေး ပေမယ့် သူဘာမှမဖြစ်သလို ငြိမ်နေလိုက်ပါသည်။

"ကလေးဆန်တုန်းပါပဲလား"

ဝေဖန်ချက်မှန်း မသိပေမယ့် သူမ ရေရွတ်လိုက်တာမို့ သူ အံကျိတ်လိုက်ပါ၏။ ချစ်သူဘဝတုန်းကတော့ ဒီလိုအပြော





မျိုးကို လက်သင့်ခံနိုင်ခဲ့ပေမယ့် ဘာဆိုဘာမှမပတ်သက်တော့ တဲ့အခြေအနေမျိုးမှာတော့ သူစိမ်းတစ်ယောက်ပြောတာကို ထိုး နှက်ချက်ဟုသာ သူသတ်မှတ်တာပါလေ။

Lift တစ်ခုထပ်တက်လာတာကို အသီးသီးဝင်ကြတော့ သူမက သူ့ရှေ့မှာ ဝိတ်ရပ်ကာဆီးလိုက်တာမို့ အံ့သြသွားရပါ၏။ ဒါက ဘာသဘောလဲ။ သူကရှောင်ပေမယ့် သူ့ရှေ့ကို သူမ လိုက် ရပ်နေတာမို့ ဒေါသက ထောင်းခနဲဖြစ်တည်လေသည်။

"ဘာလုပ်တာလဲ"

"ပြောမှာနဲ့ပြောစရာရှိလို့ပါ၊ ခဏလေးပါ ကို"

"ငါ့ဘက်က ဘာမှပြောစရာမရှိဘူး. . . ဖယ်"

"ခဏလေးတောင် အချိန်မပေးနိုင်ဘူးလား ကိုရယ်"

"ဟာ! ရှုပ်ရှုပ်ယှက်ယှက်၊ အချိန်မရှိဘူးကွ"

"ဆယ်မိနစ်လောက်လေးတောင် မရဘူးလား"

"မရဘူး"

"ဘာဖြစ်လို့လဲ"

"ကျစ်!"

မျက်ခုံးပင့်ပြီး မေးနေသည့်သူမကို သူပြန်ပြောနေမိစဉ် နေဆန်းတို့၏ Lift တံခါးက ပိတ်သွားလေပြီ။ ဟုတ်တော့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



စောင့်တယ်ဆိုလည်း နှစ်မိနစ်ထက် ဘယ်သူက ပိုပြီးစောင့်နိုင်မှာတဲ့လဲ။ စိတ်ပျက်စရာတွေကိုပဲ အမြဲတမ်းလုပ်နေတာပဲလား ဆောင်းဟေမာန်ရယ်။

"ခဏလေးပါ ကို၊ အေးအေးဆေးဆေးစကားပြောချင်ပေမယ့် အဲဒီလိုအချိန်ကြာရင် ကို မပေးချင်မှန်း ဟေမာန်သိပါတယ်၊ အဲဒါကြောင့် အခုလို အချိန်ခဏလေးပဲ ပြောပါရစေလား"

လိမ္မာပါးနပ်ပါလေ့။ လိုရာကိုရောက်အောင် အပျော့ဆွဲဆွဲတတ်တာ မိန်းမတွေရဲ့မာယာပေပဲလား။ သို့တည်းမဟုတ် သူမတစ်ဦးတည်းသာ တတ်ကျွမ်းတဲ့ဘာသာရပ်ပဲလား၊ သူ မသိပါလေ။ ကဲ! မထူးတော့ပါဘူး။ ခဏပါတဲ့။ ဆယ်မိနစ်ဆိုပေမယ့် နာရီဝက်လောက်တော့ ကြာမယ်မှန်း သူသိနေပါတယ်လေ။

တစ်ချက်မျှ လှည့်မကြည့်ဘဲ ကော်ရစ်ဒါအပြင်ဆောင်သို့ထွက်လာတာမို့ သူမက သူ့နောက်က လိုက်လာလေ၏။ ကျောခိုင်းခဲ့တာမဟုတ်ခဲ့ပါ ဟေမာန်၊ မင်းကသာ ကိုယ်တွဲထားတဲ့လက်ကို ရိုက်ဖြုတ်ပြီး ချန်ထားရစ်ခဲ့တာပါလေ။

"ဘာပြောမှာလဲ. . . ပြော"

အုတ်ဘောင်ကို လက်တင်လျက် အကြည့်တို့ကို အဝေးသို့သာ သူလွှတ်ထားပါ၏။ လမ်းမထက်မှာ ဥဒဟိုသွားနေသည့်





ကားမျိုးစုံ၏အသွားအပြန်တွေကိုပဲ သူမြင်တာပါ။ ဒီလိုရောင်စုံကားတွေလိုပဲ စိတ်အရောင်အမျိုးမျိုးပြောင်းခဲ့လို့ ကိုယ့်ကိုမချစ်နိုင်တော့ဘူးလို့များ မင်းပြောခဲ့တာများလား။

"အရင်ဆုံးပြောချင်တာက ဟေမာန် မှားခဲ့တယ်ဆိုတာကိုပါ"

တော်သေးတာပေါ့။ တောင်းပန်ပါတယ်လို့သာ ပြောရင် 'မင်းကိုခွင့်လွှတ်ဖို့ တန်ရဲ့လား'ဆိုတဲ့စကားလုံးကြမ်းကြမ်းမျိုးကိုသာ ထုတ်သုံးဖို့ သူ့စိတ်ထဲမှာ Ready ဖြစ်ထားမိတာပါလေ။

"ဟေမာန့်ကိုခွင့်လွှတ်ပါလို့ မတောင်းဆိုနိုင်ပါဘူး။ ဘာလို့လဲဆိုတော့ ကို့ရဲ့ခွင့်လွှတ်ခြင်းနဲ့မထိုက်တန်ရလေအောင် ဟေမာန့်လုပ်ရပ်က မိုက်မဲလွန်းခဲ့တာ အမှန်ပါကွယ်"

မြင်တယ်ပေါ့။ အခုထိ ရင်ထဲကိုမြင်နိုင်စွမ်း ရှိနေတုန်းပဲလား။ မျက်နှာအရိပ်အကဲကို တစ်ချက်မျှကြည့်လိုက်ရုံနဲ့ ကိုယ့်လိုအဝ်ချက်ကို အလိုလိုသိနိုင်စွမ်းရှိတဲ့ Power တွေ ယခုတိုင်မင်းဆီမှာရှိနေသေးရင် 'မေ့လိုက်ပါ'ဆိုတဲ့စကားတစ်ခွန်းကို မည်သို့သော ဥပေက္ခာစိတ်နဲ့ ပေါ့ပေါ့လေးပြောခဲ့တာပါလဲ။

'ကို စိတ်နာနေမယ်မှန်း ဟေမာန် ကောင်းကောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



သိနေတာပါ။ ဒါပေမဲ့ ကို နားလည်ပေးနိုင်သည်ဖြစ်စေ နားမလည်သည်ဖြစ်စေ ဟေမာန့်ဘက်က တောင်းပန်ရမယ့်ဝတ္တရားက ရှိနေတာလေ"

သူ ခပ်မဲ့မဲ့ပြုံးလိုက်ပါ၏။ ဝတ္တရားတဲ့လား။ 'အမြတ်တနိုးချစ်မိပါသည်' ဆိုတဲ့ရင်ဖွင့်ချက်ကို ခေါင်းတစ်ညိတ်လေးနဲ့ အဖြေပေးခဲ့တာကရော တာဝန်ဝတ္တရားပဲလား ဆောင်းဟေမာန်

"ကို. . ."

သူ့လက်မောင်းကို ခေါင်းမှီလိုက်တာမို့ သူက ဘေးဘက်ကို ခြေလှမ်းရွှေ့လိုက်ရပါ၏။ ဒီလောက် ခပ်ခွာခွာရှောင်နေတာ တောင်မှ အတင်းပဲ လိုက်ကပ်ချွဲနေချင်တာပါပဲလား။

"ဘယ်လိုလဲ ကို၊ ဟေမာန် ဖက်တွယ်ခဲ့တဲ့ ကို့လက်မောင်းကို ဘယ်သူ့အားအရကိုင်ခွင့်ရနေပြီလဲ။ ဟေမာန် မှီတွယ်ခွင့်ရတဲ့ ကို့ရင်ခွင်ထဲမှာ ဘယ်လိုမိန်းကလေးများ ရှိနေပြီလဲဟင်"

"အဲဒါ မင်းသိစရာမလိုပါဘူး"

"ဟေမာန် ယုံပါတယ်ကွယ်"

ဝန်ခံလိုက်လို့များသောအား မဖြစ်နိုင်တာ။ လက်ရှိကာလမှာ သူ့အနားနား ခွင့်ပြုတဲ့ချစ်သူဆိုတာ မရှိပေမယ့် သူ ဘာလို့ ဝန်ခံစရာလိုလို့လဲ။ မင်းကတော့ အဆင့်ကျော်ချင်နေပါရောလား





ဆောင်းဟေမာန်။

"မင်းယုံတာမယုံတာကို ငါဂရုမစိုက်ပါဘူး။ ပြောစရာရှိတာ ကုန်ပြီဆိုရင် ငါသွားတော့မယ်။ ဒါပဲ"

ဆတ်ခနဲလှည့်လိုက်သည့်သူ့ကို လက်မောင်း ဆွဲကိုင်လိုက်သဖြင့် သူရုန်းလိုက်ပါသည်။ သို့သော် သူမက လက်အစုံဖြင့် ကိုင်ထားတာမို့ ရုန်းရခက်သွားတာလေ။

"ကို. . ."

"အဲဒီနာမ်စားမျိုး မသုံးသင့်တော့ပါဘူး။ နားခါးလွန်းလို့"

"ဟေမာန့်ကို တော်တော်မှ မုန်းနေပြီလားဟင်၊ ပြောပါဦး"

ပုလဲဥတို့ ခိုသီလာသည့်မျက်ဝန်းတို့မှ သူအကြည့်လွှဲရန် ကြိုးစားမိပေမယ့် မလွှဲဖြစ်ပါချေ။ လှတုန်းပါပဲ။ ဒီစကားပြောသောမျက်ဝန်းတို့ဖြင့် သူ့မ ဆွဲဆောင်မှုရှိနေတုန်းပါလေ။

"ကိုရယ်၊ ငယ်ရွယ်စိတ်နဲ့ ကိုယ်ပိုင်ဆိုင်သမျှကို Proud ဖြစ်ခဲ့မိလို့ မှားယွင်းဆုံးဖြတ်ခဲ့မိတာကို အပြစ်မြင်တုန်းပဲလား။ ကို့ကို အဲဒီလိုရက်စက်ခဲ့မိတဲ့ဝဋ်ကြွေးမျိုးနဲ့ ဟေမာန့်နှလုံးသားလည်း ကြေကွဲခံစားခဲ့ရတဲ့ဝေဒနာဆိုးမျိုးနဲ့ ရှင်သန်နေခဲ့ရတာပါကွယ်။ ကို့အမုန်းနဲ့ ဟေမာန်သေဆုံးခဲ့ရတာကို. . . အင့်"



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲ မှိုရိုပြီး ငိုရှိုက်နေသည့်အတွက် သူက ကျောက်ရုပ်လို ငြိမ်သက်နေရတာပါလေ။ ရှန်းဖယ်ရမလား။ တွန်းဖယ်ချန်ထားခဲ့ရမလားဟူသည့် ဇဝေဇဝါစိတ်တို့ဖြင့် ဝေခွဲမရဖြစ်နေခဲ့တာကတော့ . . .



## အခန်း (၉)

"(ရ)နှစ်ဆိုတဲ့ကာလက မနည်းဘူးလေဖေဖေ။ အသက်က နောက်တစ်နှစ်တက်ရဦးမှာ။ ဒီလောက်ကုန်ကျမယ့်ငွေကြေးအတွက် ဖေဖေတို့ဘယ်လိုရှာလို့ရမှာလဲ။ စတိုးဆိုင်က အခုမှစဖွင့်တာ အရင်းတောင် မကျေသေးဘူး"

"ဒါတော့မှန်တယ်၊ ဝင်တဲ့ငွေက ဟိုဟာလေးလိုရင် ထပ်ဖြည့် ဒီဟာလေးလိုရင် ထပ်ဖြည့်ရလို့ လုံးလည်ချာလည်လိုက်နေတာ။ မဟုတ်ဘူးလားဖေဖေ"

အင်ကြင်းကပါ တပ်ကူခေါ်နေတာမို့ ခင်ပွန်းဖြစ်သူထံ ခေါ်ကလျှာ အကြည့်ရောက်သွားရ၏။ ဆိုင်စဖွင့်တာနှင့် မနက်စောစော ထချက်ပြုတ်ရ ဆိုင်ပြေးရတာမို့ အိပ်ချိန်နည်းသလို



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းနေရတာပါ။ ဒီသမီးအငယ်ဆုံးလေးသာ ကူညီမှုမရှိရင် မိမိတို့နှစ်ယောက်အတွက် မလွယ်ရေးချမလွယ်ပါချေ။

ကျောင်းစအပ်ရခါနီးမှစပြီး အစည်းအဝေးထိုင်တာက လေးယောက်သာ။ မိက ဆိုင်စောင့် ရောင်းနေပေးတာကို။ ဆိုင်သိမ်း(ပိတ်)ခါနီးရင် ဦးဇေယျက သမီးငယ်ကိုသွားကြိုပြီး ဆိုင်စောင့်ကောင်လေး ရောက်မှသာ သားအဖနှစ်ယောက်အတူ ပြန်ကြရမှာလေ။

"စာရင်းအင်းတိတိကျကျနဲ့ မေမေတို့လုပ်နိုင်ပါတယ် သမီးတို့ရယ်"

"သမီးတို့ကျောင်းတက်တုန်းက စီးပွားရေးအဆင်ပြေနေတာမို့ ထားပါတော့။ အခု အငယ်မကို ဆေးကျောင်းထားဖို့ကိုတော့ မေမေတို့ ပြန်စဉ်းစားစေချင်တယ်။ မနိုင်ဝန်ထမ်းပြီး ကျောင်းတစ်ဝက်တစ်ပျက်နဲ့ ထွက်ရရင် အကုန်နစ်နာကုန်မှာစိုးလို့ပါ"

အင်ကြင်းပြောတာက အကောင်းဘက်ကို ဦးတည်ခြင်းပါပဲ။ ပင်စင်စားမိဘတွေ ဒုက္ခပိုမှာကိုစိုးရိမ်ခြင်းလို့သာ မိမိတို့သတ်မှတ်ချင်ပါ၏။ ခက်တာက အလတ်မကိုပါ။ သူမ ကျောင်း





မပြီးခင် အငယ်လေး ဒီကျောင်းတက်ဖြစ်မှာကို ဘာအကြောင်းကြောင့်နဲ့များ ကန့်ကွက်ချင်ရတာပါလိမ့်။

"ဒီလိုပဲ ကြိုးစားပြီးထားရမှာပေါ့ သမီးတို့ရယ်။ သမီးငယ်က ဉာဏ်လည်းသိပ်ထက်၊ စာလည်းတော်ခဲ့တာမို့ ဆရာဝန်ဖြစ်စေချင်လို့ပါ"

"ဖေဖေတို့စိတ်ကို သမီးနားလည်ပါတယ်။ မိလည်း ဒီကျောင်းတက်ချင်မှာပဲဆိုတာ သိပါတယ်"

"နောက်ခံအင်အားဘာမှမရှိတဲ့နေ့တော့ စမလုပ်ဖြစ်တာ အကောင်းဆုံးပါဖေဖေ"

"ဖေဖေက ဖြစ်နိုင်တာကိုပဲ ပြောနေတာပါ။ သမီးလတ်လည်း နောက်တစ်နှစ်ပြီးရင် အလုပ်ဝင်နိုင်ပြီပဲ။ အငယ်လေးကို အနည်းအကျဉ်းလောက်တော့ သမီးလည်းထောက်ပံ့နိုင်တာပေါ့။ မဟုတ်ဘူးလား"

"ဟင်း. . . ဆောက်ဖြစ်မှ ကျောင်းအကာပါ ဖေဖေရယ်၊ အသက်ရမယ့်အလုပ်ကလည်း ကောင်းဦးမှ၊ ဝင်ငွေက ကောင်းမှာ"

လေသံက မနှစ်မြို့သလိုပါပဲလား။ တစ်သက်လုံး ရှေ့မှ

www.burmeseclassic.com



မွေးမြူစုခဲ့တဲ့မိဘတွေကို တစ်ပြန်တစ်လှည့် ပြန်ကြည့်ဖို့ကိုအသာထား။ အငယ်ဆုံးညီမကို အနည်းငယ်ထောက်ပံ့ပေးဖို့ကို အခုကတည်းက လေသံနဲ့ကန့်ကွက်ချင်ပုံရနေတာပါလေ။ အကြီးမရတဲ့လခကလည်း ရတယ်လို့သာပြောတာပါ။ သူ့ဘာသာ သုံးတာပင် မလောက်ချင်ချင်။ နှုတ်ကတော့ မိဘတွေကို ဘာလိုသလဲဆိုတဲ့ နှုတ်၏ဆောင်မခြင်းတော့ ရှိပါ၏။ လက်၏ဆောင်မခြင်းကဖြင့်. . .

"နေစမ်းပါဦး၊ နင်တို့အကြီးနှစ်ယောက်က အရင်ဆုံးမွေး အရင်ဆုံး မိဘမေတ္တာရခဲ့ပြီး အငယ်ဆုံးသမီးကို ဘာလို့ကန့်ကွက်ချင်ရတာလဲ"

"ဖေဖေ"

"ဒါတော့ ဖေဖေ တစ်ဖက်စောင်းနင်းပြောတာပဲ"

"ဘာ! "

"တော်ပါတော့ အစ်ကို၊ အငယ်မကို သွားကြိုကြရအောင်"

"မေမေကအစ အဲဒီလိုပါနေလို့ ဒီကောင်မလေးက ခေါင်းပေါ်တက်ချင်တာပေါ့"

"သက်လျာ! "





"တော်တော့အသက်၊ ဒီစကား ဒီမှာတင် ရပ်ကြတော့၊ ရှေ့ဆက် မေမေမကြားချင်ဘူး"

"သမီးတို့က မေမေတို့ ငွေကုန်ပြီး လှုပင်ပန်းဖြစ်မှာစိုးလို့ပါမေမေ၊ တလွဲမထင်ပါနဲ့"

"သမီးတို့ကို ဖေဖေတို့ လိုလေသေးမရှိ ထားပေးတာပဲမဟုတ်လား သမီးကြီး။ အခု ဘွဲ့ရပြီးချိန်ထိ ဘာများလိုအပ်တာရှိလဲ. . . ပြော"

"မဟုတ်ဘူးဖေဖေ၊ ဖေဖေအထင်မှားနေပြီ"

"တော်ပြီ အင်ကြင်း။ မိဘကို တစ်ခွန်းချင်း ပြန်ခံမပက်ချင်ပါနဲ့။ အကြီးဆုံးက စရိုင်းနေရင် အငယ်တွေက ဘယ်ယဉ်ကျေးနိုင်ပါတော့မလဲ"

"သမီးပြောတဲ့စကားတွေထဲမှာ ရိုင်းရိုင်းစိုင်းစိုင်းပြောမိတာများ ပါလို့လားဖေဖေ"

"ငါက နင်တို့ကိုမွေးတဲ့အမေပါ၊ ကိုယ့်သားသမီး ပါးစပ်ဟလိုက်တာနဲ့ ဘာပြောမယ်ဆိုတာကို အူတွင်းထဲအထိ မိဘနေရာက မြင်ပြီးသား။ ညီအစ်မချင်း စည်းစည်းလုံးလုံး ရှိစေချင်လို့ ဘာမဆို မမြင်မကြားယောင် ဆောင်ခဲ့ပေါင်းများပြီ။ ကလေးတက်လမ်းကို ပိတ်ဖို့မကြံစည်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"နင်တို့ကိုလည်း ဒီအဖေနဲ့ဒီအမေ ကျောင်းပြီးအောင် ထားပေးနိုင်ခဲ့တာ၊ ဒီလိုပဲ အငယ်မကို ငါတို့ ကျောင်းပြီးအောင် ထားမှာပဲ။ ပညာစုံ အတောင်ပေါက်လို့ ပျံချင်ရင်လည်း ကောင်း သောပျံခြင်းနဲ့ပဲ ပျံကြပါ။ အသိုက်မေ့တတ်တဲ့ငှက်တွေလိုတော့ ခြေမကာန်ချင်ကြနဲ့။ ဒါပဲ"

အသံတိတ်သွားကြလေ၏။ ညီအစ်မတွေ ကတောက် ကစ မကြာခဏဖြစ်တာကို ဝင်ရှင်းပေးခဲ့ပေမယ့် အခုက သမီး ငယ်ကို ကန့်ကွက်နေကြတာမို့ မပြောမဖြစ်ပြောမိပြီလေ။ ဒီသမီး ဂေဟာလေးကို အမြဲစည်ပင်ချမ်းမြေ့အောင် ဖန်တီးနိုင်ပါလျက် ဘယ်အရာကများ သွေးကွဲစေခဲ့တာပါလိမ့်။

Hunger ဖြင့်ချိတ်ထားသည့် မီးခိုးရောင်အနွေးထည် လေးကိုဖြုတ်ကာ ခြုံလိုက်စဉ် ခင်ပွန်းဖြစ်သူက တံခါးကိုဖွင့်နေ လေပြီ။ လမ်းမီးတွေ လင်းနေပေမယ့် လိုလိုမယ်မယ် ဓာတ်မီး တစ်လက်ကိုတော့ ကိုင်ခဲ့ပါ၏။

လမ်းမထက် လျှောက်နေစဉ် သက်ပြင်းချသံက နှစ် ယောက်သား ပြိုင်တူဖြစ်နေလေ၏။ တစ်ယောက်လက်ဝါးကို တစ်ယောက်ကိုင်ကာ တင်းတင်းဆုပ်ထားလျက် အားတင်းထား





ရပါသည်။ ဒီလိုမှမလုပ်ဖြစ်ရင် ပူပြင်းနေတဲ့ရင်ထဲမှာ မအေးချမ်း နိုင်တာလေ။

"ဘဏ်ကိစ္စ"

"ဘဏ်ကိစ္စ"

နှစ်ဦးသား ရေရွတ်သံပြိုင်တူမို့ စိတ်ရှုပ်နေသည့်ကြားမှ ပြုံးလိုက်မိ၏။ စိတ်ချင်းထပ်တူမို့ အိမ်သူဖြစ်ခဲ့တာလည်း အမှန် ပဲကိုး။

"အင်း. . . ဖေဖေပေးခဲ့တဲ့ငွေကိစ္စသာသိရင် ဒို့ထက် ပိုပြီး ပြဿနာရှုပ်မှာပဲ နိုင်"

"ဟုတ်တယ်၊ သူတို့မသိတာဘဲ ကံကောင်းတယ် မှတ် ရမယ်။ ဝိ သိရင် ဘယ်လိုဖြစ်ဦးမယ်မသိဘူး။ အစ်ကိုသမီးလေး ကရော ကျောင်းတက်ဖို့ စိတ်ပါရဲ့လား"

"ဒီလိုဖြစ်ဖို့ သူအသည်းအသန်ကြိုးစားခဲ့တာ နိုင်လည်း သိတာပဲလေ"

"ဟုတ်ပါတယ်၊ မဖြစ်ဖြစ်အောင်ထားဖို့က နိုင်တို့တာ ဝန်ပဲဟာ"

အတွေးတွေက လွင့်သွားလေ၏။ အတိတ်ကို မေ့သင့် သလောက် မေ့နိုင်ခဲ့သော်ငြား တစ်ခါတစ်ရံတော့ သတိတရရှိ



www.burmeseclassic.com

www.burmeseclassic.com



နေတတ်တာ သဘာဝပေကိုး။ လမ်းထိပ်ရောက်တော့ စတိုးဆိုင်ထဲမှာ ဟိုဒီလှည့်ကာ ဈေးရောင်းနေသည့်သမီးငယ်ကို မီးရောင်ထဲမှာ ထင်ထင်ရှားရှားမြင်နေရပါ၏။

ဈေးဝယ်သူတွေနှင့် ရယ်ရယ်မောမောပြန်ပြောနေသည့် သမီး၏အပြုံးလေးက ဖြူစင်ဝင်းပနေတာပါလေ။ ဒီမျက်နှာချိုချိုလေးနဲ့များ လူနာတွေကိုဆေးကုသပေးရင် အဲဒီဘယ်မျှ ရောဂါသက်သာမှာပါလိမ့်နော်။

“ကျေးဇူးအများကြီးတင်ပါတယ်ရှင်၊ နောက်လည်း လိုတာရှိရင် လာအားပေးပါနော်”

မှန်တံခါးပွင့်သွားစဉ် ခပ်ချိုချိုအသံလေးက အပြင်သို့လွင့်လာလေ၏။ လူရှင်းသွားပြီမို့ စင်တွေထက်မှပစ္စည်းတွေကို နေသားတကျအမြင်ရှင်းအောင် ပြန်စီနေတာမို့ မိဘတွေကို မီမမြင်သေးချေ။ မှန်တံခါးကိုတွန်းလိုက်မိစဉ် ဆတ်ခနဲ ဦးညွှတ်နှုတ်ဆက်လိုက်လေ၏။

“မင်္ဂလာပါရှင်၊ ဘာများအလိုရှိ. . . ဟာ! ဖေဖေနဲ့မေမေပါလား။ နှစ်ယောက်စလုံး မီ့ကိုလာကြိုတာပေါ့လေ”

“ဟုတ်ပါ့ရှင်”

“အား! ဟားဟား. . . ပျော်လိုက်တာ၊ အတော်ပဲ၊ မီ





ခေါက်မုန့်ဝယ်စားချင်နေတာ ဆိုင်တောင်သိမ်းပြီလားမသိဘူး”

“အိမ်ပြန်ရင် ထမင်းစားရမှာကို သမီးရာ”

“မုမုလေး စားချင်လို့ပါဖေဖေရဲ့ ဟော. . . ရှိတယ်၊ ဒီ ခဏသွားပြေးဝယ်လိုက်ဦးမယ်နော်”

လှမ်းမြင်နေရတာမို့ မတားကြပါ။ မီက အပေါ်မှထပ်ဝတ်ထားသည့်ရှပ်အင်္ကျီကို ခါးစည်းချည်လိုက်ပြီး တဘုတ်ဘုတ်ခြေသံဖြင့် ခေါက်မုန့်ဆိုင်လေးဆီ အပြေးသွားလိုက်မိ၏။

“ရှိသေးလားဟင် အစ်မ”

“နှစ်ခုစာပဲ ကျန်တော့တယ် ညီမလေးရဲ့”

“ကြက်ဥနဲ့ရမလား”

“ရတယ်”

“ရရင်လုပ်ပေးပါ အစ်မ၊ ဆိုင်စဖွင့်ရောင်းကတည်းက လာစားချင်နေတာ၊ ရောင်းကောင်းရဲ့လားဟင်”

“ပုံမှန်ပါပဲကွယ်”

မီးသွေးဖိုမှ မီးသွေးနံ့နှင့် ခေါက်မုန့်နံ့မွှေးမွှေးကို ရှူရှိုက်လိုက်ပြီး ပြုံးလိုက်မိပါ၏။ ခဏမျှစောင့်ရမှာမို့ လက်ပိုက်ကာ ခြေထောက်ကို ဟိုရွှေ့ဒီရွှေ့ဆော့နေမိလေသည်။ ကျောင်းတက်ရတော့မည်။ မီတော့ ဆေးကျောင်းသူလေးဖြစ်ရချေရဲ့။ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲမှာ မျက်နှာဝင့်ပြီး ဂျူတီကုတ်ဖြူဖြူလေးတွေဝတ်ကာ နားကျပ်ကိုင် လမ်းလျှောက်တတ်ကြတဲ့ မမဒေါက်တာတွေကို အဘယ်မျှ မီ အားကျခဲ့ရတာပါလဲ။

"တီ!"

"အမေ့!"

ကားမီးရောင် ဝင်းခနဲဖြာကျကာ ဟွန်းတီးသံကြောင့် တွန့်ခနဲဖြစ်သွားပြီး လှည့်ကြည့်လိုက်ပါ၏။ အို! အစ်ကိုကြီးရဲ့ကား ပါလား။ စက်ရှိန်လျှော့လိုက်ပြီး Platform ဘေးမှာ ရပ်လိုက် သဖြင့် မီက လှမ်းပြုံးပြလိုက်ပါသည်။

"ပြန်လာပြီလား အစ်ကိုကြီး"

"ခုထိမပြန်သေးဘူးလား။ မှောင်နေပြီကို"

"ပြန်တော့မှာပါ အစ်ကိုကြီးရဲ့"

"ပြန်မယ့်လူက အဲဒီမှာ ဘာရပ်လုပ်နေတာတုန်း"

"အဟင်း. . . မုန့်စောင့်နေတာ"

"ကျစ်! တစ်ယောက်တည်းလား"

"ဟုတ်ပါဘူး။ ဖေဖေနဲ့မေမေ ဆိုင်ထဲမှာစောင့်နေပါ တယ် အစ်ကိုကြီးရဲ့"

"ကိုးနာရီတောင် ထိုးခါနီးနေပြီ။ တော်တော်နောက်တ





နေပြီ ချာတိတ်ရဲ့။ ပြန်သင့်ပြီ"

မီက ကျေနပ်စွာပြုံးလိုက်ပြီး မုန့်သည်အစ်မ လှမ်းပေး သည့်မုန့်ထုပ်အိတ်ကိုယူပြီး ပိုက်ဆံပြန်ပေးလိုက်ပါ၏။ မှီကိုပြန် သင့်ပြီလို့ အစ်ကိုကြီးပီပီ အမိန့်ပေးနေတာ ရယ်စရာကြီးပဲဟာ နော်။

"အစ်ကိုကြီးတောင် အခုမှ duty ဆင်းလာတာမဟုတ် လား။ သိပ်မမှောင်သေးပါဘူး"

"ဒီလောက်မဲမှောင်နေတာကို ဘာသိပ်မမှောင်ဘူးလဲ"

"သမီးငယ်. . . မောင်ဖြိုးရောက်ပြီပော့၊ ပြန်ကြစို့"

"လာပြီဖေဖေ"

ဖေဖေအသံလှမ်းပြုလိုက်တာမို့ ကလေးပီပီ စတိုးဆိုင် ရှိရာဆီ ပြေးလိုက်ပါ၏။ ကိုဖြိုးက ဆိုင်ထဲမှာ ညအိပ်မှာမို့ ဆိုင် သော့ခတ်ပြီးမှ အိမ်ရန် ရပ်စောင့်နေလေသည်။ သူ့ကားက မီ တို့ဆိုင်ရှေ့မှာ ရပ်သွားတာမို့ မေမေသတိထားမိသွားပါ၏။

"ဩော်. . . သားကိုး"

"အပြန်လမ်းကြုံလိုက်ခဲ့ပါလား အန်တီ"

"နေပါစေသားရယ်၊ သားလည်း တစ်နေကုန်ပင်ပန်း လာတဲ့ဟာ၊ နားပါတော့။ အန်တီတို့သားအမိသားအဖတွေ ပြမ်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ အေးအေးဆေးဆေးလျှောက်ပြန်ပါ့မယ်"

"အားနာလို့လား အန်တီ"

"အဲဒါလည်း ပါတာပေါ့"

"အိမ်နီးချင်းတွေကိုပဲ အန်တီရယ်"

"ရပါတယ် ဒေါက်တာ၊ အန်ကယ်တို့သားအဖ စကား စမြည်ပြောရင်း လမ်းလျှောက်ပြန်ကြမှာမို့လို့ပါ"

"ဒါဖြင့် ကျွန်တော် ပြန်တော့မယ်နော်၊ ခွင့်ပြုပါဦး"

မိတို့ကိုနှုတ်ဆက်ပြီး သူ့ကားက လမ်းကြားထဲကို ဝင်သွားလေ၏။ ဖေဖေ့လက်မောင်းနှင့် မေမေ့လက်မောင်းကို ချိတ်ကာ အလယ်မှ မိ လမ်းလျှောက်လိုက်ပါ၏။ ကျောင်းတက်ရခါနီးမှပဲ မို့အရစ်က ပိုမြင့်လာပြီး ဖေဖေ့ကိုပင် မိုခါနီးနေပြီလေ။

"ဘာတွေသဘောကျနေတာလဲ"

"ဟီးဟီး. . . မိက ဖေဖေ့အရစ်ကိုမီတော့မှာလေ"

"ဒီကလန်ကလားအရစ်ကြီးကိုများ သူက သဘောကျရတယ်လို့၊ အရှုးအပေါမ"

မေမေရေရွတ်တာကို မနာဘဲ မိက တဟီဟီဖြင့် ရယ်ပင်ရယ်လိုက်မိပါ၏။ မိတနှစ်ယောက်ကြားမှာ လမ်းလျှောက်ရင်း ခုန်ခွခုန်ခွဆော့တာမို့ ဖေဖေက မို့ခေါင်းကို အသာထုလေသည်။





အိမ်ပြန်ရောက်တော့ အိမ်ထဲဝင်ကာ အစ်မနှစ်ယောက်ကို ခေါ်လိုက်မိပါ၏။

"မကြီးနဲ့မလေးရေ ထမင်းစားကြစို့လေ"

ဧည့်ခန်းမှာရှိနေသည့် အစ်မနှစ်ယောက်၏ ခပ်စိမ်းစိမ်းအကြည့်တို့ကြောင့် မိ ပြောလက်စကားရပ်သွားသလို တအံ့တသြဖြင့် ခြေလှမ်းတို့ပါ တုံ့ခနဲဖြစ်သွားရလေသည်။

ဘာကြောင့်များပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

မနက်စောစောထပြီး မေမေ ထမင်းဟင်းချက်တာကို ဝိုင်းကူလုပ်ပေးပါ၏။ မနေ့ညနေက ကြော်ထားသည့်ငါးဖယ်ငါးဆုပ်လုံးပြားပြားလေးတွေကို ခရမ်းချဉ်သီးနှင့် အရည်စပ်စပ်လေးချက်ကာ နံနံပင်အုပ်ပြီးမှ ဒယ်အိုးချလိုက်ပါသည်။ ပဲသီးတောင့်ရှည်ကို ကတ်ကြေးဖြင့် ခပ်စောင်းစောင်းတစ်ဖွေ့ တစ်လက်မခန့်စီဖြတ်ကာ ပုစွန်ခြောက်ဖြင့် ဆီအိအိကြော်လိုက်ပါ၏။

မကြီးနှင့်မလေးက ဟင်းနည်းနည်းဖြင့် မစားတတ်တာမို့ ကြက်သားပြုတ်ကြော်ကို ကြွတ်နေအောင် ကြော်ပေးနေပါသည်။ မေမေက ဘုရားဆွမ်းတော်တင် သောက်တော်ရေနှင့်မျက်နှာသစ်တော်ရေ ကပ်ကာ ဘုရားရှိခိုးနေပြီမို့ မီးဖိုထဲမှာ မီတစ်ဦးသာ ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညတုန်းက မို့ကို အစ်မနှစ်ယောက်စလုံး ဘာလို့စကာ မပြောကြသလဲဆိုတာကို တွေးမရ။ အတူတစ်ခန်းတည်းအိပ် သည့် မလေးက အခန်းထဲရောက်သည်နှင့် စာကြည့်စားပွဲထို နေပြီမို့ မို စကားမပြောဝံ့။ အိပ်ချိန်ရောက်တော့လည်း သူ့ကုတ မှာ မို့ကိုကျောပေးအိပ်သွားတာပါလေ။

"သမီးငယ်၊ ကျောင်းသွားဖို့ပြင်တော့လေ"

"ဟုတ်"

ခါတိုင်းတော့ အစ်မတွေကိုသာ အရင်ဦးစားပေးရတ မို့ မို့ရေချိုးချိန်ဟာ မနက်ဆယ်နာရီနှင့် ညနေလေးနာရီပါ။ အ တော့ မိက ကျောင်းစတက်ရပြီမို့ ဝီရိယစိုက်ကာ ခပ်စောစော နှင့်နေပြီး ရေချိုးခန်းအရင်ဦးပြီလေ။

မိက ရေချိုးရင် ဝိမ်နှင့် (ရေအေးကိုကြိုက်တာမို့) ကြာကြာချိုးနေမိပါ၏။ အခုမှ မနက်ခြောက်နာရီခွဲသေးတာ၊ အ တွေ အများကြီးရှိသေးတာပေါ့နော်။ ဖေဖေမှာထားတာမို့ ကျော မှာ သူငယ်ချင်းရှာရမှာဖြစ်သလို နီးစပ်ကာ သူ့သူငယ်ချင်း တစ်ဆင့် ကျောင်းသားရပြီး စီးလို့ရရန် ဖယ်ရီရှာလို့ရမှ မို့အတွ အဆင်ပြေမှာကိုး။

"ဒုန်း! ဒုန်း! ဒုန်း!. . ."





"အထဲမှာ ဘယ်သူလဲ"

"အငယ်မ ရေချိုးနေတာ အသက်ရေ့"

"ဟာ. . . ဒီနေ့ Field ဆင်းရမှာမို့ စောစောသွားရပါ ယ်ဆိုမှ ခင်းက ရေချိုးခန်းလုနေပြန်ပြီ"

"သမီးငယ် ပြီးတော့မှာပါ သမီးလတ်ရယ်၊ တစ်အောင့် လေးပဲ စောင့်ရမှာပါ။ ကိုယ် ဆိုင်သွားဖွင့်နှင့်ပြီ နိုင်"

"အဆာပြေစားပြီးမှ သွားလေ အစ်ကိုရဲ့"

"အငယ်မ"

"ဒုန်း! ဒုန်း!. . ."

"ခဏလေး မလေးရေ့၊ ပြီးပြီ. . . ပြီးပြီ"

"နှုတ်ကသာ ပြီးပြီပြောနေတယ်၊ လူက ခုထိအပြင်ကို ထွက်မလာသေးဘူး။ အမြဲရေစိမ်ချိုးတဲ့ ရေဖိမ်ကျွဲမ"

"ဟဲ့ စောစောစီးစီး မဟုတ်မဟပ်နဲ့ အသက်နော်"

ဖေဖေ ဆိုင်သွားဖွင့်မည်ကြားလိုက်တာမို့ ရေချိုးတာကို အမြန်လက်စသပ်ရလေ၏။ ဖေဖေ့ဆီက စာရွက်စာတမ်းကြေး တို့ မုန့်ဖိုးတို့ မိတောင်းရဦးမှာလေ။ ဆိုင်မှာတောင်းရင် လက်ကျန် အကြွေပဲ ထားတတ်တာမို့ မိလက်လျှော့ရမှာကိုး။

"ဖေဖေသွားပြီလား. . . ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော"

"မို့ကိုမုန့်ဖိုးပေးဖို့ မမေ့နဲ့ဦးနော်၊ မုန့်ဖိုး. . . မုန့်ဖိုး"

ထမီရေလျှားပေါ် တဘက်ခြုံကာ ဖေဖေ့အနီးမှာ လက်ဝါးဖြန့်တော်င်းလိုက်မိပါ၏။ အိပ်ခန်းထဲမှထွက်လာသည့်မကြီးမ မကြည်သလိုအကြည့်ကြောင့် လက်ဝါးဖြန့်နေတာကို ရှက်အမ်းအမ်းဖြစ်သွားရပါသည်။

"ဖေဖေမသွားသေးပါဘူး သမီးရာ၊ အအေးမိဦးမယ် အဝတ်မြန်မြန်သွားလဲပြီး ပြင်"

"ခါတိုင်းလို ရှပ်အင်္ကျီကြီးကောက်မဝတ်နဲ့နော် မီ။ မေမေ့, ဟိုတလောက ချုပ်ပေးထားတဲ့အထဲမှာ ယူပြီးဝတ်။ အင်္ကျီနဲ့ လုံချည် တွဲထားပြီးသား"

"အမ်း. . . ဘာအရောင်ဝတ်ရမလဲ မေမေ"

"အဝါလေး ဝတ်သွားလေ၊ လုံချည်က ကျောက်စိမ်းရောင်ပေါ်မှာ နှင်းဆီဝါလေးတွေ ကျဲထားတဲ့ ပါတိတ်ဆင်လို အပျော့သားလေး။ အဲဒါဝတ်သွား"

"ဟုတ်! မေမေ့ဗီရိုထဲမှာလား"

"အင်း"

မေမေတို့အခန်းထဲဝင်ကာ မေမေ့ဗီရိုအောက်ဆုံးထပ်





မှာ စီထည့်ထားသည့်အဝတ်ထပ်များထဲမှ မေမေပြောသည့် လုံချည်ကို အပေါ်မှအဝတ်ထပ်ဖယ်ကာ အသာယူလိုက်ပါ၏။ အင်္ကျီက ဘယ်မှာလဲ၊ လုံချည်ခေါက်ကို အသာလှပ်ကြည့်စဉ် အတွင်းမှာ သေချာပုံကျကျ ခေါက်ထားသည့် Blouse အဝါလေးကို တွေ့လိုက်ရလေသည်။

အစ်မနှစ်ယောက်က မိတ်ကပ်သာ အများဆုံး လူး အလှပြင်ကြတာမို့ အိမ်မှာ သနပ်ခါးကြိုက်သည့်မီက မေမေ့ကျောက်ပျဉ်ကြီးမှာပင် အားရပါးရသွေးပြီး သနပ်ခါး လူးလေ့ရှိပါသည်။ ကျောက်ပျဉ်ကို ရေအရင်ဆေးလျက် သနပ်ခါးသွေးနေစဉ် အခန်းတံခါးပွင့်သွားလေသည်။

"မီ. . ."

"ရှင်. . . မေမေ"

"အင်္ကျီထုတ်ပြီးပြီလား"

"ဟုတ်"

"မေမေထမင်းချိုင့်ထည့်ပေးပြီးပြီ၊ သမီးဖေဖေနဲ့အတူ ထမင်းကြော်စားသွားဦး။ အဆာပြေမစားသွားရင် တော်ကြာ ဗိုက်အောင့်နေဦးမယ်"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ဗီရိုကိုဖွင့်ကာ အတွင်းမှယွန်းသေတ္တာလေးကိုယူလျက် မီ့အနီးမှာ လာထိုင်လိုက်လေ၏။ သော့သေးသေးလေးကိုဖွင့်လိုက်တာမို့ စပ်ရတတ်သည့်မီ့အကြည့်က ယွန်းသေတ္တာလေးထဲ ရောက်သွားပါသည်။ ဘာတွေပါလိမ့်။

"ဒါလေးတွေ ဝတ်သွားလိုက် သမီး၊ တော်ကြာ အများအလယ်မှာ မေမေ့သမီးမှိန်နေဦးမယ်"

"ဟာ! မေမေ၊ မီး,မဝတ်ချင်ဘူး။ အဲဒါမျိုးတွေ မီမှမကြိုက်တာ မေမေရဲ့။ နေပါစေ"

"မဟုတ်တာ၊ သမီးကလည်း သမီးမမတွေကို ဆယ်တန်းအောင်ကတည်းက မေမေဆင်ထားပြီးတာကြာပြီ။ သမီးကိုဘာတစ်ခုမှမပေးဖြစ်သေးဘူး။ ဝတ်သွားလိုက်ပါ မီရဲ့။ မှုံမှုံလေးတွေပဲဟာ၊ သမီးနဲ့လည်းလိုက်ပါတယ်"

မီ ခေါင်းကိုခါပြလိုက်ပါ၏။ မေမေ့မှာ စုဆောင်းထားတဲ့ ရွှေထည်တွေကျောက်တွေ တော်တော်များများရှိတာမို့ ပွဲလမ်းသွားရတဲ့အခါမျိုးမှာ အစ်မနှစ်ယောက်ကို ပေးဝတ်တတ်မှန်း မီသိပါသည်။ မီ့ကိုတော့ ကလေးဆိုပြီး ပျောက်ရှမှာစိုးတာကြောင့် ဘာကိုမှ မဆင်ပေးခဲ့။

အခု ဆေးကျောင်းတက်မယ်ဆိုမှ သမီးဖြစ်သူကို လှစေ





ချင်တာတဲ့လား။ မီက သိပ်အချောစားအလှစားမိန်းကလေးမဟုတ်သလို အလှအပကိုလည်း မက်မောခြင်းမရှိပါ။ ထို့နည်းတူ ဒီလိုလက်ဝတ်လက်စားရတနာမျိုးကိုလည်း မခုံမင်တတ်ပါလေ။

"မီ မဝတ်ချင်ဘူးမေမေ"

"ဘာဖြစ်လို့လဲ"

"တစ်ခါမှလည်း ဝတ်ဖူးခဲ့တာမဟုတ်တော့ ပျောက်မှာစိုးလို့ပါ။ မီ့အတွက် ဝန်ပိုပါတယ်မေမေရယ်။ ပြန်သိမ်းထားလိုက်ပါ"

"ကွယ်. . . သမီးရယ်"

"မီဝတ်ချင်တဲ့ပွဲရှိရင်တော့ မေမေ့ဆီမှာ ခွင့်တောင်းပြီးဝတ်ပါ့မယ်မေမေ၊ အခုတော့ မဝတ်ပါရစေနဲ့မေမေ. . . နော်"

"သမီးရယ်၊ Fresher welcome day မို့ သမီးဖေဖေက ဝတ်ခိုင်းလို့ပါ။ ပြီးတော့ သမီးကိုပြောစရာရှိသေးတယ်"

"ဘာလဲဟင်"

"နောက်ကို သမီးဘာပဲလိုလို မေမေ့ကိုဖြစ်ဖြစ် သမီးဖေဖေကိုဖြစ်ဖြစ် တောင်းလို့ရတယ် မီ၊ ဒါပေမဲ့ သမီးအစ်မတွေရှေ့မှာတော့ မတောင်းမိစေနဲ့၊ ဟုတ်ပြီလား"

မီ နားမလည်ပါလေ။ ဒီစကားမျိုး မေမေဘာလို့ပြော



www.burmeseclassic.com

www.burmeseclassic.com



တာပါလဲ။ မိသားစုကြား ဘာလို့ဝှက်ချက်မှမရှိရဘူးဆိုပြီး အခု တော့ မိတို့မိသားစုထဲမှာ တစ်ခုခုထူးခြားနေလေပြီ။ ခါတိုင်းအထူး အဆန်းမဟုတ်တဲ့ကိစ္စကို အရေးတယူပြောနေတာ ဘာကြောင့် ပါလဲ။ အဖြေရအောင်တွေးဖို့ မိ ဉာဏ်မမီနိုင်ပါချေ။

မေမေက သနပ်ခါးလူးနေသည့်မိနောက်ကျောဘက်မှ နေ၍ အသည်းပုံလော့ကက်နှင့် ရွှေဆွဲကြိုးမျှင်မျှင် (မိုစိတ်ထင် ငါးမူးသားခန့်)ကို လာဆွဲပေးကာ မိဘယ်လက်ခလယ်၌ မောင်း ကွင်း (ဆောက်ဖြစ်)လက်စွပ်သုံးကွင်းကို စွပ်ပေးလေ၏။ ပြီး နောက် ကြယ်ပုံဆွဲသီးလေးပါသည့် Handchain ကိုပါ လက် မှာပတ်တော့ မိုမျက်နှာ အမ်းတမ်းတမ်း။ မိက ဒီလို တစ်ခါမှ အလှမဆင်ခဲ့ဖူးတာလေ။

"လှတော့ထဲ တိုးရမှာ၊ ဆေးကျောင်းသူ မေမေ့သမီး လေး လူကြီးလုပ်ရပြီပဲ"

ဘီးကိုပါယူ၍ ဖြီးပေးလိုက်တာမို့ မိပြုံးမြှမြှလေး ဖြစ် သွားရပါ၏။ မိအရွယ်ရောက်ချိန်ကစပြီး ဒီလိုယုယမှုမျိုးကို မေမေ့ ထံမှ မရတော့တာလေ။ ဟိုးအရင်တုန်းကလို မိုကို သိပ်အလေး မထားတဲ့ဟန်မျိုး မေမေ့ထံကနေ ဘယ်ဆီကိုလွင့်ပျောက်သွား ကုန်ပါလိမ့်။





"မေမေ"

"ဟင်"

မိအင်္ကျီဝတ်တော့ အင်္ကျီမှာ ကျောက်ကြယ်သီးလေးတွေ ကို တပ်ထားမှန်း မြင်လိုက်ရ၏။ မေမေက မိုကို အင်္ကျီကြယ်သီး ပိုင်းတပ်ပေးနေပြန်လေသည်။

"မမကြီးတို့က မိုကိုအပြစ်တင်နေကြလို့လားဟင်"

"ဘာကိုလဲ မိရဲ့"

"မရှိတဲ့ကြားက မိ ဒီကျောင်းတက်မိတာကိုလေ"

"အင်း. . . မနာလိုစိတ်ရှိကောင်းရှိနိုင်တာပဲလေ။ ဘာ ပဲဖြစ်ဖြစ် မေမေတို့မိဘတွေက သားသမီးတိုင်းကို ပညာရေးဆုံး ခန်းတိုင်အောင် သင်ပေးရမှာပဲဟာ။ သူတို့ဘာပြောပြော သိပ် အမှတ်မထားနဲ့။ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

မေမေ့ဗီရိုမှန်ရှေ့မှာ မတ်တတ်ရပ်လိုက်တော့ မိုကိုယ်မိ အတော်အံ့ဩသွားရပါ၏။ ကြည့်စမ်း! မိမိဖေယျတစ်ယောက်က တော့ ဒီနေ့အရောင်တွေ တယ်လက်နေသလိုပါပဲလား။

"ကဲ! လာ၊ အဆာပြေစားရအောင်"

ထမင်းစားခန်းကိုရောက်တော့ မကြီးရော မလေးပါ ...



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နှင့်နေလေပြီ။ ဖေဖေက စားပြီးပြီမို့ ခုံမှထရပ်လိုက်ပြီး အခန်းထဲဝင်သွားပါ၏။ မေမေက မီစားဖို့ ထမင်းကြော်ခူးပေးတော့ အစ်မနှစ်ယောက်မျက်စောင်းက ဒိုင်းခနဲကျလာလေသည်။

ဘယ်လိုလဲ။ အရင်ကဆို အစ်မနှစ်ယောက်ကို မီကိုယ်တိုင် ထမင်းချက်ခူးကျွေးခဲ့တာပါ။ အခုမှ မီကျောင်းတက်ရတာမို့ မေမေက မီ့အတွက် အကုန်လုပ်ပေးနေတာကို မကျေနပ်ကြသလိုပါပဲလား။

"သမီးငယ်ရေ မြန်မြန်သွက်သွက်လုပ်ပော့"

"ဟုတ်ကဲ့မေမေ"

ထမင်းကို ပလုပ်ပလောင်းစားလိုက်ပြီး ထရပ်လိုက်စဉ် မေမေက မီသောက်ဖို့ သောက်ရေကို မီ့လက်ထဲကို အဆင်သင့်ထည့်ပေးလေ၏။ အစ်မနှစ်ယောက်စလုံးက ထိုင်ရာက မထသေးဘဲ (စားပြီးနေကြပေမယ့်) မီ့ကိုအကဲခတ်နေတာပါလား။

"ထားခဲ့လိုက် မီ၊ မေမေပဲ ဆေးလိုက်မယ်။ ဒီမှာ ထမင်းချိုင့်။ ရော့. . . သွားသွား။ တော်ကြာ နောက်ကျနေဦးမယ်"

"ဟုတ်. . . မီသွားပြီ မေမေ"

မေမေ့ပါးပြင်ကို ရွှတ်ခနဲမွှေးလိုက်ပြီး အိမ်ရှေ့ဆီ ခပ်သွက်သွက်လျှောက်လာခဲ့စဉ် နောက်ပါးဆီမှ မလေး၏အသံက





ထွက်လာလေ၏။

"မေမေက အစအဆုံးလိုက်လုပ်နေတာပါပဲလား"

"ညည်းကျောင်းတက်နေစဉ်တလျှောက်ကရော မီက အကုန်မလုပ်ပေးလို့လား အသက်ရဲ့။ ဒီလိုခနဲ့သလို စကားမျိုး ဆက်မပြောစမ်းနဲ့ သက်လျာခိုင်။ အခုထမင်းချိုင့်ထည့်ဖို့ ဟင်းတွေကအစ မီပဲအကုန်ချက်ပေးသွားတာ။ ဟိုက အငယ်ဆုံးဖြစ်ပေမယ့် အမြဲစောစောထပြီး သူ့အလုပ်သူ တာဝန်ကျေအောင်လုပ်သွားတဲ့ကလေးဟဲ့"

အလိုလေး! မေမေက မီ့ကိုနည်းနည်းလေး အလိုလိုက်တန်လုပ်ပေးတာနဲ့ မလေးက ပြဿနာရှာနေတာပါလား။ ဘာကြီးလဲ၊ ညတုန်းက ဆိုင်ကိုရောက်လာတဲ့ဖေဖေရော မေမေပါ မျက်နှာတစ်မျိုးဖြစ်နေတာကို မီသေချာမသိခဲ့တာလေ။

ဘာကြောင့်လဲ၊ မီ ဆေးကျောင်းတက်ရင် ငွေကုန်မှာစိုးလို့ မမတို့ ကန့်ကွက်နေကြတာပဲလား။ မီသိပ်တက်ချင်နေတဲ့ကျောင်းမို့ မရမကတက်မိသည့်မီက အတော်လေး ဆိုးနေသလိုနယ်။

ဟုတ်ပါတယ်။ မီက ဘာမဆို ပူဆာရင် အရုပ်ဝယ်ပေးဆိုတဲ့စကားပါပဲ။ တစ်ခါတစ်ရံ ဖျားတဲ့အခါမျိုးမှာ ဖေဖေနဲ့တူ



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းသွား။ ပြီးရင် ဈေးထိပ်မှာ ကြက်သားဆန်ပြုတ်ဝယ်ကျွေး စတိုးဆိုင်ကအရုပ်ကို လက်ညှိုးထိုးပူဆာလို့ ရပြီးရင် ထိုအဖျား က ဆေးခန်းတစ်ခါသွားပြီးတာနဲ့ ပျောက်ချေပြီ။

အလှအပပစ္စည်းအသုံးအဆောင် အဝတ်အစားတို့ကို တစ်ကြိမ်တစ်ခါမျှ ပူဆာရိုးမရှိခဲ့သည့် ထိုသို့သောမိပါလေ။

ဖေဖေပေးလိုက်သည့် ပိုက်ဆံခေါက်လေးကို မရေသဲ စာအုပ်ကြားထဲသို့ ညှပ်လိုက်ပါ၏။ (မိက ပိုက်ဆံအိတ်ကိုင်ဖာ ကို ရှက်တတ်သူပါ) ကားခလောက်ကိုသာ လွယ်အိတ်အတွင်း အိတ်ဖစ်လေးဖွင့်ကာ ထည့်ထားပြီး အိမ်ထဲမှထွက်လာခဲ့ပါသည်။

"တီ!. . ."

ရုတ်တရက် ဘေးမှတီးလိုက်သည့် ကားဟွန်းသံကြောင့် လှည့်ကြည့်မိစဉ် အစ်ကိုကြီးကားဖြစ်နေလေ၏။



## အခန်း (၁၁)

"ဒါက စောစောစီးစီး ဘယ်လဲ"

"ကျောင်း"

"ဒီနေ့စတက်မှာပေါ့လေ"

"ဟုတ်ကဲ့"

"Taxi နဲ့သွားမှာပေါ့၊ ဟုတ်လား"

"ဟုတ်"

"ကိုယ်လိုက်ပို့ပေးရမလား"

"အို! မဟုတ်တာ၊ နေပါစေ၊ အားနာစရာကြီး"

လက်ခါကာ ငြင်းလိုက်သည့်ချာတိတ်မလေးကြောင့် သူ ပြုံးမိလေ၏။ ဒါလား ဆေးကျောင်းသူ။ ပိန်ပိန်ရှည်ရှည် ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကလားလေးဖြစ်နေတာကို။ မိန်းကလေးဖြစ်ပြီး ဤကလေးမ
အရပ်ကို ရှည်လွန်းနေတာလေ။

"ဘာဖြစ်လဲ၊ ဦးဆုံးနေ့မှာ ကိုယ်ပိုင်ကားနဲ့ ကျောင်း
တက်ရမှာကို ဂုဏ်တောင်ယူတတ်ရဦးမှာ။ ဘယ်လိုဖြစ်ပြီး ငြင်း
နေရတာလဲ"

"မီတို့ပိုင်တဲ့ကားမှ မဟုတ်တာ အစ်ကိုကြီးရဲ့"

"ဘာဖြစ်လဲ၊ ကိုယ်တို့အိမ်က မောင်မြင့်ကို ထမင်းဟင်း
ဘယ်လိုချက်ရသလဲဆိုတဲ့နည်းတွေ သင်ပေးတာ။ ထမင်းစားခါ
နီး အသုတ်တို့ အရွက်ကြော်တို့ လုပ်ပေးတာတွေရှိတာပဲ။ အပြ
အလှန်ရင်းနှီးတဲ့ အိမ်နီးချင်းတွေပဲမဟုတ်လား ချာတိတ်ရဲ့"

ကောင်မလေးက လက်ညှိုးကိုက်လျက် စဉ်းစားဟန်ပြ
လေ၏။ ဒီအိမ်က မိန်းကလေးသုံးဦးစလုံးကို သူမြင်ခဲ့ပေမယ်
အကြီးမလေးတွေက မာနကြီးတဲ့မျက်နှာတွေမို့ သူတို့အိမ်နှင့် မရင်
နီးကြတာအမှန်ပါ။ ဒီကောင်မလေးနဲ့မိဘနှစ်ဦးကတော့ သူ့ကို
စမြင်ကတည်းက (ဆရာဝန်မှန်းသိ၍လားတော့မသိ) တလေ
တစားခေါ်ဝေါ်ပြောဆိုလေ့ရှိတာလေ။

"မီ့ကျောင်းက ဝေးမှာ အစ်ကိုကြီးရဲ့"

"ဝေးဝေးပေါ့၊ လိုက်ပို့ပေးပါ့မယ်လို့ပြောနေတဲ့လူ



BURMESE CLASSIC .com



အရွက်ရအောင် လုပ်ရသလား"

"Sorry! Sorry!...မီက အဟုတ်ကို အားနာလို့ပြော
နေတာပါ အစ်ကိုကြီးရဲ့"

"ရပ်ပြောနေတာနဲ့တင် ဆယ်မိနစ် ဖြုန်းတီးနေပြီ"

သူက တစ်ဖက်တံခါးလက်ကို လှမ်းဖွင့်ပေးလိုက်တာ
မို့ သူမက ရှက်ပြုံးလေးဖြင့် ကားရှေ့ခန်းကို တက်ထိုင်လိုက်
လေ၏။ ထင်ထားသလိုမျိုး Make-up တို့ Body spray နံ့
တို့မရဘဲ ရှင်မတောင်သနပ်ခါးရနံ့ သင်းသင်းလေးကြောင့် သူ
အံ့ဩသွားရပါ၏။ ၂၀ ရာစုသမီးပျိုရဲ့ Favourate က မြန်မာ့
သနပ်ခါးတဲ့လား။

လွယ်အိတ်ထဲမှစာအုပ်တွေကို နှိုက်ကြည့်နေတာမို့ သူမ
ဆံပင်တို့က မျက်နှာကိုအုပ်နေပါ၏။ ဘယ်လိုကြောင့် ဒီလိုစိတ်
ရှုပ်စရာဆံပင် Style မျိုးကို ညှပ်ရပါသလဲ။ ကျောင်းမှာစာသင်
နေရင် ဒီဆံပင်က သူမကိုနှောင့်ယှက်တော့မှာ အမှန်ပါပဲလား။

ဘေးနှစ်ဖက်မှ ဆံပင်တို့က ရှည်ထွက်နေတာမို့ မျက်နှာ
ကို သိပ်မမြင်ရသော်ငြား နောက်ဘက်မှ ကုတ်သားဝင်းဝင်းလေး
ကဖြင့် ဆံပင်တိုနေတာမို့ ဝင်းခနဲမြင်သာနေပါ၏။ ဒီကလေးမရဲ့
ခြေဆံလက်ဆံကအစ ရှည်မျောမျောသွယ်သွယ်လေးတွေပါတကား။



www.burmeseclassic.com

www.burmeseclassic.com



"နာမည် ဘယ်လိုခေါ်လဲ"

"မှီနာမည်?"

"ဟုတ်တယ်"

"ကိုမောင်မြင့် ပြန်မပြောပြဘူးလား"

"သူပြောရင် အငယ်လေးလို့ပဲ အမြဲပြောတော့ ဘယ်သိမှာလဲ"

"အစ်ကိုကြီးညာပြီ"

"ဘာဖြစ်လို့လဲ"

"ဈေးလိုက်ပို့တုန်းက မီ တစ်ခါပြောဖူးတဲ့ဟာကို"

"ဟုတ်လား"

"မေ့သွားတာမဟုတ်လား"

သူရယ်လိုက်မိတော့ သူမက ဆံပင်ကို နားရွက်ကြားထဲ ဖယ်ထိုးလိုက်ပြီး မျက်စောင်းခဲလိုက်လေ၏။ ဒါက သူ့အကျင့်ပဲ မဟုတ်လား။ မိန်းကလေးတွေကို သိပ်မရင်းနှီးတတ်သလို နာမည် မှတ်ရတာကိုလည်း သူ့အဖို့ ခက်ခဲလွန်းတာလေ။

"ဝန်မခံချင်ဘူးမဟုတ်လား"

"ဝန်ခံပါတယ်ဗျာ"

"ဒီလိုပဲဖြစ်ရမယ်လေ၊ ဒေါက်တာဆိုပြီး ဉာဏ်ကောင်း





တဲ့အစ်ကိုကြီးက မှီကိုမသိချင်ယောင်ဆောင်လို့ရမလား။ ဟင်း"

"ဟောဗျာ၊ ဒီလောက်ဝန်ခံနေတာတောင်မှ မကျေနပ်သေးဘူးလား"

"မကျေနပ်ချင်ပါဘူး။ အစ်ကိုကြီးပဲ မီ အမြဲသုပ်ကျွေးနေတဲ့ မြင်းခွာရွက်သုပ်တွေ ပဲပြားသုပ်တွေ ကန်စွန်းရွက်သုပ်တွေကို ကြိုက်လိုက်တာလို့ ချီးမွမ်းတယ်ဆို။ စားစရာကျ သဘောကျပြီး လူကိုကျ မေ့ရတယ်လို့"

"ဟင်းဟင်း. . . ဟုတ်ပါပြီ၊ Sorry...ပါဗျာ Sorry...ပါ၊ ကဲ! ကျေနပ်ပြီလား"

သူမက သိပ်မကျေနပ်ပေမယ့် သူ့ကားကို လိုက်စီးတာမို့ စိတ်ပြေလိုက်တာပဲထင်ပါရဲ့။ အိတ်ထဲမှ မင်စိုဘောပင်တစ်ချောင်းကို နှိုက်ယူလိုက်ပြီး သူ့လက်ခုံထက်မှာ စာရေးလိုက်လေ၏။ 'မီမီဝေ'တဲ့။ လက်ရေးဝိုင်းစက်စက်လေးတွေက အခုထိ ကလေးဆန်နေတုန်းပါပင်။

"အဲဒါ ဆရာဝန်လက်ရေးမှ မဟုတ်တာဘဲ"

"အစ်ကိုကြီးနော်၊ ဒီနေ့မှ ဆေးကျောင်းသူအသစ်ရဲ့နေ့ ပါဆိုနေမှ"

"ခင်လို့ စတာပါကွာ၊ ဆံပင်ကို ဘယ်လိုပုံကြီးသုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာလဲ။ မျက်နှာလှလှလေးကို ဖုံးထားသလိုဖြစ်နေပြီ''

''ဟင်! မီက Victoria ကေကို ညှပ်ထားတာ အစ်ကို ကြီးရဲ့။ ဒီလောက်လှတဲ့ဆံပင်ကို''

''မလှချင်နေ့မရေ၊ ကျောင်းမှာ တီချယ်တွေ Lecture သင်တုန်း ညည်းလေးဆံပင်က ဒီလိုရှပ်နေရင် ပြဿနာပဲ။ ခဏခဏတင်ရင် မင်းစာလိုက်နိုင်မှာမဟုတ်ဘူး။ သိရဲ့လား''

''အို! မီ စာမလိုက်နိုင်ရင် အစ်ကိုကြီးက ပြန်ပြပေးပေါ့ လို့''

''ရပါတယ်၊ နားမလည်တာရှိရင် မေး၊ စာအုပ်လိုရင် လည်း လာငှား။ ဖြစ်တာချည်းပဲ။ ကိုယ်က စာနဲ့ပတ်သက်ရင် မတွန့်တိုတတ်ပါဘူး''

''အစ်ကိုကြီးအိမ်ကိုလာရင် ထားပါတော့၊ အစ်ကိုကြီး ညီက မီ့ကိုရန်ရှာရင် ဘယ့်နှယ်လုပ်မလဲ''

''ညီနဲ့ သိလို့လား''

''မသိချင်ပါဘူး။ တွေ့တာနဲ့ ရန်သူလိုအော်ငေါက်နေ တာကို။ သိပ်ကြည့်မရဘူး''

သူပြုံးလိုက်မိပါ၏။ အရွယ်သိပ်မကွာတဲ့လူချင်းကိုကျ မတည့်ဘူးတဲ့လေ။ သူ့ကိုကျ ရွယ်တူမဟုတ်ပေမယ့် သူမ ဘာ





ကြောင့်ခင်မင်တာပါလိမ့်။ အတွေးအမျှားကြီးကို ခေါင်းရှုပ်ခံပြီး သူ တွေးချင်ပါလေ။

''ညီက စိတ်ဆတ်တာလေးပဲ ရှိတာပါ မီရဲ့။ သဘော ကောင်းပါတယ်''

''ကိုယ့်ငါးချဉ်တော့ ကိုယ်ချဉ်တာပဲပြောမှာပေါ့။ သဘာဝ ပဲဟာကို''

''စကားတတ်တဲ့နေရာမှာတော့ မင်းကိုလက်မြှောက် အရှုံးပေးပါတယ် မီ''

သူမ သဘောကျပြီး ရယ်လေတော့၏။ မိန်းကလေးတွေ ကို သိပ်မရောဖြစ်သည့်သူက ဤကလေးမကိုမှ ထူးထူးခြားခြား တော်ရွှေနေပါရောလားနော်။ အင်းပေါ့လေ၊ နောက်ကိုလည်း စာ နဲ့ပတ်သက်ပြီး ဒီ့ထက်ပိုပြောစရာတွေ ရှိနိုင်သေးတာပဲ။

''နေ့ကြိုင်း Taxi စီးရင် မွဲလိမ့်မယ်နော် မီ''

''မီသိပါတယ် အစ်ကိုကြီးရဲ့၊ ကျောင်းမှာ ဖယ်ရီရှိရင် စုံစမ်းလာခဲ့လို့ ဖေဖေမှာထားပါတယ်''

''တော်သေးတာပေါ့။ အိမ်မှာ Phone ရှိရဲ့လား''

''ဟင့်အင်း. . . ဖေဖေက ဆိုင်မှာတော့ ထားမယ်တဲ့''

''အာ! ဒီလောက် Phone တွေ ဈေးကျနေတာကိုး



www.burmeseclassic.com

www.burmeseclassic.com



သိန်း Phone လောက်တော့ ကိုင်ရမှာပေါ့ မိရဲ့။ တကယ်တ
အပ်ရင် တစ်ခုခုဖြစ်ရင် ဆက်သွယ်စရာမရှိလို့ ဘယ်လိုလုပ်မလဲ"

"မိတို့က အစ်ကိုကြီးတို့လို Boss မှမဟုတ်တာရှင်။ မကိုင်နိုင်ဘူး"

"ကျစ်! ခက်တာပဲ၊ ကဲ. . .လိုလိုမယ်မယ် ကိုယ်တ
အိမ် Phone နံပါတ်ယူထား။ ဪ, ကိုယ့်ကတ်ထဲမှာ ရှိလိမ့်
မယ်။ Dash board ထဲ ဖွင့်ကြည့်လိုက်ပါ မိ"

သူမက သူညွှန်ပြသည့် Dash borad ကို ဖွင့်လိုက်
ရာ သူ့မှတ်တမ်းစာအုပ်အစိမ်းပုပ်ရောင်ကို မြင်သွားပါ၏။ ဒီဘက်
ဘေးရှိ ခွက်ထဲမှာက Visiting card တွေ ထည့်ထားတာပင်။

"ဒါက. . ."

"သူတစ်ပါးလျှို့ဝှက်ချက်ကို ခွင့်ပြုချက်မရဘဲ မကြည့်
ရလို့ ကြားဖူးတယ်မဟုတ်လား"

"ဟွန်း! လျှို့ဝှက်ချက်ဆိုတာ ကိုယ့်အခန်းထဲက ဗီရိုထဲ
သော့ခတ်သိမ်းရတာရှင့်။ ဖြစ်နေလိုက်တာ၊ ကြီးကျယ်ပါ့"

"မိနော်၊ ကိုယ်က မင်းထက် အသက်ဆယ်နှစ်ကျော်
တဲ့ အစ်ကိုကြီးပါ။ လူကြီးကို တလေးတစား ရှိသေရမှာပေါ့"

"ကန်တော့. . .ကန်တော့ပါ အစ်ကိုကြီးရယ်။ မိက





လည်း အစ်ကို မရှိတဲ့သူမို့လို့ အစ်ကိုကြီးကို မိအစ်ကိုရင်းလို
သဘောထားပြီး ခင်မင်တာပါ"

"ဒါဆို ကိုယ်ပြောတဲ့စကားကိုနားထောင်မှ ညီမအလိမ္မာ
လေးဖြစ်မှာပေါ့"

နှုတ်ခမ်းစူသွားပြန်လေ၏။ မကျေနပ်ဘူးပေါ့လေ။ အိမ်
မှာက မိဘတွေပြီးရင် အစ်မနှစ်ယောက်သာရှိတာမို့ အကြီးတွေ
နဲ့တန်းတူ အခွင့်အရေးမျိုး သူမ မရခဲ့ဘူးထင်ပါရဲ့။

"မိက စကားနားထောင်တတ်တဲ့ကလေးပါ အစ်ကိုကြီး
ရဲ့"

"ဒါတောင် အကြီးတွေ ဗျစ်တောက်ဗျစ်တောက် ဘာ
လို့ပြောကြတာလဲ"

"ဟင်! အစ်ကိုကြီး ကြားရလို့လား"

"မကြားပါဘူး။ မောင်မြင့်ပြောလို့သိတာ"

"မိက အငယ်ဆုံးသာပြောတာ၊ အချစ်ခံရတဲ့ကလေး
မျိုးမဟုတ်ဘူး အစ်ကိုကြီးရဲ့။ အလိုလိုက်တာဆိုလို့ မိုဖေဖေပဲ
ရှိတယ်"

သူခပ်တိုးတိုးရယ်မိပြန်လေ၏။ အငယ်တွေရဲ့ဝန်တိုမှု
က ညီမှာရော သူမမှာပါ ရှိနေတာလေ။ ဘာမဆို ကိုယ်ပဲပိုင်



www.burmeseclassic.com

www.burmeseclassic.com



ချင်ရတဲ့အတွက် တမင်မွေးလို့ ရှိထားတာမှမဟုတ်တာဘဲ။

"မီလိမ္မာရင် အားလုံးက ပိုင်းချစ်ကြမှာပေါ့"

"ဩော်. . . မီက အစ်ကိုကြီးအမြင်မှာ တော်တော်များ ဆိုးနေလို့လား၊ ပြောပါဦး"

"စောင့်ကြည့်ရင် သိနိုင်မှာပေါ့ ချာတိတ်ရဲ့"

"ကြည့်လိုက်လေ"

"ကိုယ့်စကားနားထောင်မထောင်က စမှာ"

"အစ်ကိုကြီးက ဘာပြောမှာမို့လို့လဲ"

"ဟင်းဟင်း. . . ကလေးဖြစ်ပြီး အခုပြော အခုမေ့တာ ပဲမဟုတ်လား"

သူမ စဉ်းစားဟန်ပြုလိုက်လေ၏။ အတော်လေး ဦး နှောက် ခြောက်သွားပါလား။ အင်းပေါ့လေ၊ ဒီအရွယ်ဆိုတာက ဘာမဆို သိပ်အလေးအနက်ထားတတ်တာမျိုးမှ မရှိတာကိုး။

သူက သူမ၏ရှေ့ဆံပင်ချွန်ထွက်နေတာကို ခပ်သာသာ ဆောင့်ဆွဲလိုက်ပြီး သတိပေးလိုက်ရပါသည်။

"အား. . . ဘာလုပ်တာလဲ"

"မှတ်မိအောင် မှတ်ဉာဏ်ဖွင့်ပေးလိုက်တာလေ"

"နာလိုက်တာ အစ်ကိုကြီးရာ။ မီ လှလှလေး ညှပ်ထား





တာတဲ့ဟာကို။ တကယ်ပဲ"

"မျက်စိရှုပ်ပါတယ်ဆိုနေမှ"

"တိုတိုလေး ထားထားတာပဲဟာ"

"အရှေ့ကို ထပ်တိုလိုက်ပါ။ ရှင်းရှင်းလင်းလင်းလေး ဖြစ်မှ ပိုချစ်စရာကောင်းတဲ့ကောင်မလေးဖြစ်မှာပေါ့ကွ"

"ဟွန်း! အဲဒီအပြောတွေကြောင့်ပဲ ကေပျက်ပြီး အနေ ခက်ရတော့မယ်၊ တကယ်ပါပဲ"

အဘွားကြီးလေးလို ညည်းညူလိုက်သည့် ချာတိတ်မ လေးကြောင့် သူသက်ပြင်းရှိုက်လိုက်မိပါ၏။ ညီကဖြင့် ခုချိန်ထိ မနက်တိုင်း နိူးနေရတုန်း။ ညဆိုလည်း တော်တော်နှင့်ပြန်မလာ။ ရောက်ပြန်တော့လည်း သီချင်းခပ်ကျယ်ကျယ်ဖွင့်ကာ ညဉ့်နက် တဲ့အထိ မအိပ်သေး။ သူ့အော်မှသာ အိပ်ရာထဲ ဆောင့်ကြီးအောင့် ကြီး ဝင်တော့မှာပါ။

ဒီလိုနေ့စဉ်ဒုက္ခအသေးစားလေးတွေကို သူကျိတ်ပြီး ခံ နေရတာဖြစ်ပေမယ့် ဤကလေးမလေးကဖြင့် မနက်စောစောထ၊ ခြံထဲ တံမြက်စည်းလှဲ၊ အမှိုက်မီးရှို့၊ အပင်ရေလောင်း စတာတွေ ကို မနက်အစောကြီးကတည်းက ထလုပ်တတ်လေ့ရှိမှန်း သူမျက် မြင်တွေ့နေရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် အိမ်ထဲမှာ အမေဖြစ်သူနဲ့ ကူလုပ်ချက်ပြုတ် ပေးနေတာကိုမတွေ့ရလို့။ လုပ်ပေးမယ်မှန်းလည်း သူအလိုလိုသိ နေတာပါပဲ။ ညီသာ ဒီကလေးမရဲ့(နည်းနည်းလောက်ပဲဖြစ်ဖြစ်) သိတတ်စိတ်လေးသာရှိခဲ့ရင် သူ့အတွက် ရင်မောစရာတွေ လျော့ ပါးသွားမှာ အမှန်ပါလေ။

"အတိုတော့ ထားတတ်ပြီး နည်းနည်းလောက် ထပ်တိ နိုင်းတာကိုများ နမျောတာသဖြစ်နေလိုက်တာ"

"မီက ငယ်ငယ်ကတည်းက ဆံပင်အတိုပဲထားခဲ့တာ အစ်ကိုကြီးရဲ့။ မို့ကိုပြောသလိုမျိုး အစ်ကိုကြီးရဲ့သက်ဆိုင်သူကို ဆံပင်ညှပ်ခိုင်းလို့ရလား. . . ပြော"

သူ ကားဘရိတ်ကို ယောင်ရမ်း နင်းလိုက်မိတော့၏။ ဘုရားရေ! သက်ဆိုင်သူတဲ့။ ဘယ်လိုကနေဘယ်လို ဤကလေးမ ရေရွတ်လိုက်တာပါလိမ့်။ ထင်မထားတဲ့စကားလုံးကိုမှ ရွေးပြော လိုက်ရတယ်လို့။

"Sorry!...မီ အဆင့်ကျော်သလိုဖြစ်သွားပြီ"

တီးတိုးတောင်းပန်သံကြောင့် သက်မကို ခိုးရှိုက်လိုက်ရ လေ၏။ တမင်မေ့ထားတဲ့နာမည်တစ်ခုကိုတော့ ထုတ်မပြောပါ ရစေနဲ့လား, မီ။



## အခန်း (၁၂)

"ဘာဖြစ်လို့ နောက်ကျရတာလဲ"

"နေရာတစ်ခု ဝင်နေလို့ပါ"

နေဆန်းမေးတာကို ပြန်ဖြေလိုက်ပြီး လက်မှတ်ထိုးသည့် အလုပ်ကို ခေါင်းငုံ၍ သူလုပ်နေမိ၏။ ဒီနေရာ ဒီတစ်မိုးတည်း အောက်မှာ သူ နှာဘယ်ကာလမျှ အချိန်ကြာကြာ အလုပ်ဆက် လုပ်နိုင်မည်ဆိုတာကိုတော့ ဘုရားရှင်သာ သိနေမှာလေ။

"မင်းဘယ်လိုလုပ်မှာလဲ"

"ဘာကိုလဲ"

'ဟေမာနဲ့ case လေ"

"ကျစ်! စိတ်ရှုပ်တဲ့မေးခွန်းတွေနဲ့ စောစောစီးစီး ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



မနောက်ခိုင်းချင်ပါနဲ့ နေဆန်းရာ''

''ငါလည်း မမေးချင်ပါဘူး လရောင်ရဲ့ မျိုးကတော င်
ပြောနေသေးတာ။ မင်းတို့ဇာတ်လမ်းက ဆက်ရန်ရှိသေးသည်တဲ့''

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိပြန်၏။ ဒီလိုအတိုင်းသာ
ဆက်သွားနေရင် သူစိတ်ရှုပ်ရတာနဲ့ပဲ စိတ်ရောဂါဖြစ်ရတော့မှာ
လေ။ သက်သာလက်စအနာကို လုံးဝကျက်သွားပါစေလား။ မေ့
တုန်းက မေ့ခဲ့ပြီး အခုမှ ဘာလို့ပြန်ရောက်လာရတာလဲ။ ကျေ
ပေးထားခဲ့ပြီးမှ မျက်နှာချင်းပြန်ဆိုင်တာတောင် ကိုယ့်လိပ်ပြာ
ကိုယ် မရှက်တာ ဘာကြောင့်ပါလိမ့်။

''ပြည်ဖုံးကား ချပြီးခဲ့ပါပြီကွာ''

''အဲဒါ မင်းဘက်ကလေ၊ သူ့ဘက်ကတော့ မင်းနဲ့အ
ဆုံးကို ရဲရဲတင်းတင်းကပ်လာဖို့ ဝန်မလေးတဲ့ပုံပဲ''

''ရမလား၊ Test လုပ်တာလည်း ဖြစ်နိုင်ပါတယ်ကွာ''

''မထင်ဘူးနော်၊ လရောင်၊ မျက်နှာစိမ်းတွေရှေ့ သူလုပ်
ပြရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး။ 'သံယောဇဉ်လက်ကျန်ရှိ
သေးရင် မင်းတို့ဇာတ်လမ်းက အသစ်ပြန်စလို့ရမှာတဲ့''

''တဲ့ဆိုတော့ ဘယ်သူပြောတာလဲ''

''မျိုး''





''အေး. . . အဲဒီမျိုးနဲ့သာ မင်းရဲ့မျိုးဆက်သစ်ကို ရှာဖွေ
ဒါ နေဆန်းရေ၊ ငါ့ဘာသာငါ အေးအေးနေပါရစေ''

''အေးပေါ့ကွာ၊ မီးဝေးချိတ်တွေ ဘယ်အချိန် အရည်
ပြန်ပျော်ကြမလဲ စောင့်ကြည့်ရုံပဲရှိတာပေါ့''

သူခပ်မဲ့မဲ့ပြုံးလိုက်မိပါ၏။ လွယ်လွယ်တွေး လွယ်လွယ်
ပဲပြောတတ်ကြတာပါပဲလား။ သူကဖြင့် 'တမင်တကာကို' မေ့ထား
တာပါလေ။ အရင်ဆုံးနှုတ်ဆက်ထားရစ်ခဲ့သူက ဘာမှမဖြစ်သည့်
နယ် ဟန်မပျက်ပုံစံနဲ့ ပြန်လာဆက်သွယ်ခဲ့တာဖြစ်ပေမယ့် အရှက်
တကွဲခံစားခဲ့ရတဲ့လူက တနင့်တပိုးဝေဒနာတွေအပြည့်နဲ့ မဟုတ်
ပါလား။

ပြုသူက အသစ်၊ ဖြစ်သူကတော့ အဟောင်းဆိုတာ
မမှတာပေပဲမို့ ကာယကံရှင်ဖြစ်တဲ့သူ့မှာသာ လတ်လတ်ဆတ်
ဆတ်ခံစားနေရစဲပါပဲ။ ကြာတော့ကြာခဲ့ပါပြီ ဟောမာန်၊ ဒါပေမဲ့
မနေ့တစ်နေ့တုန်းကလိုပဲ မင်းချန်ထားရစ်ခဲ့သလို ခံစားနေရတုန်း
ပါလေ။

''ငါ duty ဝင်တော့မယ်''

''အေး''

နေဆန်း ထွက်သွားပြီမို့ ရုံးခန်းတွင်းမှာ သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပဲ ကျန်ရစ်ခဲ့ပါ၏။ သည်းခံနိုင်သလောက်တော့ ခပ်ကင်းကင်းနေ ရပေဦးမည်။ မရတဲ့အဆုံးတော့ အလုပ်ထွက်ပြီး ဆေးခန်းဖွင့်စား ရတော့မှာလေ။ ကိုယ်ပိုင်ဆေးခန်းမှသာ ဘယ်သူမှလိုက်မနှောင့် ယှက်ရဲတော့မှာကိုး။

"ကို. . ."

ကျစ်! ဒီလောက် သူ ဥပေက္ခာလုစ်နေပေမယ့် ဟောမာန် က ဘာကြောင့် သူ့ကိုလိုက်ကပ်နေတာပါလိမ့်။ သူထိုင်နေသည့် ဆုံလည်ကုလားထိုင်နံ့အနီးကို လာရပ်တာမို့ သက်ပြင်းရှိုက်လိုက် မိပြန်လေ၏။ ဒီပုံနဲ့ဆိုရင်တော့ သူ အသက်တိုတော့မှာပါပဲလား။

"ဒေါက်တာဆောင်းဟောမာန်"

"ရှင်"

"Duty ဆင်းနေတဲ့ဆရာဝန်တွေမို့ တစ်ယောက်နဲ့တစ် ယောက် တရှိတသေခေါ်ဖို့ကောင်းပါတယ်"

"ကိုကလည်းကွာ၊ ဟောမာန်တို့နှစ်ယောက်က သူစိမ်း တွေမှ မဟုတ်တာဘဲ"

"သူစိမ်းမဟုတ်လို့ မင်းနဲ့ကိုယ်က ဘာလဲ ဆောင်းဟော မာန်"

သူခပ်စိမ်းစိမ်းမော့ကြည့်သည့်မျက်လုံးကို မြင်သွားစဉ်





သူမမျက်နှာလေး ညှိုးသွားကာ မျက်လွှာချသွားလေ၏။ ဘယ် ဆိုလဲ၊ ဟိုစဉ်တုန်းကလို မာနရောင် တောက်ပနေတဲ့မျက်ဝန်းတွေ ဘယ်ကမ္ဘာဆီမှာ ကျန်ရစ်ခဲ့တာပါလိမ့်။

"ကို. . ."

"အဲဒီလိုမခေါ်ပါနဲ့"

"ဟောမာန် သိပါတယ်၊ ဟောမာန့်အပေါ်မှာ ကို ဘယ် လောက်မုန်းနေမလဲဆိုတာ"

"မုန်းတာမဟုတ်ပါဘူး။ စိတ်နာခဲ့တာပါ ဆောင်းဟော မာန်။ ဒီရင်ဘတ်ကြီးထဲက နာနာကျင်ကျင်ကြီးခံစားနေခဲ့တာ ခု ထိ အကင်းမသေသေးဘူး။ မင်းဘက်က တစ်ဖက်သတ်ရုတ်သိမ်း ခြင်းရဲ့နောက်မှာ ငါဘာဖြစ်ကျန်ရစ်ခဲ့မလဲဆိုတာ မင်းတွေးကြည့် ပေးခဲ့ရဲ့လား။ ငါရပ်တည်နေတဲ့ ငါ့ပတ်ဝန်းကျင်မှာ ငါ့ဂုဏ်သိက္ခာ မှန်သမျှ. . ."

"တော်ပါတော့ ကိုရယ်၊ ဟောမာန်မှားပါတယ်။ မှားခဲ့ ပါတယ် ကို။ နှစ်ကိုယ်တူချစ်ခဲ့ပြီး မိဘတွေက သဘောတူခဲ့တာ ဖြစ်ပေမယ့် မင်္ဂလာဆောင်ရင် လွတ်လပ်ခွင့်မရှိတော့ဘူးဆိုတဲ့ အတွေးမှားတွေနဲ့ မလုပ်သင့်တာကို လုပ်ခဲ့မိတာပါ"

သူ မျက်နှာကိုမဲ့လိုက်မိပါ၏။ လက်ခုံပေါ် လာတင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့် လက်ဖဝါးနုနုလေးအတွေ့ကို ဆန့်ကျင်ကာ ပုတ်ထုတ်ဖယ်ခါလိုက်မိသည်။ သူ့အပြုအမူက အများအမြင်မှာ ရိုင်းတယ်ထင်ရပေမယ့် ရင်ထဲမှာနာနေတဲ့ဒဏ်ရာကြောင့် ခပ်စိမ်းစိမ်းပါပဲ။

"အဲဒါကြောင့် နောက်တစ်ယောက် ထပ်တွဲလိုက်တာပေါ့ ဟုတ်လား။ အပြောကလွယ်ပါ့ ဆောင်းပေဟမာန်။ မိန်းမတန်မဲ့ တစ်မျက်နှာကနေ နောက်တစ်မျက်နှာကိုပြောင်းရဲတာအံ့ဩစရာပဲ"

ပက်ပက်စက်စက်ပြောချလိုက်ချင်ပေမယ့် ဒေါသကိုပြန်မျိုချလိုက်ရတာပါလေ။ သိက္ခာတွေ သိက္ခာတွေ၊ အမြဲသူ့ငဲ့ကွက်ခဲ့မိသမျှ ဘယ်လိုမှပြန်မတင်လို့မရတော့ပါလား။

"ကိုရယ်. . . ဟုတ်ပါတယ်၊ ကိုနဲ့လမ်းခွဲခဲ့မိတဲ့နောက်မှာ 'အံ့'ကိုတွဲမိတာကို ဝန်ခံပါတယ်။ ဟေမာန့်ထက်ငယ်တဲ့ ကောင်လေးတစ်ယောက်ရဲ့အပြုအမူ အချွဲအနွဲ့တွေကြားထဲမှာ ပျော်ဝင်ခဲ့တဲ့စိတ်ကြောင့် ကိုရဲ့နှလုံးသားက ဝဋ်ကြွေးတွေ ဝဋ်လည်ခဲ့တာအမှန်ပါ"

ငယ်ရွယ်တဲ့ကောင်လေးရဲ့ အပြုအမူ အချွဲအနွဲ့ကြောင့် စိတ်ယိုင်ခဲ့ ပျော်ဝင်ခဲ့သတဲ့။ ကောင်းပါလေ့ ဆောင်းဟေမာန်။ သူကတော့ ကိုယ့်အသက် ကိုယ့်အရွယ် ကိုယ့်ဂုဏ်သိက္ခာတွေ





နဲ့ အမြဲချုန်းအုပ်ထိန်းချုပ်ပြီး တည်တည်ကြည်ကြည်နေတတ်ခဲ့တာမို့ ဒီလိုပရောပရီဆန်တဲ့အပြုအမူမျိုးကို နည်းနည်းလေးမှမပြုခဲ့တာလေ။

"ပြီးခဲ့တာ ပြီးခဲ့ပြီးပါပြီ ဆောင်းဟေမာန်၊ အခုလက်ရှိဖိအလုပ်လုပ်နေတဲ့ဆေးရုံမှာ မင်းရောက်လာခဲ့တာ ထားပါတော့၊ ကိုယ်ပိုင်ဆေးရုံမဟုတ်တဲ့အတွက်မို့လို့ မင်းနဲ့ငါက ဘာမှမသက်ဆိုင်တဲ့လူတွေပါ။ သူစိမ်းတွေမို့ ခပ်စိမ်းစိမ်းပဲနေပါတော့။ အနှောင့်အယှက်ပြုနေဦးမယ်ဆိုရင်တော့ ဒီမှာဆက်လုပ်ဖြစ်ဖို့ ငါစဉ်းစားရတော့မှာပဲ"

"ဟေမာန်က. . . ဟေမာန်က ကိုအတွက် အခုတော့ ခလုတ်ကန်သင်းဖြစ်နေပြီလားကွယ်။ ကိုလျှောက်မယ့်လမ်းမှာ အတားအဆီးတစ်ခုလိုပဲ မြင်သွားတော့မှာလားဟင်"

"အတိုင်းအတာတစ်ခုအထိပါ ဆောင်းဟေမာန်။ ဆေးရုံက ဆရာဝန်တွေ Nurse တွေကြားမှာ ကိုယ့်သိက္ခာ ကိုယ့်ဣန္ဒြေနဲ့သာ နေဖြစ်ရင် ကိုယ်တို့နှစ်ဦးရဲ့ပတ်သက်ခဲ့မှု အတိတ်ဇာတ်ကြောင်းကို ဘယ်သူမှမသိနိုင်တဲ့အတွက် နောက်ထပ်အရှက်ရစရာ ဘာကိစ္စမှရှိလာမှာမဟုတ်လို့ပါပဲ။ မင်းနားလည်မှာပါ"

ပါးပြင်ထက်သို့ မျက်ရည်စီးကြောင်းက ပေါက်ခနဲ ကျ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ရင်နှင့်အမျှ ချစ်ရပါသည်ဟုပြောခဲ့ဖူးသည့် ချစ်ခဲ့ဖူး

ကို မျက်ရည်ကျသုတ်ရန် လိုအပ်ပါသလား။ တစ်ချိန်က မာန

ဖြင့် မော်ဝင့်နေသည့်ပုံရိပ်တို့ ဘယ်ပျောက်ကုန်တာပါလိမ့်။

“ဟေမာန် အရှုံးပေးပါတယ် ကို”

“မှားနေပြီ ဆောင်းဟေမာန်၊ အရှုံးပေးတယ်ဆိုတာ

ပြိုင်ဘက်နဲ့ဝင်ပြိုင်ရတဲ့ပြိုင်ပွဲမျိုးရှိမှ သုံးရတဲ့စကားလုံးမျိုးပါ။ ကိုယ်

က မင်းရဲ့ပြိုင်ဘက်မှမဟုတ်တာဘဲ”

“မှားပါတယ်လို့ ဝန်ခံနေပါလျက်နဲ့ ကို့နှုတ်က ခွင့်လွှတ်

ပါတယ်ဆိုတာမျိုး တစ်ခွန်းမှမပြောသေးပါလား”

“ပြုခဲ့သူက လွယ်လွယ်နဲ့ မေ့ပျောက်နိုင်ပေမယ့် ခံရတဲ့

သူက ဒဏ်ရာပြင်းထန်ပါတယ်”

“သိပါတယ်၊ ကို့ ဟေမာန့်အပေါ် စိတ်နာမယ်ဆိုလည်း

နာလောက်ပါတယ်လေ။ ဟေမာန် တကယ့်ကို နောင်တရမိတာ

အမှန်ပါ။ ဒါကြောင့်မို့လို့လည်း ကို့ကို အခုလိုတောင်းပန်ခွင့်ရ

အတွက် ဟေမာန့်ကို မာမီတို့က ဒီနေရာမှာ ကိုရှိတဲ့သတင်းပေး

လို့ လာခဲ့တာပါ ကို”

“ဘာ!”

ဘုရားရေ! သမီးရဲ့အမှားတွေကို သိပေမယ့် မိဘတွေ





က ဘာလို့များ လမ်းပြရတာပါလိမ့်။ တကယ်ဆို သူမတို့ဘက်

က တစ်ဖက်သတ်ရုတ်သိမ်းခဲ့တဲ့စေ့စပ်လမ်းကြောင်းကို မဖျက်

သိမ်းဖို့ပြောရမှာလေ။ လူဆိုတာ အတ္တနဲ့ဖွဲ့စည်းထားတဲ့ ပုံဆောင်

ခဲပေမို့ ကိုယ့်ဘက်ကိုပဲ ကြည့်တတ်တာ သဘာဝပေပဲလား။ အဲ့

လေစွ။

“ဟေမာန့်အမှားနောင်တကို ကို ခွင့်မလွှတ်ချင်ဘူးလား

ဟင်။ ကို့ဆီက ခွင့်လွှတ်မှုမျိုးနဲ့ ဟေမာန်က မတန်တော့ဘူးလား

ကွယ်”

ရင်ထဲမှာ နင့်ခနဲဖြစ်သွားရစေပါ၏။ စကားတတ်တဲ့သူ

မို့ ရင်ထိစေမယ့်စကားမျိုး ရွေးတတ်ပါပေ့။ ညီနဲ့သူက စိတ်မတူ

သလို ညီက သူ့စိတ်ပျော့သည်ဟု ဝေဖန်ပြောခဲ့တာကို ပြန်ကြား

ယောင်မိပါ၏။ မဖြစ်နိုင်ပါဘူး။ သူက စိတ်ခပ်ပျော့ပျော့ ယောကျ်ား

မျိုးမှမဟုတ်တာလေ။

“ကို. . .”

“. . .”

“ဟေမာန့်အတွက် လက်ကျန်သံယောဇဉ် အကြွင်း

အကျန်လေးတောင်မှ ကို့ရင်ထဲမှာ မရှိနိုင်တော့ဘူးလားကွယ်”

လက်ကျန်သံယောဇဉ် အကြွင်းအကျန်တဲ့လား။ ပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်ပဲ့ ဟောမာန်။ ဒီရင်ထဲမှာ မင်းကလွဲလို့ ဘယ်မိန်းကလေးကိုမှ နေရာမပေးခဲ့တဲ့လူပါ။ မင်းကသာ. . . မင်းကသာ ကိုယ်မဟုတ်တဲ့လူတစ်ဦးရဲ့ရင်ခွင်ကို ပြောင်းခိုသွားခဲ့တဲ့သူပါလေ။

ဘယ်သူက မေ့ထားခဲ့တာလဲ။ ဘယ်သူက ထားခဲ့တာလဲ။ ဘယ်သူက ရက်စက်ခဲ့တာလဲ။ ဘယ်သူကများ ဥပေက္ခာပြုရက်နိုင်ခဲ့တာပါလဲ။ ဒါကိုသိနေလျက်နဲ့များ ဒီစကားမျိုးပြောရတယ်လို့။

"ဒီ့ထက်ပိုနှောင့်ယှက်နေမယ်ဆိုရင်တော့ ဒီအလုပ်က နေ ငါထွက်ရလိမ့်မယ် ဆောင်းဟောမာန်"

"ဟင်! "

"ဟုတ်တယ်၊ အတိတ်က အတိတ်မှာပဲ ထားခဲ့ရမှာပေါ့။ ငါ့အနာဂတ်အတွက် ပစ္စုပ္ပန်ကာလမှာ ပျော်ရွှင်ပြီး ဆက်လျှောက်နေတာလေ။ ဒီတော့ မင်းလုပ်ရပ်တွေကို တားကယ်ပဲ နှောင့်ယှက်ရှိမှန်ရင် မင်းကိုယ်မင်းပဲ ပြုပြင်မှရမှာပါ။ ဒီလိုအခြေအနေဆိုးကြီးဖြစ်ပြီးမှတော့ ငါတို့နှစ်ယောက် လက်တွဲဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူးဆိုတာကို မင်းနားလည်သင့်ပါတယ်"

"ကို. . ."

"ကျေးဇူးပြုပြီး အဲဒီအခေါ်အဝေါ်ကို ဖျောက်ပေးပါလား





ဆောင်းဟောမာန်"

"ဘာ. . . ဘာဖြစ်လို့လဲဟင်"

"ဒီလိုခေါ်တာကို နားထောင်ရတုန်းက မြတ်နိုးစိတ်နဲ့ ကြည်နူးခဲ့ရပေမယ့် အခုတစ်ခါကြားရတိုင်း ရင်ထဲမှာ စူးခနဲနာကျင်ရလို့ပါပဲ။ Please!..."

ကဲ! ပြီးပြီပေါ့။ တစ်ဆေးရုံတည်း လုပ်ဖော်ကိုင်ဖက်ဆိုရင်လည်း ခပ်တန်းတန်းပဲ ဆက်ဆံကြတာပေါ့လေ။ နှစ်ကိုယ်တူချစ်သမျှကိစ္စက လောင်ကျွမ်းပြာကျသွားမှတော့ စိတ်ကူးယဉ်နေလို့လည်း အပိုပါပဲ။

"ဒါဆိုရင် ကို့ရင်ထဲမှာ ဟောမာန်မရှိတော့ဘူးပေါ့။ ဟုတ်လား။ ဟောမာန့်အပြင် နောက်ထပ်ဘယ်လိုမိန်းကလေးကို ကိုရွေးချယ်ပြီးပြီမို့လဲ။ ပြောပါဦး"

"ဒါ ကိုယ့် Personal ကိစ္စပါ ဆောင်းဟောမာန်။ မင်းကိုအသိပေးဖို့မလိုပါဘူး။ ဒီမှာ, ကြိုးတစ်ချောင်းပြတ်သွားလို့ ပြန်ဆက်ရင် ဆက်ထုံးဆိုတာ ရှိတတ်စမြဲပဲ။ ဒီတော့ မင်းနဲ့ပြန်ဆက်နိုးနိုးစိတ်ကူးတွေရှိနေရင် လွှင့်သာပစ်လိုက်ပါတော့။ ဒီလောက်ပဲပြောပါရစေ"

"ကို. . ."



www.burmeseclassic.com

www.burmeseclassic.com



"Please, don't disturb ခေါင်းပေဟမာန်။ duty ဝင်ရတော့မှာမို့လို့ပါ"

Duty coat ကို ချိတ်မှယူဝတ်လိုက်ပြီး နားကျပ်ကို ကောက်ကိုင်ကာ စားပွဲနောက်မှ သူထွက်လိုက်ပါ၏။ ကပ်ကပ် လေးရပ်နေသည့်သူမပခုံးစွန်းနှင့် သူ့လက်မောင်း တိုက်သွားမိ စဉ် သူမခန္ဓာကိုယ်လေး ယိုင်သွားလေသည်။

"ကျစ်!"

"လရောင်ရေ မင်း. . ."

တံခါးမခေါက်ဘဲ ဖျတ်ခနဲဖွင့်ကာ ဝင်လာသည့်နေဆ စကားက တစ်ဝက်တစ်ပြက်မှာတင် ရပ်သွားလေ၏။ မသိစိတ် ၏စေတသိက်က ကိုယ့်ကြောင့် သူတစ်ပါးထိခိုက်တာမျိုးဖြစ်သွ ရင် လက်က အလိုလိုဖေးကူမိတာမို့ သူ့လက်များက သူမလ မောင်းကို ထိန်းကိုင်လျက်သားဖြစ်ကွင်းနဲ့မှ တည့်တည့်တိုးရော လို့။ သွားပါပြီ။



## အခန်း (၁၃)

ကျောင်းမှပြန်ရောက်တာ စောတာမို့ မီ အရင်ဆုံး အိမ် ကိုပြန်ရောက်လေ၏။ အိမ်တံခါးသော့ဖွင့်ကာ မောလာတာမို့ ရေ အရင်ဆုံးသောက်လိုက်ပါသည်။ ဗိုက်ထဲမှာလည်း ဆာနေပြီမို့ ထမင်းစားပွဲအုပ်ဆောင်းကို လှပ်ကြည့်၍ ခရမ်းချဉ်သီးငါးပိချက် နှင့်တို့စရာပန်းကန်ကို တွေ့လိုက်ပါ၏။

"နည်းနည်းလောက်စားလိုက်မှ"

နှုတ်မှရေရွတ်ကာ ထမင်းကြမ်းခဲကို ပန်းကန်ထဲခူး၍ အဝတ်အစားမလဲသေးဘဲ စားပွဲခုံမှာပင် စားနေမိ၏။ အိမ်စော စောပြန်ရောက်တဲ့လူက ထမင်းချက်ထားဖို့ မေမေမှာထားပေမယ့် မမကြီးကတော့ ထားပါ။ အလုပ်ဝင်နေပြီမို့ အိမ်ပြန်နောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



တတ်လေ့ရှိပြီး မလေးကဖြင့် ကျောင်းစောပြီးလည်း အိမ်ပြန်မလာ ပါလေ။

ဒီတော့ မနက်ကတည်းက ဟင်းတွေအဆင်သင့်ရှိထား ပေမယ့် ညနေစာထမင်းချက်ဖို့တာဝန်က မို့အပေါ် အလိုလိုပုံကျ လာရတာပါပဲ။ ဆာဆာနှင့်စားတာမို့ ထမင်းက ပန်းကန်ထဲမှ ကုန်သွားလေပြီ။ ထမင်းအိုးဆေးလိုက်ပြီး ဆန်ထည့်ကာ ထမင် တည်ထားပြီးမှ အိမ်ရှင်း တံမြက်စည်းလှဲ ခြံရှင်း အပင်ရေလောင် နေစဉ် မလေးက အိမ်ကိုပြန်ရောက်လေ၏။

"မောလိုက်တာဟာ. . . အငယ်မ, ငါ့ကို ရေတစ်ခွက် လောက် ခပ်ပေး"

အပင်ရေလောင်းနေတာ တွေ့ပေမယ့် မို့ကိုရေခပ်ခိုင် နေတာပါလား။ အိမ်ထဲဝင်ပြီး ရေခဲသေတ္တာဖွင့်ပြီး သောက်လို့ ပေမယ့် အိမ်ရှေ့မှာရှိသည့်ခုံတန်းမှာထိုင်ကာ ခိုင်းနေတာမို့ စိ တိုသွားပါ၏။ 'ပြန်ပြောရင် ရိုင်းတယ်ပြောမယ်'ဆိုတဲ့ မျိုးကြီး သီချင်းကိုသာ အော်ဆိုလိုက်ချင်တာနော်။

သက်ပြင်းချလိုက်ပြီး ရေပန်းကရားကိုချ မီးဖိုခန်းထဲ ဝင်လာခဲ့၏။ သူများတကာတွေများ အငယ်ဆုံး ဖူးဖူးမှုတ်အလိုလိုက်တတ်ကြပါပေ့။ မိကဖြင့် ထိုသို့မဟုတ်





အစက ဒီလောက်ထိ အသေးစိတ်လိုက်မနိုင်းပါ။ မိ ဆေးကျောင်း ဖက်တော့မှ အစ်မနှစ်ယောက်စလုံးက မို့ကိုမကျေနပ်တဲ့အကြည့် တွေနဲ့ ကြည့်ကြမှန်း မိရိပ်မိပါ၏။

ကိုယ့်မိသားစုထဲမှာ ဆရာဝန်တစ်ယောက် အင်ဂျင်နီယာ တစ်ယောက်ဖြစ်ရင် ဂုဏ်ယူဖို့မကောင်းဘူးလားလို့နော်။ တစ်နေ့ တစ်နေ့ ပြုံးပြုံးပြီး စာလိုက်နေရတာမို့ မို့မှာအချိန်သိပ်မရှိတော့ပါ။ ဆယ်တန်းတုန်းက မေမေအသေအလဲမောင်းခဲ့လို့ မျက်လုံးပြူး လျှာထွက်စာကျက်ခဲ့ရတဲ့ဝဋ်က အခုထိ မကုန်သေးပါလား။

"ဆာတယ်ဟာ၊ ထမင်းကျက်ပြီမဟုတ်လား"

လက်ထဲမှဖန်ခွက်ကိုမချသေးခင် နောက်တစ်ခုက ထပ် တောင်းလေပြီ။ ဘယ်လိုလဲ၊ ကိုယ့်အားကိုယ်ကိုးပြီး ရှာဖွေစား ဖယ်မစဉ်းစားဘူး။ မို့ကိုအငယ်ဆိုပြီး ဖိခိုင်းနေတော့တာလေ။

"ထမင်းမကျက်သေးဘူး မလေးရဲ့၊ နောက် ဆယ့်ငါး မိနစ်လောက်မှ ကျက်မှာ"

"ဘာ! ပြန်ရောက်တာနဲ့ ထမင်းချက်ရမှာပေါ့ အငယ်မ ရဲ့၊ ကျောင်းကပြန်ရောက်လာရင် ဆာတဲ့အကြောင်း နင်မသိဘူး လား။ နည်းနည်းလေးမှ ကိုယ်ချင်းစာစိတ်မရှိဘူး"

"မလေး, အဲဒီလိုမပြောပါနဲ့။ မိလည်း ပြန်ရောက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



ချင်း အိမ်အလုပ်တွေ လုပ်နေတာပဲဟာ။ မီလည်း ပင်ပန်းတာပဲ
ခုအချိန်ထိ ရေတောင်မချိုးရသေးဘူး”

“အဲဒါ ငါ့ကိစ္စမှမဟုတ်တာ၊ နင့်ကိစ္စပဲဟာ။ နင်ကတော့
စားပြီးနေပြီမဟုတ်လား”

ရင်ထဲအောင့်သက်သွားရပါ၏။ လက်သီးဆုပ်စာ န
ဆုပ်ထမင်းလေးကို စားပြီးတာမို့ ဗိုက်ဆာနေတဲ့ဝမ်းဗိုက် မီးငြိမ်
ခဲ့တာပါ။ အခုတော့ မလေးက မို့ကိုဖိနှိပ်ပြီး ပြောနေပြီကော။

“ပြန်မပြောနိုင်တော့ဘူးမဟုတ်လား။ ကိုယ့်အပြစ်ကိုယ်
သိပေါ့။ နင် ဒီကျောင်းတက်ကတည်းက အကြီးတွေကို မရိုသေ
ဘဲ ပြန်ခံပက်တာ ငါတို့သိပြီးသား။ နင့်နောက်မှာ ဖေဖေနဲ့မေမေ
ဘယ်အချိန်ကိ စောင့်ပေးနိုင်မလဲဆိုတာ စောင့်ကြည့်ပေတော့”

“မလေး”

“တော်ပြီ၊ ဘာမှမကြားချင်တော့ဘူး။ ဆေးကျောင်းက
ပြီးအောင် ဆက်တက်နိုင်မလားဆိုတာ သေချာစဉ်းစားထား။ ဒါ

ကျောပိုးအိတ်ကိုလက်မှဆွဲကာ ဆောင့်ကြီးအောင့်ကြ
အိမ်ထဲဝင်သွားသည့်မလေးကြောင့် မီ မျက်ရည်ဝဲသွားရလေ
ရင်ထဲဆို့နင့်လာမှုက ငိုချင်စိတ်ကို ပိုခွနေသည့်နှယ်ပါလေ။
တို့မှုတဲ့လား။ မလေးကဖြင့် ကျောင်းပြီးတော့မှာပါပဲ။ မို့အလု





အချိန်ကျမှ ဘာဖြစ်လို့ ဒီကျောင်းမျိုးကို မတက်စေချင်ရတာပါ
လိမ့်။

ဖေဖေတို့စီးပွားရေးအခြေအနေကို မီမသိလို့မဟုတ်ပါ။ ကျောင်းမတက်ရသေးခင် စပ်ကြားကာလတုန်းက မီလည်း စတိုးဆိုင်မှာ ထိုင်ပေးခဲ့တာပါပဲ။ လက်ကျန်ရင် အရောင်းစာရင်းတွေကို မေမေနဲ့အတူပိုင်းကူလုပ်ပေးတာမို့ အမြတ်ကြေးငွေရဲ့သုံးပုံတစ်ပုံကို ဘဏ်ထဲမှာစုထားတာကို မီအသိဆုံးပါပဲ။ ဒီအိမ်ရဲ့စီးပွားရေး အကြပ်အတည်းကို မို့အပြင် ဒီအစ်မနှစ်ဦးစလုံး မသိနိုင်တာလေ။

ညကျရင် မေမေ့ကိုဖြစ်ဖြစ် ဖေဖေ့ကိုဖြစ်ဖြစ် ခွင့်တောင်းပေါ်ပြီး အစ်ကိုကြီးကို စာမေးဖို့ကိစ္စရှိနေတာပါ။ မို့အတွက် ကျူရှင်မတက်နိုင်လို့ နားမလည်ရင် ကျောင်းကဆရာဆရာမတွေကို လိုက်မေးရတာလေ။ အစ်ကိုကြီးက မသိတဲ့စာလုံးတွေကို လာမေး၊ စာအုပ်လည်းငှားမယ်ဆိုတဲ့ခွင့်ရှိတာမို့ မီ သွားမေးရမှာပါ။

အစ်ကိုကြီးအားမအားဆိုတာကလည်း မီ ကြည့်ရဦးမှာပါလေ။ လူတစ်ယောက်ယောက်ရဲ့အားလပ်ချိန်ကို မို့ကြောင့် နှောင့်ယှက်သလိုဖြစ်သွားရင် ဘယ့်နှယ်လုပ်မလဲ၊ မီက အခင်မတန် အလိုက်သိတတ်တဲ့ကောင်မလေးပဲ မဟုတ်ပါလား။

“အငယ်လေး”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! "

"ဘာလုပ်နေတာလဲ၊ ဟောဗျာ! အဲဒါငိုနေတာလား"

"ဟုတ်ပါဘူး"

ပါးပြင်ထက်မှမျက်ရည်တို့ကို အမြန်သုတ်လိုက်သလို လက်ထဲမှ ရေပန်းကရားကိုလည်း မြေကြီးပေါ်ချထားလိုက်ပါ[illegible] အိမ်ထောင့်နားလေးမှာ မိမျက်ရည်ကျနေတာကို ကိုမောင်မြင့်က သူတို့ခြံထဲကနေ မြင်သွားတာပါလားနော်။ ရှက်စရာကြီး။

"ချက်ပြီးပြီလား"

"အင်း"

"ဘာဟင်းတွေချက်သလဲ"

"အငယ်လေးပြောတဲ့ ဟင်းတွေပဲလေ။ ဘူးညွှန့်ကြော် ချက်ရယ်၊ အမဲသားအပြားကျွတ်ကျွတ်ကြော်ရယ်၊ ငါးကြင်းကြော် ရယ်၊ ရေတ်သီးစိမ်းနဲ့မန်ကျည်းသီးငါးပိချက်ရယ်"

"အရည်သောက်ကရော"

"ကြက်ရိုးနဲ့မုန်ညှင်းရွက်ဟင်းချိုလေ၊ လိုက်ရဲ့လား"

"လိုက်တာပေါ့၊ ကိုမောင်မြင့်ချက်ထားတာ မိတို့အိမ် ထက်တောင်မှ ဟင်းအမယ်စုံနေသေးတာ"

"ဟုတ်လား. . . ဟီးဟီး"





ကိုမောင်မြင့်က မိပြောတာကို သဘောကျပြီး ရယ်လိုက် [illegible] မိမှာက ကိုမောင်မြင့်အတွက် တစ်ပတ်စာဟင်းလျာကို [illegible]ရေးပေးရတာပါ။ မိကိုယ်တိုင်လည်း ထမင်းဟင်းချက်ပါသနာ [illegible]တာမို့ ဒီတာဝန်က မိအတွက် ကိစ္စမရှိပါလေ။

"အငယ်လေးတို့ရော ဘာချက်လဲ"

"အင်း. . . မနက်ကတည်းက ချက်ထားတာ၊ ကြက် သားနဲ့ဘူးသီးကာလသားချက်လေ၊ မှိုနဲ့ကန်စွန်းရွက်ကြော်ထား တယ်။ ပြီးတော့ ခရမ်းချဉ်သီးငါးပိချက်"

"ဟင်းလဲစားမလား"

"ဘယ်ရမှာလဲ၊ မိတို့က ခြေလေးချောင်းသား ရှောင် တာကို"

"အစ်ကိုလေးကတောင် ပြောနေသေးတယ်"

"ဘာ[illegible]လဲ"

"အငယ်လေးတို့ ခြေလေးချောင်းရှောင်တာ အလကား တဲ့"

"အံမယ်! အဲဒါ သူ့အပူလား။ သူပြောစရာလိုလို့လား လို့!"

"ခြေလေးချောင်းရှောင်တယ်ဆိုပြီး ခြေထောက်အများ



www.burmeseclassic.com

www.burmeseclassic.com



ကြီးပါတဲ့ ပုစွန်ကျတော့ ဘာလို့စားလဲတဲ့''

''အယ်. . .''

ကပ်သီးကပ်သပ်ပြောတာပါပဲလားနော်။ မျက်ရည်တ
ခဲ့တဲ့မိုကို ပြုံးမိအောင် ဖြစ်သွားသလိုပါပဲလား။ မိတို့က ကု
သတ္တဝါကို တတ်နိုင်သမျှရှောင်ချင်တာပါလေ။

''သူ့ကျတော့ အစုံစားသတ္တဝါဖြစ်ပြီးတော့များ သူတ
ပါးကို လိုက်ကဲ့ရဲ့နေ''

''ပြန်ပြောလိုက်ရမလား''

''ပြောပေါ့၊ မကြောက်ပေါင်''

''အေးပါ. . . အေးပါ တွေ့တော့မှ ဟိုကဝေါက်ရင် အ
လို တိတ်တိတ်လေး မျက်ရည်မကျနဲ့''

''အံမယ်. . . မိက အစ်ကိုကြီးနဲ့တွေ့ရာရှိလို့ လာမှာ
ပါနော်''

''ဘယ်တော့လဲ''

''ဒီည၊ စာမေးစရာကိစ္စလေး ရှိလို့ပါ။ အစ်ကိုကြီးပြန်
ရောက်ပြီလား''

''တစ်အောင့်နေ ရောက်မှာ''

''အဲဒါဆို ကိုမောင်မြင့်ပဲ အစ်ကိုကြီးကိုပြောပေးပါနော်''





''အေးပါ''

''အခုဘာလုပ်နေတာလဲ''

''အပင်ရေဖျန်းမလို့''

''မိက ပြီးပြီ၊ ရေချိုးတော့မှာ''

''ချိုးချိုး. . . အစ်ကိုကြီးကို ငါပြောထားပေးမယ်''

''ဟုတ်! ကျေးဇူး''

''ရပါတယ်ဟာ''

မိ အိမ်ထဲပြန်ဝင်ခဲ့၏။ ထမင်းအိုးကျက်ပြီမို့ အိုးအဖုံးကို ရေခါကာ ပြန်ဖုံးပြီး ရေစစ်အောင် ခလုတ်ထပ်နှိပ်လိုက်ပါသည်။ မနက်က တစ်ဝက်အဆင်သင့် သင်ထားပြီးသား ကန်စွန်းရွက်ဖောကို ရေခဲသေတ္တာထဲမှထုတ်ကာ ရေပြန်ဆေးလိုက်ပါသည်။ ညနေတော့ မှိုမထည့်တော့ဘဲ ဒီတိုင်းရိုးရိုးကြော်မှာမို့ ကြက်သွန်ဖြူကို စဥ့်တီဝိုးထက်မှာ ရေတက်ကျည်ပွေ့ဖြင့်ထု၊ အခွံခွာကာ ဆီသတ်ကြော်လိုက်ပါသည်။

ဟင်းအိုးနွေးတန်တာနွေးပြီး မေမေတို့ဖို့ ဦးဦးဖျားဖျား ဟင်းဖယ်ထားကာ ကြောင်အိမ်ထဲသို့ ထည့်သိမ်းလိုက်ပြီး မကြီးနဲ့မလေးအတွက် ဟင်းကို ပန်းကန်လုံးနှင့်ပန်းကန်ပြားထဲထည့်ကာ စားပွဲပေါ်မှာထားပြီး အုပ်ဆောင်းဖုံးထားလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မိကတော့ ညစာမစားချင်တော့ပါလေ။ စိတ်မကြည်ရင် ဘယ်လောက်ပဲ ဗိုက်ဆာနေနေ လုံးဝအစာမစားတဲ့အကျင့်မို့မှာရှိပါ၏။ မိစိတ်ကောက်ရင် စိတ်ဆိုးရင် ဘယ်သူ့ကိုမှ စကားမပြောဘဲ လူမမြင်တဲ့နေရာမှာ တစ်ယောက်တည်းထိုင်နေတတ်တာပါ။ နာရီဝက်လောက်ကြာပြီး အိမ်ထဲကိုပြန်မဝင်လာရင် မေမေက မိနောက်ကိုလိုက်လာပြီး ချော့ခေါ်တတ်ပါ၏။

အိမ်မှာ မိကိုအလိုလိုက်တတ်တာ မိအကျင့်ကိုသိတာ မေမေတစ်ယောက်တည်းသာ ရှိတာပါလေ။ ရေချိုး သနပ်ခါးလူးပြီး အဝတ်အစားလဲကာ အခန်းထဲမှထွက်တော့ ထမင်းစားပွဲခုံမှာ မလေးက ထမင်းစားနေပြီလေ။

"အဲဒါက ဘယ်လဲ"

"မေမေတို့ဆီ"

"မှောင်နေတာတောင်မှ လမ်းကရှာနေသေးတယ်"

မိတာမှပြန်မပြောတော့ပါလေ။ အကြောင်းမရှိအကြောင်းရှာ လမ်းထွက်တာမျိုးကို မိက မလုပ်တတ်တာ မိအသိဆုံးပါပဲ။ ဆိုင်မှာဝိုင်းသိမ်းဖို့ ပစ္စည်းတွေပြန်စီဖို့ စာရင်းတွေ ဝိုင်းတွက်ဖို့ အလုပ်တွေကို ဘယ်သူကလုပ်ပေးလို့လဲ။ မနက်ကျောင်းသွားခါနီး 'မေမေ'ဆိုကာ လက်ဝါးဖြန့်တဲ့အလုပ်ကိုသာ မပင်မပန်းလုပ်





တတ်ကြတာလေ။

မကြီးကတော့ အလုပ်ဝင်ကတည်းက ပေးလည်းမပေး တောင်းလည်းမတောင်းတာကို မိသိပါ၏။ ဆိုင်မှာ ပစ္စည်းတွေချရင် ဖေဖေ့ကို မိသာ ကူသယ်ပေးတာပါပဲ။ ဈေးရောင်းတာကို သိမ်ငယ်တဲ့အလုပ်လို့များ ယူဆထားသည်မသိပါလေ။

"ဟော!"

မကြီးကို လမ်းထိပ်မှာ လှမ်းတွေ့လိုက်ရတာမို့ ဝမ်းသာအားရခေါ်မလို့ပြင်ရင်း ပါးစပ်ပိတ်လိုက်ရပါ၏။ ကားပေါ်မှဆင်းလာပြီး ကားမောင်းသည့်လူကိုပြုံးပြကာ စကားပြောနေတာကို။ ဟိုလူက ဘာပြောသလဲမသိ။ မကြီးက အဲဒီလူရဲ့လက်မောင်းကို ဖတ်ခနဲပုတ်လိုက်တဲ့မြင်ကွင်းကြောင့် အံ့ဩသွားရပါသည်။

ဘာကြီးလဲ။ ရင်းရင်းနှီးနှီးပုတ်ခတ် ကျီစယ်ပုံက မိတ်ဆွေအဆင့်ထက်မကမှန်း သိသာလွန်းနေတာပါ။ တော်ရုံနဲ့ စကားမပြတ်သေးပုံကြောင့် မိမျက်နှာလွှဲကာ စတိုးဆိုင်ဘက်သို့ လမ်းဆက်လျှောက်လိုက်ရပါ၏။ မေမေတော့ မကြီးသာ ချစ်သူရသွားရင် ဘာပြောမှာပါလိမ့်။

"ဟော. . . မိရောက်လာပြီ"

"အတော်ပဲ သမီးငယ်ရေ့ ဖေဖေနဲ့ ပစ္စည်းတွေကူသယ်



www.burmeseclassic.com

www.burmeseclassic.com



ပေးဦး''

''ဟုတ်ကဲ့''

ရောက်တာနှင့် စက္ကူပုံးတွေ ဖွင့်နေသည့်ဖေဖေ့အနီးမှာ ပစ္စည်းတွေကို ခြင်းထဲထည့်လျက် သူ့နေရာနှင့်သူ စီထပ်ပေးပါ၏။ ခါတိုင်းပေါက်ပေါက်ရော်အောင် စကားများလေ့ရှိသည့်မီက အခုငြိမ်သက်ပြီး ဘာစကားမှမပြောဘဲ အလုပ်လုပ်နေတာကို ဖေဖေနဲ့မေမေက အကဲခတ်နေကြမှန်း မီသိပါ၏။

ကြာလာတာနဲ့အမျှ မီ့အပေါ်မှာ အစ်မတွေ အရင်လို မကြည်ဖြူကြတာကို ဘာကြောင့်မှန်းမသိ မီဝမ်းနည်းတာအမှန်ပါ။ ညီအစ်မတွေ စကားများရင် ဖေဖေနဲ့မေမေ စိတ်ဆင်းရဲကြမှာမို့ မီ မျိုသိပ်နေခဲ့တာ ကြာပါရောလား။ အပူဆိုတာ 'မီး'တစ်ခုတည်းရှိတာမဟုတ်မှန်းလည်း မီသိနေပါပြီလေ။ ရင်ထဲမှာ တအုံနွေးနွေးဖြစ်ဖြစ်နေတဲ့ကိစ္စကြီးငယ်မှန်သမျှ ရင်ဖွင့်စရာလူရယ်လို့ မီ့မှာ မရှိပါချေ။



## အခန်း (၁၄)

''မိ... သမီး''

''ရှင်... မေမေ''

''ဘာဖြစ်လာတာလဲ''

''ဟင့်အင်း... မီဘာမှမဖြစ်ပါဘူး မေမေရဲ့''

''ဘာမှမဖြစ်ဘူးသာဆိုတယ်၊ မျက်စိမျက်နှာကဖြင့် ပျက်နေပြီးတော့။ ဘာလဲ... အသက်နဲ့စကားများပြန်ပြီလား''

ပြန်မဖြေမိ။ အမေဆိုတာ သားသမီးတွေရဲ့ရင်ထဲအထိ မြင်နိုင်စွမ်းတယ်ဆိုတာ အမှန်ပဲမဟုတ်ပါလား။ စီးပွားရေးကို ပင်ပန်းတကြီးရှာနေတဲ့မိဘနှစ်ပါးစလုံးကို မီ့ကြောင့်နဲ့တော့ စိတ်မဆင်းရဲစေလိုပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ပြော"

"ညကျရင် အစ်ကိုကြီးဆီမှာ စာမေးစရာလေးရှိလို့ အဲ
ဒါ ခဏလောက် လိုက်ပို့ပေးပါလားဟင်။ မေမေမလိုက်နိုင်ရင်
လည်း ဖေဖေဖြစ်ဖြစ်ပေါ့"

"မေမေလိုက်ပို့တာပဲ ပိုသင့်တော်ပါတယ်သမီးရယ်။ မေ
မေပဲ လိုက်ပို့မယ်။ အိမ်ပြန်ရေမိုးချိုး စားသောက်ပြီးမှ သွားကြ
တာပေါ့။ သမီးရော ထမင်းစားပြီးပြီလား"

"ဟုတ်"

မီက စိတ်ညစ်စိတ်ရှုပ်ရင် အစာမစားချင်တဲ့သူမို့ မေမေ့
ကိုခေါင်းညိတ်ပြလိုက်မိပါ၏။ ညကျမှဆာရင်တော့ ကွကာအုပ်
နဲ့ ကိတ်တစ်ချပ်လောက် ထပြီးစားရင်ပြီးပြီလေ။ မီက ညဘက်
အိပ်ရင် နောက်ကျတတ်ပြီး မနက်ကိုစောစောထတဲ့အကျင့်ရှိပါ
၏။ ငယ်စဉ်တုန်းကတော့ မေမေက မီ့ကို မနက်တိုင်း နှိုးခဲ့တာ
မို့ အခုကတော့ အိပ်ချိန်နည်းနေပြီလေ။

"သမီးငယ်"

"ရှင်. . . ဖေဖေ"

"ခဏ"





ဆိုင်ခန်းမှန်ချပ်တွေကို လိုက်ပိတ်နေပြီမို့ ဖေဖေ့အနား
ကို မီ သွားရပ်လိုက်ရပါ၏။ ဖေဖေက မီ့လက်ထဲသို့ ချောကလက်
တစ်တောင့်ထည့်ပေးလိုက်တာမို့ မျက်ရည်ဝဲသွားရပါသည်။ မီ့ကို
ခုချိန်အထိ ကလေးလို့ပဲ ဖေဖေတို့ထင်နေကြတုန်းပဲကိုး။

"ဘာလဲ၊ မစားချင်ဘူးလား"

"မဟုတ်ပါဘူးဖေဖေရဲ့"

"မှတ်ထား။ စိတ်ဆိုးနေတဲ့လူကို အချိုကျွေးရတယ်တဲ့"

မီ့မျက်နှာ ပြုံးသွားရပါ၏။ တွေ့တယ်မဟုတ်လား၊ မီ့ကို
အမြဲစိတ်ပြေအောင် ချော့တတ်တာ ဖေဖေတစ်ယောက်တည်းပဲ
ရှိတာပါဆို။

"မီစိတ်ဆိုးနေတာမှမဟုတ်တာ"

"ဒါဖြင့် ဘာကိုဝမ်းနည်းနေရတာလဲ သမီးငယ်"

"မီ့မပြောချင်ပါဘူးဖေဖေရယ်၊ မပြောပါရစေနဲ့"

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိ၏။ ငယ်ငယ်ရွယ်ရွယ်
လေးနဲ့ သက်မတောင်မှ မီ ရှိုက်နေရတာပါလား။ တကယ်ဆို
ဒီ (၁၇) (၁၈)အရွယ်ဆိုတာ ပျော်စရာတွေကိုသာ ရှာဖွေတွေးပြီး
ပေါ့ပေါ့ပါးပါးပျော်တတ်လေ့ရှိကြတာပါလေ။ အခုတော့ မီ့မှာ
ရင်ပူစရာတွေပဲ ရှိနေတာအမှန်ပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကြီးကို ဖေဖေလည်း တွေ့လိုက်ပါတယ်"

"ဟင်!"

အလို!မကြီးပြန်လာတာကို ဖေဖေလှမ်းမြင်လိုက်သတဲ့။ အင်းပေါ့လေ၊ အဲဒီကားက ဆိုင်ရှေ့ကဖြတ်တာမို့ ဆိုင်ထဲကနေ လှမ်းတွေ့နိုင်တာပဲ။ မီမပြောချင်တဲ့ကိစ္စကို ဖေဖေတို့အလိုလိုသိကြတာပါပဲလား။

"သမီးအတွက် ဘာလိုအပ်သလဲဆိုတာ ဖေဖေတို့ကို ပြောဦးနော်"

"ဟင်. . . ဘာမှမလိုပါဘူး ဖေဖေရဲ့"

"ပွင့်ပွင့်လင်းလင်းပြောဖို့မှာထားတာပါ မီ။ ဒေးကျောင်းတက်တာ ငွေဘယ်လောက်ကုန်မှန်း ဖေဖေရောမေမေပါ သိပြီးသားပါ။ ဘာဝယ်စရာပဲရှိရှိ ဘာမဆိုရဲရဲပြောပါ။ သမီးရဲ့အစ်မတွေ ဘာပြောပြော ဂရုမစိုက်နဲ့ ကြားလား"

"ဟုတ်ကဲ့"

"ဖေဖေ"

"ပြော"

"မီ ဒေးကျောင်းတက်တာကို မကြီးတို့ကန့်ကွက်ကြတာ ငွေကုန်မှာစိုးလို့ပဲမဟုတ်လား"





"အေးပေါ့"

"သူတို့အိတ်ထဲက စိုက်ထုတ်ပေးရတာမှမဟုတ်တာဘဲ သမီးရယ်။ သူတို့အကြောင်း စကားထဲထည့်မပြောနေနဲ့တော့။ မောင်ဖြိုးရောက်ပြီ အစ်ကို၊ ပြန်ကြစို့"

"အေးအေး"

ဆိုင်စောင့်သည့်အစ်ကို ရောက်ပြီမို့ မီနဲ့ ဖေဖေ မေမေ တို့က ဆိုင်သော့ကို ကိုမောင်ဖြိုးကိုပေးပြီး ထွက်လာခဲ့ကြပါ၏။ မေဖေက မိုးပခုံးကိုဖက်ပြီး လမ်းလျှောက်တာမို့ မီကျေနပ်လိုက်တာမပြောပါနှင့်။ ဒီလိုကယုကယင်ကြင်နာမှုမျိုးကို မေမေ့ထံမှ ရလေ့မရှိဘဲ ဖေဖေ့ထံမှသာ မီ ရခဲ့တာပါလေ။

"မီ"

"ရှင်"

"ကျူရှင်ယူဖို့လိုလား သမီးငယ်"

"ဟင့်အင်း. . . မလိုပါဘူးဖေဖေ၊ အစ်ကိုကြီးက လိုအပ်ရင် စာအုပ်လာငှားပါတဲ့။ နားမလည်တဲ့စာရှိရင် အိမ်မှာလာ မေးဖို့ ခွင့်ပေးထားပါတယ်ဖေဖေ"

"မောင်ဘုန်းလည်း အချိန်အားတာမဟုတ်တော့ အား



www.burmeseclassic.com

www.burmeseclassic.com



နာစရာကောင်းလို့ပါ သမီးရယ်''

''စာနဲ့ပတ်သက်ပြီး သင်ပေးရင် ကုသိုလ်ရတယ်တဲ့ ဖေဖေရ''

ဖေဖေက မှိခေါင်းကို လက်ဝါးဖြင့်အုပ်ကာ ဖိလိုက်လေ၏။ အစ်ကိုကြီးနဲ့မတွေ့ဖြစ်တာ အတော်လေးကြာပြီပဲ။ အစ်ကိုကြီးစကားကို မီ နားထောင်ပြီး ဆံပင်တိုတိုလေးညှပ်ပြီးပါပြီနော်။ အရှေ့ကို ဆံစလေးတွေ ကျမလာရအောင် ကလစ်ကြည်ကြည်လေးတွေနဲ့ ညှပ်ထားဖို့လည်း မမေ့ပါဘူး။ မှိပုံစံအသစ်လေးကို မြင်ရင် အစ်ကိုကြီး ဘာပြောမှာပါလဲ။

အစ်ကိုကြီးညီနဲ့ မီက သိပ်မကြည်ကြပေမယ့် အစ်ကိုကြီးရဲ့မျက်နှာကြောင့် သူ့ကို မီ(ကျောင်းတက်ဖို့ လမ်းထွက်ရင်) ဆုံကြတတ်တာမို့ ဖော်ရွေစွာ ပြုံးပြတဲ့အကျင့်လည်း ရှိနေပါပြီ။ သူက ပြန်မပြုံးပြဘဲ မျက်မှောင်ကြုတ်ကာ မှုံတေတေပြန်ကြည့်ရင် မီက ပြုံးစိစိဖြင့် မျက်နှာလွှဲတတ်နေပြီလေ။

''ဘာပြောလိုက်တယ်''

''ဟိုတက်အိမ်က ပေါက်စနမလေးက ကိုကို့ကို စာလာမေးမလို့တဲ့''

''မှိကိုပြောတာလား''





''သူပဲရှိတာပေါ့''

''ဘယ်တော့တဲ့လဲ''

''ဒီညတဲ့''

အိမ်ပြန်ရောက်ရောက်ချင်း TV ကြည့်ရင်း လှမ်းပြောလိုက်သည့်ညီကြောင့် သူ့ရေမြန်မြန်ချိုးရတော့မှာလေ။ ချာတိတ်မနဲ့မဆုံဖြစ်တာ အတော်ကြာနေပြီပဲ။ စာကြည့်ခန်းထဲသို့လည်း မဝင်ဖြစ်တာမို့ ဖုန်တွေ ဘယ်လောက်တက်နေပြီမှန်းမသိ။ မောင်မြင့်ကို အိမ်ရှင်းခိုင်းပေမယ့် သူ့စာအုပ်တွေကို ဟိုရွှေ့ဒီရွှေ့လိုက်ရင် မှတ်ထားတဲ့နေရာ ပျောက်မှာစိုးတာမို့ စာကြည့်ခန်းထဲကို မဝင်စေချင်တာလေ။

''အစ်ကိုကြီး ထမင်းစားတော့မှာလား။ ကိုလေးနဲ့ ကျွန်တော်တော့ စားပြီးနေပြီ''

''နေနေ. . . မောင်မြင့်၊ ငါမဆာသေးဘူး။ နောက်မှပဲ စားတော့မယ်''

ရေချိုးပြီး ဆင်းလာစဉ် မောင်မြင့်ပြောတာကို ပြန်ဖြေလိုက်ပြီး စာကြည့်ခန်းသော့ကိုဖွင့်လိုက်ပါ၏။ မီးချောင်းတွေကို စာကြည့်မီးကိုပါ ဖွင့်လိုက်ပြီး ကြက်မွေးတံမြက်စည်းဖြင့် စားပွဲပေါ်နှင့် စာအုပ်စင်တွေပေါ်မှာ ရှိနေသည့်ဖုန်တွေကို ခပ်မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com



လေး သန့်ရှင်းလိုက်ပါသည်။

သိပ်ကြီးမညစ်ပတ်ရင် တော်သေးတာပေါ့။ ကြမ်းပြင်ကိုလည်း တံမြက်စည်းခတ်လိုက်ပြီး ဝေါပြားနဲ့အမှိုက်ကျုံးကာ အမှိုက်ပုံးထဲ ထည့်လိုက်ပါ၏။ လက်တွေပေကုန်တာမို့ ရေချိုးခန်း (အောက်ထပ်မှ)ထဲဝင်ကာ ဆပ်ပြာဖြင့်ဆေးနေစဉ် အိမ်ရှေ့ဆီမှ Bell သံ ကြားလိုက်ရပါသည်။ လာပြီထင်ပါရဲ့။

"တင်း! တောင်!"

"ရောက်ပြီ အန်တီဆရာမရဲ့၊ ခဏလေးစောင့်ပါနော်"

သူမအမေပါ လိုက်လာတယ်ထင်ပါရဲ့။ အင်းပေါ့လေ၊ ယောကျ်ားလေးသုံးယောက်ပဲရှိတဲ့အိမ်မို့ သမီးအငယ်လေးကို တစ်ယောက်တည်း ဘယ်လွှတ်ပါ့မလဲ။ လက်သုတ်ရင်း ဧည့်ခန်းကို ထွက်လာတော့ သူမက မတ်တပ်ရပ်ကာ ရှိသေဟန်ပြုလေ၏။

"နေနေ. . . ရပါတယ် မီရဲ့"

"စားပြီးကြပြီလား"

"အငယ်နှစ်ယောက်ကတော့ စားပြီးပြီအန်တီရဲ့။ ကျွန်တော်က အခုပဲပြန်ရောက်တာမို့ မစားရသေးဘူးခင်ဗျ"

"အို! ဒါဆိုလည်း စားလေ သားရဲ့၊ အားနာစရာ"

"ရပါတယ်အန်တီ၊ ဆာမှပဲစားပါ့မယ်။ စာကြည့်ခန်းထဲမှာပဲ ထိုင်ကြမယ်လေ။ မီ စာအုပ်တွေ ဟိုရွှေ့ဒီရွှေ့လုပ်ရမှာစိုးလို့ပါ"

"ဟုတ်"

"အန်တီပါလိုက်ခဲ့ပါခင်ဗျ၊ မောင်မြင့်ရေ၊ အန်တီတို့ဖို့ အပူအအေးတစ်ခုခု လုပ်ပေးပါဦး"

"ဘာမှမလုပ်ပါနဲ့သားရယ်၊ အန်တီလည်း အခုပဲ ထမင်းစားပြီးတာ။ နေပါစေတော့"

သူက စာကြည့်ခန်းတံခါးကိုဖွင့်လျက်သားထားပြီး ထိုင်ခုံနှစ်လုံးကို စားပွဲစောင်းမှာ ရွှေ့သိုက်တာမို့ မျက်စောင်းထိုးနေရာမှာ ရှိသွားလေသည်။ သူလုပ်တာကိုမြင်တော့ အန်တီက ထလိုက်မလာဘဲ သူမကိုအသာလက်တို့ပြီး သွားခိုင်းလေ၏။ စာကြည့်ခန်းက ဧည့်ခန်းဘေးမှာမို့ မြင်ကွင်းက ရှင်းပြီးမြင်နေရတာကိုး။

"ထိုင်"

သူမက ဧည့်ခန်းကိုကျောပေးထားသည့်ခုံမှာ ဝင်ထိုင်လိုက်လေ၏။ မောင်မြင့်က အလိုက်သိစွာဖြင့် ကော်ဖီနှစ်ခွက်ဖျော်လာပြီး အန်တီနှင့်သူမရှေ့စားပွဲပေါ်မှာ တစ်ခွက်စီ လာတင်ပေးလေသည်။ သူ့ရှေ့မှာတော့ ရေသန့်တစ်ဘူးနှင့် ဖန်ခွက်တစ်ခွက်ပါပဲ။







www.burmeseclassic.com

www.burmeseclassic.com



"စာအုပ်တွေ အစုံရှိရဲ့လား"

"ဟင့်အင်း. . . ဝယ်စရာတွေ ရှိသေးတယ်အစ်ကိုကြီး။ ဈေးသိပ်ကြီးတော့ ဖေဖေတို့ဆီက တောင်းရမှာမို့ မိမပြောချင်ဘူး"

"ကိုယ်ပြောထားတယ်လေ၊ လိုအပ်တဲ့စာအုပ်တွေရှိရင် လာယူလို့ရတယ်ဆို"

"ဟိုလေ. . . အားနာလို့ပါ"

"ဘာအားနာစရာရှိလို့လဲ မိရဲ့။ ပညာဒါနဆိုတာ လိုချင်တိုင်း ရတာမျိုးမှမဟုတ်တာကို။ ပြော. . . ဘာစာအုပ်တွေလဲ။ ကိုယ်ရှာပေးမယ်။ ကိုယ့်ဆီမှာမရှိတဲ့စာအုပ်မျိုးမှ ရှာဝယ်ပေါ့။ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

သူက သူမရေရွတ်လိုက်သည့်စာအုပ်တွေကို ဆေးနှင့်ပတ်သက်သည့်စာအုပ်ဗီရိုသော့ဖွင့်လိုက်ပြီး ကြည့်ရွေးကာ ယူလိုက်ပြီးလျှင် ဗီရိုကိုပြန်ပိတ်လိုက်ပါ၏။ စာအုပ်ရှိသေးတတ်သူမို့ ယခုတိုင် စာအုပ်တွေက အကောင်းအတိုင်းရှိနေသေးတာပါပဲ။

"ရော့. . . ယူသွားချည်၊ မလိုတော့မှပြန်ပေး။ ဟုတ်ပြီလား"





"ဟုတ်! စာအုပ်တွေအများကြီးပဲရှိတယ်နော်"

"အင်း. . . တခြားဗဟုသုတစာပေတွေလည်း ရှိတယ်၊ စာအုပ်မရှိသေတဲ့လူတွေကို ကိုယ်မငှားဘူးနော်"

သူမက ပြုံးစိစိဖြစ်ကာ မျက်လွှာချသွားလေ၏။ ကြည့်စမ်း! နှုတ်ခမ်းပြောင်နေအောင် တင်ထားတဲ့နှုတ်ခမ်းနဲ့မျက်ခုံးတန်းက သူမြင်နေရတာမို့ ဘယ်သူနဲ့များ တူနေတာပါလိမ့်။ နားရွက်အောက်နားခပ်ကျကျတိုတိုလေး ညှပ်ထားတဲ့ဆံပင်ပုံစံက (၈)တန်းကျောင်းသူလေးအရွယ်လို့ ထင်မှတ်စရာပါပဲ။

"ဘာလို့ပြုံးတာလဲ"

"အစ်ကိုကြီးက မိဂ်ကိုစာအုပ်မရှိသေဘူးလို့ ထင်နေလို့လေ။ မိဂ်ဆီမှာ လေးတန်းလောက်ကတည်းက ဆုရလို့ စုထားတဲ့စာအုပ်တွေ ခုထိရှိသေးတုန်းပါနော်"

"ပြီးတာပဲ"

စာပြနေစဉ် သူမဗိုက်ထဲမှ အသံမြည်လာတာမို့ သူအံ့သြသွားရပါ၏။ ထမင်းစားလာတဲ့သူက ဘာကြောင့်ဆာရတာပါလဲ။ အန်တီနဲ့မောင်မြင့်က TV သတင်းကြည့်နေတာမို့ မောင်မြင့်ကို သူ မခိုင်းတော့ဘဲ နောက်ဖေးခန်းထဲဝင်ကာ ထမင်းနှင့်ဘူးသည့်ကြော်ချက်၊ ငါးပိချက်ကိုနယ်ကာ ငါးကြော်လေးငါးတုံးထည့်၍



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းနှစ်ချောင်းတပ်ကာ သယ်လာခဲ့ပါ၏။

"မရွှံ့တတ်ရင် စားပါ မီ"

သူမက စာလိုက်မှတ်ရင်း သူနှင့်အတူတူ ညစာစားပြီ

လေ၏။ အမှတ်တရပါပဲလားနော်။





အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရေ....

ချစ်ခဲ့ပြီးမှ
ခွဲခွင့်ကြုံခဲ့မယ်ဆိုရင်
ငါ့မျှော်လင့်ချက်ကို မင်းအာနာနိုင်ပြီပါ့မလား....

ထားခဲ့မယ့်မှန်းသိလျက်နဲ့
ရင်ထဲက ထုတ်ပစ်လို့မရခဲ့တာ
ငါ့ရင်ခုန်ခြင်းတွေက မင်းနဲ့ထပ်တူကျနိုင်ပြီပါ့မလား....

ကြေကွဲနေရုံနဲ့
မင်းပုံရိပ်တွေ ဝေဝါးသွားမယ်ဆိုရင်
ငါ့ချစ်ခြင်းတွေကို မင်းရှေ့မှာ ချပြခွင့်ရမလား....

နာကျင်နေရုံနဲ့
အချစ်တွေကို နင်းချေခဲ့မယ်ဆိုရင်
ငါ့ရဲ့ကိုယ်ပိုင်မှုတွေကို မမြင်ယောင်ဆောင်နိုင်
ပါ့မလား....





မေ့လိုက်ပါ ပြောရုံနဲ့
ငါ့ရင်ခုန်မှုကို ရပ်တန့်ခံရမယ်ဆိုရင်
စပေကျွန်ပြုပြီး ဆုမ်းတွေလိုနေနိုင်ပြီပါ့မလား....

ဒဏ်ရာရရုံနဲ့
နှလုံးသားထဲကပုံ ပျက်စီးသွားမယ်ဆိုရင်
မင်းကိုချစ်တဲ့ချစ်ခြင်းတွေအတွက်
ငါ့ဘက်က ပေးဆပ်ပိုင်ခွင့်ရှိနိုင်ပြီပါ့မလား....



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ဘယ်လိုလဲဟ"

ကားပါကင်ထိုးလိုက်ပြီး သော့ခတ်နေစဉ် မေးလိုက်သည့် နေဆန်းကြောင့် သူလှည့်ကြည့်လိုက်မိပါ၏။ ဘာကိုမေးတာမှန်း မသိပါချေ။ သော့တွဲကို ဘောင်းဘီအိတ်ထဲထည့်လိုက်ပြီးမှ သူပြန်မေးရှိက်ပါ၏။

"ဘာကိုပြောတာလဲ"

"မင်းတို့နှစ်ယောက် ကောက်ညှင်းပြန်ပေါင်းကြွေးဖို့လေ လရောင်ရဲ့"

"ဘာ!"

"ဟုတ်တယ်လေ၊ ကိုဘုန်းနဲ့ မဟေမာန်တို့ ပြန်တွဲနေ



www.burmeseclassic.com

www.burmeseclassic.com



ကြပြီမဟုတ်လား။ ဒီသတင်းက တစ်ဆေးရုံလုံး ပျံ့နေပြီလေ

မျိုးကပါ ဝင်ပြောလိုက်တာမို့ သူစိတ်ပျက်သွားလေ

ကျစ်! စိတ်ကိုကြည်ကြည်လင်လင်လေးထားမိပေမယ့် ဘာကြော

ဒီကောလာဟလသတင်းက ပျံ့နေရတာပါလိမ့်။ ဟောမာန့်အပြု

က သူ့ကိုပိုပြီးအထင်လွဲစရာဖြစ်နေပြီလေ။

''သတင်းအမှားကြီးပါကွာ''

''ဘာရယ်! မင်းကသာ ဘူးခံငြင်းနေ၊ ဟိုတစ်ယော

က မေးသမျှလူတိုင်းကို မခိုတရိုလေးပြုံးပြပြီး ဝန်ခံနေတာ

လရောင်ရ''

''ကျစ်. . . မဟုတ်ပါဘူးဆိုနေမှကွာ''

''ကိုဘုန်းနဲ့ ရုံးခန်းထဲမှာ နှစ်ဦးသား နှစ်ပါးကြည့်

ကြတာဆို''

သေစမ်း! သူမလက်မောင်းကို (လဲကျမသွားမိအော

ထိန်းကိုင်လိုက်မိတဲ့မြင်ကွင်းကို Nurse မလေးတွေ မြင်သွာ

တာမို့ ဒီသတင်းပျံ့သွားတာထင်ပါရဲ့။ အထင်ထက် အမြင်က

ပြီးစိတ်ချသွားတာကိုး။ ဒီလောက် သူအတန်တန်ငြင်းနေပါလျ

နဲ့ ဟောမာန့်က ဘာကြောင့်ဝန်ခံခေါင်းညိတ်နေရတာပါလဲ။

မိန်းမဆိုသည့်အမျိုးက မြစ်နှယ် အကွေ့အကောက်





သလို ရေအလျင်နဲ့မငြိမ်သက်တဲ့စိတ်ရှိတဲ့ လူသားဆိုသည့်စာရေး

ဆရာတွေ တင်စားကြတဲ့ ဂူတ္တိုယတွေဆိုတာ အမှန်ပါပဲလား။

ဂူတ္တိုယဆိုမှ မို့ကို သူ ဖျပ်ခနဲ အာရုံထဲမှာ ပြန်မြင်လိုက်

ပါလေ။ ဒီလိုမိန်းမလည်တွေထဲမှာတော့ မိမပါဘူးထင်ပါရဲ့။ အပြစ်

ကင်းစင်လွန်းသည့်မျက်ဝန်းနက်ကလေးတွေနဲ့ ဖြူစင်သည့်အပြုံး

တို့ကို မိသာ ပြုံးပြတတ်တာလေ။

တပြရင်း တလုံးမှားသွားရင် ခဲတံနှင့် သူမခေါင်းကို

ဖျပ်ခနဲခေါက်မိရင် နုတ်ခမ်းဖူးဖူးလေးက စူသွားတာမဟုတ်လား။

ဒီလိုအပြုအမူကို သူမလုပ်မိအောင်နေပေမယ့် အမှတ်တမဲ့လုပ်

မိတာမို့ အားနာလိုက်တာမပြောပါနှင့်။ သို့သော် စေတနာကြောင့်

ဖြစ်တည်လာတဲ့ပြစ်ချက်မျိုးကိုတော့ မိနားလည်သင့်ပါတယ်လေ။

အလို! ဘယ်လိုဖြစ်ပြီး ဒီချာတိတ်မရဲ့အကြောင်းက သူ့

ဦးနှောက်ထဲကို ရောက်လာရတာပါလိမ့်။ ပြဿနာပါပဲလား။ သူ

တော့ အာရုံတွေ လွဲမှားနေလေပြီ။

''ဟာ. . . လူနဲ့စိတ် ကပ်သေးရဲ့လားကွ''

''ဟင်! ဘာပြောလိုက်တာလဲ''

''မေးနေတာမဖြေဘဲ မင်းမျက်နှာက ပြုံးနေတာကိုးကွ

လရောင်ရ''



www.burmeseclassic.com

www.burmeseclassic.com



"ပြုံးတယ်!"

"အေး"

"ကျွတ်! မဟုတ်ပါဘူးကွာ"

ခေါင်းခါပြလိုက်ပြီး သူပြုံးမိပြန်လေ၏။ ဘယ်လိုလဲ မှီအကြောင်းတွေးမိရုံနဲ့ သူ့မျက်နှာထက်မှာ အပြုံးတွေ ပေါ်လာရတယ်လို့။ မင်းတော့ ခက်ကိုခက်နေပြီ ဘုန်းလရောင်ရေ။

"ဟောကြည့်! ပြုံးပြန်ပြီ၊ တစ်ခုခုတော့ တစ်ခုခုပဲ"

"အာ. . . ဘာတစ်ခုခုလဲကွ"

"မင်းဒီလိုကြည့်နေပြီး ပြုံးတာမျိုးကို လွန်ခဲ့တဲ့လေးနှစ် ကျော်လောက်က တစ်ခါ ငါမြင်ဖူးတယ် လရောင်။ အခုတစ်ခါ ထပ်ပြုံးတာ ဟောမာန့်ကြောင့်ပဲလား"

"အဝေးကြီးလွဲသွားတာ"

"ဘာ!"

'မှိုးသွားပြီ. . . မောင်"

"OK!"

မျိုးနွတ်ဆက်ကာ duty ဝင်ရန်ထွက်သွားပြီမို့ သူနဲ့နေ ဆန်းသာ့ ရုံးခန်းထဲ ကျန်ရစ်ခဲ့ပါ၏။ တခြားဆရာဝန်တွေက ကိုယ့် ခုံကိုယ် ထိုင်ကာ အလုပ်ကိုယ်စီရှုပ်နေကြတာမို့ သူတို့ကို ဂရုမပြု





ကြပါချေ။

"ဟောမာန်မဟုတ်ရင် ဘယ်သူလဲ"

"မင်းမေးခွန်းက ဘာကြီးလဲကွ"

"ဟုတ်တယ်လေ၊ မင်းရင်ထဲရောက်နေတာ ဘယ်သူ လဲလို့ မေးနေတာ"

"ရင်ထဲရောက်နေတာ!"

"အေး"

အလို! သူတောင်မှ မသိသေးတဲ့ကိစ္စကြီးကို နေဆန်း ဘယ်လိုများ ခေါင်းစဉ်တပ်လိုက်တာပါလဲ။ ရင်ထဲရှိနေပြီတဲ့လား။ မဟုတ်တာ။ မကြာခဏစာပြပေးရုံနဲ့ သူ ဤသို့ဖြစ်စရာလား။ အမှားမြေမိလို့ မှားမှန်းသိပါလျက်နဲ့ ဘောပင်ဖင်ကို ကိုက်လိုက် တဲ့ သူမရဲ့သွားတန်းဖြူဖြူလေးကို အမှတ်တမဲ့ကြည့်မိတဲ့မြင်ကွင်း ကို သူမျက်နှာလွှဲလိုက်မိတာ မကြာခဏပါလေ။

အိမ်နေရင်း ရှပ်အကျီတွေကိုသာ အမြဲလိုလိုဝတ်လေ့ ရှိတဲ့မိန်းကလေး။ ညခင်းစောစောရောက်လာတဲ့အခါ ညနေစာ စားဖို့ ဝိုင်းကူချက်ပြင်ပေးတတ်တဲ့ကောင်မလေး။ သူ့သိက္ခာကို ယုံကြည်စိတ်ချတာမို့ နောက်ပိုင်းမှာ မလိုက်လာတော့တဲ့ မိတေ့ ကြောင့် သူမက သူတို့အိမ်မှာ နာရီဝက် ဒါမှမဟုတ် တစ်နာရီ



www.burmeseclassic.com

ခန့် စာလာမေးတတ်တဲ့ ဆေးကျောင်းသူလေး။

ခြံထဲမှာ မောင်မြင့်နဲ့အတူ အပင်တွေ ပေါင်းသင်ပေး လောင်းပေးရင်း သူပြန်အလာကို လာစောင့်တတ်တဲ့ ချာတိတ်မလေးက သူ့ရင်ထဲကို ဘယ်လိုရောက်ရမှာလဲ။ 'အစ်ကိုကြီး'လို့ ခပ်တိုးတိုးခေါ်သံထဲမှာ အားကိုးယုံကြည်ခြင်းတွေ ပျော်ဝင်နေ တတ်တာကို သူသာလျှင် အသိဆုံးပါလေ။

"လရောင်"

"ဘာလဲ နေဆန်းရာ"

"ဘယ်သူလဲဆိုနေမှ ပြောလေကွာ"

"ကျစ်! မင်းသိစရာမလိုဘူးလေကွာ"

"ဟာ! မင်းနဲ့ငါက ငယ်သူငယ်ချင်းလေ လရောင်ရာ။ ငါ့ကိုမှ ပွင့်ပွင့်လင်းလင်းမပြောရင် မင်း ဘယ်သူ့ကိုသွားပြောမှာ လဲ"

သူပြုံးလိုက်မိပြန်ပါတယ်။ ဘယ်လိုဖြစ်ဖြစ် မရမက အစ် အောက်မေးနေတာပါလိမ့်နော်။ သူ့သူကိုယ်ကိုယ် ရည်းစားထား ကြတာ လျှို့ဝှက်ချက်ပဲမဟုတ်ပါလား။ ဒါနဲ့များတောင်မှ အတင်း အစွတ်ချုပ်လိုက်မေးနေရတယ်လို့။

"အေး. . . ရှိနေပြီ"





"ဟော! "

"ရှိနေပြီဆို ဆက်မမေးတော့နဲ့လေကွာ၊ ငါမပြောချင် တော့ဘူး"

"ရမလားကွ၊ ဘယ်သူလဲပြောဦးမှပေါ့"

ဘယ်သူလဲတဲ့ 'မီ'၊ ပြောလိုက်ရမှာလား။ အပြင်ဘက် မှာ အစ်ကိုကြီးနဲ့ညီမလေးလို ဆရာနဲ့တပည့်မလေးလို စည်းခြား ပြီး နေတတ်ကြပေမယ့် ရင်ထဲမှာတော့ ဖွဲ့ဖွဲ့လန်းလန်း သံယော ဇဉ်ဖြစ်နေပြီဆိုတာ အမြန်ဆုံးချစ်မိလို့ပဲလား။ အချစ်မှာ နှေးတယ် မြန်တယ်ဆိုတဲ့ဝေဖန်သုံးသပ်ချက်များ ရှိနေမလား မီ။ ဒါဆိုရင် 'မြင်မြင်ချင်းပဲ ချစ်မိတယ်' ဆိုတဲ့တင်စားချက်က ဒီကမ္ဘာပေါ်မှာ ဘယ်လိုရှိမှာတဲ့လဲ။

"ငါဖွင့်မပြောရသေးဘူး"

"ဘာကွ"

"ပြောဖြစ်ရင်မှတောင် ပြောဖြစ်မှာပါကွာ"

"ဘာဖြစ်လို့လဲ"

"အသက်က အရမ်းကွာလွန်းတယ်"

"ဘာဖြစ်လဲကွ၊ ကြီးရင်မိုး ငယ်ရင်ချီဆိုတဲ့ စကားပုံ ရှိတာပဲဟာ။ ချီသာချီလိုက် လရောင်ရေ"

www.burmeseclassic.com



ပြောတော့ဖြင့် လွယ်လိုက်တာနော်။ ဒီလိုသာ လွယ်လွယ်လေးနဲ့ ချစ်သူတစ်ယောက် ကောက်ရနိုင်ရင် I love you Do you love me? Will you marry me? ဆိုပြီး ဆန်းသစ်လှပတဲ့ကမ္ဘာတစ်ခု ဖြစ်တည်လာနိုင်မှာလေ။ ရှူးပါ့ လရောင်။ ဟိုချာတိတ်မလေးကဖြင့် ယခုထိ အစ်ကိုကြီးလို့ ရိုးသားစင်ကြယ်စွာ ,သုံးနှုန်းတတ်တုန်းပဲမဟုတ်လား။

"မဖြစ်ပါဘူးကွာ"

"ဘာကိုမဖြစ်တာလဲ"

"အိမ်လာပြီး စာလာမေးတဲ့ကလေးကို ရည်းစားစကားဘယ်လိုပြောရမလဲကွ။ ငါ့သိက္ခာတွေ အတုံးလိုက် အတစ်လိုက်ကျကုန်မှာပေါ့"

"ဟာ! လရောင်၊ မင်းချစ်နေတာ စာသင်ပေးနေတဲ့ချာတိတ်ပေါ့၊ ဟုတ်လား"

သေစမ်း! ဒီလောက် ထိန်းထားပါလျက်နဲ့ ဘယ်လိုကနေဘယ်လို လွှတ်ခနဲပြောထွက်လိုက်မိတာပါလိမ့်။ မျက်နှာကိုလက်ဝါးနှင့်အုပ်ကာ သူ့ခေါင်းငြိမ်သက်နေမိလေ၏။ သွားပါပြီ ငါတော့ အရှက်လုံးလုံးကွဲပါရောလား။

"ဟော့ကောင်! ဒါရှက်စရာလားကွ"





"မင်းမသိပါဘူးကွာ"

"ငါမသိတာမဟုတ်ဘူး လရောင်ရ၊ မသိတာက မင်း။ ယောကျ်ားပဲ. . . ပွင့်ပွင့်လင်းလင်းပေါ့ကွ။ မင်းမှဖွင့်မပြောရင် ဟိုချာတိတ်က ဘယ်လိုသိမှာလဲ။ ကိုယ်စပြောမှ ဟိုကစဉ်းစားမှာပေါ့"

"မဖြစ်ဘူးကွ"

"ပြောပြန်ပြီ ဒီအဖြစ်တဲ့ကိစ္စ"

"မီက ခုမှဆေးကျောင်းစတက်တာ၊ First MB အင်း၊ ပြီးခါနီးပြီပေါ့။ စာတွေကျက်ရတာ များသလို အိမ်ကိစ္စတွေကလည်း ရှုပ်နေတာ"

"စာကိစ္စက ထားပါတော့၊ အိမ်က ဘာကိစ္စရှုပ်ရတာတုန်း"

"သူက အိမ်မှာအငယ်ဆုံးဆိုတော့ အစ်မနှစ်ယောက်က နည်းနည်း Pressure ပေးတတ်တယ်လေကွာ။ သူများမိသားစုက အငယ်တွေလို အားလုံးက Pass ပေးပြီး ဝိုင်းအလိုလိုက်ခံရတာမျိုးမဟုတ်ဘူး"

"ဘယ်လိုကြီးလဲကွ"

"အဲဒါတွေရှိတော့ သူအမြဲမျက်နှာညှိုနေရတယ်။ ငါကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်မပြောပေမယ့် အိမ်ကမောင်မြင့်နဲ့ကျ တော်တော်လေးရင်းနှီး တာဆိုတော့ သူရင်ဖွင့်တယ်လေ။ ဒါကြောင့် ဝါလည်းသိရတာ။ ချာတိတ်က ကျောင်းတက်တာတောင်မှ အတိုက်အခံလုပ်ပြီး တက် ခဲ့ရတာတဲ့"

နောက်မှန်းသိပါသော်လည်း ရင်ထဲအောင့်သက်သွားရ တာတော့ အမှန်ပါလေ။ 'မိုမှာ ချစ်သူရှိနေပြီ'တဲ့လား။ အလိုလေး! အဲဒီစကားကိုသာ ပြုံးပြုံးလေးနဲ့ ရက်စက်းပာန်ဖြင့် သူ့ကိုလာပြော ရင် ဒီမျက်နှာကြီးကို ဘယ်မှာသွားပစ်ရလိုက်ရမှာပါလိမ့်နော်။

အဲဒီလိုအဖြစ်မခံချင်ရင် စာသင်ပြနေတုန်း လက်စွဲထား လိုက်ပြီး 'ကိုယ်တော့ မင်းကိုချစ်မိနေပြီ ဗီ'လို့ ခပ်ရဲရဲကြီး ပြော ချလိုက်ရမလား။ မတော်လို့ ကြောက်ပြီး ငိုချလိုက်ရင် သေပြီ ဆရာဖြစ်ပြီလေ။ ဒုက္ခပါပဲ။ သူတော့ အချစ်စိတ်နဲ့ ရူးသွပ်သွပ် ဖြစ်ခါနီးချေပြီလား။ မဖြစ်ရေးချမဖြစ် ဘုန်းလရောင်။

"ဗီတဲ့လား"

"ဘာ. . . ဘာလဲ နေဆန်းရာ"

"မင်းခေါ်တဲ့လေသံထဲမှာ သံယောဇဉ်က ထုနဲ့ထည်နဲ့ ပါလား လရောင်ရ"

"မနောက်နဲ့နော်၊ ဒါနောက်စရာမဟုတ်ဘူး"





"အေးပါ၊ မောင်မြင့်နဲ့ရင်းနှီးတယ်ဆိုပြီး လွှတ်မထားနဲ့ဦး။ တော်ကြာ အနေနီးလို့ ငြိသွားဦးမယ်"

"ဟာ! ပါးစပ်ပုပ်ကြီးနဲ့ မဦးမချွတ် သူများသားသမီးကို"

"သတိပေးတာကွ၊ သတိပေးတာ။ မိန်းမဆိုတဲ့အမျိုးက ကရုဏာမိုး ရွာတတ်ပါဘိသနဲ့"

ကရုဏာမိုး ရွာတတ်သတဲ့လား။ ဒါကြောင့်လည်း သူ့ ချစ်သူဖြစ်ခဲ့ဖူးတဲ့ပောမာန်တစ်ယောက် ငယ်နုတဲ့ Model boy လေးနဲ့ အသံထွက်လာတဲ့အထိ တွဲဖြစ်ခဲ့တာလား။ 'ဖဲ့ဦးမော်' ဆိုတဲ့ကောင်လေးရဲ့စန်းထွန်းမှုက အနုပညာလောကမှာ သည်းသည်း သွင် ကျော်ကြားခဲ့တာပါလေ။

ဒါဖြင့် သူ့ရဲ့မိကာရော ဒီလိုဖြစ်လာနိုင်မှာလား။ အိုလေ! တွေးလိုက်မိရုံနဲ့တင် ရင်ထဲ မီးခဲကြီးမျိုချလိုက်ရသလို ခံရခက် ပါဘိ။ ရင်ခေါင်းထဲမှာ ပူသွားတာအမှန်ပါပဲလားနော်။ ဒုက္ခရေ့ ဖွင့်တောင်မှမပြောရသေးခင် သူ ဒီလောက် စိတ်ပူနေရတာပါပဲ လား။ မီသာ သူ့ကိုငြင်းဆန်လိုက်ရင်တော့. . .

"ငါသိပါတယ်"

"ဘာကိုသိတာလဲ"

"တစ်ခါသေဖူးခဲ့ပြီးလို့ ပျဉ်ဖိုးနားလည်ပါတယ်လို့ ဆို



www.burmeseclassic.com

www.burmeseclassic.com



လိုတာလေကွာ"

"ဒါဖြင့် မင်းဖွင့်ပြောဖို့ဆန္ဒမရှိဘူးပေါ့လေ။ ဟုတ်လာ
လရောင်"

"မပြောဘဲနေရင် ပိုကောင်းမယ်ထင်လို့ပါကွာ။ ပြော
မှ သူငြင်းရင် နှစ်ခြိမ်းကွဲနေတဲ့ငါ့နှလုံးသားက နောက်ထပ်အ
ကွဲအက်ရာကြောင့် အစိတ်စိတ်အမွှာမွှာထပ်ကွဲဖို့ပဲ ရှိပါတော့တယ်

"မင်းကလည်းကွာ၊ စမ်းမရောက်ခင် မြားကုန်နေရသ
လို့"

"တစ်ခါတလေ စစ်ပွဲကို လက်နက်နဲ့မတိုက်ဘဲ မေတ္တာ
နဲ့ အရှုံးပေးပြီး အနိုင်ယူတာမျိုးလည်း ရှိတတ်ပါတယ် နေဆ
ရာ"

"ဟာ!. . . ငါ့သူငယ်ချင်းကတော့ တောထွက်ရသေ
တရား ရနေပါရောလား။ ဒီမှာ မှတ်ထား ဘုန်းလရောင်ရေ
အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးတဲ့ကွ။ ကိုယ်က အရင်လက်
ဦးမှုမရှိရင် အသက်နဲ့ဝိညာဉ်က မင်းကို တာ့တာ ဘိုင့်ဘိုင်ပြော
ပြီး လက်ပြကျောခိုင်းသွားပြီသာ မှတ်"

တရှုံးရှုံးပြောကာ ရုံးခန်းထဲမှထွက်သွားပြီဖြစ်သည့်
နေဆန်းစကားကြောင့် သူခေါင်းကို ဖြည်းညှင်းစွာ ခါလိုက်မိ





မယ် အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးဆိုပဲ,မိ။ ကိုယ်ကတော့
ကိုယ့်ကိုလိုလိုချင်ချင်နဲ့ ပြန်ပေးတဲ့မေတ္တာမျိုးကိုပဲ လိုချင်တာပါ။
မိသာ ကိုယ့်အချစ်ကိုလက်သင့်ခံပြီး နှစ်နှစ်ကာကာ ပြန်ချစ်နိုင်
ရင်ပေါ့လေ။

✦✦ ✦✦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"တီ!. . ."

ကားကို ခြံထဲမှမောင်းထွက်ရန် ပြင်လိုက်စဉ် လမ်းထဲမှထွက်လာသည့် ဆန်နီပစ်ကပ်ကားလေးကြောင့် သူ ဘရိတ်နင်းလိုက်ရပါ၏။ ကားပေါ်မှတွတ်ထိုးစကားသံတို့ကြောင့် ဖယ်ရီကားမှန်း သိလိုက်ပါသည်။

"Morning...အစ်ကိုကြီး"

"ဩော်. . . Morning ပါ ဗီ"

"အစ်ကိုကြီးတဲ့ဟေ့"

"ဟော!"

"ဝါးဟားဟားဟား. . ."

လှောင်ပြောင်ကျီစယ်သံတို့ကြောင့် အနီးရှိ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေကို သူမ လှမ်းပုတ်လိုက်လေ၏။ ပြီးနောက် မီတစ်ခုခုပြောလိုက်တာမို့ အံ့ဩသွားသလို အားလုံးက သူ့ကို လက်ပြနှုတ်ဆက်လိုက်ကြလေသည်။ တပြပေးတဲ့အစ်ကိုကြီးလို့ ရှင်းပြလိုက်လေသလား မသိ။

ကားက ရှေ့ဆင့်နောက်ဆင့်မောင်းနေတာမို့ သူမတို့ အုပ်စုက သူ့ကားကိုလှည့်ကြည့်နေကြလေ၏။ ကျွတ်! မဖြစ်သေး ပါဘူး။ သူ့ကားကျော်တက်ရတော့မှာပဲ။ ကားကိုကျော်မောင်း လိုက်ပြီး မီးပွိုင့်မှာဘေးချင်းကပ်ဖြစ်သွားစဉ် Phone မြည်လာ သဖြင့် Ear Phone ကို နားထဲသို့ သူတပ်လိုက်ပါသည်။

"ပြော. . . နေဆန်း"

"ထွက်လာပြီလား"

"အေး"

"ကျေးဇူးပြုပြီး ငါ့ကိုဝင်ကြိုပါ သူငယ်ချင်း"

"ဘာဖြစ်ပြန်ပြီလဲ"

"သိတဲ့အတိုင်းပဲ၊ ငါ့မာစီးဒီးအကောင်းစားကြီး နာခေ နေလို့"

"အေးအေး. . . ငါဝင်ခဲ့မယ်"

နေဆန်းက သူ့ကားဟောင်းကို တင်စားပြောတာမို့ သူ





ရယ်လိုက်မိပါ၏။ ရပ်ကွက်လမ်းထဲသို့ ကားကိုမောင်းဝင်ကာ နေ ဆန်းတို့၏ခြံရှေ့၌ ကားကိုရပ်လိုက်ပါသည်။

"အပြန်ကျ 'ပို့'ကို ဘယ်သူကြိုမှာလဲ"

"ကိုယ့်ဘာသာ ရှာကြံပြန်ပေါ့"

"အာ. . . ဒီနေ့ ဆေးကျောင်းဝင်းထဲသွားရမှာပါ ဆိုနေ မှပဲ။ အဲဒီကိုကြီးက လုပ်ပြီ"

"ဘာဖြစ်နေကြပြန်တာလဲ ဒီမောင်နှမတွေ"

"ဒီမှာလေ၊ မိပို ဂျစ်နေလို့"

အိမ်ရှေ့ဝရံတာလေးမှာ မျက်နှာစူပုပ်နေသည့် နေဆန်း ညီမလေး၏ခေါင်းကို သူအသာပုတ်လိုက်ပါ၏။ ကားပျက်လို့ ညစ် နေတဲ့အစ်ကိုကို ဒီလိုပူဆာလို့ ဘယ်ရပါ့မလဲ။

"ကိုယ်လိုက်ပို့ပေးမှာပေါ့ ပိုပိုရဲ့"

"ပို့တာက ကိစ္စမရှိပါဘူး ကိုကိုလရောင်ရဲ့။ အပြန်က အကြောင်း"

"အပြန်က ဘာဖြစ်လို့လဲ"

"အပြန်ဆိုရင် လိုင်းကားက ရှားပြီလေ၊ ကားစီးရင် အရမ်းကြပ်လို့ပါဆိုနေမှ"

"ဟာ! ကိုကြီးကားက ပျက်လို့ ဝပ်ရှော့ပို့ရမှာလေ မိပို



www.burmeseclassic.com

www.burmeseclassic.com



ရာ။ မဟုတ်တာ လိုက်ဂျစ်မနေနဲ့။ ကလေးလည်း မဟုတ်တော့

ဘူး"

"ကဲပါ။ အပြန်ပါ ကိုယ်ဝင်လာပြီး ကြိုပေးပါ့မယ်။ ဟုတ်

ပြီလား"

"ကိုကိုလရောင်က အားမှာမို့လို့လား"

"အားရမှာပေါ့။ ဒီညီမလေးပဲရှိတာမို့ ပိုပိုရယ်။ ကျောင်း

နောက်ကျနေပါဦးမယ်"

ပိုပိုက အစ်ကိုဖြစ်သူကို မျက်စောင်းခဲလိုက်ပြီး သူ့နောက်

သို့ ပါလာလေ၏။ နေဆန်းက သူနှင့်ရှေ့ခန်းမှာအတူထိုင်မှာ

ပိုပို့ကို နောက်ခန်းတံခါးဖွင့်ပေးလိုက်ပါသည်။ ကားကိုပုံမှန်

မောင်းခဲ့ပြီး ဆေးတက္ကသိုလ်ရှိရာသို့ ဦးတည်လိုက်ပါ၏။ ဒီကျောင်

ကို သူမ စတက်တဲ့နေ့က လိုက်ပို့ပေးခဲ့တာ မှတ်မှတ်ရရပါ

အခုတစ်ခါ ပိုပို့ကိုပို့ပေးရပြန်ပါပြီကော။

"ကိုယ့် Phone နံပါတ်သိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"ကျောင်းဆင်းရင် လှမ်းခေါ်လိုက် ပိုပို။ ဒီနေ့ dut

စောဆင်းရမှာပါ"

"ဟုတ်! တွေ့လား။ ကိုကိုလရောင်က ကိုကြီးလို စိတ်





မပုပ်ဘူး"

"အံမာ!"

ကားပြတင်းပေါက်ကို ငုံ့ကြည့်ရင်း အပြင်မှာရပ်ပြောနေ

သည့်ပိုပိုချစ်က နေဆန်းကို လျှာထုတ်ပြောင်ပြလေ၏။ အငယ်

တွေရှိတာချင်းတူပေမယ့် ဒီအရွယ်ညီမမျိုးကိုတော့ နေဆန်းသာ

ပိုင်ထားပြီး 'ယောက်ဖ' ဟု အစခံရတိုင်း တရှုံးရှုံးဒေါသထွက်

လာတတ်သည့် အစ်ကိုမျိုးပါပဲလေ။

"အစ်ကိုကြီး"

ဘေးမှအသံကြောင့် သူဖျတ်ခနဲလှည့်ကြည့်ရင်း အံ့ဩ

သွားရလေ၏။ ဘယ်လိုဖြစ်ပြီး အဖြူရောင်ပုံရိပ်လေးကို သူသတိ

မထားလိုက်မိတာပါလိမ့်နော်။ သူမက သူ့ကိုကြည့်နေတာထက်

တစ်ဖက်ကားဘေးမှာ ရပ်နေသည့်ပိုပိုချစ်ထံသို့ အာရုံက ပိုရောက်

နေသည့်နှယ်ပါ။

"ကျောင်းထဲမဝင်သေးဘူးလား"

"ဘာလာလုပ်တာလဲဟင်"

မေးတာကိုမဖြေဘဲ သူ့ကိုမေးခွန်းထုတ်လိုက်တာမို့ သူ

ပြုံးမိသွားလေ၏။ ဤကလေးမ၏ဖွတ်တရွတ်ဉာဉ်ကို မြင်နိုင်သည့်

ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလေ၊ သူငယ်ချင်းရဲ့ညီမလေးကို လမ်းကြုံဝင်ပို့ပေးတာ။ ကိုယ့်သူငယ်ချင်းလေ, နေဆန်းတဲ့။ အလုပ်အတူတူပဲ"

"ဩော်"

သူ့ဘေးမှာရှိနေသည့်နေဆန်းကို အခုမှသတိထားမိပုံဖြင့် ခပ်နွမ်းနွမ်းပြုံးပြလိုက်လေ၏။ နေဆန်းက သူ့ခါးကို လာတို့တာကို သူက လက်ပုတ်ချလိုက်ရလေသည်။ ဒီကောင်ကတော့ လူရှေ့ထားပြီး မေးချင်နေတာကိုး။

"သွားတော့မယ်နော် မီ"

"ဟုတ်"

သူက လက်တစ်ဖက်ထောင်ပြရင်း နှုတ်ဆက်ကာ ကားကိုမောင်းထွက်ခဲ့စဉ် သူ့ကားနောက်ပိုင်းကို ငေးကြည့်ကျန်ရစ်ခဲ့သည့်သူမကို နောက်ကြည့်မှန်ထဲမှ မြင်နေရလေ၏။ ဘာသဘောပါလိမ့်။ ဒီလိုငေးကြည့်ကျန်ရစ်စရာ လိုအပ်ပါရဲ့လား။

"မင်းကတော့ တကယ့်ကောင်ပဲ လရောင်"

"ဘာလဲကွ"

"Small လေးကို ချိန်နေလို့လေကွာ"

"ဟာ! ပြောလိုက်ရင် တစ်တစ်ခွခွပဲ။ မိန်းပိုပိုက အသက်နည်းနည်းပဲ ကွာတာပါ နေဆန်းရဲ့။ ငါက ဘာလုပ်နေလို့တုန်း"





"မင်းပဲ မီ့ကိုချစ်နေတာဆို"

"ကျစ်! ရင်ထဲက တိတ်တခိုးပါ နေဆန်းရာ။ ရင်းနှီးလို့လား, အထိအတွေ့မပါဘဲနဲ့ အိပ်မက်ထဲ မကြာခဏမြင်မက်နေတာမို့ အချစ်စစ်အချစ်မှန်မှဟုတ်ရဲ့လားဆိုတာ ငါ့ကိုယ်ငါ ပြန်စစ်နေတုန်းပါ"

"အေးပေါ့လေ၊ ခဲမှန်မှူးတော့လည်း ဒီစာသူငယ်က ပေါင်မုန့်ကို ဘယ်လိုပုံစံပြီး စားလို့မရဘူးလို့ထင်နေပြီပေါ့"

သူ ဟက်ခနဲရယ်လိုက်မိလေ၏။ မီ့ကိုများ ပေါင်မုန့်နဲ့ နှိုင်းနှိုင်းပြီး သူ့ကို စာငှက်နဲ့နှိုင်းရတယ်လို့။ ဒီကောင်တော့ စနေသားဖြစ်ပြီး သောကြာသားလို စကားတတ်နေရတာပါလိမ့်။

"အံမာ. . . အံမာ. . . အခုမှသွားပေါက်တဲ့ ခြောက်လသားလေးလို ရယ်တယ်ပေါ့လေ"

"တော်ပါတော့ နေဆန်းရာ၊ မင်းလုပ်ပုံနဲ့ ငါအူခေါက်လိမ့်မယ်"

"ဩော်. . . အချစ်. . . အချစ်"

"ဘာအချစ်လဲ၊ အုန်းခြစ်လား"

နေဆန်းက သူ့လက်မောင်းကို ဖျပ်ခနဲထိုးလိုက်လေ၏။ ခုတလော အတော်စိတ်ချမ်းသာရတာအမှန်ပါလေ။ သူ့ကိုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ယှက်မှုပြုနေသည့်ဟေမာန်လည်း အခုတလောငြိမ်သက်နေလို့ပဲလား သူမသိပါချေ။ ညီလည်း Fashion ဆိုင်ဖွင့်နေပြီမို့ (လိမ္မာပြီထင်ပါရဲ့) သူစိတ်ချမ်းသာနေတာပါလေ။

"မင်းဘကြီး အုန်းခြစ်"

"ဘယ်သိမလဲ၊ နွတ်ကနေ ရွတ်နေတာကိုး"

"မင်းမျက်နှာ အခုတလော ပြုံးရွှင်နေတာ လူတိုင်းသိနေပြီ လရောင်"

"အင်း"

"ငယ်ရည်းစားရှိနေတာမို့လားလို့ ဆရာဝန်တွေ မေးနေကြတယ်ကွ"

"ကျွတ်! ဟေမာန်က ငါ့ကို ဒီ့ထက်ပိုပြီးနှောင့်ယှက်ရင် ငါအလုပ်ထွက်တော့မယ် နေဆန်း"

"ဘာ. . . ဘယ်လိုဖြစ်လို့လဲ"

"ငြိမ်သက်နေတဲ့ရေကန်ကို ဂယက်မထစေချင်တော့လို့ပဲ"

"ဘာလဲ၊ ရင်ခုန်သံနှုန်းတွေ မြန်လာမှာစိုးလို့လား"

"တော်စမ်းပါကွာ၊ အေးစက်နေတာကြာလို့ ခဲနေပြီဆိုမှပဲ"



"ဟားဟား. . . ဟားဟား. . . အလကားနောက်တာပါကွာ၊ မင်းကလည်း နည်းနည်းလေးမှ အစမခံနိုင်ဖြစ်နေပါလား။ ဘာလဲ၊ ရင်ထဲမှာ ကလေးမကလေးပဲပေါ့လေ။ ဟုတ်လား"

"ဟေ့ကောင်! ပြောနေတဲ့ကြားက ဆက်ပြောမနေနဲ့။ မိုးရှေ့မှာ မင်းအဲဒီလိုပြောမိရင် သူ့ကို ငါဘယ်လိုကြည့်ရတော့မှာလဲ"

"ဘာဖြစ်လဲကွ၊ တည့်တည့်ကြည့်ပြီး ရဲရဲသာပြောချလိုက်ပေါ့"

"ဘာပြောရမှာလဲ"

"ကိုယ့်တော့ သိပ်ချစ်နေမိပြီ့,မိ လို့လေ"

"လာပြန်ပြီ ဒီဘူတာပဲ"

နေဆန်းကတော့ သူ့လျှို့ဝှက်ချက်ကိုသိနေပြီမို့ စနောက်နေတာ မဆုံးတော့ပါလေ။ ဆေးရုံဝင်းထဲမှာ ကားကိုရပ်လိုက်ပြီး ဝင်ခဲ့ကြပါ၏။ Lift ဖြင့်တက်ဖို့ စောင့်နေကြသည့်နေရာမှာ ဆရာဝန်တစ်ဦးနှင့် စကားပြောနေသည့်ဟေမာန့်ကို လှမ်းမြင်လိုက်ရတာမို့ သူ့ခြေလှမ်းတွေကို တုန့်ခနဲဖြစ်သွားရပါသည်။ ဘယ်လိုပဲအေးစက်တယ်ပြောပြော ဒီမျက်နှာကိုမြင်မိတိုင်း သတိအနေအထားတော့ သူဖြစ်ဖြစ်သွားရတာအမှန်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"Morning...ပါ ဒေါက်တာ"

"Morning...ပါ"

Nurse မလေးတွေ နှုတ်ဆက်တာကို ပြန်နှုတ်ဆက်လိုက်စဉ် သူမလှည့်အကြည့်နှင့်ဆုံလေ၏။ ဒေါက်တာဖွဲ့နောင်က ပါ သူ့ကိုလှည့်ကြည့်လိုက်ပြီး လက်ကမ်းလိုက်လေသည်။

"Congratulation...ပါ ဒေါက်တာ"

"ဗျာ! ဘာအတွက်လဲ"

"ဒေါက်တာတို့ရဲ့ Fifth Anniversary အတွက်လေ၊ ဒေါက်တာနဲ့ဒေါက်တာဆောင်းဟေမာန်က အင်မတန်လိုက်ဖက်တဲ့စုံတွဲပါပဲ"

"ဗျာ! "

"ခွင့်ပြုပါဦး"

ဦးညွှတ်ပြလိုက်ပြီး Lift ထဲဝင်သွားသည့် ဒေါက်တာဖွဲ့နောင်ကြောင့် သူအံ့ဩပြီး မတ်တပ်ရပ်ကျန်ခဲ့ပါ၏။ နေသန့်က သူ့ပခုံးကို အသာပုတ်ကာ Lift ထဲလိုက်ဝင်သွားတာမို့ သူသတိဝင်သွားပြီး နောက်ဆုံးမှအပြန်ဝင်ရလေသည်။ သူ့ဘေးမှာ ရပ်နေသည့်ဟေမာန့်ထံမှ ရေမွှေးရနံ့က Lift တစ်ခုလုံး ပြန့်နှံ့နေသလိုနှယ်။





"ဘာသဘောနဲ့ မဟုတ်တာလျှောက်ဖွနေရတာလဲ"

သူတီးတိုးကြိမ်းတော့ ဟေမာန်က ဘာမှပြန်မပြောဘဲ မျက်စောင်းဝဲ့ကြည့်ကာ သူ့လက်မောင်းကို လက်ချိတ်လိုက်လေ၏။ ကျစ်! ဒီမိန်းမတော့ ဘာတွေကျိတ်ကြံစည်နေပါလိမ့်နော်။ သူပြန်ရုန်းစဉ် ဟေမာန်က လက်နှစ်ဖက်နှင့် ပြန်ဆုပ်ကိုင်လိုက်တာမို့ Lift ထဲရှိ သူတို့နောက်မှလူတွေ၏ ခပ်တိုးတိုးရယ်လိုက်သံကို ကြားလိုက်ရလေသည်။

ငါနော်၊ လူမြင်ကွင်းထဲမှာ အရှက်ရအောင် ဝိတ်အော်လိုက်ရ။ မကောင်းတတ်လို့။

"Happy Anniversary ပါ ဒေါက်တာဘုန်းလရောင်"

"ကျေးဇူးတင်ပါတယ်ရှင်"

Lift ထဲမှထွက်ထွက်ချင်း Senior တွေ နှုတ်ဆက်သမျှ သူမက ဒိုင်ခံနှုတ်ဆက်နေတာမို့ ဒေါသထွက်လိုက်တာမပြောပါနှင့်။ ဘယ်ကနေဘယ်လိုဖြစ်ပြီး သူတို့နှစ်ယောက်ရဲ့ချစ်သူသက်တမ်းငါးနှစ်ပြည့်နေ့ကို သတင်းဖွနေရတာပါလိမ့်။

"ဒီမှာ"

"တိုးတိုးနော်, ကို။ မိတ်ဆွေတွေလုပ်ဖော်ကိုင်ဖက်တွေရှေ့မှာ သိပ်ကြာကြာမြွေမပျက်စေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းလုပ်နေတာ ဟုတ်မှမဟုတ်တာကွ"

"မဟုတ်လည်း နောက်ဟုတ်တော့မှာပဲဟာ၊ ခေါင်းသာ ညိတ်လိုက်ပြီး စစ်ပြေငြိမ်းကြပါစို့ကွယ်"

"ဘာ!"

သူမက သူ့လက်ကိုချိတ်ထားတာကို ဖြုတ်လိုက်ပြီး မျိုးတရို့အပြုံးနှင့် ဘေးမှာဆက်လျှောက်နေလေ၏။ လက်ပါလာရင် ပြဿနာဖြစ်မှာစိုးလို့ စိတ်ကိုအနိုင်နိုင်ထိန်းကာ လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ထားမိလေသည်။

"ဟော. . . မောင်ဘုန်းတို့ရောက်လာပြီပဲ၊ ဘယ်လိုလဲ၊ အန်ကယ့်တူမနဲ့ Peace ဖြစ်ပြီး OK! ပြီမဟုတ်လား။ ဒီလိုပဲဖြစ်ရမယ်လေ၊ Congratulation ပါ"

လက်ကမ်းနှုတ်ဆက်လိုက်သည့် ဆေးရုံအုပ်ကြီးကို သူပါးစပ်အဲဟောင်းသားဖြင့်သာ ငေးကြည့်နေမိတော့၏။ မင်းတော့ သေပြီ ဘုန်းလရောင်။



## အခန်း (၁၃)

"ဆရာကြီး ဘယ်လိုပြောလိုက်တာပါလဲခင်ဗျာ"

"ဘာဖြစ်လို့လဲ မောင်ဘုန်းရဲ့"

"ဟောမာနိက ဆရာကြီးရဲ့တူမလို့များ ပြောလိုက်သလားလို့"

"ဟုတ်တယ်လေ၊ ဟောမာနဲ့ဒက်ဒီနဲ့ အန်ကယ်က တစ်ဝမ်းတော့ ကွဲပါတယ်။ တူမအရင်းခေါက်ခေါက်မဟုတ်ပေမယ့် နှစ်ဝမ်းကွဲလို့ အန်ကယ်ကတော့ မသတ်မှတ်ပါဘူး။ ကဲ! အန်ကယ်လည်း လုပ်စရာရှိသေးတယ်"

"ဟုတ်ကဲ့"

ဆေးရုံအုပ်ကြီးက ရုံးခန်းရှိရာသို့ ဆက်လျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ အလိုလေး! ဟေမာန်က ဒီဆေးရုံအုပ်ကြီး ဒေါက်တာမှိုင်းဇော်နဲ့ ဘယ်ကနေဘယ်လို ဆွေမျိုးတော်သွားသည်မသိ။ ဒီပုံအတိုင်းသာ ရှေ့ကိုဆက်နေရင် သူ့ဘက်က ငြင်းရခက်စရာတွေ ဖြစ်ကုန်မှာ အသေအချာလေ။

"မင်းဘာတွေလျှောက်ဖွနေတာလဲ ဆောင်းဟေမာန်"

"ဘယ်လိုပြောလိုက်တာလဲ ကို၊ ဒီနေ့က ဟေမာန်တို့ရဲ့ချစ်သူနေ့ ငါးနှစ်မြောက်ပြည့်တဲ့နေ့ပါ"

တောက်! အတော့်ကိုလွန်နေချေပြီ။ ဒေါက်တာမှိုင်းဇော်နဲ့ ဆွေမျိုးတော်တာကိုလည်း လျှို့ဝှက်ထားပြီး သူတို့ရဲ့စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခဲ့တာကို ထုတ်မပြောဘဲ အခုလို လူတိုင်းသိအောင် ဆေးရုံမှာ သတင်းလွှင့်နေပါရောလား။ မင်းကတော့ အင်မတန်ကြောက်စရာကောင်းတဲ့မိန်းမဆိုးပါပဲလား ဆောင်းဟေမာန်။

"မင်းကို ငါပြောပြီးသားပဲ ဆောင်းဟေမာန်၊ ထွေးပြီးသားတံတွေးကို ပြန်မျိုချရတဲ့အထိ အရှက်နည်းတဲ့မိန်းမပါလား။ မင်းမရှက်ဘူးလား။ ငါ့အတွက် ကျခဲ့ရတဲ့သိက္ခာကြောင့် ငါ့မိဘတွေ စိတ်ဆင်းရဲခဲ့ရတာ ငါအသိဆုံးပဲ၊ ဒီစိတ်ကြောင့် ရှုတ်တရက်မိသားစုနဲ့ခွဲခွာခဲ့ရတဲ့ငါ့တို့ညီအစ်ကို အဖေအမေကို ဒီနေ့အထိ





ငါမမေ့သေးဘူး ဆောင်းဟေမာန်"

"ကို. . . ဒေါသတွေကို လျှော့ပါကွယ်။ ဟိုမိဘတွေဆုံးခဲ့တာ ဟေမာန်တို့တွေ စိတ်မကောင်းပါဘူး"

"တော်စမ်းပါ၊ အပိုတွေလျှောက်မပြောစမ်းပါနဲ့။ မင်းရဲ့မာယာတွေကို ရုတ်သိမ်းသင့်ပါပြီ ဆောင်းဟေမာန်။ ဒီလောကမှာ ငါ့ထက်ပိုတော်ပိုချမ်းသာတဲ့ ပိုက္ကဆံရှိတဲ့လူတွေ အများကြီးရှိတာ မင်းအသိဆုံးပါပဲ။ အဲဒီလူတွေထဲက မင်းစိတ်ကြိုက်ခေါင်းခေါက်ရွေးလိုက်ပါ။ ငါ့ကိုတော့ လွှတ်လက်စနဲ့ လက်လွှတ်လိုက်ပါတော့"

"ကို. . ."

သူမျက်နှာလွှဲကာ ရုံးခန်းတံခါးကိုဖွင့်ဝင်လိုက်ပါ၏။ သူ့စားပွဲထက်မှာ အပြာရောင်ပါကင်ဘူးလေးကို ဖဲကြိုးပါလေးစည်းထားသည့်လက်ဆောင်ကိုမြင်သွားရလေသည်။ ဘာလဲ၊ နောက်တစ်နည်းထုတ်သုံးပြန်လေပြီလား။

"ဟေမာန်တို့ အေးအေးဆေးဆေး"

"ငါ့ဘက်က ဘာမှပြောစရာမရှိဘူး ဆောင်းဟေမာန်။ မင်းလုပ်ပုံတွေက မင်းမရှက်ပေမယ့် ငါ့ကိုရှက်စေတယ်ကွ"

"လရောင်"



www.burmeseclassic.com

www.burmeseclassic.com



သူက စားပွဲထက်ရှိ ဘူးအပြာလေးကို အမှိုက်ပုံးထား သည့်နံရံဆီ ပစ်ပေါက်လိုက်စဉ် ရုံးခန်းထဲသို့ နေဆန်းပြန်ဝင်လာလေ၏။ Round လှည့်တဲ့တာဝန်တောင် နေဆန်း ပြီးနေပြီပဲ။

"အို! ကို. . ."

ဒေါက်ခနဲအသံနှင့်အတူ ဘူးက နံရံထက်ထိသွားပြီး ပြုတ်အကျမှာ အထဲမှ ရွှေအိုရောင်လက်ပတ်နာရီလေးက မှန်အက် သွားချေပြီ။ ဘာထူးသေးလဲ၊ သူ့နှလုံးသားလည်း ဒီလိုအက်ကြဲ တဲ့ဒဏ်ရာတွေနဲ့ နာကျင်နေတုန်းမဟုတ်လား။

"ဘယ်လိုလုပ်လိုက်တာလဲကိုရယ်၊ ဟေမာန်က အမှတ် တရအနေနဲ့ ပေးတဲ့လက်ဆောင်ပါ"

"မလိုပါဘူး။ ငါ့ရင်ဘတ်ထဲမှာ မင်းပေးခဲ့တဲ့အမှတ်တရ ဒဏ်ရာက ခုထိအစိမ်းအတိုင်းရှိနေဆဲပဲကွ။ တောက်!"

"လရောင်. . . တိုးတိုးလုပ်ကွာ၊ တခြားလူတွေလည်း ရောက်နေကြပြီကွ။ စိတ်ကိုထိန်းမှပေါ့ သူငယ်ချင်းရာ"

"မင်းကမှ မခံစားခဲ့ရဘူးဘဲကွ။ ငါက ဒီရင်ထဲ နာနာ ကြည်းကြည်းခံခဲ့ရတာ"

"အေးပါ. . . အေးပါ၊ ငါကိုယ်ချင်းစာပါတယ်။ ဒါပေမဲ့ ဒီလိုကြီးပေါက်ကွဲဖို့တော့ မသင့်တော်ဘူးလေကွာ၊ ဒါဆေးရုံလေ"





"အဲဒါ သူ့ကြောင့်ဖြစ်တာ၊ ခင်ဗျား ဆက်မနှောင့်ယှက် ရင် ငါဒီလောက်ပူလောင်မှာမဟုတ်ဘူး။ ခင်ဗျားကြောင့် ခင်ဗျားမွေ့လို့"

"ဒုန်း!. . ."

သူက ဒေါသဖြင့် စားပွဲကိုထုလိုက်မိသလို သူ့မျက်ဝန်းမှ ငိုရှိုက်သံသဲ့သဲ့ထွက်လာလေ၏။ ဒုက္ခပါပဲ၊ အခုမှ စောစောစီးစီး Drama series လာတဲ့ Korea ဇာတ်လမ်းလို ထင်သွားကြရင် တော့ သွားပါပြီ။

နေဆန်းက သူ့ကျောကိုအသာပုတ်၍ စိတ်ငြေအောင် ပြုမူပေးနေ၏။ ဒီပုံအတိုင်းသာ ဆက်သွားရင် သူ့အသက်တို့ရဲ့ ပဲ ရှိတော့မှာလေ။

"တောက်!"

"တော်တော့ လရောင်ရာ"

"ငါ့ကို ဟေမာန် တကယ်ချစ်ခဲ့တာပါ ကိုရယ်"

"မင်းပါးစပ် ပိတ်ထား"

"မဟေမာန်၊ ကျေးဇူးပြုပြီးထွက်ပေးပါလား။ ကျွန်တော် ကြားထဲက တောင်းပန်တာပါ"

"သွားမှာပါ ကိုနေရယ်၊ ဒါပေမဲ့ ဟေမာန်ပြောချင်တဲ့ စကားကိုတော့ ပြောခဲ့ပါရစေ။ ခဏလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



အတော်လက်ပေါက်ကပ်တဲ့အမျိုးသမီးပါပဲလားနော်။ ဒီ လောက်ဆန့်ကျင်နေတဲ့သူ့ကို ဘာကြောင့် လိုက်ကပ်နေတာပါ လိမ့်။ ချစ်သူဘဝကနေ အမုန်းတရားကြောင့် ရန်သူလိုဖြစ်နေ တာ သိပေမယ့် ဘာကြောင့်လက်တွဲချင်တာပါလဲ။

"ယယ်ရှယ်တဲ့စိတ်နဲ့ ဟောမာန်ဆုံးဖြတ်ချက်မှားခဲ့တာကို ရော၊ အနေနီးခဲ့တဲ့လူကို စိတ်ယိုင်ခဲ့တာကိုရော ဟောမာန် အနူး အညွတ်တောင်းပန်တာပါ ကို။ သေချာစဉ်းစားဆုံးဖြတ်နိုင်ခဲ့တဲ့ အချိန်မှာတော့ နောင်တဆိုတဲ့အရာက ဟောမာန့်ရင်ထဲမှာ ရောက် နေခဲ့တာအမှန်ပါ။ သိပ်နောက်ကျသွားပြီမှန်း မသိနိုင်ခဲ့ပေမယ့် အချိန်မီပြုပြင်နိုင်ခဲ့တာပါ။ ကိုသိစေချင်ဖို့ တစ်ခုတည်းသောအရာ က ဟောမာန့်ဘဝမှာ ဟောမာန့်နှလုံးသားကို မြတ်မြတ်နိုးနိုးပေးခဲ့ မိတာ 'ကို' ဆိုတဲ့ ဘုန်းလရောင်တစ်ဦးတည်းသာ ရှိခဲ့တာပါလေ"

ခြေသံတရှပ်ရှပ်ကြားပြီး တံခါးစေ့ပိတ်သွားလေမှ ခုံထက် သို့ စိတ်ပျက်စွာ ထိုင်လိုက်မိလေတော့၏။ ဘာဆက်လုပ်ရမလဲ။ ဘာလုပ်သင့်သလဲဟူသည့်မေးခွန်းပေါင်းမြောက်များစွာက သူ့ ဦးနှောက်ကို ပွက်ပွက်ဆူလာစေတာ အမှန်ပါပဲ။

"ရန်သူတောင် အလံဖြူပြရင် ကျေအေးစစ်ပြေငြိမ်းရ တာ မမွတာပါ လရောင်။ မင်းနဲ့ဟောမာန်က ရန်သူတွေမှမဟုတ်





တာကွာ။ ခွင့်လွှတ်ပေးလိုက်ပါ"

"အချစ်ဆိုတာ ကစားပွဲမှမဟုတ်ဘဲ နေဆန်း။ တိုက်ပွဲ လည်းမဟုတ်ဘူး။ ဒါကိုသိသိကြီးနဲ့ ငါ့ကို သူ လာကစားနေတာ"

"အဲဒါက မင်းရဲ့နာကျင်မှုခါတ်ခံ တွန်းအားကြောင့်ပါ လရောင်ရာ။ သေချာစဉ်းစားကြည့်ပါဦး။ ဆေးကျောင်းတက်တုန်း က မင်းလောက် သူ့အပေါ်သည်းသည်းလှုပ်ချစ်ခဲ့တာ ဘယ်သူ ရှိလို့လဲ"

"နေဆန်း"

"အချစ်ကြီးတော့ အမျက်ကြီးတာ၊ အမုတ်ကြီးလို့ အငြိုး ကြီးတဲ့သဘာဝကို ငါလက်သင့်ခံနိုင်ပါတယ်။ ဒါပေမဲ့ အချစ်က ဖြူစင်သန့်ရှင်းပါတယ် လရောင်။ ရိုးရိုးလေးပဲ တွေးကြည့်လိုက် ပါ။ ဘာအမျက် အာဃာတမှမထားဘဲ မင်းစိတ်ကိုဖော့တွေးပေး နိုင်ရင် မင်းနဲ့ဟောမာန့်ကြားမှာ အချစ်ဆိုတာ နောက်ထပ်တစ်ဖန် မွေးဖွားလာနိုင်ပါတယ်၊ ငါ အာမလည်းခံပါတယ် လရောင်"

"ဘာ!"

သူတို့နှစ်ယောက်ရဲ့ နောက်ထပ်တစ်ဖန် ပြန်လည်မွေး ဖွားနိုင်တယ်တဲ့လား။ အပြောက လွယ်လိုက်တာနော်။ ဟုတ်ပါ တယ်၊ ဆေးကျောင်းတက်တုန်းက သူတို့အုပ်စုနဲ့ သူမရဲ့ဂျူနီယာ



www.burmeseclassic.com

www.burmeseclassic.com



အုပ်စုက သတိထားပြီး နိုးစပ်ခဲ့တာအမှန်ပါ။ အလုပ်ဝင်တော့ တစ်ခေါ်းရုံတည်းမို့ ဖေးမကူညီရင်း ရင်ခုန်ဖက်ဖြစ်ခဲ့တာကို ဝန်ခံ ချင်ပါရဲ့။

သူမရဲ့အလှမှာ သူပျော်ဝင်ခဲ့တာလည်း အမှန်ပါပဲ။ တစ်ကြိမ်တစ်ခါမှ မခုန်ခဲ့ဖူးတဲ့ရင်ခုန်ခြင်းတွေနဲ့ 'ချစ်တယ်'ဆိုတဲ့စကား တစ်ခွန်းကို သူဖွင့်ပြောခဲ့တာပါ။ အဲဒီလိုစကားမျိုးပြောဖို့အတွက် သူ သတ္တိနည်းခဲ့တာလည်းတကယ်ပဲ။ လုပ်ဖော်ကိုင်ဖက်ဆရာဝန် တွေရဲ့ ဘေးတီး စနောက်မှုကြောင့် သူ့နှုတ်က ပြောထွက်ခဲ့တာ အသေအချာပါလေ။

တကယ်ပဲ မြတ်နိုးခဲ့တယ်ဆိုရင် 'လမ်းခွဲကြရအောင်'ဆို တဲ့ စိမ်းသက်ခြင်းကို သူမနှုတ်က ဘယ်လိုရင်ဘတ်နဲ့ ပြောထွက် ခဲ့ပါသလဲ။ ချစ်တယ်ဆိုရင် လက်တွဲဖြစ်ဖို့အင်အားက အပြည့်ရှိ သင့်တာပါ။ မင်္ဂလာဆောင်ဖို့ ညှိနှိုင်းချိန်ကျမှ ထဖောက်ခဲ့တာ ဘာသဘောလဲ။

ဖေဖေနဲ့မေမေကို သူမျက်နှာအောက်ချပြီး ပြောပြခဲ့စဉ် က သူ့ခြေဖမိုးပေါ်ကို မျက်ရည်တွေ ပေါက်ခနဲကျခဲ့တဲ့အထိ နာကျင်ခဲ့ရတာပါ။ စကားလုံးတွေ ဗလုံးဗထွေးနဲ့ မပီမသပြောခဲ့ ရတာပါ။ ဘယ်ဘက်ရင်အုံအောက်နေရာကနေ စူးအောင့်တဲ့





ဝေဒနာဆိုးကို ကျိတ်ပြီးခံစားခဲ့ရတာပါ။

လူတွေ ဘယ်သူမှမသိအောင် တိတ်တိတ်လေး မျက် ရည်ခိုးကျခဲ့ရတာပါ။ အတိတ်ဆိုတာ ပစ္စုပ္ပန်ရဲ့နောက်ကွယ်မှာ ရှိတာမှန်ပေမယ့် အရိပ်သဖွယ် သူ့ကိုခြောက်လှန့်နေစဲပါပဲ။ နှုတ် ဖျားက လွယ်လွယ်နဲ့တောင်းပန်သလိုမျိုး ခပ်လွယ်လွယ်ခွင့်လွှတ် ကျေအေးသင့်ပါသလား။

ထောက်ထားစရာပုဂ္ဂိုလ်တွေ အများကြီးရှိတာမှန်ပေမယ့် နာကျင်ခဲ့ရတဲ့ကာယကံရှင်ဘက်ကို ဘယ်သူကများ တစ်ချက်ငဲ့ ကြည့်ခဲ့ပါသလဲ။ ဘယ်နေရာမဆို သူ့ဘက်ကိုယ့်ဘက် သင့်တင့် မျှတမှုဆိုတာ ရှိသင့်တာမဟုတ်လား။

သူဖြစ်ခဲ့တဲ့အဖြစ်အပျက်ထဲမှာ သူ့ဘဝ သူ့နှလုံးသား သူ့ချစ်ခြင်း သူ့ကိုယ်ကျင့်တရား သူ့သိက္ခာတွေ အားလုံးအားလုံး အကုန်ရေစုန်မျောပါသွားခဲ့ရတာပါလေ။ မျက်နှာတည်နဲ့ လမ်းခွဲ စကားပြောထွက်ခဲ့တဲ့မိန်းကလေးက နောက်ထပ်တစ်ဖန် ရင်ခွင် ထဲ ပြန်ဝင်လာပါရစေဆိုတဲ့စကားကို မျက်ရည်တွေခင်းပြီး ခွင့် တောင်းလာချေပြီ။

မင်းဘာလုပ်မလဲ ဘုန်းလရောင်. . .

"ငါ့ရင်ထဲမှာ မီ ရှိနှင့်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . မင်း အဲဒီလိုပြောလိမ့်မယ်ဆိုတာ ငါသိပြီးသား"

"ငါအမှန်အတိုင်းပြောတာပါ"

"သိတာမှ လပိုင်းလေးရှိတဲ့မိန်းကလေးပါ လရောင်"

"နှစ်ကျော်ပါပြီကွာ"

"ဘာပဲဖြစ်ဖြစ် အပြန်အလှန်ရှိခဲ့ကြတဲ့ သံယောဇဉ်နဲ့ နှိုင်းဆရင်တော့ အများကြီးကွာပါတယ်လရောင်။ သူ့စိတ်နဲ့ ကိုယ့်စိတ် ထပ်တူဖြစ်ခဲ့လို့ ဘဝလက်တွဲဖော်အဖြစ် မင်းရွေးခဲ့ပါလျက် ကံကြမ္မာအလှည့်အပြောင်းကြောင့် နှစ်ယောက်သား ဝေးကွာခဲ့တာက ခေတ္တခဏလေးပါ။ ဖူးစာအစစ်အမှန်လို့သတ်မှတ်ပြီးသား လူတစ်ယောက်ကိုပဲ ဦးစားပေး စဉ်းစားသင့်ပါတယ်"

"ဒါဖြင့် ငါ့ရင်ဘတ်ထဲမှာ ရှိနေတဲ့မီကရော"

"ကျစ်! အသက်အရွယ်ကွာဟခြင်းရဲ့ရလဒ်က တစ်ချိန်ချိန်မှာ မင်းကိုဒုက္ခပေးလိမ့်မယ် လရောင်။ ခေါင်းမမာချင်စမ်းပါနဲ့ကွာ။ ငါက စေတနာနဲ့ပြောနေတာပါ"

သူ မဲ့ပြုံးပြုံးလိုက်မိတော့၏။ ရင်ဖွင့်စဉ်တုန်းက 'ကြီးရင်မှီ ငယ်ရင်ချီ' ဆိုပြီးမြှောက်ပေးခဲ့တဲ့သူငယ်ချင်းရဲ့ နှုတ်ထွက်စကားက ဒီလိုတဲ့လား။ ရင်နာစရာပါ နေဆန်းရယ်၊ နောက်ဆုံးတော့လည်း 'စီနီယာ ဂျူနီယာ' ဆိုတဲ့ခေါင်းစဉ်နဲ့ သံယောဇဉ်ကို အကြောင်းပြပြီး ငါ့ကိုချုပ်ကိုင်ချင်နေပြီပေါ့။

"ငါသိပါတယ်"

"အေး. . . စဉ်းစားဖို့အချိန်တွေ အများကြီးရှိပါသေးတယ် သူငယ်ချင်း။ ဒူးထောက်အရှုံးပေးတဲ့လူကိုပဲ လက်ကမ်းတွဲထူခေါ်မလား။ မင်းကိုရွေးဖို့ခေါင်းညိတ်ဖို့ မသေချာသေးတဲ့ စမ်းတဝါးဝါးခင်တွယ်မိတဲ့လူဆီက လက်ကမ်းအလင့်ကိုပဲ စောင့်နိုင်မလားဆိုတာကို သေချာဆန်းစစ်ကြည့်ပေါ့"

သူသက်ပြင်းရှည်ကြီးကိုသာ ချလိုက်မိတော့၏။ ဆုံးဖြတ်ချက်ချရမယ့်သူက သူဖြစ်ပေမယ့် သူ့သူငယ်ချင်းက နေရာဝင်ပြီး လိုက်ဆုံးဖြတ်နေတာလေ။ လောကမှာ ရေလာဖို့မြောင်းဖော်ကြသလို အသီးစားချင်လို့ အပင်စိုက်တတ်ကြတာပါ။ သို့သော် သူမျိုးမိတဲ့အပင်က အဆိပ်ချူးတွေသာ ပွင့်လာတဲ့အမုန်းတွေဖြစ်နေတာ ကံဆိုးလေစွ။

"ငါဆုံးဖြတ်ပြီးသားပါ"

"ဘာကိုလဲ"

"Resign တင်ဖို့"

"ဘာ! "







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါ ဒီ့ထက်ပိုပြီး Stress မများချင်တော့ သလို ဒေါသတွေနဲ့ အိပ်ပျက်ညတွေကိုလည်း ဆက်မမက်ချင်တော့ဘူး သူငယ်ချင်း"

"လရောင်"

"ကိုယ့်စိတ်ကို ကိုယ်ပိုင်မှန်း မင်းသိပါတယ် နေဆန်း။ ငါက သူများမလိုချင်လို့ စွန့်ပစ်ခဲ့တဲ့ပန်းတစ်ပွင့်ကို ပြန်ကောက်ယူဖို့ စိတ်ရော လိပ်ပြာပါ မသန့်လို့ Sorry လို့ပဲ ပြောပါရစေ"

ညနေအပြန်မှာ သူရောနေဆန်းပါ နှုတ်ဆိတ်နေဖြစ်၏။ ပိုပို့ကိုကြိုပြီး အိမ်ပြန်ပို့ပေးပြီးမှ သူကားမောင်းကာ အိမ်ပြန်ခဲ့ပါ၏။ လမ်းထဲကိုဝင်စဉ် လမ်းမထက်မှာ လူငယ်နှစ်ဦး လမ်းလျှောက်ကာ ဖြည်းဖြည်းသွားနေတာကို သူတွေ့လိုက်ပါ၏။ ပခုံးချင်းယှဉ်တိုက်လိုက်တော့ သူမခေါင်းကို လက်ညှိုးဖြင့်တွန်းတော့ သူမက လက်သီးဆုပ်ဖြင့် ခပ်ဖွဖွပြန်ထုပြနေတာကိုပါ သူမြင်ရတာလေ။ ကြည့်စမ်း! နေမင်းရှိန်နဲ့ မိမိဖြေယျတို့ ဤမျှအထိ ရင်းနှီးနေပြီတဲ့လား။



## အခန်း (၁၈)

ဒီနေ့ OFF ရက်မို့ နေမြင့်သည်အထိ သူအိပ်နေမိ၏။ ဘာမှန်းဝေခွဲမရသည့်ခံစားချက်တို့ကြောင့် တလူးလူးတလိမ့်လိမ့်ဖြင့် အိပ်မပျော်ဖြစ်တာမို့ နောက်ဆုံး အိပ်ဆေးသောက်ချလိုက်မှသာ အိပ်ပျော်သွားတာပါ။

"အား! ဟားဟားဟားဟား"

ခပ်စူးစူးရယ်သံကြောင့် ပြတင်းလိုက်ကာကို သူဖွင့်လိုက်ပါ၏။ နံနက်ခင်းနေရောင်ခြည်အောက်မှာ ပန်းပင်တွေကြား ရှိနေသည့် အနီရောင်အရိပ်လေးက အပြုံးတို့ဝေဆာနေတာလေ။ ဘယ်လိုလဲ၊ မနက်ရှစ်နာရီ ထိုးနေတာတောင် ဒီကောင်လေးနဲ့ ဒီကောင်မလေးက အလုပ်မသွား၊ ကျောင်းမသွားဘဲ အပြုံးတွေ ဖလှယ်နေကြပါလား။



www.burmeseclassic.com

www.burmeseclassic.com



"တျစ်!"

စောစောစီးစီး ခေါင်းနောက်စေသလိုပါပဲလား။ အိပ်ရာထက်မှ ကြုံးထကာ ရေချိုးခန်းထဲဝင်၍ ရေစိမ်ချိုးလိုက်ပါသည်။ ဘယ်လိုလဲ မီ၊ တကယ်ဆို ကိုယ်နဲ့သာ မင်းပိုရင်းနှီးခဲ့တာမဟုတ်လား။ ခုတော့ ဘယ်လိုဖြစ်ပြီး ညီနဲ့ပိုပြီးခင်မင်နေတာလဲ မီ။

ဘယ်လိုကြီးလဲ၊ အတွေးတွေ ဇဝေဇဝါဖြစ်ရင်း သူတော့ ရှုးတော့မယ်ထင်ပါရဲ့။ ဒီအသက်ဒီအရွယ်ကြီးကျမှ ကိုယ့်ထက်ဆယ်နှစ်ကျော်ခန့်ငယ်သည့်ချာတိတ်မလေးကို ရင်ခုန်မိရင်း မဖြစ်ဖူးတာတွေ ဖြစ်နေမိတာလေ။

"ဒေါက်! ဒေါက်!"

"ဘယ်သူလဲ"

"အစ်ကိုကြီး နိုးနေပြီလား"

"အေး"

"ဒါဆိုရင် ကျွန်တော် Breakfast ပြင်ထားတော့မယ်နော်"

"အေး"

အံမာ! မောင်မြင့်တောင်မှ မီသင်ပေးလို့ ဘိုလိုမှတ်တတ်နေပါရောလား။ ခါတိုင်းလို ပြည်ကြီးငါးချက်ရင် 'စကွဲ' လို့ပြော





ခဲ့ပေမယ့် အခုတော့ 'စကွစ်' လို့အသံထွက်မှန်နေပြီလေ။ ဟင်း အမယ်တွေ တွဲတာတောင်မှ ကျွမ်းကျင်နေပြီပဲ။

"ကိုကိုက မီအသည်းယားအောင် စတာကိုးလို့"

"တီကောင်ကိုကြောက်ရတယ်လို့ မီရာ။ ဆေးကျောင်းသူဖြစ်ပြီးတော့"

"ဆေးကျောင်းသူက ဆေးကျောင်းသူပဲလေ ကိုကိုရဲ့။ မီတို့ ဖားတွေယုန်တွေ ခွဲစိတ်ရင် မေ့ဆေးတို့ ထုံဆေးတို့ကိုထိုးပြီးမှ ခွဲရတာလေ။ အဲဒီတီကောင်တို့ ကျွတ်တို့က တွားသွားကောင်ဖြစ်ပြီး တွန့်လိမ်တွန့်လိမ်ဖြစ်လို့ အရမ်းအသည်းယားလို့ပါ"

"အဲဒီလောက်တောင်မှ အသည်းငယ်ရလားကွ"

"ငယ်တာပေါ့လို့၊ မိန်းကလေးပဲဟာ"

"အဟမ်း!"

လှေကားမှဆင်းလာရင်း ချောင်းဟန့်သံပြုမိလိုက်ပါ၏။ ဘယ်လိုဖြစ်ပြီး စကားတွေကို အနှောင့်အသွားမလွှတ် ပြောနေကြတာပါလိမ့်။ သူ့အိပ်ရာနိုးတုန်းက အိမ်ရှေ့ဘက် (ခြံထဲမှာ)ရှိနေပြီး ခုတော့ မီးဖိုခန်းထဲမှာ စုနေပြန်ပါရောလား။

"ဟော. . . အစ်ကိုကြီးနိုးလာပြီ။ ဒီနေ့အလုပ်မသွားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

မပွင့်တပွင့်ပုံစံက ဖြစ်လာပြန်ချေပြီ။ ဟုတ်တယ်၊ သူ့ပုံမှန် Style က ဒီအတိုင်းပါပဲ။ အရှယ်မတူတဲ့ချာတိတ်မနဲ့ ရောရောနှောနှောနေမိလို့ သူ့စိတ်တွေ ကမောက်ကမဖြစ်ကုန်တာ။ အနေနီးလို့ ယိုင်နဲ့မှုတွေ ဖြစ်ကုန်တာပဲ။ သူငယ်ချင်းနေသန်းပြောတာ မှန်နေပြီထင်ပါရဲ့။

"အစ်ကိုကြီး အုန်းနို့ခေါက်ဆွဲကြိုက်တယ်မဟုတ်လားဟင်"

"ဒီလိုပါပဲ"

မီ အံ့ဩသွားရပါတယ်။ 'ဒီနေ့ မီ့မွေးနေ့မို့ အိမ်မှာ အုန်းနို့ခေါက်ဆွဲချက်ပြီး လာပို့တာ။ အစ်ကိုကြီးကြိုက်ရဲ့လား။ အချိုပွဲအနေနဲ့ ဆနွင်းမကင်း(ရွှေကြည်)ရော အုန်းနို့ကျောက်ကျောပါ မီကိုယ်တိုင် မေမေနဲ့ကူလုပ်ပြီး လာပို့တာပါ' ဆိုတဲ့စကားလုံးတွေ အများကြီးပြောချင်လို့ စောင့်နေတာပါလေ။

အခုတော့ အစ်ကိုကြီးက မှုိင်အေးစက်စက်ဟန်နဲ့ မီ့ကို ဆက်ဆံနေပါရောလား။ ဘာကြောင့်လဲ၊ ခါတိုင်းလို မီပြောရင် မပြုံးချင်ပြုံးချင်လေးနဲ့ မပြုံးပြတော့ဘူးလား။ စာသင်ပေးလို့မှားရင် မျက်မှောင်မကြုတ်ပြချင်တော့ဘူးလား။ 'ဒါ မီ့လက်ရာလား' ဆိုပြီး သိချင်တာကိုမမေးချင်တော့ဘူးလား။ ဘယ်လိုလဲ အစ်ကိုကြီးရယ်။

"အငယ်လေးတို့အိမ်က ချက်လို့လာပို့တာ"

ကိုမောင်မြင့်က အလိုက်သင့်ရှင်းပြပြီး မုန့်ပွဲပြင်ပေးနေပါတယ်။ ကိုကိုနဲ့ကိုမောင်မြင့်က စားစားလေးကတင် အစ်ကိုကြီးကို ဦးမယ်ထားပြီး စားနှင့်ကြတာပါလေ။ မုန့်အချိုပွဲတွေကို ကြွေပန်းကန်လုလုလေးထဲ ပြင်ပေးနေပေမယ့် အစ်ကိုကြီးထံမှတော့ 'ကောင်းသားပဲ၊ ဘယ်သူချက်တာလဲ' ဟူသည့်ဝေဖန်သံက တစ်ခွန်းတစ်ပါမှ ထွက်မလာပါလေ။

"ငရုတ်သီးမှုန့်"

"မယူဘူး"

"အချဉ်ရော"

"မှုတ်ညှိနဲ့"

"ကြက်သွန်နီတော့ ထည့်မှာပါနော်"

"အင်း"

ဒါပဲလား။ လိုရင်းတိုရှင်းပဲ ပြောနေပုံပါပဲလားနော်။ လက်ဖက်ခြောက်နှပ်ထားသည့်အိုးထဲမှ ရေနွေးအဖန်ရည်ကို အငုံ့ပါသည့်ကြွေခွက်လေးထဲ အနည်းငယ်ငှဲကာ ဓာတ်ဘူးထဲမှ ရေနွေး







www.burmeseclassic.com

www.burmeseclassic.com



ရော၊ အဖုံးလေးပြန်ဖုံးပြီးမှ အစ်ကိုကြီးရှေ့စားပွဲထက် အသာတင်ပေးတော့လည်း မို့ကို တစ်ချက်မျှငဲ့မကြည့်ပြန်ပါလေ။

"ကျောင်း မသွားဘူးလား။ ဘယ်အချိန်ကတည်းက ရောက်နေတာလဲ။ စာရေးကျက်ရဲ့လား' ဆိုတဲ့ အမိန့်ဆန်ဆန် ဩဇာသံကို မိမျှော်လင့်နေမိပေမယ့် ပကာတိဆိတ်ငြိမ်ခြင်းသာ ဖြစ်နေပါ၏။

"ကိုကို ဒီနေ့ OFF လား"

"အင်း"

"ဒါကြောင့် နေမြင့်အောင် အိပ်နေတာကိုး"

"မင်းက ဆိုင်မထွက်ဘဲ ဘာလုပ်နေတာလဲ"

'ဒီနေ့ပစ္စည်းသွားယူရမှာ ကိုကို့ရဲ့။ ဆိုင်မှာ ပစ္စည်းပြတ်နေတယ်။ ကျန်ခဲ့တဲ့လက နှစ်ကုန် Discount ချရောင်းလိုက်တာ အသားကုန်ရောင်းကောင်းလိုက်တာ မပြောပါနဲ့"

"ဒါဖြင့် ဆိုင်ကိုပိတ်ထားတာပေါ့လေ"

"ဟုတ်"

"အဲဒီလိုပိတ်ထားရင် မင်းဆိုင် Customer လျော့ကုန်မှာပေါ့ကွ။ ပစ္စည်းသယ်တာပို့တာ အလုပ်သမားတွေကို ခိုင်းမှပေါ့။ ကိုယ်တိုင်ဘာလုပ်စရာလိုလို့လဲ"





"သူတို့ကိုခိုင်းရင် အင်တွေ ရောပါလာတတ်လို့ ကိုကိုရ။ ဒီကြားထဲ Reject ထည်တွေပါလာရင် မွဲပြီ။ ခိုင်က မမက လည်း ညီကိုယ်တိုင်လာမှ ကောင်းကောင်းဆက်ဆံတာဗျ"

အင်း. . အပြောကတော့ ညွှတ်နေတာပဲ။ ကုန်အရောင်းအဝယ်ကို စိတ်ဝင်တစားလုပ်နေတာမို့ အပြစ်မဆိုသာပြန်။ နေဦး။ ခုချိန်ထိ ဒီကောင်မလေး မုန့်လာပို့တာဆိုပြီး မပြန်သေးပါလား။ သူစားနေသည့်စားပွဲနားမှာ ရစ်သီရစ်သီလုပ်နေတာ ဘာသဘော ပါလိမ့်နော်။

"မင်းကရော"

"ဟင်"

"ကျောင်းမသွားဘဲ ဘာလာလုပ်တာလဲလို့ မေးနေတာလေ"

"မိ. . မိ. . . မုန့်လာပို့တာပါ၊ ကျောင်းကပိတ်ပြီ"

'ဘာကြောင့်ပိတ်လဲ' ဟူသည့် နောက်ထပ်မေးခွန်းကို မျှော်လင့်ထားသလို ထွက်မလာပြန်။ ဘယ်လိုကြီးလဲ။ 'မို့မွေးနေ့မို့ ညနေကို ရွှေတိဂုံဘုရားသွားချင်လို့ အစ်ကိုကြီးလိုက်ပို့ပေးနိုင်မလားဟင်' ဆိုတဲ့စကားကို ရင်ထဲ ဂလုခနဲမျိုချလိုက်ရတာလေ။ ဒီမျက်နှာတည်ကြီးနဲ့ လေသံမာမာပြောနေတာကို မိက ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



သတ္တိမျိုးနဲ့ တောင်းဆိုရဲမှာတဲ့လဲ။

ဖေဖေက (မအားတဲ့ကြားက) လိုက်ပို့ပေးမယ်ဆိုတာကို မိက 'အစ်ကိုကြီးလိုက်ပို့ပေးမှာ' ဆိုပြီး ကြိုပြောနှင့်ခဲ့ပြီ။ အခုတော့ မိလေးစားအားကိုးရတဲ့အစ်ကိုကြီးက မိုကို ဒီလိုမျိုးခပ်စိမ်းစိမ်းကြီးနဲ့ ပြောနေရတယ်လို့။ ကျောင်းပိတ်ရက်ဆယ်ရက်ပြီးရင် စာမေးပွဲဖြေရတော့မှာပါလေ။

'စာတွေကျက်တာ Ready ဖြစ်ပြီလား' လို့ မေးမလား ဆိုတဲ့စကားကို ဒီပုံနဲ့ အစ်ကိုကြီးက မိုကိုတယ်လိုလုပ်ပြီး မေးတော့မှာလဲ။ မှားပါပြီ။ မိက အစ်ကိုကြီးကို ခင်တွယ်နေတာ ကြာပြီဆိုပေမယ့် အစ်ကိုကြီးကတော့ မိုအပေါ်မှာ ချာတိတ်မလေးဆိုတဲ့ အမြင်က လုံးဝမပျောက်ကွယ်နိုင်ဘူးထင်ပါရဲ့။

"ဘာပြောစရာကျန်သေးလဲ"

"ရှင်!"

မျက်လုံးအပြူးသားဖြင့် သူ့ကိုကြည့်နေမှန်းသိသော်ငြား အကြည့်ကိုလွှဲလိုက်မိ၏။ ဒီမနက်စကားပြောရတာ အဆင်မချောသလို ကြည့်သမျှမြင်သမျှအားလုံးက မျက်စိထဲ Cross ဖြစ်ပြီး စိတ်က မကြည်လင်နိုင်တာလေ။

"ဟို. . . ဟို. . . မရှိပါဘူး"





"မရှိရင်ပြန်တော့လေ"

"ဟင်"

နှင်မိပြီထင်ပါရဲ့။ ဟုတ်တယ်လေ၊ ယောက်ျားလေးတွေ ချည်းရှိတဲ့အိမ်မှာ သူမက အကြာကြီးနေရင် ဘယ်ကောင်းပါ့မလဲ။ ဘာစကားမှမပြောဘဲ မောင်မြင့် ချိုင့်ဆေးနေသည့်မီးဖိုခန်းထဲသို့ တိတ်တိတ်ဆိတ်ဆိတ် ဝင်သွားတာကို သူမျက်နှာလွှဲလိုက်မိပါ၏။

"ရတယ်၊ အိမ်မှာပဲ ပြန်ဆေးလိုက်ပါ့မယ် ကိုမောင်မြင့်ရဲ့"

"အငယ်လေး ပင်ပန်းမှာစိုးလို့ တစ်ခါတည်းဆေးပေးနေတာပါ။ အလျှုလုပ်ရင် ချိုင့်တွေ ပန်းကန်တွေကို မဆေးပေးကောင်းမှန်း ငါသိပါတယ် အငယ်လေးရဲ့"

"ရေမသုတ်နဲ့တော့လေ၊ မိပြန်တော့မှာမို့လို့ ဒီအတိုင်းပဲ ပေးပါ။ ရှိတယ်"

"ဟော့ကောင်! မောင်မြင့်"

"ဗျာ. . . အစ်ကိုကြီး"

"မင်းမှာ လုပ်စရာတွေရှိသေးတယ်မဟုတ်လား။ သန့်ရှင်းရေးမလုပ်ဘဲ အလုပ်မဟုတ်တာတွေ လျှောက်လုပ်မနေစမ်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သန့်ရှင်းရေးက ကျွန်တော် အောက်ထပ်မှာ. . ."

"အပေါ်ထပ်မှာ ဖုန်တွေချည်းပဲ။ မင်းကို ဖို့သတ်လို့ ရတယ်ကွ"

"ဟုတ်. . . ဟုတ်ကဲ့ပါ အစ်ကိုကြီး။ ကျွန်တော် အခုပဲ သွားရှင်းလိုက်ပါ့မယ်"

တစ်ခါမှမပေါက်ဖူးပါဘဲ ဟောက်လိုက်တာမို့ မောင်မြင့်က မြက်တံမြက်စည်းရော ကြက်မွေးတံမြက်စည်းနှင့် ဖေါ်ပြား အသေးကိုကိုင်ကာ လှေကားမှတက်သွားလေ၏။ ငါးဆင့်ချိုင့်ကို ကိုင်၍ မီးဖိုခန်းမှထွက်လာသည့်သူမက မျက်နှာငံ့ကာ သူ့နောက်မှဖြတ်သွားကာ အိမ်ရှေ့သို့ထွက်သွား၍ ပြန်သွားတော့သည်။

ရင်ထဲမှာ မကောင်းတာတော့အမှန်ပါပဲ။ သို့သော် မြင်ကွင်းထဲ အာရုံထဲ နားထဲမှာ မြင်တွေ့ကြားခဲ့ရတဲ့ညီနဲ့သူမရဲ့ ရယ်သံတွေ အပြုံးချိုချိုတွေက မကြာခဏမြင်နေကြားနေရတာမို့ စိတ်ရှုပ်နေရပြီလေ။ ရယ်ကြပါ၊ ပြုံးကြပါ။ လိုအပ်တဲ့အချိန်ကျရင် သူ့ဆီမှာ စာလာမေးမှာမဟုတ်လား။ နေမင်းရှိန်ဆိုတဲ့ညီကလည်း ဆိုင်မှာလိုအပ်ရင် ငွေလိုရင် သူ့ဆီမှာ လက်ဖြန့်တောင်းနေတုန်းပါလေ။

ဟုတ်ပါတယ်၊ နောက်ဆုံးတော့ သူ့ကိုယ်သူသိလိုက်





ရတာက မရှိသုံးသုံးတဲ့အရာဝတ္ထုပါပဲလား။ မလိုအပ်တော့ရင် ချောင်ထဲထိုးချင်ထိုး၊ လွှင့်ပစ်ချင်ပစ်နဲ့ အသုံးမကျတဲ့ပစ္စည်းသာ ဖြစ်ကျန်ရစ်မှာလေ။

"တောက်!"

ကိုယ့်ကိုယ်ကို ပြန်ဒေါသဖြစ်ရင်း ခေါက်ဆွဲစားတာ ဘယ်လိုကုန်သွားမှန်းပင်မသိလိုက်။ ခုံမှထရပ်ကာ ဘာလုပ်ရမှန်းမသိ စဉ်းစားနေပေမယ့် ဘာတစ်ခုမှစဉ်းစားလို့မရတော့ပါလေ။ ခြံထဲဆင်းရင်လည်း ခင်းတို့နှစ်ယောက် (ဟိုဘက်ဒီဘက်ခြံစည်းရိုးမှာရပ်ပြီး) အကြည့်ဆိုက်နေတာကိုတွေ့ရမှ ဒေါသက ငယ်ထိပ်ကို ဆောင့်တက်လာဦးမှာ။

"ကျစ်!. . ."

အလုပ်ထွက်မယ်ဆိုကာမှ ဘာမှလုပ်စရာမရှိတဲ့ဘဝပါလား။ အန်တီရိုင့်ကိုမေးပြီး သူမတို့ဆိုင်ခန်းချဲ့မယ့်နေရာဘေးမှ နောက်ထပ်ဆိုင်ခန်းထပ်ဆောက်ပြီး ဆေးခန်းဖွင့်ရကောင်းမလား။ မဖြစ်သေးပါဘူး။ တော်ကြာ အဲဒီမျက်နှာလေးကို ကျောင်းသွားကျောင်းပြန် မြင်မြင်နေရရင် ရောဂါတစ်ခုက ထပ်တိုးဦးမှာလေ။

"အဲဒါဘာလုပ်မလို့လဲ"

"ကြမ်းတိုက်မလို့ပါ အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"တိုက်စရာမလိုပါဘူး၊ ဒီလောက်ပြောင်နေတဲ့ဟာ၊ ရေ

တွေနဲ့ဆိုရင် ငါချော်လဲဦးမယ်။ ထားလိုက်"

"ဟုတ်ကဲ့"

တံမြက်စည်းလှဲပြီးပြီမို့ ရေဇလုံနှင့်ထွက်လာသည့်မောင်

မြင့်ကို သူထပ်ပြောလိုက်တာမို့ မောင်မြင့်က မျက်နှာငယ်လေး

ဖြင့် ခပ်ကုပ်ကုပ်လေးဖြစ်သွားကာ လှေကားမှဆင်းဖို့ ပြင်လိုက်

လေ၏။

"ဟိုလေ၊ ညနေ အစ်ကိုကြီး အားမလားဟင်"

"ဘာလုပ်ဖို့လဲ၊ မအားဘူး"

ဘာတစ်ခွန်းမှထပ်ထွက်မလာဘဲ ငြိမ်သွားတော့၏။ မှတ်

ရော! စိတ်မကြည်တာနဲ့ မျက်စိရှေ့ တွေ့သမျှ ရမ်းလိုက်မိနေတာ

လေ။



## အခန်း (၁၉)

"ဘာပြောလိုက်တယ်"

"ဘုရားသွားချင်လို့တဲ့၊ အဲဒါ"

"ဘာအတွက်လို့ပြောလိုက်တာလဲလို့ ငါမေးနေတာ"

"ဒီနေ့ အငယ်လေးမွေးနေ့မို့"

"အဲ့ဒါစောစောကတည်းက ပြောပါတော့လား။ ကျစ်!

အခုပဲ ညနေစောင်းနေပြီ"

"မနက်ကတည်းက သူကိုယ်တိုင်ပြောဖို့ပဲ အစ်ကိုကြီး

ရဲ့။ အစ်ကိုကြီးက မျက်နှာရှုပ်ပြီး မောင်းထုတ်လိုက်လို့ ငိုပြီး

ပြန်သွားတာ"

"ဟာ. . . ကျစ်! ခက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကဲ! နောက်ဆက်တွဲပြဿနာက ကျန်သေးတယ်မဟုတ်လား။ ဒါကြောင့်မို့လို့ ထူးထူးဆန်းဆန်း မှန့်တွေဘာတွေ ချက်ပြုတ်ထားတယ်ထင်နေတာ။ ခက်လိုက်တာနော်။ သူ မျက်နှာထိ မျက်နှာထားနဲ့ မောင်းထုတ်လိုက်မိတဲ့နေ့မှာမှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရတယ်လို့။ မျက်နှာပူလိုက်တာနော်။

ဖတ်လက်စစာအုပ်ကို လက်ကြားညှပ်လိုက်ပြီး ပိတ်ကာ Dreambed မှာ ခဏမှုပြိမ်နေလိုက်ပါ၏။ ကြည့်စမ်း! သူဘယ်လောက်တုံးပါလဲ။ ညီနဲ့မို့ကို သဝန်တိုနေတဲ့အချိန်မှာမှ သူနဲ့ဘုရားဖူးသွားချင်တဲ့ မို့ရဲ့စိတ်ကို သူဘာလို့မသိတာပါလိမ့်။ မိရယ်၊ ဒါကြောင့် ကိုယ့်ကိုခွင့်တောင်းချင်လို့ စောင့်နေတာပေါ့။ ဟုတ်ရဲ့လား။

သူ့နှံဘေးမှာ ဝဲနေပေမယ့် ဘာ့ကြောင့်များ (စိတ်တိုပြီး) အိမ်ပြန်ဖို့ မောင်းထုတ်လိုက်မိတာပါလိမ့်။ သေသေချာချာ ဘုန်းလရောင်။ မိနဲ့အနီးဆုံးနေချင်တဲ့စိတ်က သူကိုယ်တိုင် အဝေးကြီးကို နောက်ဆုတ်လိုက်သလို ဖြစ်နေတာပါပဲလား။

"မောင်မြင့်"

"ဗျာ. . . အစ်ကိုကြီး"

"နေတော့. . . နေတော့"





သူမကိုသွားပြောနိုင်းဖို့ ပြင်လိုက်ပေမယ့် သူကိုယ်တိုင်ပြောမှပဲဖြစ်မှာပါလေ။ 'ဘယ်သူမပြုမိမိမှု' လို့ပဲ ဆိုရိုးရှိတာမို့ သူကိုယ်တိုင် လုပ်ခဲ့မိတဲ့လုပ်ရပ်အတွက် တာဝန်သိစိတ်ရှိရှိနဲ့ မို့ကို သူကိုယ်တိုင် တောင်းပန်ရတော့မှာပေါ့လေ။

ဝက်ဝံရုပ်ကလေးကိုပိုက်ထားလျက် ပါးပြင်ထက်မှ မျက်ရည်ကို ကျိတ်သုတ်နေမိ၏။ ကံဆိုးလိုက်တာနော်၊ ဟုတ်တယ်၊ ဒီအိမ်ကို စပြောင်းစဉ်ကတည်းက မို့အတွက် ကံကောင်းခြင်းဆိုတာတွေ တစစပျောက်ဆုံးကုန်တာလေ။ 'ပြန်တော့' တဲ့။ နှင်ရက်လေခြင်း။။

လူတိုင်းလူတိုင်း နေ့စဉ်စိတ်မကြည်မလင်တတ်တာကိုတော့ မိနားလည်နိုင်ပါ၏။ သို့သော် အိပ်ရာထလာကတည်းက မျက်နှာတည်ကြီးနှင့် သုန်သုန်မှုန်မှုန်ကြည့်တဲ့ အစ်ကိုကြီးကိုဖြင့် ဘယ်လိုမှနားမလည်ပါလေ။ ဘာကြောင့်လဲ။

အလုပ်မှာ အဆင်မပြေတာမျိုးဆိုရင်လည်း အလုပ်မှာပဲ ထားခဲ့ပေါ့လို့။ အိမ်အထိ သယ်လာစရာလား။ အစတုန်းကဆို ကိုကိုနဲ့မိက ကတောက်ကစဖြစ်ပြီး မတည့်ကြပေမယ့် အခုဆို Peace ဖြစ်နေပြီ။ မိက အငယ်ဖြစ်ပေမယ့် ဗိုလ်ကျတတ်တဲ့ ကိုကို့ကို (အစ်ကိုကြီးမျက်နှာကြောင့်)အလျှော့ပေးလိုက်ဖို့ အမြဲ



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်ဖြစ်နေတာပါလေ။

အရင်လို ပွည့်ပွည့်စကားများသံ မကြားရတော့တဲ့ မို့ရဲ့ ရယ်မောသံတွေနဲ့သာ အစ်ကိုကြီးရဲ့အိမ်မှာ စည်ကားသိုက်မြိုက် နေခဲ့တာကို မနှစ်သက်တဲ့သဘောများလား။ မို့ကိုမလိုလားတော့ ဘူးလားကွယ်။ အစကတော့ လိုလိုလားလားနဲ့ 'လာလည်နိုင် ပါတယ်၊ စာလာမေးနိုင်ပါတယ်'ဆိုပြီး အရင်ဦးဆုံး တံခါးဖွင့်ကြို ဆိုခဲ့တဲ့သူက ခုတော့ဖြင့် စိမ်းစိမ်းကားကားနှင်ရက်တာလေ။

"အင့်. . ."

တစ်ချက်ရှိုက်လိုက်မိစဉ် မျက်ရည်တို့က ပိုးပိုးပေါက် ပေါက်ကျလာပြန်တာမို့ တစ်သျှူးဘူးကိုလှမ်းယူကာ မျက်ရည် ရော နှာရည်တို့ကိုပါ သန့်ရှင်းအောင် သုတ်လိုက်ရပါသည်။ မိ ဆိုတာ ဘဝကိုခပ်ပေါ့ပေါ့လေး ဖြတ်သန်းခွင့်ရခဲ့တဲ့မိန်းကလေး ပါ။ ဘဝမှာ ဘာအပူအပင်မှမရှိ၊ ဘာအခက်အခဲအတားအဆီး မှမရှိ၊ ဘာအတိုက်အခိုက်မှမရှိပါဘဲ ရိုးရှင်းစွာနဲ့ ဖြတ်သန်းခဲ့ရ တဲ့သူပါပဲ။

"အစ်ကိုကြီးကို. . . အင့်!. . . မခေါ်. . . တော့ဘူး"

ရှိုက်သံတစ်ဝက်ဖြင့် ရေရွတ်သံက နှုတ်မှထွက်သွားပါ ၏။ ဟုတ်ရဲ့လား၊ ကျော်နိုင်းရအောင် မိက အစ်ကိုကြီးနဲ့အဆင့်





မှ ညီရဲ့လားကွယ်။ အရင်လို လက်ဖျားငွေသီးခဲ့ရတဲ့အခြေအနေ နဲ့ အခု(ဖေဖေနဲ့မေမေ အလုပ်နားပြီး)ကိုယ်ပိုင်လုပ်ငန်းဖြင့် ရုန်း ကန်နေရတာက အများကြီးကွာခြားခဲ့ပြီလေ။

ဒီတော့ အိမ်ကြီးရှိုင်နဲ့နေတဲ့ အစ်ကိုကြီးတို့လို အထက် တန်းလွှာမျိုးနဲ့၊ တစ်ယောက်ကားတစ်စီး ထည့်လဲစီးနိုင်တဲ့အခြေ အနေမှာ ကတ္တရာလမ်းပေါ် Walking ရှိုက်နေရတဲ့ မိတို့လို အညာ တရမိသားစုဘဝက ဆိနဲ့ရေလို အဆင့်မတူတာပါလား။

မိသိလိုက်ပါပြီလေ။ ဟုတ်ပါတယ်၊ ဘယ်လိုပဲ စိတ်ထား မြင့်ပါစေဦး။ နောက်ဆုံးမှာတော့ 'အလွှာ'ဆိုတဲ့အရာက (မိတို့ ခြံနဲ့ အစ်ကိုကြီးတို့ခြံကို ခြားထားတဲ့သံဇကာကွက်တွေလို) မိတို့ ကို သိသိသာသာကြီး ပိုင်းခြားပြလိုက်တာပါလေ။

"မုန်းလိုက်တာ"

ဘယ်သူ့ကိုမှမရည်ရွယ်ပါဘူး။ မို့ကိုယ်မိပဲ ပြောမိတာ ပါ။ မသွားသင့်တော့ဘူး။ မတွေ့သင့်တော့ဘူး။ မပြောသင့်တော့ ဘူး။ ရင်းရင်းနှီးနှီးနဲ့မပြုံးပြသင့်တော့ဘူးလေ။ ဒါပေမဲ့ မိတို့နဲ့ သိပ်အဆင့်မကွာလှတဲ့ကိုမောင်မြင့်နဲ့တော့ မေးထူးခေါ်ပြောလေး လောက်တော့ ရှိသင့်ပါတယ်နော်။ ဒီလောက်လေးတော့ အစ်ကို ကြီး ခွင့်ပြုတန်ကောင်းပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကရင်း!. . ."

"အမေ့!"

ခြံဝမှ Bell သံကြောင့် ရုတ်တရက်လန့်သွားရပါ
အိပ်ခန်းထဲမှထွက်ကာ ဧည့်ခန်းပြတင်းပေါက်လိုက်ကာကို အသာ
ဟလျက် ခြံဝကိုလှမ်းကြည့်လိုက်မိသည်။ မြတ်စွာဘုရား! ရေ
မိနေတုန်း ဘယ်လိုကနေဘယ်လို ခြံဝရောက်နေရတာပါလိမ့်
မို့ကိုယ်စောင့်နတ်ကများ သွားအသိပေးလိုက်လေသလား။

"ကရင်း!. . ."

"လာပြီ"

နောက်ထပ်တစ်ကြိမ် ထပ်နှိပ်တာမို့ မကောင်းတော့
လေ။ လက်ဝါးနှစ်ဖက်ဖြင့် မျက်နှာကိုခပ်မြန်မြန်ပွတ်ကာ
တံခါးကို ဖွင့်ထွက်လိုက်ရတော့၏။ သိပ်မကျယ်လှတဲ့ခြံဝကို
မြန်မြန်ရောက်သွားတော့တာပါပဲ။

"ဘာလုပ်နေတာလဲ"

"ဒီလိုပဲ"

"ငိုထားတာလား"

"ငိုပါဘူး၊ ဘယ်မှာငိုလို့လဲ"

လေသံမာမာနှင့်ပြန်ပြောတာကို စိတ်ဆိုးဟန်မပြဘဲ





ပြုံးလေ၏။ မျက်စောင်းမခဲမိအောင် သတိထားနေမိပေမယ့် ဖျပ်
ခနဲထိုးမိလေပြီ။ သေစမ်း! လူကြီးကိုစိတ်ဆိုးအောင် မိလုပ်မိပြန်
ပါရောလား။ စိတ်ရှုပ်လိုက်ပါဘိ။

"ရော့"

လက်နောက်ပစ်ထားရာမှ လက်ကို ရှေ့ထုတ်လိုက်ပြီး
လှမ်းပေးလိုက်သည့်လက်ဆောင်ထုပ်ကြောင့် ထိတ်ခနဲဝမ်းသာ
သွားမိပေမယ့် မျက်နှာက ချက်ချင်းညှိုးကျသွားရတာလေ။ ဘာ
လဲ. . . ကိုမောင်မြင့် ပြောလိုက်တာမို့ မကောင်းတတ်လို့ လက်
ဆောင်လာပေးတာပေါ့။

"ဘာလဲ"

"မွေးနေ့လက်ဆောင်လေ"

"မလိုချင်ပါဘူး"

"ဩော်. . . ပေးနေတဲ့သူက စေတနာနဲ့ပေးတာကို ငြင်း
ရောလား။ ဘာလို့ စောစောကြိုမပြောရတာလဲ"

နောက်ထပ်မျက်စောင်းခဲမိသွားပြန်လေ၏။ သိသိကြီး
နဲ့ ပြောနေတာမဟုတ်လား။ လူကိုဘာမှဖြင့်မပြောစေချင်ဘဲ ပြန်
နိုင်းပြီးမှ အခုလာချော့နေတာလေ။ အမြင်ကပ်စရာကြီးနော်။

"မယူဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဘာလို့လဲ"

ခေါင်းကိုသာ ခါပြလိုက်မိ၏။ သူ့အနောက်မှာ ကားကို ပါ ရပ်ထားတာမို့ တစ်နေရာရာသွားမည်မှန်း မိရိပ်မိပါ၏။ သွား ချင်ရာသွားပေါ့။ မိက ဒီလိုနောက်ဆုံးပေါ်ကားမျိုးနဲ့ လမ်းကြို လိုက်ဖူးတာ အိပ်မက်ပမာမဟုတ်ပါလား။

"ယူပါ မိရဲ့၊ မိ့အတွက် အသုံးလိုမယ့်ပစ္စည်းမျိုး ကိုယ် ပေးတာပါ"

"ဘာပစ္စည်းလဲ"

"သိချင်ရင် ဖွင့်ကြည့်လိုက်ပေါ့"

ပါကင်ဘူးကို ဖဲကြိုးနှင့်ပတ်ထားတာမို့ ဖြည်လိုက်ပြီး ဖွင့်ကြည့်စဉ် မိအံ့သြသွားရပါသည်။ အို! မိအသုံးလိုသည့် နား ကျပ်နှင့် BP တိုင်းသည့်(သွေးပေါင်ချိန်တိုင်း) Digital စက် ဖြစ် နေတာပါလား။ ဝမ်းသာသွားရသလို ငွေသိန်းကျော်တန်သည့် လက်ဆောင်မို့ ဘာပြောရမှန်းမသိသလိုဖြစ်နေစဉ် သူ့ထံမှ စကား သံ ထပ်ထွက်ချေပြီ။

"သွားသိမ်းလိုက်တော့လေ၊ ပြီးရင်သွားကြရအောင်"

"ဟင်. . . ဘယ်သွားမလို့လဲ"





"ပြော. . . မိပဲ ဘုရားသွားချင်တယ်ဆိုလို့ ကိုယ်လာ ခေါ်တာလေ၊ မျက်နှာသစ်, အဝတ်လဲ, မြန်မြန်လုပ်၊ မှောင်ခါနီး နေပြီ"

ကဲ. . . ဘယ်လောက်ဆုံတောင်းပြည့်လိုက်တဲ့မွေးနေ့ လေးပါလဲ။ မြန်မြန်လုပ်တဲ့၊ အမိန့်တော်ချမှတ်နေပြီမို့ အိမ်ထဲကို ဝရုန်းသုန်းကားပြေးဝင်ကာ သူပြောသလို မျက်နှာသစ်ပြီး ဘာမှ ပင်မလူးဖြစ်၊ သနပ်ခါးမှုန့်ဘူးကိုသာဖွင့်ကာ Puff ဖြင့် သုံးလေး ချက် တဖတ်ဖတ်ရိုက်ကာ လုံချည်နှင့် Blouse အဖြူလေးကို သာ အမြန်ကောက်စွပ်လိုက်မိတော့တာလေ။

မိလာပြီ အစ်ကိုကြီးရေ့၊ အစ်ကိုကြီးသာ ခေါ်မယ်ဆိုရင် ရွှေတိဂုံဘုရားမပြောနဲ့ လကမ္ဘာကြီးထိခေါ်လည်း မိက Yes! Alright ဆိုပြီး လိုက်ဦးမှာ အသေအချာပါပဲ။

"ဘုရားသွားမယ့်လူက ဘာမှလည်းမပါပါလား"

"အစ်ကိုကြီးလိုက်မပို့ဖြစ်တော့ဘူးထင်လို့ ဘာမှကြို မပြင်ထားတော့တာလေ"

"ကဲပါ၊ လမ်းမှာ ဝင်ဝယ်သွားလည်းဖြစ်တာပါပဲ"

ကားကိုရှုတ်ခနဲမောင်းထွက်လိုက်စဉ် မှိုရင်ထဲ ထိတ် ခနဲဖြစ်ပြီး ပျော်လိုက်တာမပြောပါနှင့်တော့။ ခုတော့လည်း ဇရှ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတော်က မညိုနေတော့တာပါလားနော်။ မနက်တုန်းက ဖြင့် လငပုပ်ဖမ်းသလို မှုန်ကုပ်ရှုပ်ပြီး လှကိုဝေါက်လိုဝေါက် ဟောက်လိုဟောက်ဖြင့် မောင်းထုတ်ခဲ့တာကို။

"ဘုရားသွားမယ်ဆို မနက်စောစောသွားရမယ့်ဟာ၊ အခု တော့ မိုးချုပ်တော့မယ်"

"မနက်က အားမှမအားတာကိုးလို့ ချက်ချပြုတ်ရနဲ့ ဖတ် ဖတ်မောနေတဲ့ဟာ"

"မောလည်း တစ်အောင့်လောက် ခဏနားပြီးရင် သွား လို့ဖြစ်တာပေါ့ မိရဲ့။ ကိုယ့်ကိုစောစောပြောပါတော့လား"

မျက်စောင်းက ဒိုင်းခနဲရောက်သွားပေပြီ။ မသိချင်ယောင် ဆောင်တယ်ဆိုတာ ဒါမျိုးကိုခေါ်တာပဲဖြစ်မှာ။ ဟန်ဆောင်တတ် တဲ့လူကြီးမို့ မို့ထက် ပိုပြီးတော်နေတာကို။

"ဟောကြည့်! အလကားနေ မျက်စောင်းပဲ ထိုးနေတာ ပါလား"

"အစ်ကိုကြီးပဲ မနက်တုန်းက မို့ကိုမောင်းထုတ်ပြီးတော့ များ"

"ဘယ်မှာမောင်းထုတ်လို့လဲ"

"ပြန်တော့လို့ပြောတာ မောင်းထုတ်တာမဟုတ်ရင် ဘာ





လဲ"

"အောင်မယ်လေးဗျာ၊ မွေးနေ့ရှင်ကလည်း စွာပါ့။ စိတ် မကြည်တုန်း လေသံလေး မာသွားမိပါတယ်၊ စိတ်တော် ကောက် နေတာပါလား"

"ကောက်မှာပေါ့၊ အစ်ကိုကြီးက မို့ကို အပြစ်မရှိဘဲ ဟောက်တာကိုးလို့။ မခေါ်တော့ဘူးဆိုပြီး ပြောနေတုန်း ရောက် လာလို့ အားနာပြီး လိုက်ခဲ့တာ. . . ဟင်း"

"အားနာပြီးတော့လား"

"အစ်ကိုကြီးနော်၊ လိုက်မစချင်နဲ့။ မိစိတ်ထဲကောက် လိုက်မှာ"

"ဘယ်နှမိနစ်လဲ"

"အကြာကြီးပေါ့"

သူ့သဘောကျစွာ ရယ်လိုက်မိ၏။ လမ်းကစတိုးဆိုင်မှာ ပင် ဖယောင်းတိုင်တစ်ထုပ်နှင့် မီးခြစ်တစ်လုံး၊ အမွှေးတိုင်အထုပ် သေးနှစ်ထုပ်ကိုဝယ်ကာ ကားဆက်မောင်းလာခဲ့ပါ၏။ ဘုရားကို ရောက်တော့ ညနေစောင်း ခြောက်နာရီခန့်ရှိချေပြီ။

"Lift နဲ့တက်မှာလား"

"ဟင့်အင်း. . . လှေကားကပဲ တက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ ဒေါ်သပြေအောင် လှေကားထစ်တွေကို နှင်းချင်လို့ပေါ့လေ၊ ဟုတ်လား"

"ဟင်းနော်၊ မိစိတ်မဆိုးချင်ပါဘူးလို့ဆိုနေမှ"

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီ၊ လာ, တက်ကြစို့"

မိနှပ်ချွတ်ကာ လှေကားထစ်တွေကို စတက်စဉ် သူမက လက်မောင်းကို ခပ်ပိုင်ပိုင်ချိတ်ဆွဲလိုက်လေ၏။ ဒါလား. . . စိတ်ကောက်နေတဲ့လူ။ ရင်ပြင်တော်ပေါ်ရောက်တော့ မောပြီး နဖူးထက် ချွေးစို့နေသည့်မျက်နှာလေးကြောင့် သူမပြုံးမိဘဲ မနေနိုင်။

စေတီတော်ကို လက်ယာရစ်တစ်ပတ် ပတ်ပြီးမှ ကြာသပတေးထောင့်မှာ ခြေစုံရပ်လိုက်စဉ် ဆင်းတုတော်နှင့် ကြွက်ရုပ်ကို ရေသပ္ပာယ်နေသည့်အမျိုးသမီးတစ်ယောက်ကို သူတွေ့လိုက်ပါ၏။ သင်ပေးခဲ့သည့်ဆရာမ မမဒေါ်ကိတ်တာပါလား။

အလင်းတိုင်ထွန်း၊ အမွှေးနံ့သာတိုင် မီး ထွန်းပြီးမှ သူကူညီစဉ် သူနှုတ်ဆက်ချင်သည့်ဆရာဝန်က သူတို့ကိုကျော်နိုင်းပြီးထွက်ကာ ရင်ပြင်တော်မှဆင်းသွားလေတော့၏။ နာရီဝက်ခန့် ဘုရားဝတ်ပြုပြီး ပြန်ကြစဉ် အေးချမ်းတုန်နေသည့်မိုးပခုံးပေါ် သူ ရှာကင်ချွတ်၍ ခြုံပေးလိုက်စဉ် အပြုံးနုနုလလေး နှစ်စင်း ပေါ်ထွက်လာလေချေပြီ။



အခန်း (၂၀)

"ဒါက ဘာသဘောလဲ မောင်ဘုန်း"

"နှုတ်ထွက်စာပါ ဆရာကြီး"

"ဘာဖြစ်လို့ အလုပ်ထွက်တာလဲ မောင်ဘုန်းရယ်။ စာချုပ်အသစ်မချုပ်ခင်ကတည်းက သေချာမေးပြီးမှ အန်ကာယ်တို့ ချုပ်ခဲ့ကြတာလေ"

"မှန်ပါတယ်ဆရာကြီး။ ကျွန်တော်လည်း သူငယ်ချင်းတွေနဲ့ အတူတူအလုပ်လုပ်ရတာမို့ ပျော်ခဲ့ပါတယ်။ ဒါပေမဲ့"

"သမီးပေဟမာန်နဲ့ အဆင်မပြေဖြစ်လို့များလား"

အမှန်ပေပဲမို့ သူဘာမှမပြောဖြစ်တော့ပါလေ။ ဒီမျက်နှာကို နေ့စဉ်မြင်နေရတိုင်း ဒေါ်သတွေသာဖြစ်နေရင် သူ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အသက်တိုတော့မှာပေါ့။ သူငယ်ချင်းတွေ ဘယ်လိုပဲ စိတ်လျှော့နိုင်းပေမယ့် သူက စိတ်မာတဲ့သူမို့(ခေါင်းလည်းမာတဲ့သူမို့) နောက်ကြောင်းကို ပြန်မလှည့်ကြည့်ချင်တော့ပါလေ။

အတိတ်က ခြေရာတိုင်းပါ အလွမ်းတွေ တသီတတန်းကြီးရှိတာ မှန်ပေမယ့် မျက်ရည်တွေနဲ့ရောနှောနေတဲ့ အမုန်းတရားရဲ့နာကြည်းချက်တွေကို သူအမှတ်မရချင်တော့တာ အမှန်ပါပဲ။

"ညှိနှိုင်းပေးလို့ မရနိုင်တော့ဘူးလား"

"ကျွန်တော် စိတ်ရှုပ်မခံပါရစေနဲ့တော့ ဆရာကြီးရယ်။ တောင်းပန်ပါတယ်",

"အန်ကယ်သိသလောက်တော့ မောင်ဘုန်းကိုလက်မလွှတ်ချင်တာ အမှန်ပါပဲ"

"ကျွန်တော်. . . သူနဲ့ တစ်မိုးတည်းအောက်မှာ ဘယ်လိုမှ အတူတူမလုပ်နိုင်လို့ တောင်းပန်နေရတာပါ"

"ခက်တာပဲ"

ဆေးရုံအုပ်ကြီးက စိတ်ပျက်ဟန်ဖြင့် ညည်းညူလိုက်လေ၏။ အမှန်အတိုင်းပြောရင် လူမုန်းများတယ်ဆိုရင်လည်း မုန်းကြပါစေတော့လေ။ အခါခါကြည့်မရတာထက် တစ်ခါတည်းနဲ့ မုန်းလိုက်တာက ပိုကောင်းမယ်ထင်ပါရဲ့။





"သမီးယောမာနဲ့ကို ခါးခါးသီးသီးဖြစ်နေတာကိုး။ မောင်ဘုန်းမှာ ချစ်သူသစ်ရှိနေပြီမို့လို့လား"

"ဟုတ်ပါတယ်"

"ဘယ်သူဘယ်ဝါရဲ့သားသမီးများလဲ"

"ဆရာကြီးသိနိုင်မယ်မထင်ပါဘူး။ သူတို့မိသားစုက ဒီလောကထဲက မဟုတ်လို့ပါ။ လူကုံထံအသိုင်းအဝိုင်းထဲက မဟုတ်သလို သာမန်လူမိသားစု အေးအေးချမ်းချမ်းနဲ့စီးပွားရှာကြသူတွေပါ"

"မိန်းကလေးကရော"

"အခုမှ ဆေးကျောင်းစတက်တဲ့သူပါ ဆရာကြီး။ ကျွန်တော့်ကို စာလာမေးလို့ စာပြနေတဲ့မိန်းကလေးပါပဲ"

"ဒါဖြင့် အသက်တော်တော်ကွာတာပေါ့၊ ဟုတ်လား မောင်ဘုန်း"

"မှန်ပါတယ် ဆရာကြီး"

"အလုပ်က ထွက်ဖြစ်ရင် ဘာဆက်လုပ်မှာလဲ၊ ဘယ်လိုစိတ်ကူးထားလဲ၊ တခြားဆေးရုံတစ်ခုခုမှာများ. . ."

"ကျွန်တော် ကိုယ်ပိုင်ဆေးခန်းပဲထိုင်တော့မှာပါ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ခဏာမျှအသံတိတ်သွားပါ၏။ ဒီဆေးရုံမှာ ဆရာဝန်တွေ အများကြီးရှိကြတာမို့ သူတစ်ယောက်တည်း အလုပ်ထွက်ဖြစ်တာ ဘာမှနစ်နာဖို့ အကြောင်းမရှိနိုင်ပါလေ။ သူငယ်ချင်းတွေကိုတော့ တစ်ညနေလောက် Dinner ကျွေးရင်း နှုတ်ဆက်နိုင်ပါရဲ့။

"ဆုံးဖြတ်ချက် ချပြီးသားပေါ့လေ"

"ဟုတ်ပါတယ်"

"လကုန်အထိ ဆင်းပေးနိုင်ဦးမလား"

"ဖြစ်နိုင်ရင် အခုပဲ နှုတ်ထွက်ပါရစေလားခင်ဗျား။ ကျွန်တော် စောင့်ကြည့်နေရတဲ့ Patient တွေကို တာဝန်ကျဆရာဝန်တွေနဲ့ လွှဲပေးပြီးပါပြီ ဆရာကြီး"

"အင်းပေါ့လေ၊ မပျော်ဘူးလို့ပြောနေမှတော့ ဆွဲထားလည်းအပိုပါပဲ။ သွားခွင့်ပြုပါတယ် မောင်ဘုန်း"

"ကျေးဇူးအထူးပဲ တင်ရှိပါတယ်ဆရာကြီး။ နှစ်မပြည့်ခင် ထွက်တဲ့အတွက် လျော်ကြေးကို ကျွန်တော်. . ."

"No! No!...ငွေကြေးကိစ္စပြောရမယ့်လူတွေမှ မဟုတ်တာ မောင်ဘုန်းရာ။ အကယ်၍များ ဆေးခန်းဖွင့်လို့ အဆင်မပြေဖြစ်ခဲ့ရင်တော့ အန်ကယ့်ဆေးရုံကို အချိန်မရွေးပြန်ဝင်နိုင်ပါတယ် Ever welcome ပါ"





"ကျေးဇူးပါပဲ ဆရာကြီး။ ကျွန်တော့်ကိုပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

ဆေးရုံအုပ်ကြီးကိုနှုတ်ဆက်ကာ ထရပ်လိုက်ပြီးနောက် နောက်လှည့်လိုက်စဉ် တံခါးဝမှာရပ်နေသည့်သူမကြောင့် သူ့ခြေလှမ်း တုံ့ခနဲဖြစ်သွားပါသည်။ ဘယ်အချိန်ကတည်းက ရောက်နှင့်နေပြီး သူတို့ပြောသမျှ ငြိမ်နားထောင်နေတာပါလိမ့်။

"ဘာပြောမလို့လဲ သမီး"

"နောက်မှလာတော့မယ် လေးလေး"

သူထွက်လာသည့်နောက် ပါလာသည့်ခြေသံကြောင့် သက်ပြင်းရှိုက်လိုက်ပါ၏။ ဒီအချိန်ဆို Round လှည့်ပြီးလောက်ပြီမို့ သူငယ်ချင်းတွေ နားနေခန်းထဲမှာ ရှိမယ်ထင်ပါရဲ့။

"ကို. . ."

လျှောက်နေသည့် Corridor မှာ လမ်းလျှောက်နေစဉ် နောက်ပါးမှ ခပ်တိုးတိုးခေါ်သံကြောင့် ခြေလှမ်းကို ရပ်လိုက်ရပါ၏။ ရှင်းပြီဆိုမှတော့ အစအဆုံးအပြတ်ဖြတ်ရတော့မှာကိုး။ နောက်ကိုလှည့်ကြည့်မိစဉ် သူ့ကိုမော့ကြည့်နေသည့်သူမမျက်ဝန်းတို့မှာ မျက်ရည်တို့ အိုင်ထွန်းနေလေသည်။

"ဟေမာန့်ကြောင့် အခုလို အလုပ်ထွက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ချင်တော့လို့ပါ"

"ကိုမှာ. . . ကိုမှာ နောက်ထပ်ချစ်သူတစ်ယောက်

နေပြီပေါ့နော်"

"မင်းတောင်မှ ငါနဲ့ပြတ်ပြီး လပိုင်းလောက်နဲ့ မျက်နှာ
ပြောင်ခဲ့သေးတာပဲ။ ငါ့ကိုယ်ရေးကိုယ်တာကိစ္စကို မင်းသိစရာ
မလိုပါဘူး ဆောင်းဟေမာန်"

"ဟေမာန် နားလည်ပါတယ် ကို။ ဟေမာန့်လုပ်ရပ်
ကို ခွင့်မလွှတ်နိုင်လောက်အောင် အကျည်းတန်ခဲ့တာကိုး"

"သူငယ်ချင်းတွေကို နှုတ်ဆက်စရာရှိသေးလို့ သွားတော့
မယ်"

"အဲဒီကောင်မလေးကို ကို သိပ်ချစ်တာပဲလားဟင်"

ကျောပေးလိုက်ခါမှ ဒီမေးခွန်းကို မေးရတယ်လို့။ လက်
သီးဆုပ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ သူငြိမ်နေလိုက်ပါသည်
ဘာသဘောမျိုးနဲ့ အခုလိုမေးလိုက်တာပါလိမ့်။ မင်းမှာ ဘာ Pla
တွေများ ရှိနေလို့ပါလဲ ဆောင်းဟေမာန်။

"ဟေမာန်ကတော့ ဘဝမှာ ဘယ်သူမဆို အရင်ဦးဆုံး
ချစ်ခွင့်ရခဲ့တဲ့ အချစ်ဦးကို အချစ်ဆုံးနဲ့ တစ်သက်တာ မေ့လို့မ
တဲ့သူဖြစ်တယ်ဆိုတာကို သိနေပါပြီ ကို။ နှလုံးသားနဲ့ရင်း





သိခွင့်ရခဲ့တာပါ"

"တောက်!"

အရှိက်တည့်တည့်ကိုမှ လာထိရတယ်လို့။ မေးကြော
ကို တင်းနေအောင် အံကြိတ်ကာ ခြေလှမ်းကိုရှေ့ဆက်လာခဲ့ပါ
၏။ 'ဘဝမှာ တစ်သက်တာမေ့လို့မရနိုင်တဲ့ အချစ်ဦး' တဲ့။ အဲဒီ
အချစ်ဦးက နာကြည်းအောင် သင်ခန်းစာတွေပေးခဲ့လို့ နှလုံးသား
တစ်ခုလုံးလည်း မွမွကြေခဲ့ရတာပါလေ။

မမေ့နိုင်တာတောင်မှ နာစရာနဲ့ဖြေသိမ့်နိုင်အောင် ကြိုး
စားပါ့မယ် ဟေမာန်။ သစ်ရွက်လှုပ်တိုင်း ရယ်တတ်တဲ့၊ သစ်ရွက်
ကြွေတိုင်း လွမ်းတတ်တဲ့၊ မိုးစက်ခြွေတိုင်း ငိုတတ်တဲ့ ရူးရူးမိုက်
မိုက်အရွယ်ကို လွန်ခဲ့တာကြာပါပြီ။ ဒီတော့ ရင့်ကျက်တဲ့ နှလုံး
သားနဲ့ နောက်တစ်တစ်ဖန် အချစ်စစ်တစ်ခုကို ငါကိုယ်တိုင် ရှာ
တွေ့ခွင့်ရပါရစေတော့လေ။

"ဟော. . . ပေါ်တော်မူ၊ အခုမှပဲ တွေ့ရတော့တယ်"

"အေးလေ၊ ဘာလို့နောက်ကျနေတာလဲကွ"

"ငါ Resign လာတင်တာ"

"ဘာ!"

"အားလုံးပဲ၊ အားတဲ့အချိန် တစ်ညနေလောက် Date



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျွန်တော့်ကို Phone ဆက်ပေးကြပါ။ Dinner တစ်ဝိုင်း ကျွေးချင်လို့"

"ဘယ်လိုဖြစ်ရတာလဲ"

"အဲဒါလာပြောရင်း နှုတ်ဆက်တာပါ။ သွားပါဦးမယ်။ ငါသွားပြီ နေဆန်း"

"လရောင်. . . မင်း"

"တွေ့ချင်ရင် ညနေချိန်းလိုက် သူငယ်ချင်း"

လက်ထောင်ပြလိုက်ပြီး ဆေးရုံပေါ်မှ သူဆင်းလာခဲ့၏။ နောက်ဆုံးအနေဖြင့် ကားပေါ်မတက်ခင် ဆေးရုံကို သူမော့ကြည့်လိုက်ပါသည်။ ဆေးနဲ့တွေ့မွှန်နေတဲ့ပတ်ဝန်းကျင်ကို နှုတ်ဆက်ရပြီပဲ။ ရှေ့ဆက်လျှောက်ရမယ့်လမ်းကို ဆုံးအောင် အရှည်ကြီး မျှော်ကြည့်ရဦးမှာပါလော။

အိမ်မပြန်ချင်သေးတာမို့ လေကောင်းလေသန့်ရှူရန် ကန်ပေါင်ဆီ သူမောင်းထွက်လာမိ၏။ ချေပြင်ကိုတိုက်ခတ်လာသည့် လေနုအေးကို အဆုတ်တွင်းသို့ တစ်ဝကြီး ရှူသွင်းလိုက်မိပါသည်။ လွတ်လပ်ခြင်းရဲ့အရသာဆိုတာ ဒါမျိုးကိုခေါ်တာပဲထင်ပါရဲ့။ ကန်စောင်းမှာ နာရီဝက်ကျော်ကျော် ထိုင်ပြီးမှ အေးအေးဆေးဆေး ထပြန်ခဲ့လေ၏။





"ဟော!"

မီးပွိုင့်နီနေစဉ် ကားရပ်လိုက်ရတာမို့ ဘေးချင်းယှဉ်ရပ်လိုက်သည့်ကားကို လှည့်ကြည့်မိစဉ် သူဝမ်းသာသွားရပါသည်။ Teacher ကို သူမြင်လိုက်ရတာကိုး။ ကားပြတင်းပေါက်ခလုတ်ကိုဖွင့်နေစဉ် မီးစိမ်းသွားသဖြင့် သူခေါင်းခါလိုက်မိပြန်လေ၏။

မြန်မာပြည်ပြန်ရောက်တုန်းလေး နှုတ်ဆက်ချင်လို့ပါဆိုနေမှ 'ဒေါက်တာညိုညိုမီ' နဲ့ ရေစက်ကိုမဆုံနိုင်ပါလားနော်။ ကားလမ်းကြောင်းတူနေတာမို့ ကားနီလေးနောက်မှ သူအသာလိုက်ခဲ့စဉ် ကော်ဖီဆိုင်တစ်ခုရှေ့မှာ ကားရပ်သွားပါ၏။

အတော်ပဲ၊ Teacher ကို တစ်ခုခုညှိခံပြီး စကားပြောခွင့်ရတာပေါ့။ ကားသော့ခတ်ကာ ဆိုင်တွင်းသို့ သူလိုက်ဝင်ခဲ့၏။ Teacher ဝင်သွားသည့် Hall ထောင့်နားက စားပွဲနားကို သူလိုက်ခဲ့စဉ် ဘေးတစ်စောင်းအနေအထားခုံမှာ ထိုင်နေသည့်လူကြီးကြောင့် သူ ခြေစုံရပ်သွားရလေသည်။

ဘုရားရေ! ဒေါက်တာညိုညိုမီ လာတွေ့တဲ့ညှိသည်က မိုဖေဖေ ဦးဇေယျာဖြစ်နေပါရောလား။

"တောင့်နေတာ ကြာပြီလား ကိုကို"

"မိနစ်နှစ်ဆယ်လောက်တော့ ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



'ကိုကို'တဲ့။ 'ကိုကို'ဆိုပါလား။ ရုပ်ရည်ချင်းမတူတာမို့ ဘယ်နည်းနဲ့မှ မှောင်နှမမတော်နိုင်ပါလေ။ အလို! ဒါကြောင့် မို့ကို ဘယ်သူနဲ့တူသလဲဆိုပြီး (မီ ဆံပင်စညှပ်စဉ်က) သူကြည့်ခဲ့တာ အခုမှ သူသိရချေပြီ။ ဘုရား! ဘုရား! မိက. . . မိက ဒေါက်တာညိုညိုမိအသေးစားလေးမှ တကယ့်အသေးစားလေးပဲ မဟုတ်လား။

"ကိုကိုတို့လိပ်စာကို မမကြီးနဲ့တွေ့ပြီးမှသိလို့ အခုလိုလာတွေ့တာပါ"

". . ."

"မမခိုင်ရော နေကောင်းရဲ့လားဟင်"

"ကျန်းမာပါတယ်၊ အရင်လို ဝဖြိုးဖြိုးနဲ့ ဖျပ်လတ်နေတုန်းပဲ"

"ကလေးတွေ ဘွဲ့ရကုန်ကြပြီနော်"

"အင်း"

အန်ကယ့်ပုံစံက မပြောချင်သလို မပွင့်တပွင့်နဲ့ပါလား။ မျှော်လင့်တကြီးကြည့်နေသည့် ဒေါက်တာညိုညိုမို့မျက်ဝန်းတို့ကဖြင့် အရောင်တလက်လက်နဲ့ပါလေ။ အလိုလေး! ဘယ်လိုမှ မထင်မှတ်ထားခဲ့တဲ့ ကမ္ဘာဦးက ပုံပြင်တစ်ပုဒ်ကို သူမြင်နေရ





လေ။

"အငယ်. . . အငယ်လေးရော"

"ကျောင်းတက်တုန်း"

"ဘာလိုင်းရလဲဟင်"

"သူသိပ်တက်ချင်တဲ့ဆေးကျောင်းကို ကိုယ်နဲ့နိုင် မဖြစ်ဖြစ်အောင် ထားပေးနေတာပါ"

"အို!. . . သမီးက တော်လိုက်တာ"

လူကြီးနှစ်ဦးရဲ့ပြန်လည်ဆုံစည်းပွဲက ကဗျာဆန်လိုက်တာပါလားနော်။ ကျောပေးထိုင်လျက် . လက်ဖျားတို့ အေးလာသည်အထိ သူ့စိတ်တွေ လှုပ်ရှားနေမိတာအမှန်ပါပဲ။

"ငွေအရမ်းကုန်မှာ၊ ညီ့ လှမ်းပို့ပေးရမလား ကိုကို"

"မလိုပါဘူး အညို၊ ကျောခိုင်းပြီးခဲ့ရင် ဘာလို့နောက်ကို ပြန်လှည့်ကြည့်ချင်ရတာလဲ"

"ကိုကို"

"ပြီးခဲ့တာတွေ သူ့အလိုလို ဒီအတိုင်းပဲရှိပါစေတော့။ ခဏပဲလာတာမဟုတ်လား"

"မို့ကို ညီ့တွေ့သွားချင်တယ် ကိုကို"

"လသားအရွယ်လေးနဲ့ ထားပစ်ခဲ့တာ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရယ်"

"မေ့လက်စနဲ့ ဆက်ပြီးမေ့လိုက်ပါတော့လား အညို။ နိုင်သာသိရင် စိတ်ထောင်းကိုယ်ကျေဖြစ်မှာ။ သမီးငယ်နဲ့နိုင်က သားအမိအရင်းလို ချစ်နေခဲ့တာကြာပါပြီ အညို။ ထားလက်စ သံယောဇဉ်လေး ဆက်ခိုင်ပါစေတော့လား။ ငယ်ငယ်ကတည်းက တစ်ကြိမ်မှမတွေ့ဖြစ်ခဲ့တဲ့မျက်နှာတစ်ခုကို သမီးလေး မမြင်ပါစေနဲ့တော့။ ကလေးအတွက်ပါ အညို။ အရှယ်နဲ့မမျှတာအောင် သမီးလေးကို မခံစားစေချင်တော့လို့ပါ"

အင့်! ခနဲရှိုက်သံ ထွက်လာလေ၏။ အလိုလေး! မိက မိက ဒေါက်တာညိုညိုမိရဲ့သမီးရင်းတဲ့။ လောကကြီး ဘာတွေဖြစ်ကုန်ပါလိမ့်နော်။ ဦးဖေယျက တိုက်ပုံအိတ်ကပ်ထဲမှ ယောက်ျား ကိုင်လက်ကိုင်ပဝါခေါက်လေးကို ဒေါက်တာညိုညိုမိ့ရှေ့ စားပွဲပေါ်သို့ အသာတင်ပေးလိုက်လေ၏။

"ဓာတ်ပုံလေးဖြစ်ဖြစ် ညို မမြင်ရတော့ဘူးလား ကိုကိုရယ်"

"ဘာလုပ်မှာလဲ၊ အညို့အမျိုးသားသာ တွေ့သွားရင် ပြဿနာဖြစ်မှာပေါ့"

"သူက. . . သူက သားသမီးမရနိုင်ဘူး"





"ဒါဖြင့်လည်း ခွေနီးမျိုးစပ်ထဲကပဲဖြစ်ဖြစ် သူရှာပြီး မွေးစားပါစေလား အညို။ ကိုယ့်နိုင်ငံမဟုတ်တဲ့ သူစိမ်းသူရံတွေကြားမှာ သမီးကိုခေါ်သွားစေချင်လို့လား။ အညိုနဲ့တော်ပေမယ့် သူက သမီးရဲ့အဖေအရင်းမှမဟုတ်တာ။ သမီးလည်း ဟိုကိုလိုက်နေနိုင်မှာမဟုတ်သလို ပျော်နိုင်မှာလည်းမဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် သမီးအတွက် ညိုတစ်ခုခုတော့ လုပ်ပေးချင်လို့ပါ"

"သမီးလိုအပ်တာ ငွေကြေးမဟုတ်ဘူး အညို၊ နွေးထွေးလုံခြုံတဲ့မေတ္တာတရားပါ။ အဲဒီလိုမေတ္တာမျိုး မပေးနိုင်ဘဲနဲ့တော့ ခဏတဖြုတ် တွေ့မသွားပါနဲ့။ ကိုယ်မေတ္တာရပ်ခံနေတာပါ"

"ကိုကိုတို့ အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ ဒီလိုပဲ ရုန်းကန်ရတာပေါ့။ ဖေဖေက အညို့ကို မွေးစားသမီးဖြစ်ပေမယ့် အမွေတစ်ပုံပေးချင်ခဲ့တာ။ မကြီးကန့်ကွက်လို့ ဘယ်သူ့ကိုမှအသိမပေးဘဲ မို့အတွက်သိန်းနှစ်ဆယ် ဘဏ်မှာအပ်ထားပေးခဲ့တယ်။ ကိုယ်နဲ့နိုင့်ကိုတော့ ပြောခဲ့တယ်လေ။ အခု သမီးကျောင်းတက်နေတာမို့ အဲဒီစာအုပ်ထဲမှာ ကိုယ်နဲ့နိုင် တိုင်ပင်ပြီး ငွေ လစဉ်ထည့်ပေးနေတယ် အညို၊ အခုဆို သုံးဆယ်ကျော်နေပြီ။ သမီးအတွက် လုံလောက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဲ့လိုပါဘူး''

တိတ်ဆိတ်သွားပြန်၏။ ခပ်နွေးနွေးသော ကျွန်တော့သည့် ကော်ဖီကို သူမော့ချလိုက်မိလေသည်။ မွေးစားသမီးရဲ့ကလေး ဆိုတော့ မိက အနက်ကယ်တို့နဲ့ ဘာမှမပတ်သက်တဲ့ကလေးလေး ပေါ့နော်။ သနားစရာလေးပါလား မိရယ်။

''ညီမိုက်မဲခဲ့မိတာပါ၊ ကိုကိုကိုသာ အရှုံးတိုက်ပြီး မလုပ် မိရင် ညီ့ဘဝ ဒီလိုပျက်ခဲ့မှာမဟုတ်ဘူးလေ''

''တစ်ခါတလေ ပညာတတ်ပေမယ့်လည်း စိတ်ကြောင့် အလိုလိုက်ပြီး မှားတတ်ပါတယ်အညီ။ သမီးရဲ့အဖေနဲ့ တွေ့ဖြစ် သေးလား''

''ဟင့်အင်း. . . နယ်စပ်ကိုထွက်သွားပြီးကတည်းက သတင်းမရတော့တာပါ ကိုကို''

''အင်းပေါ့လေ၊ ပြီးတာတွေ ပြီးပါစေတော့၊ ကိုယ်လည်း ဆိုင်ပြန်ရဦးမယ်၊ နိုင့်ကိုခဏလို့ပြောပြီး ထွက်လာခဲ့တာ''

''ညီ့. . . ညီ့ Phone မကြာခဏ ဆက်လို့ရမလား ဟင်၊ ဖြစ်ရဲ့လား ကိုကို''

''နိုင်သိရင် စိတ်ပူနေပါဦးမယ် အညီရယ်။ စာရွက်စာ တမ်းနဲ့မွေးစားခဲ့ရတာမဟုတ်ပေမယ့် မိက နိုင့်သမီးပဲဖြစ်ခဲ့တာပါ''





''ဟုတ်ပါတယ်လေ၊ ညီ့နားလည်ပါတယ်''

''ကိုယ်သွားတော့မယ်''

သူထရပ်လိုက်ဖို့ပြင်တာ နောက်ကျသွားလေပြီ။ ဦးဇေ ယျာက စာအိတ်အညိုတစ်အိတ်ကို ဒေါက်တာညီ့ညီ့မို့ရှေ့မှာ ချ ပေးလိုက်ပြီး ဆိုင်ထဲမှထွက်သွားတော့၏။ သူအသာငဲ့ကြည့်မိစဉ် ဒေါက်တာညီ့ညီ့မိက စာအိတ်အညိုလေးကို အသာဖွင့်ကြည့် လိုက်လေသည်။

ငွေမှင်ရောင်ဘောင်သွင်းထားသည့် ဓာတ်ပုံထဲမှ မိုအပြုံး က ကြည်လင်နေတာလေ။ ဒေါက်တာညီ့ညီ့မိတစ်ယောက် မျက် ရည်တို့ဖြင့် ပြုံးလိုက်ပြီး ဓာတ်ပုံလေးကိုမွေးကာ ရင်ခွင်ထဲ တွေး ပိုက်လိုက်လေ၏။

မြင်ကွင်းလေးက ကြည်နူးစ ဂုရော ကြေကွဲစရာကိုပါ တစ်ပြိုင်နက်တည်းခံစားရစေတာ အမှန်ပါလေ။ သူ Teacher ကိုနှုတ်မဆက်ဖြစ်တော့ဘဲ ထိုင်ခုံမှ အသာထ ထွက်လာခဲ့တော့ ၏။ နိုင်ငံခြားမပြန်ခင် မိုဓာတ်ပုံလေး တစ်မို့စိမ့်ကြည့်သွားရင်း ပျော်ပါစေတော့ Teacher ညီ့ညီ့မိရယ်။

လွဲလည်းလွဲတတ်ပါပေ့ ကံကြမ္မာရယ်။ ဘုရားတက်တဲ့ ညက မိနဲ့ဆုံနိုင်ပါလျက် တော့လွဲလေး လွဲခဲ့ရလို့ မိနဲ့ သူမမေ့



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ခဲ့တာလေ။ ဩော်. . . အတူတူနေခွင့်မရနိုင်တဲ့ ဒီသမီးနဲ့ ဒီအမေကို ဒီဘဝမှာ ကံကြမ္မာက နောက်ထပ် ဘယ်တော့များမှ ဆုံခွင့်ပေးမှာတဲ့လဲ။

အရွယ်ငယ်ငယ်လေးနဲ့ သူမကိုယ်သူမ မွေးစားသမီးလို့ သိသွားတဲ့နေ့မှာ မီ အဘယ်မျှဝမ်းနည်းလိုက်မှာပါလိမ့်။ သူနဲ့ ခဏတာစိတ်ကောက်တာတောင်မှ မျက်ရည်ရွှဲလုံးလေးတွေ ကျခဲ့တာကို သူအသိဆုံးပင်မဟုတ်ပါလား။

နောက်ထပ် နောက်ထပ် ဘယ်သောအခါမှ မျက်ရည်ဆိုတာကို မီ မကျစေရတော့ပါဘူး။ ကိုယ်ကတိပေးပါတယ် မီ။ တိတ်တိတ်လေး ကိုယ်မျက်ရည်ကျခဲ့ရသလိုမျိုး မီ ဘယ်တော့မှ မငိုစေရဘူး။ ရင်ထဲကချစ်ခြင်းတွေနဲ့ မီ့အပြုံးတွေကို ဒီကမ္ဘာကြီးအပြည့် ကိုယ်ဖန်ဆင်းပေးပါ့မယ်ကွယ်။

အတွေးဖြင့် သူပြုံးမိစဉ် ကားထဲရှိ FM လိုင်းမှ အဆိုတော်မျိုးကျော့မြိုင်၏သီချင်းက ငြိမ့်ငြိမ့်ညောင်းညောင်းလေး လွင့်ပျံလာလေ၏။

"ရတယ်အချစ်ရယ်××××မနက်ဖြန်တိုင်းဟာ×××× ကိုယ့်ဘဝတိုင်းမှာ××××အဆိုးတွေများစွာ××××

သွားမယ်အချစ်ရယ်××××ကိုယ်သွားဦးမယ်××××





စိတ်မပူလိုက်နဲ့××××အလကားမောတယ်××××

သိတယ်အချစ်ရယ်××××ပြောနေကြတဲ့×××× စကားတွေရဲ့အလယ်××××ကိုယ်အရှုံးမပေးဘဲ××××

အေးဆေးပါအချစ်ရယ်××××မင်းကလွဲရင်×××× ဘယ်သူ့ကိုမှတကယ်××××မယုံပါဘူး××××

မင်းလေး တွေးလိုက်ရင်××××ရှတ်တရက်စိတ်ပျက်မယ်××××ကိုယ့်ရဲ့ဘဝကကွယ်××××နည်းနည်းတော့ ကြမ်းတယ်××××

မင်းလေး ချစ်တတ်ရင်××××တဖြည်းဖြည်းသိလိမ့်မယ်××××ဘဝအတွက် မင်းရွေးချယ်××××အဆိုးနဲ့အကောင်းများအလယ်××××

ကိုယ့်မှာရှိတယ်××××လက်ဆောင်တစ်ခုကွယ်××× မင်းကိုပေးမယ်××××ယူမလားအချစ်ရယ်××××

တောဒီပခုံးရယ်××××ဒီဦးနှောက်နဲ့××××မင်းကို ချစ်တဲ့××××ဒီနှလုံးသားရယ်××××

မင်းလေး တွေးလိုက်ရင်××××ခဏတော့ စိတ်ပျက်မယ်××××ကိုယ့်ရဲ့ဘဝတကွယ်××××နည်းနည်းတော့ ကြမ်းတယ်××××



www.burmeseclassic.com

www.burmeseclassic.com



မင်းလေး ချစ်တတ်ရင်××××အင်အားများ အမြဲရှိ
မယ်×××× သေချာနေတာတစ်ခု××××အမြဲတမ်း သိပ်ချစ်
တယ်××××

မင်းလေး တွေးလိုက်ရင်××××ရှုတ်တရက်စိတ်ပျက်
မယ်××××ကိုယ့်ရဲ့ဘဝကကွယ်××××နည်းနည်းတော့ ကြမ်း
တယ်××××

မင်းလေး ချစ်တတ်ရင်××××တဖြည်းဖြည်းသိလိမ့်
မယ်××××ဘဝအတွက် မင်းရွေးချယ်××××အဆိုးနဲ့အကောင်း
များအလယ်××××

မင်းလေး ချစ်တတ်ရင်××××

တကယ် မင်းလေး ချစ်တတ်ရင်××××

အဘယ်မျှ အဓိပ္ပာယ်ရှိလိုက်တဲ့သီချင်းလေးပါလဲ။ ရင်ထဲကို တသိမ့်သိမ့်နဲ့ စီးမျောနွေးထွေးသွားစေတာလေ။

မင်းလေး ချစ်တတ်ရင်တဲ့။ မီသာ ချစ်တတ်မယ်ဆိုရင် ကိုယ့်ချစ်ခြင်းတွေကို အကုန်လုံးစုပုံပြီး ပေးလိုက်ချင်တာပါ မီ။

စေ့စပ်ပွဲတစ်ကြိမ်ပျက်ဖူးတဲ့လူမို့ နာမည်ပျက်ရှိခဲ့ပေမယ့် ကိုယ့်ကို လူဆိုးကြီးလို့မြင်နေမှာပဲလား။ တစ်ခုခုတော့ ပြန်ပေး





လှည့်ပါ မီ။ အလွမ်းတွေနဲ့ပြည့်နှက်နေခဲ့တဲ့ ရင်ခွင်ကျယ်ကြီးကို မိုနှလုံးသားနုနုလေးနဲ့ အကြင်နာတွေ ပြန်ဖြည့်ပေးလှည့်ပါ။

"ဟင်!"

မြို့ထဲကို ကားကွေ့ဝင်လိုက်စဉ် မြင်လိုက်ရသည့်မြင်ကွင်းကြောင့် သူခေါင်းနားပန်းကြီးသွားသလို ရင်ထဲမှာလည်း ဒိန်းခနဲမြည်ဟီးသွားရပါတော့။ ကြည့်ပါဦး။ မီရယ်လေ. . . ညီ့ရင်ခွင်ထဲမှာ နိုဝင်နေပြီး ညီ့လက်မောင်းကို လက်သီးဆုပ်ဖြင့် ခပ်ဖွဖွထုနေပါရောလား။



www.burmeseclassic.com

www.burmeseclassic.com

**Love is Jealously.**

**အချစ်ဆိုတာ သဝန်တိုခြင်းပါပဲ...**

## အခန်း (၂၁)

"တောက်!"

"ခုန်း!. . ."

ကားတံခါးကိုဆောင့်ပိတ်လိုက်ပြီး အိမ်ထဲသို့ ဒေါကြီးမောကြီးဖြင့် ဝင်ခဲ့၏။ ငါကိုက မှားတာ။ ဒီအချိန်ကြီး ပြန်လာမိမှတော့ မမြင်သင့် မမြင်အပ်တာကို မြင်ရတာကိုး။ မောင်မြင့်က အိမ်ထဲမှ အူလျားဖားလျားပြေးထွက်လာလေသည်။

"အစ်ကိုကြီးပြန်လာပြီး ထမင်းစားတော့မလား"

"မစားဘူး. . . မစားဘူး။ သေတောင် လာမကျွေးနဲ့ ဒါပဲ"

"ဗျာ!"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုတိုဖြင့် အော်ထည့်လိုက်သဖြင့် မောင်မြင့်တစ်ယောက် ဘာမှနားမလည်ဘဲ ဇက်ပုသွားလေ၏။ ထမင်းစားခန်းထဲဝင်ကာ ရေခဲသေတ္တာထဲမှ ရေပုလင်းကို ခွက်ထဲပင်မထည့်ဘဲ ပုလင်းလိုက် မော့ချလိုက်မိလေ၏။ အဆင်မပြေချင်မှုက ရေသီးကာ နှာခေါင်းထဲပါ ရေဝင်သွားတာမို့ လက်ထဲမှရေပုလင်းကို နံရံဆီ ပစ်ပေါက်လိုက်မိတော့သည်။

"ဖောင်း!. . ."

"အမယ်လေး!"

"ဟာ. . . ကိုကို၊ ဘာဖြစ်လာတာလဲ"

"ဘာဖြစ်ဖြစ် မင်းအပူလား"

"ဟောဗျာ! အသားလွတ်ကြီး ဒေါ်သီးနေတာပါလား။ မျက်နှာကြီးရှုပ်နေလို့ ဘာဖြစ်လဲမေးတာကို"

"ငါ့ဟာငါ ဘာဖြစ်ဖြစ် ရပ်စုစရာလားကွ။ ပါးစပ်ပိတ်ထား"

"Weather မကောင်းဘူး မိရေ့"

"ဘာဖြစ်ပြန်ပြီလဲ"

"I don't know. "

တီးတိုးပြောနေပြန်တာမို့ သူ့ဒေါသကို ပိုဆွနေသည်





နယ်ပါ။ ဒီကဖြင့် တစ်ယောက်တည်း ကျိတ်ချစ်ပြီး ကျိတ်ပျော်လိုက်ရတာ မပြောပါနှင့်။ သူတို့ကတော့ သူ့ကွယ်ရာမှာ ကျိတ်ပွန်းချစ်နေရတယ်လို့။ ရှက်လိုက်တာ. . . ရှက်စရာကြီး။ ကိုယ်နဲ့သက်တူရွယ်တူမဟုတ်တဲ့ ကောင်မလေးကို ညီချစ်သူဖြစ်နေပြီး သူက ကျိတ်ပြီး အံ့ပွန်းချစ်ဖြစ်နေရတယ်လို့။

ရှက်လွန်းလို့ တိုက်နံ့ခေါင်းနဲ့သာ ပစ်ဆောင့်ပြီး သတ်သေလိုက်ချင်တော့တာပါပဲ။ မင်းတော့ သေသင့်ပြီ လရောင်။ သီကွာတွေ ကျပြီးရင်း ကျနေတော့တာ ကုန်းကောက်စရာတစ်စက်ကလေးတောင်မှ မကျန်တော့ဘူးထင်ပါရဲ့။ မျက်နှာတွေ ပူလိုက်တာနော်။

"ညီတို့က ကိုကိုပြန်လာမယ်ဆိုလို့ ထမင်းအတူတူစားဖို့စောင့်နေတာ။ ဓိတောင်မှ ကန်စွန်းရွက်သုပ် လာပို့တာလေ"

"တောက်! မစားပါဘူးလို့ပြောနေတာ မကြားဘူးလား"

"ဘာဖြစ်လို့လဲ အစ်ကိုကြီးရဲ့"

"ဘာဖြစ်ဖြစ်"

လှည့်အော်လိုက်တာမို့ တွန့်ခနဲဖြစ်သွားပြီး နောက်ဆုတ်သွားရှာ ညီရင်ခွင်ထဲ ရောက်သွားပြန်လေ၏။ ညီက 'မိ'ကိုယ်ကို ပြန်ထိန်းပေးလိုက်ပါသည်။ ချစ်ကြပါ. . . ချစ်ကြ. . . ချစ်ကြ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



မျက်စိကန်းပြီး သွက်သွက်ခါရူးသွားတဲ့အထိ ချစ်ကြပါကွ။

"သူ့ဘာသာသူ ဘယ်သူနဲ့ဘာဖြစ်လာမှန်းမသိ မိတို့ကို စွတ်အော်နေတာပဲ။ ဘာကြီးမှန်းလဲ မသိဘူး"

"မသိရင်လည်း ထွက်သွားပေါ့၊ မျက်စိရှုပ်တယ်"

"အစ်ကိုကြီးနော်၊ မိုကိုမောင်းထုတ်ပြန်ပြီလား။ တစ်သက်လုံး မလာဘဲနဲ့ နေပစ်လိုက်မှာ"

"သဘောပဲ"

"ကြည့်"

သူမ ခြေဆောင့်လိုက်စဉ် ညီက ရှေ့ကိုတိုးလာလေ၏။ လုပ်နေပုံတွေက မျက်စိစပါးမွေး စူးလာပြီနော်။ တစ်ယောက်မှ ကို အချိုးမပြေကြဘူး။

"မပဟမာန်နဲ့ ကွိုင်တက်လာပြန်ပြီလား"

"တောက်! အဲဒီမိန်းမနာမည်ကို ငါ့ရှေ့မှာ လာမရွတ်နဲ့ စမ်း။ ခင်းမျက်နှာကို မမြင်ချင်တော့လို့ အလုပ်ပါ ထွက်ခဲ့ပါတယ် ဆိုနေမှ။ Keep quiet! "

"ဒါဆို ဘာကိုစိတ်တိုနေတာလဲဗျ ကိုကိုရ။ ညီတို့သိအောင် ပြောပြမှပေါ့"

"ကျစ်! မသိချင်နဲ့"





"ရတွေ့လား. . . ပြောလိုက်ရင် သူ့စိတ်ချည်းပဲ။ လာ့ ကိုကို၊ သူမစားရင်လည်း နေပါစေ၊ မိတို့စားနှင့်မယ်"

ကြည့်စမ်း! ညီလက်ကိုဆွဲပြီး မီးဖိုခန်းဘက် ဝင်သွားချေပြီ။ ဟိုတစ်ယောက်ကလည်း တစ်ချက်လေးမှမငြင်းဘဲ ဒေါက်ခနဲပါသွားတာပါလားနော်။ သွားကြ. . . သွားကြ၊ ဝင်ရိုးစွန်းအထိ သာ ဆွဲခေါ်ပြီး မျက်စိရှေ့က ပျောက်သွားကြပါတော့။

ခါးတောက်ရုပ်နေစဉ်မှာပင် တစ်ယောက်တစ်လှည့်သယ်လာကြသည်က ထမင်းဟင်းပန်းကန်တို့ကိုပါလေ။ စားကြမယ်ပေါ့။ ဆာလည်းဆာနိုင်ကြပါပေရဲ့။ ပြောတော့ဖြင့် အချစ်က ရင်ပြည့်တဲ့ရသာပိုဆို။ အခုတော့ သူ့မှာဖြင့် ဒေါသတွေနဲ့ပူလောင်ပြီး ဆာဖို့ပင်သတိမရ။ ခင်းတို့ကတော့ တစ်ယောက်တစ်လှည့် သယ်နေကြတာမှ ခပ်မြှုးမြှုးပါလေ။

တောက်! ဒီမှာဆက်ရှိနေရင် ဒေါသက ပိုထွားလာမိဦးမှာ။ သွားမှပါပဲ။

"မီ ထမင်းခူးပေးရမလားဟင် အစ်ကိုကြီး"

"မစားပါဘူးလို့ပြောနေတာကို မေးပြန်ပြီ၊ မင်းမှာ နားမပါဘူးလား"

"ပါတယ်လေ၊ ဒီမှာမမြင်ဘူးလား. . . နှစ်ရွက်ပါတဲ့



www.burmeseclassic.com

www.burmeseclassic.com



နားရွက်''

ငါနော်၊ စိတ်ရှိလက်ရှိ နားရင်းအုပ်ထည့်လိုက်ရ၊ လူကြီးကိုမရိုမသေနဲ့ ပြောနေပုံက ရိုက်ချင်စရာလေ။ ခုံတွေမှာ အသီးသီးဝင်ထိုင်ကြပြီမို့ လှည့်ထွက်ရန် ပြင်လိုက်ပါ၏။ ပြီးမှ နောက်ကိုလှည့်ကာ စိတ်တိုတိုဖြင့် မေးလိုက်မိတော့သည်။

''နေစမ်းပါဦး၊ ဘယ်တော့စေ့စပ်ပွဲလုပ်ပေးရမလဲ''

''ဘယ်သူ့ကိုပြောတာလဲ''

''မင်းကိုပြောနေတာလေ''

''ဟာဟ! အခုမှ ရည်းစားစကားပြောထားတုန်း ရှိသေးတာ၊ အခြေအနေဖြင့် မထူးသေးဘူး။ Engage က လုပ်ပေးချင်နေပြီ၊ ငါ့ကိုကို သဘောကောင်းချက်က အံ့ပါ့''

''ဒီလောက်ရင်ခွင်ထဲ ရောက်နေတာတောင် ဘာအခြေအနေမထူးရမှာလဲ။ ငါယုံအောင်လည်း ကြည့်ရှိုးဦး''

''ရင်ခွင်ထဲ''

''အေး. . . ဟုတ်တယ်''

''ဘယ်သူ့ကိုပြောတာလဲ''

''မင်းနဲ့မိကိုလေ''

''ဗျာ! ညီနဲ့မိ''





''ဟုတ်တယ်. . . ဟုတ်တယ်၊ သိပ်ကြားလို့ကောင်းတယ်ပေါ့လေ''

ညီက တဟားဟားဖြင့် ရယ်ချလိုက်သလို သူမမျက်နှာလေး ရဲခနဲဖြစ်သွားလေ၏။ ခုမှ ရှက်ရကောင်းမှန်းသိပြီပေါ့လော၊ တောက်! ဒေါသထွက်လာပြန်ပြီနော်။ လူကို ဒင်းတို့လှောင်စရာများ ထင်မှတ်နေသလား။

''ဒါရယ်စရာလားကွ''

''ရယ်ဖို့ကောင်းတာကိုးလို့၊ ကိုကိုက ဟာသပဲကွာ''

''ဟော့ကောင်! ''

''မိ ပြောလိုက်ရမလား''

''အေး. . . ပြောလိုက်၊ ဟားဟားဟားဟား''

အံမာ! အတိုင်အဖောက်က ညီပါ့။ ဟိုကပြောမယ်ဆိုတာနဲ့ ပြောလိုက်တဲ့လေ။ မိက မျက်နှာတည်လေးဖြင့် သူ့ကိုရှုးခနဲလှမ်းကြည့်လိုက်သဖြင့် ရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားရပါ၏။ မကြည့်နဲ့လေ၊ အဲဒီမျက်ဝန်းနက်တွေက ကိုယ့်ကို ညို့ငင်သလိုကြည့်ရင် ရင်ထဲမှာ တဒုန်းဒုန်းနဲ့ ရင်ခုန်သံတွေ မြန်ကုန်လို့ပါမိရယ်။

''အစ်ကိုကြီးက မိနဲ့ကိုကို့ကို ဘာဖြစ်လို့ အဲဒီလိုထင်ရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

"အဲ! အဲဒါ. . . ခုနက"

"ခုနတုန်းက ကိုကိုနဲ့မီ ကြက်တောင်ရိုက်ပြီး မီ ခဲလုံး နင်းမိလိုက်လို့ ခြေချော်သွားတာကို ကိုကိုက ဆွဲထူပေးနေတာ အစ်ကိုကြီးထင်သလို ဘာညာဘာညာစိတ်မျိုး ကိုကိုရော မီ့မှာပါ မရှိဘူး"

"ဟင်! "

"ပြီးတော့ ကိုကိုချစ်နေတာက သူဖောက်သည်ယူနေ တဲ့ဒိုင်က ပိုင်ရှင်မမ လဝန်းသော်တာကို"

"ကဲ! ကိုကိုဘာပြောမလဲ"

သူ ပါးစပ်အဟောင်းသားဖြင့်သာ ငေးကြည့်နေမိတော့ မီနဲ့ညီက ဘာမှမဖြစ်ဘူးဆိုပါလား။ ဘယ်ကနေဘယ်လိုတွေမြင် ပြီး သူစွပ်စွဲပြောဆိုမိလိုက်တာပါလိမ့်နော်။ ခုကွပါပဲ၊ သူတော့ မီ့ကိုနောက်ထပ်တစ်ကြိမ် တောင်းပန်ရအောင် ထပ်ဖြစ်ရတယ် လို့။ သေပြီ ဘုန်းလရောင်။

"မီမေးတာ ဖြေလေ"

"ဟင်. . . ဘာလဲ"

"မီနဲ့ကိုကို့ကို ဘာဖြစ်လို့ အဲဒီလိုထင်တာလဲလို့ မေး





တားတာလေ"

"ငါသိတယ်"

သူမျက်လုံးပြူးဖြင့် ညီ့ကိုလှမ်းကြည့်လိုက်ပါ၏။ ညီက ထမင်းဝါးရင်းမှ ပြုံးစိစိဖြင့်လှမ်းကြည့်ကာ မီ့ရှေ့မှာပင် ပြောချ လိုက်တာမို့ သူ့မျက်နှာတစ်ခုလုံး ထူပူသွားရတော့တာပါလေ။

"မီ့ကို ကိုကိုချစ်နေတာ"

"ဟော့ကောင်! "

"ဒါကြောင့် ညီနဲ့မီ့ကို သဝန်တိုနေတာပေါ့ မီရဲ့။ မှန် တယ်မဟုတ်လား ကိုကို။ ချစ်ရင် ချစ်တယ်လို့ သတ္တိရှိရှိ ဝန်ခံ လိုက်စမ်းပါ"

မီက ရှက်ပြုံးလေးဖြင့် မျက်နှာချသွားသလို ထမင်းစား ခန်းမှာ ရယ်သံတွေ အကျယ်ကြီးထွက်လာလေ၏။ သူကတော့ အရှက်အိုးကြီး ကွဲချေပြီလေ။

သေလိုက်ပါတော့ ဘုန်းလရောင်. . .

"တွေ့လား။ ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းမည်၏တဲ့။ Direct ကို မှန်နေတာပဲ"

"ဟော့ကောင်! တော်တော့"

"မဟုတ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့လို့ပြောနေတယ်လေ၊ မင်းတော့ နာတော့မယ်"

"သူ့ကိုယ်စားလည်း ပြောပေးရသေးတယ်၊ ညီကို ကျေးဇူးမတင်ဘဲ စွတ်ဆူနေတာပဲ။ အလကားလူကြီး. . . နင် ပြန်မကြိုက်နဲ့သိလား မီ။ မဟုတ်ရင် နင့်လူကြီးက နင့်ကို တစ်သက်လုံးနိုင်ပြီး ဟောက်နေမှာ"

သူစိတ်တိုတိုဖြင့် ညီလက်ထဲမှ ဇွန်းကိုယူလိုက်ပြီး ထမင်းပန်းကန်ထဲမှထမင်းတွေကို တစ်ဇွန်းပြီးတစ်ဇွန်းခပ်ကာ ညီ့ပါးစပ်ထဲ အတင်းထိုးသွတ်လိုက်ပါ၏။ အစားကိုပဲ ကုန်အောင်စားပါ နေမင်းရှိန်ရေ၊ စကားအကုန်ပြောရင် မှီကိုငါပြောဖို့စကား မရှိတော့ဘူးလေ။

သူ့လုပ်ရပ်ကြောင့် မောင်မြင့်က ဆက်မရယ်တော့ပေမယ့် ပြုံးဖြီးဖြီးဖြစ်နေလေ၏။ မီကတော့ ခပ်ပြုံးပြုံးမျက်နှာလေးဖြင့် ငြိမ်သက်လို့ပါလေ။

စိတ်မဆိုးဘူးမဟုတ်လား မီ. . .

ညကျမှ ဘယ်သူမှမသိအောင် ကိုယ့်ကို တိတ်တိတ်ကလေး ခေါင်းညိတ်အဖြေပေးလေနော်။ ။

ပြီးပါပြီ။



8th December 2012
PM 4:05

['အသည်းကွဲမိုး' 'တစ်ဖက်သတ်'နှင့် နလုံးသားရဲ့စေရာ'တွေမှာ တို့ကိုပေးပို့ခဲ့သည့် မွန်ပြည်နယ်၊ မုဒုံမြို့မှ 'နေစ' ([illegible]ပြည်) အား ကျေးဇူးအထူးတင်ရှိပါသည်။]

www.burmeseclassic.com

www.burmeseclassic.com

ထွက်ပြီးစာအုပ်များကို
ရှာဖွေဖတ်ကြသော ဝတ္ထုချစ်သူအားလုံးကို
အထူးကျေးဇူးတင်ပါကြောင်း ....
ဖတ်ဖူးပြီ ထင်ပါတယ် ...

# မိုးစက်ပွင့်

## ထွက်ပြီးစာအုပ်များ

၁။ တိတ်တခိုး ရူးသော မြားတစ်စင်း (ဝီဒီယို)
၂။ မြေပြင်ပေါ်သက်ဆင်း၍ လမင်းကဝန်ဆင်းသောအခါ
၃။ အမုန်းသချိုမှ
၄။ သံဝဲ့လွဲသည့် ချစ်ခြင်းတေး
၅။ တစ်ဆောင်းသစ် နှင်းတွေတစ်ခါဝေတိုင်းမှာ
၆။ သံစုံကျူးတဲ့ ငှက်ကလေး
၇။ ဆောင်းနှင်းမှုန် ဝတ်ရုံကြားမှာ မင်းပျော်ရစ်ခဲ့ပါ
၈။ မာနအလယ်သောင်ထွန်း ချစ်သူနေတဲ့ကျွန်း
၉။ မြားသုံးစင်းပစ်ခွင်းဘယ်သို့ရွယ်
၁၀။ ဆုံဆည်းခွင့်
၁၁။ သူ့ပါးပြင်နှင့်သနပ်ခါး
၁၂။ အတ္တကင်းတဲ့ ချစ်ခြင်းနယ်မြေ
၁၃။ တိမ်ညိုကြားက ငွေလမင်း

## ယခုလထွက်မည့်စာအုပ်

၁၄။ နွေမဟုတ်သော မိုးတံကဲ့

BURMESE CLASSIC .com

www.burmeseclassic.com